## ဘဝကိုတန်ဖိုးထားသူတိုင်း

၁။ လောက၌ ကြီးပွားချမ်းသာလိုသဖြင့် လူတိုင်းအလုပ်လုပ်ကြသော်လည်း လူတိုင်းကြီးပွားချမ်းသာကြသည်ကားမဟုတ်၊ ဆင်းရဲဒုက္ခရောက်နေသူများသာ များပြားလှ၏။

၂။ လူတို့သည် အလုပ်မှားကို အလုပ်မှန်ထင်ပြီး ကြိုးစားနေကြသဖြင့် ယင်းသို့ ဆင်းရဲဒုက္ခရောက်နေကြခြင်းဖြစ်၏။

၃။ ထို့ကြောင့် လူတိုင်း ရှေ့ဦးစွာ မိမိလုပ်ဆောင်သောအလုပ်သည် ကြီးပွားချမ်းသာရေးအတွက် မှန်ကန်သောအလုပ် ဟုတ်မဟုတ် စိစစ်သိမြင်နိုင်သော အသိဉာဏ်ရှိဖို့လို၏။

၄။ ထိုမှန်ကန်သောအသိဉာဏ်ရရှိနိုင်ရေးအတွက် ဗုဒ္ဓအဘိဓမ္မာကို မဖြစ်မနေ သင်ယူလေ့လာရမည်သာဖြစ်၏။

၅။ ဗုဒ္ဓအဘိဓမ္မာသည် လောက၌ အမှန်တကယ်ရှိနေသော သဘာဝတရားများကို ဖော်ထုတ်ဟောပြခဲ့သော ပရမတ္ထဒေသနာတော်ဖြစ်၍ လူတို့အား မှန်ကန်သောအသိဉာဏ်ကို ဖွင့်ပေးမည်သာဖြစ်၏။

၆။ ဗုဒ္ဓအဘိဓမ္မာသည် ဘာသာရေးတရားဖြစ်၍ လူတို့သိအပ်သောတရားမဟုတ်ဟု လူသားများ အထင်မှားနေကြသဖြင့် ဗုဒ္ဓအဘိဓမ္မာတရားကို မလေ့လာဘဲနေကြ၏။ သနားစရာကောင်းလှ၏။

၇။ ဗုဒ္ဓအဘိဓမ္မာကို မလေ့လာဘဲနေလျှင် လွန်ကဲသောအတ္တစိတ်များ လွှမ်းမိုးနေပြီး ယင်းအတ္တစိတ်ဖြင့် အမှားကိုအမှန်ထင်လျက် ဆက်လက်ကြိုးစားနေမည်သာဖြစ်၏။

၈။ ဗုဒ္ဓအဘိဓမ္မာကို သင်ယူလေ့လာကြပါမှ မိမိလုပ်ဆောင်သောလုပ်ငန်းအပေါ်၌ အမှားအမှန်ကို ခွဲခြားသိမြင်နိုင်သော မှန်ကန်သောအသိဉာဏ်ကိုရရှိပြီး ယခုဘဝ၌ ကြီးပွားချမ်းသာရုံသာမက တမလွန်ဘဝ၌လည်း ကြီးပွားချမ်းသာမည်သာဖြစ်၏။

၉။ ဗုဒ္ဓအဘိဓမ္မာတရားသည် ဗုဒ္ဓတစ်ဆူပွင့်တော်မူပါမှ သိရှိခွင့်ရသော လွန်စွာ သိမ်မွေ့နက်နဲသောတရားတော်ဖြစ်၍ အခြားဘာသာရေး, နိုင်ငံရေးစာပေထဲ၌ ရရှိနိုင်သောတရားတော်မျိုး မဟုတ်ပေ။

၁၀။ ထို့ကြောင့် မိမိဘဝကို တန်ဖိုးထားသူတိုင်းနှင့် ကြီးပွားချမ်းသာလိုသူတိုင်း ဗုဒ္ဓအဘိဓမ္မာကို မဖြစ်မနေ သင်ယူသင့်ကြ၏။

၁၁။ လူ့လောက ကြီးပွားတိုးတက်ရေးအတွက် နည်းကောင်း စနစ်ကောင်းကို စူးစမ်းရှာဖွေနေသူတိုင်း ဗုဒ္ဓအဘိဓမ္မာကို လေ့လာသင့်ကြ၏။

၁၂။ ဤအခြေခံဗုဒ္ဓအဘိဓမ္မာစာအုပ်သည် ဗုဒ္ဓအဘိဓမ္မာကို လေ့လာလိုသူများအတွက် မြန်မာစာသက်သက်ဖြင့် စီစဉ်ထားသော စာအုပ်ဖြစ်၏။

အခြေခံဗုဒ္ဓအဘိဓမ္မာ အရှင်ခေမိန္ဒ

**အရှင်ခေမိန္ဒ**

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယ ပါဠိပါရဂူ
အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ

၏

# အခြေခံ ဗုဒ္ဓအဘိဓမ္မာ

ဒုတိယအကြိမ်

http://www.dhammadownload.com

ပုသိမ်မြို့၊ ပစ္ဆိမာရုံကျောင်းတိုက်

**အရှင်ခေမိန္ဒ**

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ

(၈၁)

# အခြေခံဗုဒ္ဓအဘိဓမ္မာ

စာပေအမှတ် ( ၁၆ )

ဒုတိယအကြိမ်

သာသနာ ၂၅၅၃ ကောဇာ ၁၃၇၁

ခရစ် ၂၀၀၉

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


- စာမူခွင့်ပြုချက်အမှတ် - ၃၂၀၆၉၅၁၀၀၉
- မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၆၁၈၁၂၀၉
- ဒုတိယအကြိမ် - ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ
- အုပ်ရေ - ၂၀၀၀
- တန်ဖိုး - ၁၈၀၀
- ကွန်ပျူတာစာစီ - "ကောင်းမွန်ကွန်ပျူတာ"<br>အမှတ် ၁၁၄၊ ၃၄-လမ်း (အလယ်)၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။<br>☎ : ၃၈၉၀၂၃
- အတွင်းဖလင် - ကိုဦး နှင့် ညီများ
- မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးစိုးအောင်<br>ကျုံမငေးပုံနှိပ်တိုက် ( မြဲ - ၀၇၃၄၂ )<br>အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊<br>ရန်ကုန်မြို့။ ☎ : ၃၉၅၀၄၅
- မျက်နှာဖုံးဒီဇိုင်း - မင်းသစ္စာ
- ထုတ်ဝေသူ - ဦးကျော်ဟင်း ( ယုံကြည်ချက်စာပေ )<br>အမှတ် - ၁၁၁၊ ၃၃-လမ်း၊<br>ကျောက်တံတားမြို့နယ်။

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

အရှင်ခေမိန္ဒ ၂၉၄.၃
အခြေခံဗုဒ္ဓအဘိဓမ္မာ / အရှင်ခေမိန္ဒ-ရန်ကုန်။
ယုံကြည်ချက်စာပေ (ဒု-ကြိမ်)၊ ၂၀၀၉။
၂၅၃-စာ၊ ၁၄.၁ × ၂၀.၈ စင်တီ။
(၁) အခြေခံဗုဒ္ဓအဘိဓမ္မာ

http://www.dhammadownload.com

အခြေခံဗုဒ္ဓအဘိဓမ္မာ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း ........................................ | |
| ၂။ | အခြေခံသိစရာ ........................................ | ၁ |
| | **အပိုင်း (၁)** | |
| | **စိတ်ပိုင်း** | |
| ၃။ | စိတ်သရုပ်ပြဇယား ........................................ | ၁၄ |
| ၄။ | ဘုံစိတ်အပြား ၄ ပါး ........................................ | ၄ |
| | **အခန်း (၁)** | |
| ၅။ | ကာမာဝစရစိတ် ........................................ | ၁၆ |
| ၆။ | အကုသိုလ်စိတ် ........................................ | ၁၆ |
| ၇။ | အဟိတ်စိတ် ........................................ | ၃၀ |
| ၈။ | သောဘနစိတ် ........................................ | ၄၀ |
| ၉။ | ကာမာဝစရသောဘနစိတ် ၂၄ ပါး ........................................ | ၄၁ |
| | **အခန်း (၂)** | |
| ၁၀။ | ရူပါဝစရစိတ် ........................................ | ၅၃ |
| | **အခန်း (၃)** | |
| ၁၁။ | အရူပါဝစရစိတ် ........................................ | ၆၀ |
| | **အခန်း (၄)** | |
| ၁၂။ | လောကုတ္တရာစိတ် ........................................ | ၆၈ |
| ၁၃။ | လောကုတ္တရာစိတ်အကျယ် ........................................ | ၄၀ |

http://www.dhammadownload.com



# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း (၂)** | |
| | **စေတသိက်ပိုင်း** | |
| ၁၄။ | စေတသိက်လက္ခဏာ ၄ ပါး .......................... | ၉၅ |
| ၁၅။ | အညသမာန်းစေတသိက် ၁၃ ပါး ...................... | ၉၆ |
| ၁၆။ | အကုသိုလ်စေတသိက် .................................. | ၁၀၅ |
| ၁၇။ | သောဘနစေတသိက် .................................... | ၁၁၃ |
| ၁၈။ | နိယတယောဂီ ............................................ | ၁၃၀ |
| ၁၉။ | အနိယတယောဂီ ........................................ | ၁၃၁ |
| ၂၀။ | သမ္ပယောဂနည်း ........................................ | ၁၃၃ |
| ၂၁။ | အညသမာန်းစေတသိက်သမ္ပယောဂနည်း ၇ ပါး .... | ၁၃၃ |
| ၂၂။ | အညသမာန်းစေတသိက်များ စိတ်မှာယှဉ်ပုံပြဇယား | ၁၃၄ |
| ၂၃။ | အကုသိုလ်စေတသိက်သမ္ပယောဂနည်း ၅ ပါး | ၁၄၀ |
| ၂၄။ | အကုသိုလ်စေတသိက်များအကုသိုလ်စိတ်၌ယှဉ်ပုံပြဇယား | ၁၄၀ |
| ၂၅။ | သောဘနစေတသိက်များသောဘနစိတ်၌ယှဉ်ပုံပြဇယား | ၁၄၃ |
| ၂၆။ | နာနာဖြစ်ပုံ, ကဒါစိဖြစ်ပုံ ................................ | ၁၄၆ |
| ၂၇။ | လေ့ကျင့်ခန်း ............................................ | ၁၄၈ |
| ၂၈။ | သင်္ဂဟနည်း ............................................ | ၁၄၉ |
| ၂၉။ | စိတ်နှင့်စေတသိက်တွဲစပ်ပုံပြဇယား .................. | ၁၄၉ |
| ၃၀။ | သင်္ဂဟနည်းအရ ရှာဖွေနည်း ........................ | ၁၅၀ |
| ၃၁။ | အကုသိုလ်စိတ် သင်္ဂဟနည်း ၇ နည်း................. | ၁၅၁,၁၅၂ |
| ၃၂။ | အဟိတ်စိတ်သင်္ဂဟနည်းဇယား ........................ | ၁၆၁ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃။ | ကာမာဝစရသောဘနစိတ်သင်္ဂဟနည်း ............... | ၁၆၄ |
| ၃၄။ | မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း ............................... | ၁၇၀ |
| ၃၅။ | လောကုတ္တရာစိတ်သင်္ဂဟနည်း ၅ ပါး ................. | ၁၇၃ |
| ၃၆။ | ဝိသေသကစေတသိက်များ ............................. | ၁၇၆ |
| ၃၇။ | သင်္ဂဟနည်း ၃၃ နည်း ................................... | ၁၇၈ |
| ၃၈။ | လေ့ကျင့်ခန်း ................................................. | ၁၇၈ |
| ၃၉။ | စေတသိက်ချင်းယှဉ်ပုံဇယား ............................ | ၁၈၀ |
| | **အပိုင်း (၃)** | |
| | **ပကိဏ်းပိုင်း** | |
| ၄၀။ | သင်္ဂဟ ၆ မျိုး ................................................. | ၁၈၃ |
| ၄၁။ | ဝေဒနာဖြင့်စိတ်ကိုဝေဖန်ခြင်း ......................... | ၁၈၆ |
| ၄၂။ | ဝေဒနာဖြင့်စေတသိက်ကိုဝေဖန်ပုံ ..................... | ၁၈၇ |
| ၄၃။ | ဝေဒနာ ၃ မျိုးဖြင့် စိတ်ကိုဝေဖန်ပုံ .................. | ၁၉၂ |
| ၄၄။ | ဝေဒနာကို ဘုံ၊ ပုဂ္ဂိုလ်ဖြင့်ဝေဖန်ပုံ ..................... | ၁၉၂ |
| ၄၅။ | ဟေတုသင်္ဂဟ ............................................... | ၁၉၃ |
| ၄၆။ | လေ့ကျင့်ခန်း ................................................. | ၂၀၁ |
| ၄၇။ | ကိစ္စသင်္ဂဟ .................................................. | ၂၀၂ |
| ၄၈။ | ကိစ္စ ၁၄ ပါး .................................................... | ၂၀၂ |
| ၄၉။ | ဌာန ၁၀ ပါး ..................................................... | ၂၀၂ |
| ၅၀။ | ကိစ္စဖြင့်စိတ်ကိုဝေဖန်ပုံ .................................. | ၂၀၆ |

http://www.dhammadownload.com

# အခြေခံဗုဒ္ဓအဘိဓမ္မာ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၁။ | လေ့ကျင့်ခန်း ...................................... | ၂၁၁ |
| ၅၂။ | ဒွါရသင်္ဂဟ ...................................... | ၂၁၁ |
| ၅၃။ | ဒွါရ ၆ ပါးကို တရားကိုယ်ကောက်ပုံ ................ | ၂၁၂ |
| ၅၄။ | ဒွါရဖြင့် စေတသိက်ကိုဝေဖန်ပုံ ...................... | ၂၁၉ |
| ၅၅။ | လေ့ကျင့်ခန်း ...................................... | ၂၁၉ |
| ၅၆။ | အာရမ္မဏသင်္ဂဟ ...................................... | ၂၂၀ |
| ၅၇။ | အာရုံ ၆ ပါး တရားကိုယ်ကောက်ပုံ ................ | ၂၂၀ |
| ၅၈။ | အာရုံဖြင့် စိတ်ကိုဝေဖန်ပုံ ...................... | ၂၂၁ |
| ၅၉။ | အာရုံများကို အုပ်စု ၆ မျိုးခွဲပုံ ...................... | ၂၂၂ |
| ၆၀။ | ကေန်၊ အနေကန်လင်္ကာ ...................................... | ၂၂၈ |
| ၆၁။ | ကုသိုလ်အဘိညာဉ်အပြား ...................................... | ၂၄၀ |
| ၆၂။ | စေတသိက်အာရုံများ ...................................... | ၂၄၃ |
| ၆၃။ | လေ့ကျင့်ခန်း ...................................... | ၂၄၄ |
| ၆၄။ | ဝတ္ထုသင်္ဂဟ ...................................... | ၂၄၅ |
| ၆၅။ | ဝတ္ထု ၆ ပါး ...................................... | ၂၄၅ |
| ၆၆။ | ဝတ္ထုဖြင့် ဘုံကိုဝေဖန်ပုံ ...................... | ၂၄၆ |
| ၆၇။ | ဝတ္ထုဖြင့်စိတ်ကိုဝေဖန်ခြင်း ...................................... | ၂၄၇ |
| ၆၈။ | စေတသိက်ကိုဝေဖန်ခြင်း ...................................... | ၂၅၁ |
| ၆၉။ | လေ့ကျင့်ခန်း ...................................... | ၂၅၂ |

http://www.dhammadownload.com

# နိဒါန်း

ဗုဒ္ဓရှင်တော်မြတ်သည် အဘိဓမ္မာတရား၊ သုတ္တန်တရား၊ ဝိနည်းတရား ဟု တရားတော်သုံးမျိုးခွဲခြားလျက် ဟောပြတော်မူခဲ့၏။ လူသားတိုင်း သင်ယူ လေ့လာအပ်၊ ကျင့်သုံးအပ်သောတရားကို ပါဠိဝေါဟာရအားဖြင့် 'သိက္ခာ' ခေါ်၏။ ထိုလူသားတိုင်း သင်ယူလေ့လာအပ်၊ ကျင့်သုံးအပ်သောတရားတော် ကို သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟု သုံးမျိုးခွဲ၍ ဟောတော်မူ ၏။ သီလသိက္ခာကို ရည်ရွယ်တော်မူ၍ ဝိနည်းတရားတော်ကို ဟောတော်မူ၏။ သမာဓိသိက္ခာကို ရည်ရွယ်တော်မူ၍ သုတ္တန်တရားတော်ကို ဟောတော်မူ၏။ ပညာသိက္ခာကိုရည်ရွယ်တော်မူ၍ အဘိဓမ္မာတရားတော်ကို ဟောတော်မူ၏။

# သမ္မုတိသစ္စာ

ဗုဒ္ဓရှင်တော်မြတ်သည် လူနှင့် လူ့ပတ်ဝန်းကျင်၌ ဖြစ်ပေါ်နေကြသော သက်ရှိသက်မဲ့ သဘာဝတရားများကို မှန်မှန်ကန်ကန် ကြည့်ရှုနိုင်သော အသိပညာများ လူ၏စိတ်အစဉ်မှာ ဖြစ်ပေါ်လာအောင် ပညာသိက္ခာ (အဘိဓမ္မာ တရား) ကို ဟောတော်မူခဲ့၏။ လောက၌ သဘာဝတရားများဖြစ်ပေါ်ရာ၌ သက်ရှိသက်မဲ့ပုံသဏ္ဌာန်များကွဲပြားလျက် ဖြစ်ပေါ်နေကြ၏။ ကမ္ဘာဦးက လူသားများသည် ပုံသဏ္ဌာန်ကွဲပြားလျက်ဖြစ်နေကြသော သဘာဝတရားများကို တွေ့ရှိကြသောအခါ ယင်းသဘာဝတရားများကို ခေါ်ဝေါ်သုံးစွဲ လွယ်ကူ စေရန် ဝေါဟာရများသတ်မှတ်ထီတွင်ခဲ့ကြ၏။ သက်ရှိပုံသဏ္ဌာန်ဒြပ်များကို ကြည့်ရှု၍ လူ၊ ငါ၊ ယောက်ျား၊ မိန်းမ၊ ဇနီး၊ လင်၊ မိဘ၊ သားသမီး၊ နတ်၊ ဗြဟ္မာ၊ ကြက်၊ ဝက်၊ ကျွဲ၊ နွား၊ မြင်း၊ ခွေး၊ မြွေ၊ ငါး စသည်ဖြင့် ဝေါဟာရ များ သတ်မှတ်တီထွင်ခဲ့ကြ၏။ သက်မဲ့ပုံသဏ္ဌာန်ဒြပ်များကို ကြည့်ရှု၍ မြေ၊ ရေ၊ မီး၊ သစ်ပင်၊ တော၊ တောင်၊ အိမ်၊ ရွာ၊ မြို့၊ ဈေး စသည်ဖြင့် ဝေါဟာရများ သတ်မှတ်တီထွင်ခဲ့ကြ၏။ နောက်လူသားများလည်း ကမ္ဘာဦးက လူသားများ သတ်မှတ်ချက်အတိုင်းပင် ခေါ်ဝေါ်သုံးစွဲလာကြ၏။ ဤသို့ လူသား များ သတ်မှတ်ချက်ကို ပါဠိဘာသာဖြင့် 'ပညတ္တိဓမ္မ' ခေါ်၏။ ပညတ္တိဓမ္မကို ပညတ်တရားဟု ပါဠိသက်ဝေါဟာရအဖြစ် မြန်မာများသုံးစွဲကြ၏။

http://www.dhammadownload.com

ပညတ်တရားဟူသည် လောကအသုံးအနှုန်းအမည်ပင်ဖြစ်၏။ လူသားများသည် ယုံကြည်ချက်ချင်း, အသိဉာဏ်ချင်း, အမြင်ချင်း, မွေးဖွားရာအရပ်ဒေသချင်း, အစားအစာချင်း မတူညီကြသဖြင့် လူမျိုးတစ်မျိုးနှင့်တစ်မျိုး, အရပ်ဒေသတစ်ခုနှင့်တစ်ခု အသုံးအနှုန်းချင်း မတူရုံသာရှိ၏။ အားလုံးကို ခြုံငုံကြည့်လျှင် လောကအသုံးအနှုန်းအားလုံးသည် ပညတ်တရားများသာဖြစ်ကြ၏။ ထိုရှေးလူသားများ သတ်မှတ်ချက်ကို 'သမ္မုတိသစ္စာ' ခေါ်၏။ သမ္မုတိသစ္စာသည် အမှန်တကယ် အထင်အရှားရှိနေသော အရှိတရားမဟုတ်ဘဲ သတ်မှတ်ချက် အမည်သညာမျှသာဖြစ်၏။ သာမန်ပုထုဇဉ်လူသားများသည် သမ္မုတိသစ္စာနယ်ထဲမှ မျက်စိလည်နေကြ၏။ သမ္မုတိသစ္စာကို အနိုင်အမာ စွဲစွဲမြဲမြဲ ဆုပ်ကိုင်လျက် ဟိုဟာကောင်းနိုး သည်ဟာကောင်းနိုးဖြင့် ဘဝချမ်းသာကို ရှာဖွေနေကြ၏။ ဘဝချမ်းသာကိုရှာဖွေရင်း ဘဝချမ်းသာကိုမတွေ့ဘဲ ဘဝဆင်းရဲများနှင့် လုံးထွေးလျက်သာ ဘဝဇာတ်သိမ်းသွားကြ၏။ ဗုဒ္ဓအဘိဓမ္မာကို မလေ့လာရသော သာမန်ပုထုဇဉ်လူသားတိုင်း သမ္မုတိသစ္စာကို မကျော်လွှားနိုင်ပေ။

## ပရမတ္ထသစ္စာ

ဗုဒ္ဓရှင်တော်မြတ်သည် သဘာဝတရားအပေါ်မှာ အမြင်မှား အယူမှားနေပြီး ဘဝဆင်းရဲနှင့် လုံးထွေးနေသော လူသားများကို သနားတော်မူလှသဖြင့် လူသားများ သဘာဝတရားများအပေါ်မှာ မှန်မှန်ကန်ကန် သိမြင်နိုင်ရေးအတွက် အဘိဓမ္မာတရားတော်ကို ဟောတော်မူခဲ့ခြင်းဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ်သည် သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် လောကမှာရှိနေကြသော သက်ရှိသက်မဲ့ သဘာဝတရားများကို ဓာတ်ခွဲကြည့်တော်မူရာ **စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်** ဟူသော ပရမတ်တရားတော်များကိုသာ တွေ့ရှိတော်မူခဲ့၏။ ယင်းပရမတ်တရားများသည် လူ, ယောက်ျား, မိန်းမ, သစ်ပင်, တော, တောင် စသည်ဖြင့် သက်ရှိသက်မဲ့ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေကြပုံကို တွေ့ရှိတော်မူခဲ့၏။

http://www.dhammadownload.com

ထိုသို့ သက်ရှိသက်မဲ့ ပုံသဏ္ဍာန်အမျိုးမျိုး ဖွဲ့စည်းဖြစ်ပေါ်နေခြင်းသည် တန်ခိုးရှင်, ဖန်ဆင်းရှင်တစ်ဦးဦးက ဖန်ဆင်း၍ ဖြစ်ပေါ်နေခြင်းမဟုတ်ပေ။ ကံ, စိတ်, ဥတု, အာဟာရဟူသော သဘာဝအကြောင်းတရားများ ပြုပြင်ထောက်ပံ့မှုကြောင့် ဖြစ်ပေါ်နေကြခြင်းဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ် တွေ့ရှိတော်မူခဲ့သော ပရမတ်တရားများကို ပရမတ္ထသစ္စာခေါ်၏။ ပရမတ္ထသစ္စာသည် အမြဲထာဝရ အမှန်တကယ်ရှိနေသော အရှိတရားဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ် တွေ့ရှိတော်မူခဲ့သော ပရမတ်တရားများသည် မည်သည့်ခေတ်, မည်သည့်အရပ်ဒေသ, မည်သည့်အချိန်အခါ၌မဆို အမြဲမှန်ကန်နေမည်သာဖြစ်၏။ အတ္တဒိဋ္ဌိ အစွဲရှိနေသူများ မည်သို့ပင် ကဲ့ရဲ့ဝေဖန်နေကြစေကာမူ ယင်းကဲ့ရဲ့ဝေဖန်မှုကို ဂရုမစိုက်ဘဲ ကြံ့ကြံ့ခံနိုင်သည်သာဖြစ်၏။ မည်သည့်ဘာသာတရားများ, မည်သည့်နိုင်ငံရေးစနစ်များ, မည်သည့်လောကဓာတ်ပညာများ မည်မျှပင် တိုးတက်အောင်မြင်နေစေကာမူ ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ အသိဉာဏ်သည် ယင်းတိုးတက်အောင်မြင်မှုအားလုံး၏ရှေ့က အမြဲရောက်နေသည်သာဖြစ်၏။

လူသားသည် ပရမတ္ထသစ္စာကိုသိမြင်မှ အတ္တဒိဋ္ဌိပျောက်မည်ဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ်သည် သဘာဝတရားများကို ခွဲခြမ်းစိတ်ဖြာပုံကို အဘိဓမ္မာပိဋကတ်၌ ဟောတော်မူခဲ့၏။ ဗုဒ္ဓအဘိဓမ္မာကိုလေ့လာလျှင် ဗုဒ္ဓရှင်တော်မြတ်၏ ပရမတ္ထတရား၌ ကျွမ်းကျင်တော်မူပုံကို အံ့သြဖွယ်ရာ တွေ့မြင်ရပြီး ဗုဒ္ဓရှင်တော်မြတ်အပေါ်၌ ကြည်ညိုလေးစားမှုများ တိုးပွားလာရုံသာမက ပရမတ်အမြင်သန်ပြီး အတ္တဒိဋ္ဌိအစွဲလည်းပျောက်ကွယ်သွားမည်သာဖြစ်၏။ အတ္တဒိဋ္ဌိပျောက်ကွယ်သွားလျှင် လူတို့သည် တစ်ကိုယ်ကောင်းဆန်မှုကို စွန့်လွှတ်ကြမည်သာဖြစ်၏။ လူတို့တစ်ကိုယ်ကောင်းဆန်မှုကို စွန့်လွှတ်နိုင်ကြလျှင် ကမ္ဘာကြီး ငြိမ်းချမ်းနေမည်သာဖြစ်၏။ ဗုဒ္ဓရှင်တော်မြတ်သည် ပရမတ်တရား၌ ကျွမ်းကျင်တော်မူလှသဖြင့် သမ္မုတိသစ္စာကို လျစ်လျူရှုတော်မမူခဲ့ပေ။ လင်ကျင့်ဝတ် မယားကျင့်ဝတ်မှစ၍ မင်းကျင့်တရားအထိ လူ့ကျင့်ဝတ်များကို တိတိကျကျ သတ်မှတ်ပေးတော်မူခဲ့၏။ အပါယ်သွားကြောင်းလမ်း လူ့ဘုံ, နတ်ဘုံသွားကြောင်းလမ်း, နိဗ္ဗာန်သွားကြောင်းလမ်းတို့ကိုလည်း ခွဲခြား၍ ဟောပြတော်မူခဲ့၏။ ထိုသို့ လူ့ကျင့်ဝတ်ကို သတ်မှတ်တော်မူခြင်း အပါယ်သွားလမ်းကြောင်း စသည်တို့

http://www.dhammadownload.com

ကို ခွဲခြားဟောပြတော်မူခြင်းသည် သမ္မုတိသစ္စာကို ကျစ်လျစ်နိုင်မာအောင် ဆောင်ရွက်တော်မူခြင်းပင်ဖြစ်၏။ သမ္မုတိသစ္စာကို သုတ္တန်တရားတော်၌ ကျယ်ကျယ်ပြန့်ပြန့် ဟောပြတော်မူခဲ့၏။ သုတ္တန် ပိဋကတ်ကိုလေ့လာလျှင် ဗုဒ္ဓရှင်တော်မြတ်၏ လောကအသုံးအနှုန်း၌ ကျွမ်းကျင်တော်မူပုံကို တွေ့မြင်ရမည်ဖြစ်၏။

## ကြီးပွားလိုသူတိုင်း

လောက၌ ကြီးပွားချမ်းသာလိုသဖြင့် လူသားတိုင်း အလုပ်လုပ်ကြသော်လည်း လူသားတိုင်း ကြီးပွားချမ်းသာကြသည်မဟုတ်ပေ၊ ဆင်းရဲဒုက္ခရောက်နေသူသာ များပြားလှ၏။ လူတို့သည် အလုပ်မှားကို အလုပ်မှန်ထင်ပြီး ကြိုးစားနေကြသဖြင့် ယင်းသို့ ဆင်းရဲဒုက္ခရောက်နေကြခြင်းဖြစ်၏။ ထို့ကြောင့် လူသားတိုင်း ရှေးဦးစွာ မိမိလုပ်သောအလုပ်သည် ကြီးပွားချမ်းသာရေးအတွက် မှန်ကန်သော အလုပ်ဟုတ်မဟုတ် စိစစ်သိမြင်နိုင်သော အသိဉာဏ်ရှိဖို့လို၏။ ထိုမှန်ကန်သော အသိဉာဏ်ရရှိနိုင်ရေးအတွက် ဗုဒ္ဓအဘိဓမ္မာကို မဖြစ်မနေ သင်ယူလေ့လာဖို့လို၏။ ဗုဒ္ဓအဘိဓမ္မာကို သင်ယူလေ့လာလျှင် မှန်ကန်သော အသိဉာဏ်ကိုရရှိပြီး ယခုဘဝ၌ ကြီးပွားချမ်းသာရုံသာမက သံသရာမှာလည်း ကြီးပွားချမ်းသာမည်သာဖြစ်၏။ ထို့ကြောင့် ကြီးပွားချမ်းသာလိုသူတိုင်း ဗုဒ္ဓအဘိဓမ္မာကို မဖြစ်မနေ သင်ယူလေ့လာပါရန် တိုက်တွန်းပါသည်။

ဗုဒ္ဓအဘိဓမ္မာကို သင်ယူလေ့လာလိုသူများအတွက် မြန်မာစာသက်သက်ဖြင့် ဤ **အခြေခံဗုဒ္ဓအဘိဓမ္မာစာအုပ်**ကို ရေးသားခဲ့ပါသည်။ မြန်မာစာဖတ်တတ်သူတိုင်း ဤအခြေခံဗုဒ္ဓအဘိဓမ္မာစာအုပ်ကို သင်ယူလေ့လာနိုင်ပါသည်။ အခြေခံဗုဒ္ဓအဘိဓမ္မာသုံးတွဲကို လေ့လာပြီးနောက် ပဋ္ဌာန်းဒေသနာတော်ကို ဆက်လက်လေ့လာဖို့ လိုပါသည်။

**အရှင်ခေမိန္ဒ**
ပဋ္ဌိမာရုံကျောင်းတိုက်
ပုသိမ်မြို့။

၁၃၆၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၉) ရက် ၊ (၂၅-၂-၂၀၀၃)

http://www.dhammadownload.com

# အခြေခံဗုဒ္ဓအဘိဓမ္မာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁။ အခြေခံသိစရာ

### ပရမတ္ထတရား

ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဖြင့် သဘာဝတရားများကို ခွဲခြမ်းစိတ်ဖြာ ကြည့်တော်မူသောအခါ အောက်ပါပရမတ်တရား ၄ ပါးကိုသာ တွေ့ရှိတော်မူ ခဲ့၏။

(၁) စိတ် ၈၉ ပါး။

(၂) စေတသိက် ၅၂ ပါး။

(၃) ရုပ် ၂၈ ပါး။

(၄) နိဗ္ဗာန်

မိမိသဘောမှ မဖောက်မပြန် မှန်ကန်တည့်မတ် မြင့်မြတ်သောကြောင့် လည်းကောင်း၊ မြင့်မြတ်သော သဗ္ဗညုတဉာဏ်တော်၏ အာရုံဖြစ်သောကြောင့် လည်းကောင်း၊ ယင်းစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့ကို ပရမတ္ထတရားဟု ခေါ်၏။ ယင်းတရားလေးမျိုးသည် အမှန်တကယ်ရှိနေသော အရှိတရားဖြစ်၏။ အရှိတရားကို ပရမတ်ခေါ်၏။

### ပညတ်တရား

ယင်းပရမတ်တရားလေးပါးတွင် စိတ်, စေတသိက်, ရုပ်, သင်္ခတပရမတ် တရား သုံးမျိုးသည် သက်ရှိသက်မဲ့ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖွဲ့စည်းဖြစ်ပေါ် နေကြရာ ကမ္ဘာဦးကလူသားတို့သည် ပရမတ်တရားကို မမြင်နိုင်ဘဲ ပုံသဏ္ဌာန်

http://www.dhammadownload.com



များကိုသာတွေ့မြင်ကြ၏။ တွေ့မြင်ရသော ပုံသဏ္ဌာန်အားလျော်စွာ မြေကြီး၊ သစ်ပင်၊ တော၊ တောင် စသည်ဖြင့်လည်းကောင်း၊ နတ်၊ လူ၊ တိရစ္ဆာန်၊ ယောကျ်ား၊ မိန်းမ၊ ကြက်၊ ဝက်၊ ခွေး စသည်ဖြင့်လည်းကောင်း အမည်မှည့်ကာ ခေါ်ဝေါ်သုံးစွဲကြ၏။ ဝေါဟာရများ တီထွင်ခဲ့ကြ၏။ နောက်လူသားများလည်း ရှေးလူသားများ သတ်မှတ်ချက်အတိုင်းပင် ခေါ်ဝေါ်သုံးစွဲလာကြ၏။

ထိုသို့ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေကြသော ပရမတ်တရားများကို ပုံသဏ္ဌာန်အားလျော်စွာ မြေ၊ သစ်ပင်၊ တော၊ တောင်၊ နတ်၊ လူ၊ တိရစ္ဆာန်စသည်ဖြင့် အမည်မှည့်၍ ခေါ်ဝေါ်မှုကို ပညတ်ခေါ်၏။ ထို့ကြောင့် ပညတ်ဟူသည် အမည်မျှသာဖြစ်၏။ တကယ် အရှိတရားမဟုတ်ပေ။ ဥပမာ–လူဆိုရာ၌ လူဟူသောအမည်သည် တကယ်ရှိသောတရားမဟုတ်ပေ။ နာမ်တရား၊ ရုပ်တရားများ ပေါင်းစပ်လျက်ဖြစ်ပေါ်နေသော ပုံသဏ္ဌာန်ဒြပ်ကိုခေါ်၍ လွယ်ကူစေရန် လူဟုအမည်မှည့်ခေါ်ခြင်းသာဖြစ်၏။ သို့ပါ၍ လူဟူသော အမည်သည် အရှိတရားမဟုတ်၊ အမည်ပညတ်မျှသာဖြစ်၏။ လူဒြပ်အဖြစ် ဖွဲ့စည်းဖြစ်ပေါ်နေသော နာမ် ရုပ်တရားများသာအရှိ ပရမတ်တရားဖြစ်၏။ လူတို့သည် ပညတ်အသိဖြင့် လောကထဲ၌ မျက်စိလည်နေကြ၏။

## မကောင်းကျိုးများကိုသာဖြစ်ပေါ်စေခြင်း

စက္ကန့်တိုင်း၊ မိနစ်တိုင်း အဟောင်းပျက် အသစ်ဖြစ်ဟူသော ဖြစ်ပျက် နာမ်ရုပ် ပရမတ်ဖြစ်စဉ်ကို မမြင်နိုင်ဘဲ လူကောင်၊ ယောကျ်ားကောင်၊ မိန်းမကောင်အဖြစ်သာ တွေ့နေကြ၏။ ထို့ပြင် နာမ်ရုပ်၊ ပရမတ်တရားများ ဖြစ်ပျက်နေပုံကို မမြင်ဘဲ ယင်းနာမ်ရုပ်ပရမတ်တရားများဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသော သဘာဝဒြပ်စုအပေါ်၌ အတ္တဟု စွဲလမ်းပြီး ''ငါ၊ ငါ့ခန္ဓာ၊ ငါ့မိန်းမ၊ ငါ့ယောကျ်ား၊ ငါ့အိမ်၊ ငါ့ရွာ၊ ငါ့လူမျိုး'' စသည်ဖြင့် မှားယွင်းစွာ သိနေကြ၏။ ယင်းအသိမှားကို အတ္တဒိဋ္ဌိခေါ်၏။ ပုထုဇဉ်လူသားတိုင်းမှာ အတ္တဒိဋ္ဌိအမြင် လွှမ်းမိုးနေခြင်းကြောင့် ငါ၊ ငါ့ခန္ဓာ၊ ငါ့မိန်းမ၊ ငါ့ယောကျ်ား၊ ငါ့အိမ်၊ ငါ့ရွာ၊ ငါ့လူမျိုး စသည်တို့ကို

http://www.dhammadownload.com



သူတစ်ပါး၊ သူတစ်ပါးခန္ဓာ၊ သူတစ်ပါးမိန်းမ၊ သူတစ်ပါးယောကျ်ား၊ သူတစ်ပါးအိမ်၊ သူတစ်ပါးရွာ၊ သူတစ်ပါးလူမျိုးကိုထက်ပို၍ တွယ်တာ၏။ ချစ်ခင်မြတ်နိုးတန်ဖိုးထား၏။ ထိုသို့ ချစ်ခင်တွယ်တာမှုကို တဏှာခေါ်၏။ လူသားများသည် အတ္တဒိဋ္ဌိကို အခြေခံလျက် မိမိကိုယ်ကို အချစ်ဆုံး၊ အတွယ်တာဆုံးဖြစ်၍ ''ငါ့ကိုမထိနှင့်၊ ငါ့မိန်းမကို မထိနှင့်၊ ငါ့အိမ်ကို မထိနှင့်၊ ငါ့ရွာ၊ ငါ့လူမျိုးကို မထိနှင့် ထိလျှင် ငါမခံဘူး'' စသည်ဖြင့် ထောင်လွှားတက်ကြွမှု မာနတရားဝင်လာပြန်၏။ တဏှာ၊ မာန၊ ဒိဋ္ဌိတရားသုံးမျိုးကို (ပပဉ္စ) သံသရာကို ချဲ့ထွင်တတ်သော တရားသုံးမျိုးခေါ်၏။

ပုထုဇဉ်လူသားတိုင်းမှာ ထိုတရားသုံးမျိုးရှိနေခြင်းကြောင့် ငါ၊ သူ၊ ငါ့မိန်းမ၊ သူ့မိန်းမ၊ ငါ့အိမ်၊ သူ့အိမ်၊ ငါ့ရွာ၊ သူ့ရွာ၊ ငါ့လူမျိုး၊ သူ့လူမျိုး စသည်ဖြင့် ခွဲခြားမှုများ ဖြစ်ပေါ်လာကြ၏။ ထိုခွဲခြားမှုသည် လူသားများ၏ စည်းလုံးညီညွတ်မှုကို ပြိုကွဲစေနိုင်ပြီး မကောင်းမှုများနှင့် လူမှုရေးပြဿနာများကိုသာ ဖြစ်ပေါ်စေနိုင်၏။ သေလွန်ပြီးနောက်၌လည်း အပါယ်လေးဘုံသို့သာ ရောက်စေနိုင်၏။ ထို့ကြောင့် အတ္တဒိဋ္ဌိအမြင်သည် လူသားတို့အား မကောင်းကျိုးကိုသာ ဖြစ်ပေါ်စေ၏။ ဗုဒ္ဓအဘိဓမ္မာကို လေ့လာလျှင် ယင်းအတ္တဒိဋ္ဌိအမြင် ပပျောက်ပြီး လူနှင့်ပတ်ဝန်းကျင်ကို မှန်မှန်ကန်ကန်ရှုမြင်တတ်လာပေလိမ့်မည်။ လူသားများ သင်ယူနေကြသော လောကီပညာရပ်များသည် အတ္တစိတ်နှင့် ကာမဂုဏ်စိတ်ကို ကျော်လွှားနိုင်သော စွမ်းအားမရှိပေ။ ဗုဒ္ဓအဘိဓမ္မတရားတစ်မျိုးသည်သာလျှင် အတ္တစိတ်နှင့် ကာမဂုဏ်စိတ်ကို လွန်မြောက်နိုင်၏။

## ဘဝတိုးတက်မြင့်မားရေး

ဗုဒ္ဓအဘိဓမ္မာကို သင်ယူ၍ ကျွမ်းကျင်လာလျှင် အတ္တဒိဋ္ဌိအမြင် ပပျောက်သွားရုံသာမက ကလေးဘဝမှစ၍ ရင်ထဲမှာ ဝင်ရောက်နေရာယူလာခဲ့သော လူကောင်၊တိရစ္ဆာန်ကောင်၊ ယောကျ်ားကောင်၊ မိန်းမကောင် အမြင်များလည်း ပပျောက်သွားပေလိမ့်မည်။ နာမ်၊ ရုပ်ပရမတ်တရားများ၏ ဖြစ်ပျက်အစဉ်ကိုသာ

http://www.dhammadownload.com



တွေ့မြင်လာပေလိမ့်မည်။ ပတ်ဝန်းကျင်အာရုံများနှင့် တွေ့ကြုံနေရသောအခါ ဖြစ်ပေါ်လေ့ရှိသော သဘာဝစိတ်မိုက် စိတ်ရိုင်းများလည်း တဖြည်းဖြည်း ငြိမ်ကျသွားပေလိမ့်မည်။ မိမိဘဝအပေါ်မှာ ပို၍အားရကျေနပ်ပြီး အတ္တလွန်ကဲသော လုပ်ဆောင်ချက်မျိုးကို ရှောင်ကြဉ်ကာ မိမိဘဝကို အများကောင်းကျိုးအတွက် ပို၍ ပို၍ အသုံးချလာလိမ့်မည်။ ထိုသို့ အများအကျိုးကို ဆောင်ရွက်လိုသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ပေါ်ပေါက်လာပါမှ လူ့ဘဝ ငြိမ်းချမ်းသာယာပြီး နိုင်ငံတိုင်း တိုးတက်ဖွံ့ဖြိုးလာမည်သာဖြစ်၏။ သူတစ်ပါးချမ်းသာစေလိုသော စေတနာဖြင့် အများအကျိုးကို ဆောင်ရွက်ပေးခြင်းကြောင့် ယင်းစေတနာကို အများစုက ရိုသေလေးစားကြ၏။ တန်ဖိုးထားလာကြ၏။ တုံ့ပြန်လာကြ၏။ အများ၏ ယုံကြည်လေးစားခံရသောအခါ မိမိဘဝ တိုးတက်မြင့်မားလာ၏။ ဆင်းရဲခြင်း၊ ချမ်းသာခြင်းကို မိမိကိုယ်တိုင်သာ ပြုလုပ်ခြင်းကြောင့် မိမိဘဝ ဆင်းရဲမှ လွတ်မြောက်ပြီး ချမ်းချမ်းသာသာနေနိုင်ရေးအတွက် အသိဉာဏ်မြင့်မားစေခြင်းငှာ ဗုဒ္ဓအဘိဓမ္မာကို သင်ယူလေ့လာကြပါရန် တိုက်တွန်းပါသည်။

## စိတ်

အာရုံကို သိခြင်း၊ အာရုံကို ရယူနိုင်ခြင်းသဘောကို စိတ်ခေါ်၏။ လောက၌ သတ္တဝါများသည် အချိန်ရှိတိုင်း အာရုံအမျိုးမျိုးကို တစ်ခုပြီးတစ်ခု သိနေကြ၏။ ယင်းသို့ အာရုံကို သိတတ်သော သဘောကို စိတ်ခေါ်၏။

အာရုံကို သိခြင်းဟူသည် အာရုံကိုရအောင်ယူနိုင်ခြင်းသဘောပင် ဖြစ်၏။ ထို့ကြောင့် အာရုံကိုသိခြင်း၊ အာရုံကိုရအောင် ယူနိုင်ခြင်းသဘောကို စိတ်ခေါ်၏။ [၁]

## စိတ်သဘာဝ

စိတ်သည် အဝေး၌ရှိသော အာရုံသို့လည်း သွားရောက်တတ်၏။ တစ်ပါးအပျက်တစ်ပါးဆက်ကာ ဖြစ်ပေါ်လာတတ်၏။ အထည် ကိုယ်ဒြပ်မရှိပေ။

---
၁။ အဘိ-ဋ္ဌ ၁၊ ၁၀၆

http://www.dhammadownload.com



မဟာဘုတ်လိုဏ်ဂူကို မှီနေရသော ဟဒယဝတ္ထုကို အမှီပြုကာ ဖြစ်ပေါ်လာ၏။ ယင်းစိတ်ကို စောင့်ရှောက်နိုင်သူများသည် မာရ်မင်း၏ အနှောင်အဖွဲ့ဟူသော ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ကြ၏။ [၁]

## အဝေးသို့သွားနိုင်

စိတ်သည် အာရုံကိုယူရာ၌ လွန်စွာဝေးသောအရပ်မှာရှိနေသော အာရုံကို လှမ်း၍ အာရုံပြုနိုင် ယူနိုင်၏။ ထိုသို့ အဝေးအာရုံကို လှမ်း၍ အာရုံပြုနိုင်သော ကြောင့် ''စိတ်သည် အဝေးသို့ သွားနိုင်၏''ဟု ဗုဒ္ဓမိန့်ကြားတော်မူခဲ့ခြင်းဖြစ်၏။

## တစ်ပါးတည်းသာလှည့်လည်

စိတ်၏ ဖြစ်မှု၊ ပျက်မှု အလွန်လျင်မြန်လှ၏။ စိတ်၏ လျင်မြန်ပုံကို လောက၌ နှိုင်းစရာမရှိကြောင်း ဗုဒ္ဓမိန့်ကြားတော်မူခဲ့၏။

လက်ဖျောက်တစ်ချက်တီးချိန်အတွင်း၌ စိတ်ကုဋေသိန်းပေါင်းများစွာ ရှေ့နောက်ဆက်ကာ ဖြစ်ပျက်နိုင်၏။ [၂]

ယင်းသို့ အဖြစ်အပျက် မြန်နေခြင်းကြောင့် စိတ်နှစ်မျိုး၊ သုံးမျိုးစသည်ဖြင့် တစ်ပြိုင်နက်ဖြစ်ပြီး၊ အာရုံနှစ်မျိုးသုံးမျိုးကို တစ်ကြိမ်တည်း အာရုံပြုနိုင် ယူနိုင်သည်ဟု ထင်မှတ်စရာရှိ၏။ အမှန်မှာ စိတ်နှစ်ခု၊ သုံးခု တစ်ပြိုင်နက် ဖြစ်ရိုး မရှိပေ။ အာရုံတစ်ခုကို ယူမှုကိစ္စပြီးဆုံးပါမှ အခြားအာရုံတစ်ခုကို ဆက်ပြီး ယူရ၏။ ထို့ကြောင့် စိတ်တစ်ခုဖြစ်၍ ချုပ်သွားပြီးမှ နောက်စိတ်တစ်ခု ဆက်ဖြစ်ရ၏။ ထိုသို့ စိတ်နှစ်မျိုး၊ သုံးမျိုးတစ်မျိုး တစ်ပြိုင်နက် မဖြစ်ဘဲ တစ်မျိုးသာ ဖြစ်ပေါ်နေခြင်းကို ''စိတ်သည် တစ်ပါးတည်းသာ လှည့်လည်နေသည်'' ဟု ဗုဒ္ဓမိန့်ကြားတော်မူခဲ့ခြင်းဖြစ်၏။

---

၁။ ဓမ္မပဒပါဠိ ၁၈၊

၂။ အင်္ဂုတ္တရပါဠိပထမတွဲ-၉

http://www.dhammadownload.com



လှည့်လည်နေသည်ဟု ဆိုရာ၌ စိတ်က အပြင်ဘက်သို့ထွက်ပြီး လှည့်လည်သွားလာနေခြင်းမျိုးမဟုတ်ပေ။ အနီးအာရုံ၊ အဝေးအာရုံများကို လှမ်းယူနေသည်ကို လှည့်လည်နေသည်ဟု ဆိုခြင်းမျိုးဖြစ်၏။ စိတ်က အာရုံတစ်ခုကို ယူရာ၌လည်း အာရုံကို စိတ်တစ်မျိုးတည်းက အပြီးသတ်သိအောင် ယူနိုင်ခြင်းမဟုတ်ပေ။ အာရုံတစ်ခုကို သိနိုင်အောင် စိတ်ပေါင်းများစွာ ဆက်ကာဆက်ကာ ဖြစ်ရ၏။ စိတ်ပေါင်းများစွာ ဆက်ကာဆက်ကာ ဖြစ်ပြီးမှ အာရုံတစ်ခုကို အပြီးသတ်သိနိုင်၏။

## အထည်ကိုယ်ဒြပ်မရှိ

စိတ်မှာ အတိုအရှည် အလုံးအပြားစသော အထည်ကိုယ်ဒြပ်သဘော မရှိပေ။ အဖြူ၊ အမဲ၊ အနီ၊ အညို စသော အရောင်အဆင်းများလည်း မရှိပေ။ အာရုံကို သိနိုင်သော သဘောသတ္တိမျှသာရှိ၏။

## ဟဒယလိုဏ်ဂူမှာဖြစ်

မြင်သိစိတ်သည် မျက်လုံးကိုမှီ၍ ဖြစ်၏။ ကြားသိစိတ်သည် နားအတွင်းကို မှီ၍ဖြစ်၏။ နံသိစိတ်သည် နှာခေါင်းအတွင်းကိုမှီ၍ ဖြစ်၏။ လျက်သိ (စားသိ) စိတ်သည် လျှာအလယ်ကို မှီ၍ဖြစ်၏။ ထိသိစိတ်သည် ခန္ဓာကိုယ်၌ ထိမိရာ အရပ်တိုင်းကို မှီ၍ဖြစ်၏။ ကြွင်းသော ဘဝင်စိတ်နှင့် စိတ်အများအပြားသည် ဟဒယလိုဏ်ဂူခေါ်သော နှလုံးကိုမှီ၍ ဖြစ်ကြ၏။

ဤသို့ လူ့ခန္ဓာကိုယ်တွင် စိတ်၏ မှီတွယ်ရာဖြစ်ရာ နေရာဌာနအများအပြား ရှိသော်လည်း ဟဒယလိုဏ်ဂူခေါ်သော နှလုံးအိမ်ကို မှီ၍ဖြစ်သော စိတ်က ပိုများသောကြောင့် ''စိတ်သည် ဟဒယလိုဏ်ဂူမှာဖြစ်သည်'' ဟု မိန့်ဆိုရခြင်းဖြစ်၏။ ထို့အပြင် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလ၌ဖြစ်သော နာမ်ရုပ်တရားများနှင့် ကာလသုံးပါးမှ အလွတ်ဖြစ်သော ပညတ်တရား၊ နိဗ္ဗာန်တရားဟူသော အာရုံတရားများ၊ မနောဒွာရခေါ်သော ဘဝင်စိတ်မှာ ဆက်သွယ်လာကြ၏။

http://www.dhammadownload.com



ယင်းဘဝင်စိတ်သည် လူသားဖြစ်ပေါ်ရန် နာမ်ရုပ်တရားများ စတင်ဖွဲ့စည်းချိန်မှစ၍ ပါလာခဲ့သော စိတ်ဖြစ်၏။ ယင်းစိတ်သည် နိုးကြားစိတ် (ဝီထိစိတ်) များ၏အကြားအကြား၌ ဆက်ကာဆက်ကာ ဖြစ်ပေါ်နေ၏။ အိပ်ပျော်နေချိန် မေ့မြောနေချိန်များ၌လည်း ယင်းဘဝင်စိတ်သာ ဖြစ်နေ၏။ ဘဝင်စိတ် မဖြစ်ဘဲ ရပ်စဲသွားလျှင် နာမ်ရုပ်တရာအားလုံး ဆက်မဖြစ်တော့ဘဲ ရပ်စဲသွားပါတော့၏။ ယင်းကိုစုတေသည်၊ သေသည်ခေါ်၏။ ထို့ကြောင့် ဘဝင်စိတ်သည် ဘဝဖြစ်ပေါ် ရေးအတွက် အခြေခံအကျဆုံးဖြစ်၏။ ဘဝအတွက် အခြေခံအကျဆုံးဖြစ်သော ယင်းဘဝင်စိတ်သည် ဟဒယလိုဏ်ဂူခေါ်သော နှလုံးအိမ်ကို မှီ၍ဖြစ်၏။ ဘဝအတွက် အရေးပါသော ဘဝင်စိတ်၏ဖြစ်ရာနေရာကို ရည်ရွယ်၍ စိတ်သည် ဟဒယလိုဏ်ဂူမှာဖြစ်သည်ဟု မိန့်ဆိုရခြင်းဖြစ်၏။

## စိတ်စွမ်းအား

လောက၌စိတ်သည် သတ္တိအထက်မြက်ဆုံး စွမ်းအားအရှိဆုံး ဖြစ်၏။ နိုင်ငံတစ်နိုင်ငံ ဖွဲ့စည်းတည်ထောင်ရာတွင် လူအများရှိရာ၌ မင်းသည် အချုပ်အခြာ ပဓာနအကျဆုံးဖြစ်၏။ နိုင်ငံသူ နိုင်ငံသားများသည် မင်း၏ဦးဆောင်မှုအောက်မှာ နေထိုင်ရ၏။ မင်းက တရားစောင့်လျှင် နိုင်ငံသူ နိုင်ငံသားအားလုံး တရားစောင့်ကြ၏။ မင်းက တရားမစောင့်လျှင် နိုင်ငံသူ နိုင်ငံသားအားလုံး တရား မစောင့်ကြတော့ပေ။ နိုင်ငံသူ နိုင်ငံသားအားလုံး မင်း၏အလိုသို့ လိုက်ပါကြရ၏။

ထို့အတူ သတ္တဝါများလည်း စိတ်၏ဦးဆောင်မှုကို ခံကြရ၏။ စိတ်၏ ဆွဲငင်မှုကို ခံနေကြရ၏။ သတ္တဝါအားလုံး စိတ်ဟူသော သဘာဝတရားတစ်ခု၏ အလိုသို့ လိုက်ပါနေကြရ၏။[၁]

စိတ်သည် သက်ရှိသတ္တဝါကိုသာ ဦးဆောင်သည်မဟုတ်၊ ရာသီဥတုနှင့် သစ်ပင်စသော သက်မဲ့လောကကိုလည်း ဦးဆောင်နေ၏။ လူသားများသန္တာန်

---

၁။ သံယုတ်ပါဠိပထမတွဲ ၃၆

http://www.dhammadownload.com



၍ စိတ်ကောင်းစိတ်မြတ်များ ဖြစ်ပေါ်နေစဉ် ကိုယ်ကျင့်တရားများ ကောင်းမွန်နေသောအခါ ရာသီဥတုကောင်းပြီး အသီးအနှံများ ဖြစ်ထွန်း၏။ စိတ်ဆိုးစိတ်ယုတ်မာများ ဖြစ်ပေါ်နေစဉ် ကိုယ်ကျင့်တရားပျက်ပြားလာကာ ရာသီဥတုလည်း ဖောက်ပြန်လာပြီး အသီးအနှံ သစ်ပင်များ ပျက်စီးကြ၏။

စိတ်အလိုသို့လိုက်ပါနေရခြင်းကြောင့် စိတ်ညစ်ပေလျှင် သတ္တဝါများလည်း ညစ်ပေကြ၏။ စိတ်စင်ကြယ်လျှင် သတ္တဝါများလည်း စင်ကြယ်ကြ၏။[၁]

သတ္တဝါများကို ခတ္တိယ (မင်း) ဖြစ်အောင်၊ ဗြာဟ္မဏ (ပုဏ္ဏား) စသည် ဖြစ်အောင် စိတ်ကသာစီမံ၏။ စိတ်၏စွမ်းအားကြောင့် သတ္တဝါများ ရံခါ ကုန်သည်ဖြစ်၍ ရံခါသူ ဆင်းရဲဖြစ်ရ၏။ ရံခါ နတ်ဖြစ်၍ ရံခါအသုရာဖြစ်ရ၏။ ရံခါ ငရဲသူ ငရဲသားဖြစ်ရ၏။ ရံခါ တိရစ္ဆာန်ဖြစ်ရ၏၊ ရံခါ ပြိတ္တာဖြစ်ရ၏။[၂]

## စိတ်ကိုထိန်းသိမ်းရန်

''ရဟန်းတို့ စိတ်သည် တွေ့မြင်ရန်အလွန်ခဲယဉ်းလှ၏။ အလွန်သိမ်မွေ့လှ၏။ အလိုရှိသမျှအာရုံ၌ ကျရောက်လေ့ရှိ၏။ ထိုသို့သဘောရှိသောစိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ လုံခြုံစွာ စောင့်ရှောက်ထားသောစိတ်သည် လောကီ၊ လောကုတ္တရာနှစ်ဖြာသောချမ်းသာကို ဆောင်ပေးနိုင်၏။[၃]

ဗုဒ္ဓသည် စိတ်ကိုထိန်းသိမ်းရန် အထက်ပါအတိုင်း မိန့်ကြားတော်မူခဲ့၏။ လူတစ်ဦး၏ ဘဝအတက်အကျနှင့် လောကအတက်အကျကိုလည်းကောင်း၊ ဆင်းရဲချမ်းသာကိုလည်းကောင်း စိတ်ကပဲ ဦးဆောင်နေခြင်းကြောင့် စိတ်ကိုသာ စောင့်ထိန်းရမည်ဖြစ်၏။ စိတ်ကိုသာပြုပြင်ရမည်ဖြစ်၏။ စိတ်ကိုပြုပြင်ထိန်းသိမ်းရန် အဆိုးအကောင်း၊ ရှောင်ရမည့်အရာနှင့် ဆောင်ရမည့်အရာ၊ ဒုစရိုက်နှင့် သုစရိုက်၊ ကုသိုလ်နှင့်အကုသိုလ် စသည်တို့ကို တိတိကျကျခွဲခြားသိနေဖို့ လိုအပ်

---

၁။ သံယုတ်ပါဠိဒုတိယတွဲ–၁၂၃၊
၂။ ထေရဂါထာ–၃၅၉၊
၃။ ဓမ္မပဒပါဠိ–၁၈၊

http://www.dhammadownload.com



လှ၏။ မိမိကိုယ်တိုင်မသိလျှင်လည်း ခွဲခြားသိမြင်နေသော ရဟန်းသံဃာ၊ မိဘ ဆရာ လူကြီးသူမတို့၏ ဆုံးမလမ်းညွှန်မှုကို အမှန်ပင်လက်ခံရမည်ဖြစ်၏။

လူသားများသည် လွတ်လပ်ခွင့်ကို လိုလားကြ၏။ လွတ်လပ်ခွင့်ကို လိုလားကြသော်လည်း မသိမှု အဝိဇ္ဇာ၏ လွှမ်းမိုးမှုကြောင့် လူ့စိတ်ထဲမှာ ဖြစ်ပေါ်လာသော လူ၏လိုလားချက်ကို အမှားအမှန်မခွဲခြားနိုင်ပေ။ ထို့ကြောင့် ပတ်ဝန်းကျင်အာရုံတရားများ၏ဆွဲအားကြောင့် လူစိတ်ကိုမှီ၍ လူစိတ်ထဲမှာ ဖြစ်ပေါ်လာသော အာရုံနှင့်ပတ်သက်၍ ဆာလောင်နေသော တဏှာကို ဆင်းရဲပျက်စီးကြောင်းတရားအဖြစ် မရှုမြင်နိုင်ဘဲ လူ့ဓလေ့၊ လူ့အခွင့်အရေးဟုသာ အထင်မှားနေကြ၏။ လူ၏လိုလားချက်ကို ထိုသို့ အမှားအမှန်မခွဲခြားနိုင်ဘဲ လူ၏ လွတ်လပ်ခွင့်နှင့် ပေါင်းစပ်ပေးလိုက်သောအခါ စိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ အမှားကိုအမှန်ထင်ပြီး ပြုလုပ်ခြင်းကြောင့် လောက၏ဖြစ်စဉ် (နိယာမတရား) နှင့်ဆန့်ကျင်သော ဖြစ်ရပ်ဆန်းများ တစ်နေ့တခြား တိုးပွားလာနေကြ၏။

ကမ္ဘာ့နိုင်ငံများ၌ဖြစ်ပေါ်နေသော အနိဋ္ဌာရုံများ မြန်မာနိုင်ငံသို့ ကူးစက်ပြန့်ပွားမလာနိုင်ရေးအတွက် မြန်မာလူငယ်များကို ဗုဒ္ဓအဘိဓမ္မာကို သင်ယူစေသင့်ကြ၏။ မြန်မာတို့သည် လူမျိုးခြားဘာသာခြားအုပ်ချုပ်မှုအောက်မှာ နှစ်ပေါင်းတစ်ရာကျော် နေထိုင်ခဲ့ရ၏။ သို့သော် အုပ်ချုပ်သူ လူမျိုးခြား ဘာသာခြားများနှင့် မရောနှောဘဲ သီးခြားစီနေထိုင်ခဲ့ကြ၏။ မှန်လှ၏။ လူမျိုးခြား ဘာသာခြားများအုပ်ချုပ်စဉ်က ပြည်သူလူထုအများစုသည် ဘုန်းတော်ကြီးကျောင်းထွက် ဗုဒ္ဓဘာသာဝင်များသာဖြစ်ကြ၏။ ဗုဒ္ဓဘာသာဝင်များသည် မျက်မှောက်ခေတ်မြန်မာများကဲ့သို့ ဗုဒ္ဓသာသနာတော်အကြောင်းကို မသိ နားမလည်သော မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များမဟုတ်ကြပေ။ ဗုဒ္ဓတရားတော် ကျွမ်းကျင်လိမ္မာသူများသာ ဖြစ်ကြ၏။

အင်္ဂလိပ်ခေတ်မတိုင်မီ မြန်မာ့ဘုရင်များလက်ထက်က အမျိုးသားများသာမက ဘုရင့်သမီးတော်များကိုယ်တိုင်ပင် ဗုဒ္ဓတရားတော်ကို ကျွမ်းကျင်စွာ

http://www.dhammadownload.com



တတ်မြောက်ပြီး ရဟန်းတော်များကို ပိဋကတ်စာပေကို သင်ကြားပို့ချပေးခဲ့သော အထောက်အထားများရှိကြ၏။ မြန်မာပြည်သူလူထုသည် အုပ်ချုပ်သူလူမျိုးခြားများ၏ ပြောသမျှစကားကို လက်မခံခဲ့ကြပေ။ လူမျိုးခြား ဘာသာခြားများ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုကိုလည်း လက်မခံခဲ့ကြပေ။ ဗုဒ္ဓတရားတော်ဆိုင်ရာ အသိဉာဏ်ဖြင့် အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားကာ အုပ်ချုပ်သူများနှင့် မရောနှောဘဲ သီးသီးသန့်သန့်သာ နေထိုင်ခဲ့ကြ၏။ ထို့ကြောင့် အုပ်ချုပ်သူ လူမျိုးခြား ဘာသာခြားများ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုများ မြန်မာ့လူ့ဘောင်ကို မလွှမ်းမိုးနိုင်ခဲ့ပေ။ ထိုသို့ မလွှမ်းမိုးနိုင်ခြင်းသည် မြန်မာ့စိတ်ဓါတ်၌ ဗုဒ္ဓတရားတော်များ အင်အားကောင်းနေခြင်းကြောင့်ဖြစ်၏။

လူမျိုးခြား ဘာသာခြားများ အုပ်ချုပ်ချိန်မှစ၍ မြန်မာများ ဗုဒ္ဓတရားတော်ကို သင်ယူခွင့်မရခဲ့ကြဘဲ ခေတ်ပညာကိုသာ သင်ယူခဲ့ကြရ၏။ ထို့ကြောင့် မြန်မာနိုင်ငံ၌ ဘုန်းတော်ကြီးကျောင်းထွက်များ ကွယ်လွန်အနိစ္စရောက်၍ အားလုံးကုန်သွားသောအခါ အင်္ဂလိပ်ကျောင်းထွက် ခေတ်ပညာတတ်များသာ ဝင်ရောက်နေရာယူလာကြ၏။ တစ်ဘက်ကလည်း သိပ္ပံစွမ်းအားကြောင့် ဆက်သွယ်ရေးလမ်းကြောင်းများ တိုးတက်လာသဖြင့် စိတ်ကိုမပြုပြင်ဘဲ သဘာဝစိတ်မိုက်စိတ်ရိုင်းအတိုင်းသာ နေထိုင်ကြသော လူမျိုးခြား ဘာသာခြားများ၏ ပြုမူနေထိုင်ပုံကို တွေ့မြင်နေကြရ၏။ ထို့ကြောင့် မြန်မာ့လူ့ဘောင်သို့ နိုင်ငံခြားယဉ်ကျေးမှုများ အလွယ်တကူ ဝင်ရောက်ပျံ့နှံ့လာကြ၏။ လွန်စွာ အရှက်အကြောက်ကြီးမားသော မြန်မာ့အမျိုးသမီးလောကထဲသို့ မိမိခန္ဓာကိုယ်မှာ အဝတ်ကိုပင် လုံလုံခြုံခြုံ မဝတ်နိုင်သည်အထိ နိုင်ငံခြားယဉ်ကျေးမှုများ ပျံ့နှံ့လာသည်ကို တွေ့ရ၏။ ဤသို့ ပြောင်းလဲလာခဲ့သော မြန်မာ့သမိုင်းဖြစ်စဉ်ကို မြန်မာတိုင်းမြင်အောင် ကြည့်တတ်ဖို့လို၏။ မြင်အောင်ကြည့်တတ်ပါမှ ပြုပြင်ရေးနည်းလမ်းကို ရှာဖွေသောအခါ လွယ်ကူစွာ ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်၏။

ဗုဒ္ဓအဘိဓမ္မာသည် လူနှင့် လူ့ပတ်ဝန်းကျင်ကို ရှုမြင်သောပညာရပ်ဖြစ်၍ လူသားတိုင်း သင်ယူသင့်ကြ၏။ ဗုဒ္ဓအဘိဓမ္မာကို သင်ယူကြလျှင် လူနှင့် လူ့

http://www.dhammadownload.com



ပတ်ဝန်းကျင်ကို မှန်မှန်ကန်ကန် ရှုမြင်နိုင်ပြီး မည်သူမျှ လိမ်ညာလှည့်ပတ် မရနိုင်လောက်အောင် စိတ်ဓာတ်ခိုင်မာလာပေလိမ့်မည်။ စိတ်ဓာတ်ခိုင်မာနေသော လူ့အဖွဲ့အစည်းသည် ကျစ်လျစ်ခိုင်မာသော လူ့အဖွဲ့အစည်းဖြစ်လာပေလိမ့် မည်။ သို့ပါ၍ စိတ်ကို ထိန်းသိမ်းပြုပြင်နိုင်ရန် ဗုဒ္ဓအဘိဓမ္မာကို မဖြစ်မနေ သင်ယူသင့်ကြ၏။ ဗုဒ္ဓအဘိဓမ္မာကဲ့သို့ တိကျခိုင်မာသော ပညာရပ်ကား လောက၌ မပေါ်ပေါက်သေးပေ။ လောက၌ ဘယ်ပညာရပ်ပဲ ထွန်းကားနေနေ ဗုဒ္ဓအဘိဓမ္မာက ဂရုမစိုက်ပေ။ လူ့ဘဝသည် အဝိဇ္ဇာ၊ တဏှာဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေခြင်းကြောင်း ယင်းအဝိဇ္ဇာ၊ တဏှာကို အခြေခံ၍ လူ့စိတ်ထဲမှာ အသိမှား အမြင်မှားများ လွှမ်းမိုးနေခြင်းကြောင့် ဗုဒ္ဓအဘိဓမ္မာသည် လူများစု၏ အပယ်ခံအဖြစ်သို့ ရောက်ရှိနေခြင်းသာဖြစ်၏။ ဗုဒ္ဓအဘိဓမ္မာနှင့် ထိုက်တန်သော အသိဉာဏ်ရှိသူများ လေ့လာလျှင် ဗုဒ္ဓအဘိဓမ္မာကို လေးစားပြီး တန်ဖိုးထားလာမည်သာဖြစ်၏။

## လက္ခဏာဒိစတုက္က

စိတ်၊ စေတသိက်၊ ရုပ်သဘာဝတရားတိုင်း၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်လေးချက်ပါရှိ၏။ ထိုလက္ခဏာစသော လေးပါးအပေါင်းကို လက္ခဏာဒိစတုက္ကခေါ်၏။

## လက္ခဏာ

အမှတ်အသားကို လက္ခဏာခေါ်၏။ ပရမတ္ထတရားတိုင်းမှာ အခြားတရားများနှင့် ရောနှောမသွားရအောင် သီးခြားအမှတ်အသားရှိ၏။ ယင်းသီးခြားအမှတ်အသားကို လက္ခဏာခေါ်၏။ ထိုလက္ခဏာသည် ပရမတ္ထတရားတိုင်းမှာ အများနှင့်သက်ဆိုင်သော သာမညလက္ခဏာ၊ မိမိအတွက် သီးခြားဖြစ်သော သဘာဝလက္ခဏာဟု နှစ်မျိုးရှိ၏။

ထိုတွင် မမြဲခြင်း အနိစ္စလက္ခဏာ၊ ဆင်းရဲခြင်းဒုက္ခလက္ခဏာ၊ အတ္တမဟုတ်ခြင်း အနတ္တလက္ခဏာများသည် နာမ်၊ ရုပ်တရားတိုင်းနှင့်သက်ဆိုင်

http://www.dhammadownload.com



သော သာမညလက္ခဏာဖြစ်၏။ ထို့ပြင် အာရုံသို့ညွတ်ခြင်း နမနလက္ခဏာသည်လည်း နာမ်အားလုံးနှင့်သက်ဆိုင်သော သာမညလက္ခဏာပင်ဖြစ်၏။ ဖောက်ပြန်ခြင်း ရုပ္ပနလက္ခဏာသည်လည်း ရုပ်အားလုံးနှင့်သက်ဆိုင်သော သာမညလက္ခဏာပင်ဖြစ်၏။

အာရုံကိုသိခြင်းလက္ခဏာသည် စိတ်တစ်မျိုးနှင့်သာသက်ဆိုင်သော သဘာဝလက္ခဏာဖြစ်၏။ အာရုံကိုတွေ့ထိခြင်းလက္ခဏာသည် ဖဿစေတသိက်တစ်မျိုးနှင့်သာ သက်ဆိုင်သော သဘာဝလက္ခဏာဖြစ်၏။

## ရသ

ရသသည် ကိစ္စရသ၊ သမ္ပတ္တိရသဟု နှစ်မျိုးရှိ၏။ ပရမတ္ထတရားတိုင်းမှာ ပြုလုပ်ဆောင်ရွက်ရမည့် တာဝန်သည် ကိစ္စရသဖြစ်၏။ သက်ဆိုင်ရာ အကြောင်းတရားများစုံညီ၍ ဖြစ်ပေါ်ပုံသည် သမ္ပတ္တိရသဖြစ်၏။ အချို့ ပရမတ္ထတရားများ၌ ကိစ္စရသထင်ရှား၏။ အချို့ပရမတ္ထတရား၌ သမ္ပတ္တိရသ ထင်ရှား၏။

## ပစ္စုပဋ္ဌာန်

အကျိုးတရားနှင့် ယောဂီများ အသိဉာဏ်၌ ထင်မြင်လာပုံသည် ပစ္စုပဋ္ဌာန်မည်၏။ ထို့ကြောင့် ပစ္စုပဋ္ဌာန်သည် ဖလပစ္စုပဋ္ဌာန်၊ ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန်ဟု နှစ်မျိုးရှိ၏။

အလုပ်ကိစ္စတစ်ခုကိုပြုလုပ်လျှင် ယင်းအလုပ်ကိစ္စအတွက် အကျိုးတရားတစ်မျိုးမျိုးကို ရရှိသကဲ့သို့ ကိစ္စရသကြောင့် ရသင့်သော အကျိုးတရားသည် ဖလပစ္စုပဋ္ဌာန်မည်၏။

လူတစ်ဦးကို အကဲခတ်သူ၏ အသိဉာဏ်၌ အကဲခတ်ခံရသူ၏ စိတ်သဘောထားတစ်မျိုးမျိုး ထင်မြင်လာသကဲ့သို့ ယောဂီပုဂ္ဂိုလ်များ တရားတစ်မျိုးမျိုးကို ဆင်ခြင်သောအခါ ထိုတရား၏ ယောဂီများဉာဏ်၌ ထင်မြင်လာသောအခြင်းအရာသည် ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်မည်၏။

http://www.dhammadownload.com



## ပဒဋ္ဌာန်

ပရမတ္ထတရားများသည် အကြောင်းမဲ့သက်သက် ဖြစ်ပေါ်နေခြင်း မဟုတ်ပေ။ သက်ဆိုင်ရာ အကြောင်းတရားကို အခြေခံ၍ ဖြစ်ပေါ်နေခြင်းသာဖြစ်၏။ ထိုသို့ သက်ဆိုင်ရာ အကြောင်းတရားက ပရမတ္ထတရား တစ်မျိုးမျိုးကို ဖြစ်ပေါ်စေရာ၌ ဝေးသောအကြောင်း၊ နီးသောအကြောင်းဟူ၍ အကြောင်း နှစ်မျိုးရှိ၏။ ထိုတွင် နီးသောအကြောင်း သည် ပဒဋ္ဌာန်မည်၏။

## စိတ်၏လက္ခဏာဒိစတုက္က

၁။ စိတ်သည် သညာ၊ ပညာတို့ သိပုံမှတစ်မျိုးတစ်ဖုံ အာရုံကိုသိခြင်း လက္ခဏာရှိ၏။

၂။ ရှေ့သွားခေါင်းဆောင်ခြင်းကိစ္စရှိ၏။

၃။ အဆက်မပြတ်ရအောင် နောက်နောက်စိတ်ကိုဖွဲ့စပ်တတ်သောတရားဟု ယောဂီများဉာဏ်၌ ထင်မြင်လာ၏။

၄။ ယှဉ်ဖက်စေတသိက်နှင့် မှီရာဝတ္ထုရုပ်ဟူသော နီးသောနာမ်ရုပ်နှစ်ပါး ကြောင့် ဖြစ်ပေါ်ရ၏။

⁂ ⁂ ⁂ ⁂ ⁂

http://www.dhammadownload.com



## အပိုင်း (၁)

# စိတ်ပိုင်း

## စိတ်သရုပ်ပြဇယား

| မူလစိတ် | ဘုံစိတ်အပြား | သရုပ်ခွဲပုံ | ထပ်ဆင့်သရုပ်ခွဲပုံ |
|---|---|---|---|
| စိတ် | ကာမာဝစရစိတ် | အကုသိုလ်စိတ် | လောဘမူစိတ် ၈ |
| | | | ဒေါသမူစိတ် ၂ |
| | | | မောဟမူစိတ် ၂ |
| | | အဟိတ်စိတ် | အကုသလဝိပါက်စိတ် ၇ |
| | | | အဟိတ်ကုသလဝိပါက် ၈ |
| | | | အဟိတ်ကြိယာစိတ် ၃ |
| | | **ကာမာဝစရသောဘနစိတ်** | မဟာကုသိုလ်စိတ် ၈ |
| | | | မဟာဝိပါက်စိတ် ၈ |
| | | | မဟာကြိယာစိတ် ၈ |
| | ရူပါဝစရစိတ် | | ရူပကုသိုလ်စိတ် ၅ |
| | | | ရူပဝိပါက်စိတ် ၅ |
| | | | ရူပကြိယာစိတ် ၅ |
| | အရူပါဝစရစိတ် | | အရူပကုသိုလ်စိတ် ၄ |
| | | | အရူပဝိပါက်စိတ် ၄ |
| | | | အရူပကြိယာစိတ် ၄ |
| | လောကုတ္တရာစိတ် | | မဂ်စိတ် ၄ |
| | | | ဖိုလ်စိတ် ၄ |

http://www.dhammadownload.com



## ဘုံစိတ်အပြား ၄ ပါး

စိတ်သည် ကာမာဝစရစိတ်၊ ရူပါဝစရစိတ်၊ အရူပါဝစရစိတ်၊ လောကုတ္တရာစိတ်ဟူ၍ ဘူမိဘေဒအားဖြင့် ၄ မျိုးပြား၏။

၁။ **ကာမာဝစရစိတ်** = အာရုံပြုသောအားဖြင့် ကာမတဏှာ၏ဖြစ်ရာ (ကျင်လည်ရာ) ဖြစ်သောစိတ်၊ ကာမ ၁၁ ဘုံ၌ များသောအားဖြင့် သက်ဝင်၍ဖြစ်သောစိတ်။

၂။ **ရူပါဝစရစိတ်** = အာရုံပြုသောအားဖြင့် ရူပတဏှာ၏ဖြစ်ရာ (ကျင်လည်ရာ) ဖြစ်သောစိတ်၊ အသညသတ်ကြဉ် ရူပ ၁၅ ဘုံ၌ များသောအားဖြင့် သက်ဝင်၍ ဖြစ်သောစိတ်။

၃။ **အရူပါဝစရစိတ်** = အာရုံပြုသောအားဖြင့် အရူပတဏှာ၏ဖြစ်ရာ (ကျင်လည်ရာ) ဖြစ်သောစိတ်၊ အရူပ ၄ ဘုံ၌ များသောအားဖြင့် သက်ဝင်၍ဖြစ်သောစိတ်။

၄။ **လောကုတ္တရာစိတ်** = အာသဝေါတရားတို့၏ အာရုံမဟုတ်သောအား ဖြင့် ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော သင်္ခါရ လောကမှ လွန်မြောက်ဆဲ၊ လွန်မြောက်ပြီး ဖြစ်သောစိတ်။

### ရှေ့နောက်စဉ်ပုံ

၁။ ကာမာဝစရစိတ်သည် အညံ့စား ဟီနစိတ်ဖြစ်၏။

၂။ ရူပါဝစရစိတ်သည် အမြတ်ဥက္ကဋ္ဌစိတ်ဖြစ်၏။

၃။ အရူပါဝစရစိတ်သည် အထူး အမြတ်ဥက္ကဋ္ဌတရစိတ်ဖြစ်၏။

၄။ လောကုတ္တရာစိတ်သည် အမြတ်ဆုံး ဥက္ကဋ္ဌတမစိတ်ဖြစ်၏။

ဤသို့ ဟီန၊ ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌတရ၊ ဥက္ကဋ္ဌတမ အစဉ်အားဖြင့် ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ၊ လောကုတ္တရာဟု စိတ်လေးမျိုး ရှေ့နောက်စဉ်ထားရ၏။

http://www.dhammadownload.com



## အခန်း (၁)

### ကာမာဝစရစိတ်

အာရုံငါးပါး ကာမဂုဏ်တရား၌ လိုချင်တပ်မက်သောတဏှာကို ကာမတဏှာဟုခေါ်၏။ အာရုံပြုသောအားဖြင့် ထိုကာမတဏှာ၏ ဖြစ်ရာကျင်လည်ရာဖြစ်သောကြောင့်လည်းကောင်း၊ ကာမ ၁၁ ဘုံ၌ များသောအားဖြင့် ဖြစ်သောကြောင့်လည်းကောင်း ကာမာဝစရစိတ်ခေါ်၏။ အဝစရပုဒ်ကိုဖြုတ်၍ ကာမစိတ်ဟုလည်းခေါ်၏။

### အကုသိုလ်စိတ်

ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောစိတ်ကို အကုသိုလ်စိတ်ခေါ်၏။ မိတ်ဆွေ၏ ဆန့်ကျင်ဘက်ကို ရန်သူခေါ်သကဲ့သို့တည်း။

အကုသိုလ်စိတ်သည် လောဘ၊ ဒေါသ၊ မောဟတရားများနှင့် ယှဉ်တွဲဖြစ်သောကြောင့် မကောင်းသောအကျိုးတရားကိုဖြစ်စေနိုင်သော အကြောင်းစိတ်ဖြစ်၏။ မိမိစိတ်အစဉ်၌ ဤအကုသိုလ်စိတ်များမဖြစ်အောင် လူသားတိုင်းပယ်အပ်ရှောင်ကြဉ်အပ်သောစိတ်ဖြစ်၏။ ထိုအကုသိုလ်စိတ်သည် လောဘမူစိတ်၊ ဒေါသမူစိတ်၊ မောဟမူစိတ်ဟု သုံးမျိုးပြား၏။

**ပါပ**။ မိမိကိန်းရာ သတ္တဝါကို အပါယ်စသော ဆင်းရဲသို့ရောက်စေတတ်သောကြောင့် အကုသိုလ်စိတ်ကို ပါပခေါ်၏။

### လောဘမူစိတ်

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံငါးပါး၌ လိုချင်တပ်မက်သော ကပ်ငြိတွယ်တာမှုသဘောကို လောဘခေါ်၏။ ထိုလောဘသည် မိမိနှင့်အတူတကွ ယှဉ်တွဲဖြစ်ပေါ်လာသော တရားတို့ကို ခိုင်မြဲစေတတ်သောကြောင့် သစ်ပင်၏ ရေသောက်မြစ်နှင့်တူ၏။ ထို့ကြောင့် လောဘကို မူလခေါ်၏။ ထိုသို့ လောဘဟူသော မူလရှိသောကြောင့် လောဘမူစိတ်ခေါ်၏။ မူလမှ လကိုပယ်ဖြုတ်၍ လောဘမူစိတ်ဟုလည်းခေါ်၏။

http://www.dhammadownload.com



လူသားများသည် လှပသောအဆင်းကို တွေ့မြင်ရသောအခါ လိုချင်၏။ သာယာဖွယ်သောအသံကို ကြားရသောအခါ လိုချင်၏။ မွှေးကြိုင်နေသော အနံ့ကို နမ်းရှုရသောအခါ လိုချင်၏။ အရသာရှိသောအစာကို စားရသောအခါ လိုချင်၏။ နူးညံ့ပျော့အိသောအတွေ့အထိကို တွေ့ထိမိသောအခါ လိုချင်၏။ ယင်းလိုချင်သောစိတ်ကို လောဘမူစိတ်ခေါ်၏။ လူသားများသည် များသော အားဖြင့် ထိုလောဘမူစိတ်ဖြင့် သွားလာလှုပ်ရှားနေကြ၏။ ရှာဖွေစားသောက်ကြ၏။ ဝတ်စားဆင်ယင်ကြ၏။

## အကုသိုလ်စိတ် ၁၂ ပါး

## လောဘမူစိတ် ၈ ပါး

### ( ကျက်ရန် )

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု၊
၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု၊
၃။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု၊
၄။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု၊
၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု၊
၆။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု၊
၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု၊
၈။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု၊

### ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၄–ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၄–ပါး |
| | **ပေါင်း လောဘမူစိတ်** | **၈–ပါး** |

http://www.dhammadownload.com



## သမ္ပယောဂဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သမ္ပယုတ်စိတ် | ၄–ပါး |
| ၂။ | ဝိပ္ပယုတ်စိတ် | ၄–ပါး |
| | **ပေါင်း လောဘမူစိတ်** | **၈–ပါး** |

## သင်္ခါရဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အသင်္ခါရိကစိတ် | ၄–ပါး |
| ၂။ | သသင်္ခါရိကစိတ် | ၄–ပါး |
| | **ပေါင်း လောဘမူစိတ်** | **၈–ပါး** |

**မှတ်ချက်။** လောဘမူစိတ်ကို ဝေဒနာဒိဘေဒစိတ်ဟုခေါ်၏။

## သောမနဿဖြစ်ကြောင်းတရား

၁။ သဘာဝဣဋ္ဌာရုံ၊ ပရိကပ္ပဣဋ္ဌာရုံတို့တွင် တစ်ပါးပါးဖြစ်ခြင်း၊

၂။ သောမနဿသဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း၊

၃။ စိတ်နေသဘောထား မလေးနက်သူဖြစ်ခြင်း။

ဤသုံးပါးသည် သောမနဿသဟဂုတ်စိတ်ဖြစ်ကြောင်းတရားများဖြစ်၏။

**မှတ်ချက်။** ပကတိလူသားများ နှစ်သက်အပ်သောအာရုံကို သဘာဝဣဋ္ဌာရုံခေါ်၏။ လူအများက မနှစ်သက်၍ အနိဋ္ဌာရုံဟု သတ်မှတ်ထားသော်လည်း အချို့ပုဂ္ဂိုလ်တို့၏စိတ်ထဲ၌ နှစ်သက်စရာဟု ထင်မှတ်သော အာရုံမျိုးကို ပရိကပ္ပဣဋ္ဌာရုံခေါ်၏။ ဥပမာ – ခွေးနှင့် ဖမ္ဘုကကဲ့သို့ အချို့လူများ မစင်ကို လိုလိုချင်ချင် စားသုံးခြင်းမျိုးတည်း။

http://www.dhammadownload.com



## ဥပေက္ခာစိတ်ဖြစ်ကြောင်းတရား

၁။ ကဋ္ဌမဇ္ဈတ္တာရုံဖြစ်ခြင်း၊

၂။ ဥပေက္ခာသဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း၊

၃။ စိတ်နေသဘောထားလေးနက်သူဖြစ်ခြင်း။

ဤသုံးပါးသည် ဥပေက္ခာသဟဂုတ်စိတ်ဖြစ်ပေါ်ကြောင်း တရားများ ဖြစ်ကြ၏။

**မှတ်ချက်။** လွန်လွန်ကဲကဲအလိုရှိအပ် နှစ်သက်အပ်သောအာရုံကို အတိဣဋ္ဌာရုံခေါ်၏။ အတော်အတန် အလိုရှိအပ်၊ နှစ်သက်အပ်သော အာရုံ (အလယ်အလတ်တန်းစားအာရုံ) ကို ဣဋ္ဌမဇ္ဈတ္တာရုံခေါ်၏။

## ဒိဋ္ဌိဖြစ်ကြောင်းတရား

၁။ အယူမှားသူ (ဘာသာခြား) ကို မှီဝဲဆည်းကပ်ပေါင်းသင်းခြင်း၊

၂။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူသော တစ်ပါးပါးသော မှီရာရှိခြင်း။

ဤနှစ်ပါးသည် ဒိဋ္ဌိဖြစ်ကြောင်းတရားများဖြစ်ကြ၏။

**မှတ်ချက်။** အာရုံ (၆) ပါးနှင့်တကွ လောက၌ အတ္တရှိ၏။ ထိုအတ္တသည် ပျက်စီးမှုမရှိဘဲ မြဲ၏ဟု အချို့ပုဂ္ဂိုလ်များ တွေးခေါ်ယူဆကြ၏။ ထိုအတွေးမှား၊ အယူမှားကို သဿတဒိဋ္ဌိခေါ်၏။

အာရုံ (၆) ပါးနှင့်တကွ လောက၌ အတ္တရှိ၏။ ထိုအတ္တသည် အမြဲမတည်နိုင်၊ ဖောက်ပြန်ပျက်စီးတတ်၏ဟု အချို့ပုဂ္ဂိုလ်များ တွေးခေါ်ယူဆကြ၏။ ထိုအတွေးမှား၊ အယူမှားကို ဥစ္ဆေဒဒိဋ္ဌိခေါ်၏။

http://www.dhammadownload.com



## အသင်္ခါရိကစိတ်ဖြစ်ကြောင်းတရား

၁။ အသင်္ခါရိကကံကြောင့် အသင်္ခါရိကစိတ်ဖြင့် ပဋိသန္ဓေနေခဲ့ခြင်း၊

၂။ ခန္ဓာကိုယ် ကျန်းမာခြင်း၊

၃။ နေပူ၊ မိုးရွာ၊ ဆောင်း နွေအခါ အချမ်းအပူကို ဂရုမစိုက်ခြင်း၊

၄။ လုံ့လ၊ ဝီရိယ၏အကျိုးကို ယုံကြည်ခြင်း၊

၅။ မိမိပြုလုပ်နေကျကိစ္စ၌ အလေ့အကျင့်ရခြင်း၊

၆။ ဥတုဘောဇဉ်များ မျှတခြင်း။

**မှတ်ချက်**။ သသင်္ခါရိကစိတ်ဖြစ်ကြောင်းတရားကို ပြောင်းပြန်ယူပါ။

## ဝေါဟာရရှင်းလင်းချက်

၁။ နှစ်သက်ဝမ်းမြောက် ရွှင်ပြ ပြုံးရယ်သောစိတ်ကို **သောမနဿစိတ်** ခေါ်၏။

၂။ နှစ်သက်ဝမ်းမြောက်မှု ရွှင်ပြ ပြုံးရယ်မှုမရှိဘဲ တွေ့ကြုံရသော အာရုံမှန်သမျှကို လျစ်လျူရှုကာ တည်ငြိမ်သောကိုယ်အမူအရာ ဖြစ်ပေါ်နေသောစိတ်ကို **ဥပေက္ခာစိတ်** ခေါ်၏။

၃။ ကံ၊ ကံ၏အကျိုးကို မယုံကြည်ခြင်းကြောင့် အကုသိုလ်ကိုပြုလုပ်သော်လည်း အပြစ်မရှိဟု ယူဆသော်လည်းကောင်း၊ နံနက်စောစော၌ နွားလားဥသဘကိုမြင်လျှင် ကောင်းကျိုးရ၏။ စသည်ဖြင့် မြင်မှု၊ ကြားမှု စသည်တို့အပေါ် အတိတ်နိမိတ်ကောက်ယူသော ဒိဋ္ဌမင်္ဂလာ စသည်တို့ကို အနှစ်သာရအားဖြင့် လက်ခံယုံကြည်သော်လည်းကောင်း **ဒိဋ္ဌိဂတသမ္ပယုတ်စိတ်** ခေါ်၏။ (ကံ၊ ကံ၏အကျိုးကို မယုံကြည်သော ဘာသာမဲ့နှင့် ဘာသာခြားပုဂ္ဂိုလ်များ၌ ဖြစ်တတ်၏။)

http://www.dhammadownload.com



၄။ မကောင်းမှုအကုသိုလ်ကိုပြုလျှင် သံသရာ၌ အပြစ်ရှိ၏ဟု ယူဆသော စိတ်ကို **ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်**ခေါ်၏။ (ကံ၊ ကံ၏အကျိုးကို ယုံကြည်သော ဗုဒ္ဓဘာသာဝင်များသန္တာန်၌ဖြစ်တတ်၏)

၅။ မကောင်းမှုအကုသိုလ်ကိုပြုလုပ်ရာ၌ သူတစ်ပါး တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ မြှောက်ပင့်ပြောဆိုမှု၊ အကြံပေးမှုမရှိဘဲ မိမိကိုယ်တိုင် တက်တက်ကြွကြွ အားတက်သရောပြုလုပ်လျှင် **အသင်္ခါရိကစိတ်**ခေါ်၏။

၆။ သူတစ်ပါးတိုက်တွန်းအကြံပေးမှု၊ လှုံ့ဆော်မှုကြောင့် ပြုလုပ်လျှင် **သသင်္ခါရိကစိတ်** ခေါ်၏။

## နမူနာမေးခွန်း

၁။ သူတစ်ပါးပစ္စည်းကို ခိုးယူသော်လည်း အပြစ်မရှိဟု ယူဆကာ နှစ်သက်ဝမ်းမြောက်လျက် မည်သူမှ မတိုက်တွန်းဘဲ ထက်မြက်တက်ကြွသော စိတ်ဖြင့် သူတစ်ပါးပစ္စည်းကို ခိုးယူသူ၏သန္တာန်၌ ဖြစ်သင့်သောစိတ်ကိုဖော်ပြပါ။

၂။ သူတစ်ပါးပစ္စည်းကို ခိုးယူလျှင် အပြစ်ရှိ၏ဟုသိသော်လည်း စားဝတ်နေရေး အဆင်မပြေ၍ ဇနီး၏တိုက်တွန်းပူဆာမှုကြောင့် ဝမ်းမြောက်ရွှင်ပြမှုမရှိဘဲ ပကတိ တည်ငြိမ်သောစိတ်ထားဖြင့် သူတစ်ပါးပစ္စည်းကို ခိုးယူသူ၏သန္တာန်၌ ဖြစ်သင့်သောစိတ်ကိုလည်း ဖော်ပြပါ။

## ဒေါသမူစိတ်

မနှစ်သက်ဖွယ် အနိဋ္ဌာရုံနှင့်တွေ့ကြုံရသောအခါ အမျက်ထွက် စိတ်ဆိုးလျက် ကိုယ်ရောစိတ်ပါ ကြမ်းတမ်းခက်ထန်လာခြင်းသည် ဒေါသမည်၏။

ထိုဒေါသသည် မိမိနှင့်အတူတကွ ယှဉ်တွဲဖြစ်ပေါ်လာသော တရားတို့ကို ခိုင်မြဲစေတတ်သောကြောင့် သစ်ပင်၏ရေသောက်မြစ်နှင့်တူ၏။ ထို့ကြောင့် ဒေါသကို မူလခေါ်၏။ ထိုသို့ ဒေါသဟူသော မူလရှိသောကြောင့် ဒေါသမူလစိတ်ခေါ်၏။ မူလမှ လကိုပယ်ဖြုတ်၍ ဒေါသမူစိတ်ဟုလည်းခေါ်၏။

http://www.dhammadownload.com



## ဒေါသမူစိတ် ( ၂ ) ပါး

### ( ကျက်ရန် )

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ်အသင်္ခါရိကစိတ် ၁–ခု

၂။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု

ဤသို့ ဒေါသမူစိတ် ( ၂ ) ပါးပြား၏။

## ဒေါမနဿ, ပဋိဃဖြစ်ကြောင်းတရား

၁။ အလိုမရှိအပ်သော အလုံးစုံသော အနိဋ္ဌာရုံဖြစ်ခြင်း၊

၂။ ရန်ငြိုးဖွဲ့ကြောင်း ( ၉ ) ပါးသော အာဃာတဝတ္ထုဖြစ်ခြင်း။

ဤနှစ်ပါးသည် ဒေါမနဿ၊ ပဋိဃဖြစ်ကြောင်း တရားများဖြစ်၏။

## အာဃာတဝတ္ထု ( ၉ ) ပါး

မကျေနပ်မှုဖြစ်ကာ ထိုမကျေနပ်သူအပေါ်၌ ရန်ငြိုးဖွဲ့ခြင်းအကြောင်း တရားများကို အာဃာတဝတ္ထုခေါ်၏။ ထိုအာဃာတဝတ္ထုသည် အောက်ပါ အတိုင်း ၉ ပါးပြား၏။

(၁) ''ဤသူသည် ငါ၏အကျိုးမဲ့ (ပျက်စီး) ခြင်းကို ပြုလုပ်ဖူး၏'' ဟု နှလုံး သွင်းလျက် ရန်ငြိုးဖွဲ့၏။

(၂) ''ဤသူသည် ငါ၏အကျိုးမဲ့ (ပျက်စီး) ခြင်းကို ပြုလုပ်နေဆဲဖြစ်၏'' ဟု နှလုံး သွင်းလျက် ရန်ငြိုးဖွဲ့၏။

(၃) ''ဤသူသည် ငါ၏အကျိုးမဲ့ (ပျက်စီး) ခြင်းကို ပြုလုပ်လိမ့်မည်'' ဟု နှလုံးသွင်းလျက် ရန်ငြိုးဖွဲ့၏။

(၄) ''ဤသူသည် ငါချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးမဲ့ (ပျက်စီး) ခြင်းကို ပြုလုပ်ဖူး၏'' ဟု နှလုံးသွင်းလျက် ရန်ငြိုးဖွဲ့၏။

http://www.dhammadownload.com



(၅) ''ဤသူသည် ငါချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးမဲ့ (ပျက်စီး) ခြင်းကို ပြုလုပ်နေဆဲဖြစ်၏'' ဟု နှလုံးသွင်းလျက် ရန်ငြိုးဖွဲ့၏။

(၆) ''ဤသူသည် ငါချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးမဲ့ (ပျက်စီး) ခြင်းကို ပြုလုပ်လိမ့်မည်'' ဟု နှလုံးသွင်းလျက် ရန်ငြိုးဖွဲ့၏။

(၇) ''ဤသူသည် ငါမချစ်ခင် မနှစ်သက်သူ (ရန်သူ) ၏ အကျိုးတရားကို ပြုလုပ်ဖူး၏'' ဟု နှလုံးသွင်းလျက် ရန်ငြိုးဖွဲ့၏။

(၈) ''ဤသူသည် ငါမချစ်ခင် မနှစ်သက်သူ (ရန်သူ) ၏အကျိုးတရားကို ပြုလုပ်နေဆဲဖြစ်၏'' ဟု နှလုံးသွင်းလျက် ရန်ငြိုးဖွဲ့၏။

(၉) ''ဤသူသည် ငါမချစ်ခင် မနှစ်သက်သူ (ရန်သူ) ၏ အကျိုးတရားကို ပြုလုပ်လိမ့်မည်'' ဟု နှလုံးသွင်းလျက် ရန်ငြိုးဖွဲ့၏။

## နမူနာမေးခွန်း

၁။ မိမိကိုကိုက်သော ခွေးအပေါ်၌ မကျေမနပ်ဖြစ်ကာ မည်သူမှ မတိုက်တွန်းရဘဲ မိမိသဘောဖြင့်ပင် ခွေးကို အသေသတ်သူ၏သန္တာန်၌ ဖြစ်သောစိတ်ကို ဖော်ပြပါ။

၂။ မိမိမွေးမြူထားသောကြက်ကို ကိုက်လိမ့်မည်အထင်ဖြင့် ဇနီး၏အကြံ ပေးချက်အရ ဘုန်းတော်ကြီးကျောင်းမှခွေးကို လှံဖြင့်ထိုးသတ်သူ၏ သန္တာန်၌ဖြစ်သင့်သောစိတ်ကိုဖော်ပြပါ။

## မောဟမူစိတ်

အာရုံ၏ အမှန်သဘောကို မသိအောင် စိတ်ထဲ၌ မှောင်ကျနေခြင်း သဘောကို မောဟခေါ်၏။ ထို့ကြောင့် မောဟကို ''တမ' စိတ်၏အမှောင်ထု ခေါ်၏။

ထိုမောဟသည် မိမိနှင့်အတူတကွ ယှဉ်တွဲဖြစ်ပေါ်လာသော တရားတို့ကို ခိုင်မြဲစေတတ်သောကြောင့် သစ်ပင်၏ရေသောက်မြစ်နှင့်တူ၏။ ထို့ကြောင့်

http://www.dhammadownload.com



မောဟကို မူလခေါ်၏။ ထိုသို့ မောဟဟူသော မူလရှိသောကြောင့် မောဟမူလ ခေါ်၏။ မူလမှ လကိုပယ်ဖြုတ်၍ မောဟမူစိတ်ဟုလည်းခေါ်၏။ မောဟသည် သတ္တဝါများ မကောင်းမှုကို ပြုလုပ်ရာ၌ ဦးဆောင်သော တရားဖြစ်၏။

**မောဟမူစိတ် ( ၂ ) ပါး**

**( ကျက်ရန် )**

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် ၁–ခု

၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁–ခု

ဤသို့ မောဟမူစိတ် နှစ်ပါးပြား၏။

**မှတ်ချက်**။ မောဟမူစိတ်သည် ဝိစိကိစ္ဆာသမ္ပယုတ်၊ ဥဒ္ဓစ္စသမ္ပယုတ်ဟု သမ္ပယောဂဘေဒအားဖြင့် နှစ်မျိုးကွဲပြား၏။ ထို့ကြောင့် မောဟမူစိတ်ကို "**သမ္ပယောဂဘေဒစိတ်**" ခေါ်၏။

အသင်္ခါရိက၊ သသင်္ခါရိကဟု ကွဲပြားမှုမရှိသောကြောင့် မောဟမူစိတ်ကို "**သင်္ခါရဝိမုတ်စိတ်**" ဟုလည်းခေါ်၏။

**အကုသိုလ်စိတ်ကို မူလဘေဒအားဖြင့်ရေတွက်ပုံ**

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈–ပါး |
| ၂။ | ဒေါသမူစိတ် | ၂–ပါး |
| ၃။ | မောဟမူစိတ် | ၂–ပါး |
| | **ပေါင်း** | **၁၂–ပါး** |

**အမှာ**။ အကုသိုလ်စိတ် ၁၂ ပါးကို ရေတွက်ပြပါဟု သာမည မေးလျှင်လည်း အထက်ပါအတိုင်းဖြေပါ။

http://www.dhammadownload.com



## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿ သဟဂုတ်စိတ် | ၄–ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၆–ပါး |
| ၃။ | ဒေါမနဿသဟဂုတ်စိတ် | ၂–ပါး |
| | ပေါင်း | ၁၂–ပါး |

## သမ္ပယောဂဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သမ္ပယုတ်စိတ် | ၈–ပါး |
| ၂။ | ဝိပ္ပယုတ်စိတ် | ၄–ပါး |
| | ပေါင်း အကုသိုလ်စိတ် | ၁၂–ပါး |

## သင်္ခါရဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အသင်္ခါရိကစိတ် | ၅–ပါး |
| ၂။ | သသင်္ခါရိကစိတ် | ၅–ပါး |
| ၃။ | မောဟမူစိတ် | ၂–ပါး |
| | ပေါင်း အကုသိုလ်စိတ် | ၁၂–ပါး |

## ဟိတ်အားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ဧကဟိတ်စိတ် | ၂–ပါး |
| ၂။ | ဒွိဟိတ်စိတ် | ၁၀–ပါး |
| | ပေါင်း အကုသိုလ်စိတ် | ၁၂–ပါး |

http://www.dhammadownload.com



## သောမနဿသဟဂုတ်စိတ် ၄–ပါး

၁။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၂။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၃။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၄။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု

အကုသိုလ်စိတ်၌ ဤသို့ သောမနဿသဟဂုတ်စိတ် ၄ ပါးရှိ၏။

## ဥပေက္ခာသဟဂုတ်စိတ် ၆–ပါး

၁။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၂။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၃။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၄။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၅။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁–ခု
၆။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁–ခု

အကုသိုလ်စိတ်၌ ဤသို့ ဥပေက္ခာသဟဂုတ်စိတ် ၆ ပါးရှိ၏။

## သမ္ပယုတ်စိတ် ၈–ပါး

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၃။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၄။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၅။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၆။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု

http://www.dhammadownload.com



၇။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁–ခု
၈။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁–ခု
အကုသိုလ်စိတ်၌ ဤသို့သမ္ပယုတ်စိတ် ၈ ပါးရှိ၏။

## ဝိပ္ပယုတ်စိတ် ၄ ပါး

၁။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၂။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၃။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၄။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
အကုသိုလ်စိတ်၌ ဤသို့ ဝိပ္ပယုတ်စိတ် ၄ ပါးရှိ၏။

## အသင်္ခါရိကစိတ် ၅ ပါး

၁။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၂။ သောမနဿ သဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၃။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၄။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၅။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
အကုသိုလ်စိတ်၌ ဤသို့ အသင်္ခါရိကစိတ် ၅ ပါးရှိ၏။

## သသင်္ခါရိကစိတ် ၅ ပါး

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၃။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု

http://www.dhammadownload.com



၄။ ဥပက္ခောသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု

၅။ ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု

အကုသိုလ်စိတ်၌ ဤသို့ သသင်္ခါရိကစိတ် ၅ ပါးရှိ၏။

**မှတ်ချက်။** အဟိတ်စိတ်၊ ကာမာဝစရသောဘနစိတ် စသည်တို့၌လည်း ဤနည်းကိုမှီ၍ ဆရာက ရသင့်သမျှ သောမနဿ၊ ဥပေက္ခာ စသည်ဖြင့် သဘောတူရာစုပေါင်းလျက် သရုပ်ခွဲပြပါလေ။

## စက်လှည့်သရုပ်ခွဲပုံ

အကုသိုလ်စိတ်

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသာဖြစ်၍ ဝိပ္ပယုတ်မဖြစ်သောစိတ် | ၄-ပါး |
| ၂။ | ဝိပ္ပယုတ်သာဖြစ်၍ ဥပေက္ခာမဖြစ်သောစိတ် | ၂-ပါး |
| ၃။ | ဥပေက္ခာဝိပ္ပယုတ် နှစ်ပါးစုံဖြစ်သောစိတ် | ၂-ပါး |
| ၄။ | ဥပေက္ခာဝိပ္ပယုတ် နှစ်ပါးစုံမဖြစ်သောစိတ် | ၄-ပါး |
| | **ပေါင်း အကုသိုလ်စိတ်** | **၁၂-ပါး** |

## အကုသိုလ်စိတ် ၁၂ ပါး ပြားရခြင်းအကြောင်း

လောဘမူစိတ် ၈ ပါး၊ ဒေါသမူစိတ် ၂ ပါး၊ မောဟမူစိတ် ၂ ပါး ပြားသောကြောင့် အကုသိုလ်စိတ် ၁၂ ပါးပြား၏။

## အကုသိုလ်စိတ်၏ လက္ခဏာဒိစတုက္က

၁။ အကုသိုလ်သည် အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိ၏။

၂။ ကုသိုလ်နှင့် ဆန့်ကျင်ဘက်ကိစ္စနှင့် အကျိုးမဲ့ ပျက်စီးခြင်းကိုဖြစ်ပေါ် စေခြင်းကိစ္စရှိ၏။

http://www.dhammadownload.com



၃။ သတ္တဝါတို့ ပူပန်စေတတ်၊ နှိပ်စက်တတ်သောတရားအဖြစ် ယောဂီများ ဉာဏ်၌ ထင်မြင်လာ၏။

၄။ မမှန်မကန် နှလုံးသွင်းမှုဟူသော နီးသောအကြောင်းကြောင့်ဖြစ်၏။

## “လေ့ကျင့်ခန်း”

၁။ ပရမတ္ထတရား၏အဓိပ္ပာယ်ကိုရေး၍၊ သဘာဝတရားများကို ဗုဒ္ဓရှင်တော် မြတ် ခွဲခြမ်းစိတ်ဖြာကြည့်တော်မူသောအခါ အဘယ်တရားတို့ကို တွေ့ရှိတော် မူခဲ့ပါသနည်း။

၂။ ပညတ်ဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကို ပေါ်လွင်အောင်ရှင်းပြ၍၊ ပရမတ်နှင့် ပညတ်တွင် အဘယ်တရားက အရှိတရားဖြစ်၍ အဘယ် တရားက အရှိတရားမဟုတ်ပါသနည်း၊ ရှင်းပြခဲ့ပါ။

၃။ စိတ်ဟူသော ဝါဟာရ၏အဓိပ္ပာယ်ကိုရှင်းပြ၍ စိတ်၏သဘာဝကိုလည်း ရေးခဲ့ပါ။

၄။ စိတ်၏စွမ်းအားထက်မြက်ပုံကိုရှင်းပြ၍ စိတ်၏လက္ခဏာစသော ၄ မျိုးကို ရေးခဲ့ပါ။

၅။ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့၏အဓိပ္ပာယ်ကိုရေး၍ သာမည လက္ခဏာ၊ သဘာဝလက္ခဏာတို့၏အဓိပ္ပာယ်ကိုလည်း ရှင်းပြခဲ့ပါ။

၆။ ကာမာဝစရစိတ်၊ အကုသိုလ်စိတ်ဟူသော ဝေါဟာရတို့၏အဓိပ္ပာယ်ကို ရေး၍ လောဘမူစိတ် ၈ ပါးကို အစဉ်မပျက် ရေးခဲ့ပါ။

၇။ လောဘမူစိတ်ကို ဝေဒနာဘေဒ၊ သမ္ပယောဂဘေဒအားဖြင့် ရေတွက်ပြ၍ အသင်္ခါရိကစိတ် ၄ ပါးကိုလည်း အစဉ်မပျက် ရေးခဲ့ပါ။

၈။ မိမိ၏ ကံ၊ ဉာဏ်၊ ဝီရိယကို မယုံကြည်ဘဲ ရသေ့လိုလို၊ ဝိဇ္ဇာလိုလို ဆိုသူက “အောင်မာဃကြီးထွက်တော့မယ်” ဟု ပြောလိုက်သောအခါ

http://www.dhammadownload.com



အားရဝမ်းသာဖြစ်လျက် မည်သူမျှတိုက်တွန်းနေဖို့မလိုဘဲ တက်တက်ကြွကြွဖြင့် ယင်းစကားကို အတိတ်နိမိတ်အဖြစ် ကောက်ယူကာ (၁၅၂) ဂဏန်းကို ချဲထီထိုးသူသန္တာန်၌ဖြစ်သင့်သောစိတ်ကို ဖော်ပြပါ။

၉။ ကလေးတစ်ဦး လမ်းမတွင်ကစားနေစဉ် ခွေးတစ်ကောင်ကိုနင်းမိရာ ခွေးက ကလေးကိုကိုက်ခြင်းကြောင့် ''ဟိုလူကြီး ကလေးကိုခွေးကိုက်တာ နင်မမြင်ဘူးလား၊ နင် အေးစက်စက်ကြီးနဲ့ ဘာလုပ်နေတာလဲ'' ဟု ဇနီး၏ ပူညံပူညံပြောခြင်းကြောင့် ခွေးကိုအသေသတ်သော ကလေး၏ဖခင်သန္တာန်၌ ဖြစ်သင့်သောစိတ်ကိုရေးခဲ့ပါ။

၁၀။ အကုသိုလ်စိတ် ၁၂ ပါးကို ဝေဒနာဘေဒအားဖြင့် ရေတွက်ပြ၍ အကုသိုလ်စိတ်တွင် သမ္ပယုတ်စိတ်တို့ကို ရေတွက်ပြပါ။

## အဟိတ်စိတ်

လောဘစသော ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်ဟိတ် မရှိသောကြောင့် အဟိတ်စိတ်ခေါ်၏။ အဟိတ်စိတ်ကို ကိစ္စဘေဒစိတ်၊ ဒွါရဘေဒစိတ်၊ ဝတ္ထုဘေဒစိတ်၊ နိဿယဘေဒစိတ်ခေါ်၏။

## အကုသလဝိပါက်စိတ်

မိမိပြုလုပ်ခဲ့သော အကုသိုလ်ကံ၏အကျိုးစိတ်ကို အကုသလဝိပါက်စိတ်ခေါ်၏။ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အကုသိုလ်ကံအကျိုးပေးခြင်း ကြောင့် ပဋိသန္ဓေအခါ အပါယ်လေးဘုံ၌ ပဋိသန္ဓေအမည်ဖြင့် ဖြစ်၏။ ပဝတ္တိ အခါ ဘဝင်၊ စုတိ၊ သန္တီရဏ၊ တဒါရုံအမည်ဖြင့် ဖြစ်၏။ ထို့ကြောင့် ဥပေက္ခာ သန္တီရဏသည် ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုး နှစ်မျိုးလုံးဖြစ်၏။ ကြွင်း ၆ ပါး သည် ပဝတ္တိအခါ၌သာဖြစ်၏။

http://www.dhammadownload.com



## အကုသလဝိပါက်စိတ် ၇ ပါး
## ( ကျက်ရန် )

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် | ၁ – ခု |
| ၂။ | ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် | ၁ – ခု |
| ၃။ | ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် | ၁ – ခု |
| ၄။ | ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ် | ၁ – ခု |
| ၅။ | ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် | ၁ – ခု |
| ၆။ | ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ် | ၁ – ခု |
| ၇။ | ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | ၁ – ခု |

ဤသို့ အကုသလဝိပါက်စိတ် ၇ ပါးပြား၏။

## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ်စိတ် | ၆–ပါး |
| ၂။ | ဒုက္ခသဟဂုတ်စိတ် | ၁–ပါး |
| | **ပေါင်း အကုသလဝိပါက်စိတ်** | **၇–ပါး** |

**မှတ်ချက်။** စက္ခုစသော မှီရာ၊ သမ္ပဋိစ္ဆိုန်းစသော ကိစ္စတို့၏ အပြားအားဖြင့် အကုသလဝိပါက်စိတ် ၇ ပါးပြား၏။

## အဟိတ်ကုသလဝိပါက်စိတ်

လောဘစသော ယှဉ်ဖက်ဟိတ် မရှိသောကြောင့်လည်းကောင်း၊ မိမိပြုလုပ်ခဲ့သော ကုသိုလ်၏ အကျိုးဖြစ်သောကြောင့်လည်းကောင်း အဟိတ်ကုသလဝိပါက်စိတ်ခေါ်၏။

ဤအဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ဒွိဟိတ်ဩမက ကုသိုလ်ကံအကျိုးပေးခြင်းကြောင့် ကာမသုဂတိဘုံ၌ ပဋိသန္ဓေ

http://www.dhammadownload.com



အခါ သန္တေကန်း စသောလူတို့နှင့် ဘုမ္မစိုးနတ်ကြီးတို့ကို မှီခိုနေကြသော ဝိနိပါတိကအသုရာတို့သန္တာန်၌ ပဋိသန္ဓေအမည်ဖြင့်ဖြစ်၏။ ပဝတ္တိ အခါ ဘဝင်၊ စုတိ၊ သန္တီရဏ၊ တဒါရုံ အမည်များဖြင့်ဖြစ်၏။ ထို့ကြောင့် ဥပေက္ခာ သန္တီရဏ စိတ်သည် ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုး နှစ်မျိုးလုံးဖြစ်၏။ ကြွင်းသော (၇) ပါးသည် ပဝတ္တိအကျိုးမျှသာဖြစ်၏။

## အဟိတ်ကုလဝိပါက်စိတ် ၈ ပါး
## ( ကျက်ရန် )

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် ၁–ခု

၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် ၁–ခု

၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် ၁–ခု

၄။ ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ် ၁–ခု

၅။ သုခသဟဂုတ် ကာယဝိညာဏ်စိတ် ၁–ခု

၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆန်းစိတ် ၁–ခု

၇။ သောမနဿသဟဂုတ် သန္တီရဏစိတ် ၁–ခု

၈။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁–ခု

ဤသို့ အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးပြား၏။

## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

၁။ သောမနဿသဟဂုတ်စိတ် ၁–ပါး

၂။ ဥပေက္ခာသဟဂုတ်စိတ် ၆–ပါး

၃။ သုခသဟဂုတ်စိတ် ၁–ပါး

**ပေါင်း အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး**

http://www.dhammadownload.com



## ဒွေးပဥ္စဝိညာဏ် ၁၀

၁။ စက္ခုဝိညာဏ်ဒွေ

၂။ သောတဝိညာဏ်ဒွေ

၃။ ဃာနဝိညာဏ်ဒွေ

၄။ ဇိဝှာဝိညာဏ်ဒွေ

၅။ ကာယဝိညာဏ်ဒွေ

**အမှာ**။ မျက်စိနှစ်လုံးရှိသောကြောင့် စက္ခုဝိညာဏ်ဒွေဟု ခေါ်သလော၊ လျှာတစ်ခုတည်းရှိပါလျက် အဘယ်ကြောင့် ဇိဝှာဝိညာဏ်ဒွေဟု ဆိုရသနည်းဟု အစိုးရအခြေပြုမူလတန်း၌ မေးဖူးပါသည်။

အကုသလဝိပါက် စက္ခုဝိညာဏ်၊ အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်ဟု စက္ခုဝိညာဏ် နှစ်မျိုးရှိသောကြောင့် စက္ခုဝိညာဏ်ဒွေဟု ခေါ်ပါသည်။

အကုသလဝိပါက် ဇိဝှာဝိညာဏ်၊ အဟိတ်ကုသလဝိပါက် ဇိဝှာဝိညာဏ်ဟု ဇိဝှာဝိညာဏ်နှစ်မျိုးရှိသောကြောင့် လျှာတစ်ခုသာရှိသော်လည်း ဇိဝှါဝိညာဏ်ဒွေဟု ဆိုရပါသည်ဟု ဖြေပါ။

သောတဝိညာဏ် စသည်ကိုမေးလျှင်လည်း အထက်ပါအတိုင်းဖြေပါ။

## သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါး

| | | |
|---|---|---|
| ၁။ | အကုသလဝိပါက်ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ် | ၁–ပါး |
| ၂။ | အဟိတ်ကုသလဝိပါက်ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ် | ၁–ပါး |
| | ပေါင်း | ၂–ပါး |

http://www.dhammadownload.com



## သန္တီရဏစိတ် ၃ ပါး

| | | |
|---|---|---|
| ၁။ | အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | ၁–ပါး |
| ၂။ | အဟိတ်ကုသလဝိပါက်ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | ၁–ပါး |
| ၃။ | သောမနဿသဟဂုတ် သန္တီရဏစိတ် | ၁–ပါး |
| | **ပေါင်း** | **၃–ပါး** |

## အဟေတုကဝိသေသန

အကုသလဝိပါက်စိတ်သည် အဟိတ်တစ်မျိုးသာရှိ၏။ သဟိတ်မရှိပါ။ ယင်းသို့ ယှံမှားဖွယ်ရာ သဟိတ်ဝိပါက်မရှိသောကြောင့် အဟေတုကသဒ္ဒါဖြင့် အထူးမပြုဘဲ ''အကုသလဝိပါက်စိတ်'' ဟုသာဆိုရ၏။

ကုသလဝိပါက်စိတ်သည်ကား အဟိတ်ဝိပါက်၊ သဟိတ်ဝိပါက် နှစ်မျိုး ရှိသောကြောင့် ယှံမှားဖွယ်ရာရှိ၏။ ထို့ကြောင့် သဟိတ်ဝိပါက်ကို တားမြစ်လို၍ အဟေတုကသဒ္ဒါဖြင့် အထူးပြုလျက် ''အဟိတ်ကုသလဝိပါက်စိတ်'' ဟုဆိုရ၏။

## အဟိတ်ကြိယာစိတ်

အဟိတ်ကြိယာစိတ်သုံးပါးတွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် မျက်စိအကြည် ဓာတ် (စက္ခုဒွါရ) စသည်၌ ရူပါရုံစသော အာရုံများ ထင်လာသောအခါ ယင်းထင်လာသောအာရုံကို ဆင်ခြင်သောတာဝန်ကိုယူ၍ ပဉ္စဒွါရာဝဇ္ဇန်းစိတ် အမည်ဖြင့်ဖြစ်၏။

မနောဒွါရဝဇ္ဇန်းစိတ်သည် မနောဒွါရခေါ်သောသဘာဝင်စိတ်၌ ထင်လာ သောအာရုံကို ဆင်ခြင်သောတာဝန်ကိုယူ၍ မနောဒွါရာဝဇ္ဇန်းစိတ်အမည်ဖြင့် ဖြစ်၏။ မျက်စိစသည်၌ အာရုံများထင်လာခြင်းကြောင့် ယင်းအာရုံကို သန္တီရဏ စိတ်က စုံစမ်းပြီးနောက် ယင်းအာရုံကို ဆုံးဖြတ်မှု ဝုဋ္ဌောစိတ်အမည်ဖြင့်လည်း ဖြစ်၏။

ဟသိတုပ္ပါဒ်စိတ်သည် ရဟန္တာပုဂ္ဂိုလ်များ ပြုံးရယ်မှုဇောစိတ်အမည်ဖြင့် ဖြစ်၏။

http://www.dhammadownload.com



## အဟိတ်ကြိယာစိတ် ၃ ပါး

( ကျက်ရန် )

၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁–ခု

၂။ ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် ၁–ခု

၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် ၁–ခု

ဤသို့ အဟိတ်ကြိယာစိတ် သုံးပါးပြား၏။

### အာဝဇ္ဇန်းဒွေ

ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ်ကို အာဝဇ္ဇန်းဒွေခေါ်၏။ အာဝဇ္ဇန်းဒွေသည် ပုထုဇဉ်များသန္တာန်၌ ရနိုင်သော ကြိယာစိတ်ဖြစ်၏။

### မနောဒွါရာဝဇ္ဇန

မနောဒွါရာဝဇ္ဇန်း၏ အနန္တရပစ္စည်းဖြစ်သောဘဝင်စိတ်ကို မနောဒွါရာဝဇ္ဇန၌ မနောဒွါရအရ ယူရမည်။

**မှတ်ချက်**။ မနောဒွါရာဝဇ္ဇန်းစိတ်ကို ဆင်ပြောင်ကြီးနှင့်တူသော မဟာဂဇစိတ်ခေါ်၏။ သဗ္ဗညုတဉာဏ်တော်နှင့်အလားတူသော စိတ်ဟုလည်းခေါ်၏။ ဟသိတုပ္ပါဒ်စိတ်သည် ဘုရား၊ ရဟန္တာများသန္တာန်၌သာဖြစ်သော အသောဘနစိတ်ဖြစ်၏။

### အဟေတုကဝိသေသန

ကြိယာစိတ်သည် အဟိတ်ကြိယာ၊ သဟိတ်ကြိယာဟု နှစ်မျိုးရှိသောကြောင့် ယုံမှားဖွယ်ရာရှိ၏။ ထို့ကြောင့် သဟိတ်ကြိယာစိတ်ကို တားမြစ်လို၍ အဟေတုကသဒ္ဒါဖြင့် အထူးပြုလျက် အဟိတ်ကြိယာစိတ်ခေါ်၏။

http://www.dhammadownload.com



### အဟိတ်စိတ် ၁၈ ပါး

| | | |
|---|---|---|
| ၁။ | အကုသလဝိပါက်စိတ် | ၇–ပါး |
| ၂။ | အဟိတ်ကုသလဝိပါက်စိတ် | ၈–ပါး |
| ၃။ | အဟိတ်ကြိယာစိတ် | ၃–ပါး |
| | **ပေါင်း** | **၁၈–ပါး** |

### ဇာတိဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ဝိပါက်စိတ် | ၁၅–ပါး |
| ၂။ | ကြိယာစိတ် | ၃–ပါး |
| | **ပေါင်း အဟိတ်စိတ်** | **၁၈–ပါး** |

### ဝိပါက်စိတ် ၁၅ ပါး

| | | |
|---|---|---|
| ၁။ | အကုသလဝိပါက်စိတ် | ၇–ပါး |
| ၂။ | အဟိတ်ကုသလဝိပါက်စိတ် | ၈–ပါး |
| | **ပေါင်း** | **၁၅–ပါး** |

### ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၂–ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၁၄–ပါး |
| ၃။ | သုခသဟဂုတ်စိတ် | ၁–ပါး |
| ၄။ | ဒုက္ခသဟဂုတ်စိတ် | ၁–ပါး |
| | **ပေါင်း အဟိတ်စိတ်** | **၁၈–ပါး** |

http://www.dhammadownload.com



## သဘောတူရာစုပေါင်း၍ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ဒွေးပဉ္စဝိညာဏ် | ၁၀–ပါး |
| ၂။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂–ပါး |
| ၃။ | သန္တီရဏစိတ် | ၃–ပါး |
| ၄။ | အာဝဇ္ဇန်းစိတ် | ၂–ပါး |
| ၅။ | ဟသိတုပ္ပါဒ် | ၁–ပါး |
| | **ပေါင်း အဟိတ်စိတ်** | **၁၈–ပါး** |

**မှတ်ချက်။** အဟိတ်စိတ် ၁၈ ပါး၌ သမ္ပယုတ်၊ ဝိပ္ပယုတ်မရှိ၊ အသင်္ခါရိက၊ သသင်္ခါရိကမရှိ။ ထို့ကြောင့် အဟိတ်စိတ် ၁၈ ပါးကို သမ္ပယောဂဝိမုတ်စိတ်၊ သင်္ခါရဝိမုတ်စိတ်ဟုမှတ်ပါ။ အဟိတ်စိတ် ၁၈ ပါးလုံးကို ရှေးဆရာအချို့က ဝိပ္ပယုတ်ဟုလည်းကောင်း၊ အသင်္ခါရိကဟုလည်းကောင်း ဆိုကြ၏။ နောက်ဆရာအချို့က အသင်္ခါရိက၊ သသင်္ခါရိက **နှစ်မျိုးလုံးဖြစ်သင့်သည်ဟု** ဆိုကြ၏။ **အသင်္ခါရံ သသင်္ခါရ ဝိပါကာနိ နပစ္စတိ** စသော ဂါထာကို ထောက်၍ အသင်္ခါရိက၊ သသင်္ခါရိကမရှိကြောင်း ထင်ရှား၏။

## ဝေါဟာရရှင်းလင်းချက်

**ပဉ္စဒွါရာဝဇ္ဇန်းစိတ်။** မျက်စိအကြည်ဓာတ် (စက္ခုဒွါရ) စသော ငါးဒွါရ၌ ရူပါရုံ စသော သက်ဆိုင်ရာအာရုံများ ထိခိုက်ထင်လာသောအခါ ယင်းထင်လာသောအာရုံကို ဆင်ခြင်သောစိတ်။

**မနောဒွါရာဝဇ္ဇန်းစိတ်။** မနောဒွါရခေါ်သော ဘဝင်စိတ်၌ ဓမ္မာရုံများ ထင်လာသောအခါ ယင်းထင်လာသောအာရုံကို ဆင်ခြင်သောစိတ်။

http://www.dhammadownload.com



**စက္ခုဝိညာဏ်စိတ်။** မျက်စိအကြည်ဓာတ်၌ ထိခိုက်ထင်လာသော ရူပါရုံကို မြင်တတ်သောစိတ် (မြင်သိစိတ်)။

**သောတဝိညာဏ်စိတ်။** နားအကြည်ဓာတ်၌ ထိခိုက်ထင်လာသောသဒ္ဒါရုံကို ကြားတတ်သောစိတ် (ကြားသိစိတ်)။

**ဃာနဝိညာဏ်စိတ်။** နှာခေါင်းအကြည်ဓါတ်၌ ထိခိုက်ထင်လာသော ဂန္ဓာရုံကို သိသောစိတ် (နံသိစိတ်)။

**ဇိဝှာဝိညာဏ်စိတ်။** လျှာအကြည်ဓာတ်၌ ထိခိုက်ထင်လာသော ရသာရုံကို သိသောစိတ် (စားသိစိတ်)။

**ကာယဝိညာဏ်စိတ်။** ခန္ဓာကိုယ်အကြည်ဓာတ်၌ ထိခိုက်ထင်လာသော ဖောဋ္ဌဗ္ဗာရုံကိုသိသောစိတ် (ထိသိစိတ်)။

**သမ္ပဋိစ္ဆန်းစိတ်။** ထင်သောအာရုံကိုလက်ခံသောစိတ်။

**သန္တီရဏစိတ်။** ထင်သောအာရုံကိုစုံစမ်းသောစိတ်။

**ဟသိတုပ္ပါဒ်စိတ်။** ဘုရား၊ ရဟန္တာများ ပြုံးရယ်သောစိတ်။

## အသောဘနစိတ်

အကုသိုလ်စိတ် အဟိတ်စိတ်တို့ကို အသောဘနစိတ်ဟုခေါ်ကြ၏။ အသောဘနအမည်သည် စာလာပေလာမဟုတ်ဘဲ အများကလက်ခံပြောဆိုနေသောအမည်မျှသာဖြစ်၏။

## ဇာတိဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | ဝိပါက်စိတ် | ၁၅–ပါး |
| ၃။ | ကြိယာစိတ် | ၃–ပါး |
| | **ပေါင်း အသောဘနစိတ်** | **၃၀–ပါး** |

http://www.dhammadownload.com



### ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သုခသဟဂုတ်စိတ် | ၁–ပါး |
| ၂။ | ဒုက္ခသဟဂုတ်စိတ် | ၁–ပါး |
| ၃။ | သောမနဿသဟဂုတ်စိတ် | ၆–ပါး |
| ၄။ | ဒေါမနဿသဟဂုတ်စိတ် | ၂–ပါး |
| ၅။ | ဥပေက္ခာသဟဂုတ်စိတ် | ၂၀–ပါး |
| | **ပေါင်း အသောဘနစိတ်** | **၃၀–ပါး** |

### သမ္ပယောဂဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သမ္ပယုတ်စိတ် | ၈–ပါး |
| ၂။ | ဝိပ္ပယုတ်စိတ် | ၄–ပါး |
| ၃။ | အဟိတ်စိတ် | ၁၈–ပါး |
| | **ပေါင်း အသောဘနစိတ်** | **၃၀–ပါး** |

### သင်္ခါရဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အသင်္ခါရိကစိတ် | ၅–ပါး |
| ၂။ | သသင်္ခါရိကစိတ် | ၅–ပါး |
| ၃။ | မောဟမူစိတ် | ၂–ပါး |
| ၄။ | အဟိတ်စိတ် | ၁၈–ပါး |
| | **ပေါင်း အသောဘနစိတ်** | **၃၀–ပါး** |

### ဟိတ်အားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သဟိတ်စိတ် | ၁၂–ပါး |
| ၂။ | အဟိတ်စိတ် | ၁၈–ပါး |
| | **ပေါင်း အသောဘနစိတ်** | **၃၀–ပါး** |

http://www.dhammadownload.com



## တစ်နည်း

| | | |
|---|---|---|
| ၁။ | ကေဟိတ်စိတ် | ၂–ပါး |
| ၂။ | ဒွိဟိတ်စိတ် | ၁၀–ပါး |
| ၃။ | အဟိတ်စိတ် | ၁၈–ပါး |
| | ပေါင်း အသောဘနစိတ် | ၃၀–ပါး |

## လေ့ကျင့်ခန်း

၁။ ကိစ္စဘေဒစိတ်၊ ဒွါရဘေဒစိတ်တို့ကိုဖော်ပြ၍၊ ဒွေပဉ္စဝိညာဏ်စိတ်တို့ကို ရေတွက်ပြခဲ့ပါ။

၂။ အသောဘနစိတ်ကို ဝေဒနာဘေဒအားဖြင့် ရေတွက်ပြ၍၊ သောမနဿ သဟဂုတ်စိတ်တို့ကိုလည်း ရေတွက်ပြခဲ့ပါ။

၃။ အသောဘနစိတ်ကို ဇာတ်အားဖြင့်ရေတွက်ပြ၍၊ ဘုရား၊ ရဟန္တာများ သန္တာန်၌သာဖြစ်သော အဟိတ်စိတ်ကိုလည်း ရေတွက်ပြခဲ့ပါ။

၄။ အဟိတ်စိတ်၌ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုး နှစ်မျိုးလုံးဖြစ်သော စိတ်တို့ကို ဖော်ပြ၍၊ ပဝတ္တိအခါ၌သာဖြစ်သောစိတ်တို့ကို ဖော်ပြခဲ့ပါ။

၅။ သမ္ပဋိစ္ဆန်းစိတ်၊ သန္တီရဏစိတ်တို့ကိုကောက်ပြ၍၊ အသောဘနစိတ်တွင် သောမနဿသာဖြစ်၍ သမ္ပယုတ်မဟုတ်သောစိတ်တို့ကို သင်္ချာမျှ ပြခဲ့ပါ။

## သောဘနစိတ်

တင့်တယ်သောဂုဏ်ကို ဆောင်တတ်သောကြောင့်လည်းကောင်း၊ အပြစ်မရှိသော အလောဘစသောဟိတ်နှင့် ယှဉ်သောကြောင့်လည်းကောင်း သောဘန စိတ်ခေါ်၏။

http://www.dhammadownload.com



## သောဘနစိတ်အကျဉ်း ၅၉ ပါး

| | | |
|---|---|---|
| ၁။ | ကာမာဝစရသောဘနစိတ် | ၂၄–ပါး |
| ၂။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၃။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၄။ | လောကုတ္တရာစိတ် | ၈–ပါး |
| | **ပေါင်း** | **၅၉–ပါး** |

## သောဘနစိတ်အကျယ် ၉၁ ပါး

| | | |
|---|---|---|
| ၁။ | ကာမာဝစရစိတ် | ၂၄–ပါး |
| ၂။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၃။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၄။ | လောကုတ္တရာစိတ်အကျယ် | ၄၀–ပါး |
| | **ပေါင်း** | **၉၁–ပါး** |

## ကာမာဝစရသောဘနစိတ် ၂၄ ပါး

## မဟာကုသိုလ်စိတ်

မိမိပစ္စည်းကို စွန့်ကြဲလှူဒါန်းမှု၊ ငါးပါးသီလစသည်ကို စောင့်ထိန်းမှု၊ ဥပုသ်သီလစောင့်ထိန်းမှု၊ ဂုဏ်တော်ပွားမှု၊ မေတ္တာပွားမှုစသော သမထကမ္မဋ္ဌာန်းနှင့် ဝိပဿနာကမ္မဋ္ဌာန်းပွားများမှု၊ အသက်သိက္ခာ ဂုဏ်ကြီးမားကြသော ရဟန်းသံဃာ၊ မိဘဆရာ စသူတို့ကို အရိုအသေပြုမှု၊ ရဟန်းသံဃာ မိဘဆရာများနှင့် မကျန်းမာသူ စသော သူတစ်ပါးကုသိုလ်ကိစ္စ၌ ပါဝင်ကူညီ ဆောင်ရွက်ပေးမှု စသည်တို့ကို ကာမာဝစရကုသိုလ်စိတ်ခေါ်၏။

http://www.dhammadownload.com



ကာမာဝစရကုသိုလ်စိတ်သည် အလောဘ၊ အဒေါသ၊ အမောဟတရားများနှင့် ယှဉ်တွဲဖြစ်သောကြောင့် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကို ဖြစ်ပေါ်စေနိုင်သော ကောင်းသောအကြောင်းစိတ်ဖြစ်၏။

## မဟာတပ်ရပုံ

ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ၊ လောကုတ္တရာ ကုသိုလ်စိတ် ၄ မျိုးတွင် ကာမာဝစရကုသိုလ်စိတ်သည် အရေအတွက်များသောကြောင့် ကာမာဝစရကုသိုလ်စိတ်ကို "**မဟာကုသိုလ်စိတ်**" ခေါ်၏။ မဟာဝိပါက်စိတ်၊ မဟာကြိယာစိတ်တို့၌လည်း ဤနည်းအတိုင်းပင်မှတ်ပါ။

**မှတ်ချက်**။ ကာမာဝစရကုသိုလ်စိတ်ကို အတိုကောက်အားဖြင့် ကာမကုသိုလ်စိတ်ဟုလည်းခေါ်၏။

## မဟာကုသိုလ်စိတ် ၈ ပါး

## ( ကျက်ရန် )

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် | ၁-ခု |
| ၂။ | သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် | ၁-ခု |
| ၃။ | သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် | ၁-ခု |
| ၄။ | သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် | ၁-ခု |
| ၅။ | ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် | ၁-ခု |
| ၆။ | ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် | ၁-ခု |
| ၇။ | ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် | ၁-ခု |
| ၈။ | ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် | ၁-ခု |

ဤသို့ မဟာကုသိုလ်စိတ် ၈ ပါးပြား၏။

http://www.dhammadownload.com



## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၄–ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၄–ပါး |
| | **ပေါင်း မဟာကုသိုလ်စိတ်** | **၈–ပါး** |

## သမ္ပယောဂဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ဉာဏသမ္ပယုတ်စိတ် | ၄–ပါး |
| ၂။ | ဉာဏဝိပ္ပယုတ်စိတ် | ၄–ပါး |
| | **ပေါင်း မဟာကုသိုလ်စိတ်** | **၈–ပါး** |

## သင်္ခါရဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အသင်္ခါရိကစိတ် | ၄–ပါး |
| ၂။ | သသင်္ခါရိကစိတ် | ၄–ပါး |
| | **ပေါင်း မဟာကုသိုလ်စိတ်** | **၈–ပါး** |

## ဟိတ်အားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ဒွိဟိတ်စိတ် | ၄–ပါး |
| ၂။ | တိဟိတ်စိတ် | ၄–ပါး |
| | **ပေါင်း မဟာကုသိုလ်စိတ်** | **၈–ပါး** |

## မဟာကုသိုလ်သောမနဿဖြစ်ကြောင်းတရား

၁။ သဒ္ဓါတရားအားကြီးထက်သန်ခြင်း

၂။ အရာရာကိုသိမြင်နိုင်သောဉာဏ်ပညာနှင့်ပြည့်စုံခြင်း

၃။ လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်များနှင့်ပြည့်စုံခြင်း

http://www.dhammadownload.com



## မဟာကုသိုလ်ဉာဏသမ္ပယုတ်ဖြစ်ကြောင်းတရား

၁။ ပညာကိုဖြစ်ပေါ်စေတတ်သောကံကို ပြုလုပ်ဆည်းပူးခဲ့ခြင်း

၂။ စိတ်ဆိုးမှု၊ ရန်လိုမှုမရှိခြင်း

၃။ အသိပညာ (ပညိန္ဒြေ) ရင့်ကျက်ခြင်း

၄။ ကိလေသာတို့မှ ကင်းဝေးခြင်း

၅။ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါးယှဉ်တွဲပါရှိသော ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း။

**မှတ်ချက်။** တိဟိတ်ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်းဟု အကျဉ်းလည်းဖြေနိုင်ပါသည်။

## မဟာကုသိုလ်အသင်္ခါရိကဖြစ်ကြောင်းတရား

၁။ သင့်တင့်လျောက်ပတ်သောနေရာ အဆောက်အဦး၌ နေထိုင်ရခြင်း စသည်တို့ကြောင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်း

၂။ ရှေးဘဝ၌ ဒါနစသည်တို့ကို ပြုလုပ်ခဲ့သော အလေ့အထရှိခဲ့ခြင်း

**မှတ်ချက်။** ဥပေက္ခာ၊ ဉာဏဝိပ္ပယုတ်၊ သသင်္ခါရိကစိတ်များဖြစ်ကြောင်းကို ပြောင်းပြန်ယူပါ။

## ဝေါဟာရရှင်းလင်းချက်

၁။ ဒါန၊ သီလ စသော ကုသိုလ်တစ်မျိုးမျိုးကို ပြုလုပ်ရာ၌ နှစ်သက်ဝမ်းမြောက်မှု၊ ရွှင်ပြုံးရယ်မှုရှိလျှင် **သောမနဿသဟဂုတ်** စိတ်မှတ်ပါ။

၂။ နှစ်ဝက်ဝမ်းမြောက်မှု၊ ရွှင်ပြုံးရယ်မှုမရှိဘဲ တွေ့ကြုံရသော အာရုံမှန်သမျှအပေါ် လျစ်လျူရှုကာ တည်ငြိမ်သောကိုယ်အမူအရာဖြစ်နေလျှင် **ဥပေက္ခာသဟဂုတ်** စိတ်မှတ်ပါ။

http://www.dhammadownload.com



၃။ ဒါန၊ သီလ စသောကုသိုလ်ကိုပြုလုပ်လျှင် အမှန်တကယ် အကျိုးဖြစ်ထွန်းနိုင်၏ဟု ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်းကြောင့် ကုသိုလ်ပြုလုပ်ပါက **ဉာဏသမ္ပယုတ်**စိတ်မှတ်ပါ။

၄။ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပိုင်းခြားဝေဖန်နိုင်မှု မရှိဘဲ မိဘဆွေမျိုးတို့၏ အပြုအမူကို မြင်၍ အတုယူပြုလုပ်သော ကလေးသူငယ်များ၏ ကုသိုလ်မျိုးကိုလည်းကောင်း၊ ကံ၊ ကံ၏အကျိုးကိုမယုံကြည်ဘဲ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ပြုလုပ်သော ကုသိုလ်ကိုလည်းကောင်း **ဉာဏဝိပ္ပယုတ်** ကုသိုလ်မှတ်ပါ။

၅။ သူတစ်ပါးတိုက်တွန်းအကြံပေးမှုမပါဘဲ မိမိကိုယ်တိုင် တက်ကြွသော စိတ်ဖြင့် ပြုလုပ်သော ကုသိုလ်ကို **အသင်္ခါရိက** ကုသိုလ်မှတ်ပါ။

၆။ သူတစ်ပါးတိုက်တွန်းအကြံပေးမှုကြောင့် ပြုလုပ်ရသော ကုသိုလ်ကို **သသင်္ခါရိက** ကုသိုလ်မှတ်ပါ။

## မဟာဝိပါက်စိတ် ၈ ပါး

မဟာဝိပါက်စိတ်သည် မဟာကုသိုလ် (ကာမာဝစရကုသိုလ်) ဟူသော အကြောင်းတရားကြောင့် ဖြစ်ရသော အကျိုးစိတ်ဖြစ်၏။ ကာမဝစရ ကုသိုလ်ကံကြောင့် မဟာဝိပါက်စိတ်သည် ကာမသုဂတိဘုံ၌ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်အမည်ဖြင့် ဖြစ်၏။ ပဝတ္တိအခါ ဘဝင်၊ စုတိ၊ တဒါရုံအမည်ဖြင့် ဖြစ်၏။

## မဟာဝိပါက်စိတ် ၈ ပါး

၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု

၂။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု

၃။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု

၄။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု

http://www.dhammadownload.com



၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု

ဤသို့မဟာဝိပါက်စိတ် ၈ ပါးပြား၏။

**ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ**

၁။ သောမနဿသဟဂုတ်စိတ် ၄–ပါး
၂။ ဥပေက္ခာသဟဂုတ်စိတ် ၄–ပါး
**ပေါင်း မဟာဝိပါက်စိတ် ၈–ပါး**

**သမ္ပယောဂဘေဒအားဖြင့်ရေတွက်ပုံ**

၁။ ဉာဏသမ္ပယုတ်စိတ် ၄–ပါး
၂။ ဉာဏဝိပ္ပယုတ်စိတ် ၄–ပါး
**ပေါင်း မဟာဝိပါက် ၈–ပါး**

**သင်္ခါရဘေဒအားဖြင့်ရေတွက်ပုံ**

၁။ အသင်္ခါရိကစိတ် ၄–ပါး
၂။ သသင်္ခါရိကစိတ် ၄–ပါး
**ပေါင်း မဟာဝိပါက်စိတ် ၈–ပါး**

**ဟိတ်အားဖြင့်ရေတွက်ပုံ**

၁။ ဒွိဟိတ်စိတ် ၄–ပါး
၂။ တိဟိတ်စိတ် ၄–ပါး
**ပေါင်း မဟာဝိပါက်စိတ် ၈–ပါး**

http://www.dhammadownload.com



## မဟာကြိယာစိတ်

ဤမဟာကြိယာစိတ်သည် ဘုရား၊ ရဟန္တာပုဂ္ဂိုလ်များသန္တာန်၌သာ ဖြစ်၏။ ဤကြိယာစိတ်သည် အလောဘ၊ အဒေါသ၊ အမောဟတရားများနှင့် ယှဉ်တွဲဖြစ်သော်လည်း ဘုရား၊ ရဟန္တာသန္တာန်၌ အဝိဇ္ဇာ၊ တဏှာဟူသော ဝဋ်မြစ်နှစ်ပါး ကုန်ခန်းနေခြင်းကြောင့် အကျိုးတရားကို မဖြစ်ပေါ်စေနိုင်တော့ပေ။ ထို့ကြောင့် ကုသိုလ်စိတ်အမည်မရတော့ဘဲ ကြိယာစိတ်အမည်ဖြင့်သာ ဖြစ်၏။

### မဟာကြိယာစိတ် ၈ ပါး

### ( ကျက်ရန် )

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု

ဤသို့ မဟာကြိယာစိတ် ၈ ပါးပြား၏။

### ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၄–ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၄–ပါး |
| | ပေါင်း မဟာကြိယာစိတ် | ၈–ပါး |

http://www.dhammadownload.com



## သမ္ပယောဂဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ဉာဏသမ္ပယုတ်စိတ် | ၄–ပါး |
| ၂။ | ဉာဏဝိပ္ပယုတ်စိတ် | ၄–ပါး |
| | **ပေါင်း မဟာကြိယာစိတ်** | **၈–ပါး** |

## သင်္ခါရဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အသင်္ခါရိကစိတ် | ၄–ပါး |
| ၂။ | သသင်္ခါရိကစိတ် | ၄–ပါး |
| | **ပေါင်း မဟာကြိယာစိတ်** | **၈–ပါး** |

## ဟိတ်အားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ဒွိဟိတ်စိတ် | ၄–ပါး |
| ၂။ | တိဟိတ်စိတ် | ၄–ပါး |
| | **ပေါင်း မဟာကြိယာစိတ်** | **၈–ပါး** |

## သဟေတုကဝိသေသန

ကုသိုလ်သည် သဟိတ်တစ်မျိုးသာရှိ၏။ အဟိတ်မရှိ။ ထိုသို့ သဟိတ်တစ်မျိုးသာရှိသောကြောင့် သဟေတုကသဒ္ဒါဖြင့် အထူးမပြုဘဲ ''ကာမာဝစရကုသိုလ်'' ဟုသာဆိုသည်။

ဝိပါက်စိတ်သည် သဟိတ်ဝိပါက်၊ အဟိတ်ဝိပါက်ဟု နှစ်မျိုးရှိ၍ အဟိတ်ဝိပါက်ကို တားမြစ်လိုသောကြောင့် သဟေတုကသဒ္ဒါဖြင့် အထူးပြု၍ ''သဟိတ်ကာမာဝစရဝိပါက်'' ဟုဆိုရ၏။

ကြိယာစိတ်သည်လည်း သဟိတ်ကြိယာ အဟိတ်ကြိယာဟု နှစ်မျိုးရှိ၍ အဟိတ်ကြိယာကို တားမြစ်လိုသောကြောင့် သဟေတုကသဒ္ဒါဖြင့် အထူးပြု၍ ''သဟိတ်ကာမာဝစရကြိယာ'' ဟုဆိုရ၏။

http://www.dhammadownload.com



## ကာမာဝစရသောဘနစိတ် ၂၄ ပါး

၁။ မဟာကုသိုလ်စိတ် ၈–ပါး

၂။ မဟာဝိပါက်စိတ် ၈–ပါး

၃။ မဟာကြိယာစိတ် ၈–ပါး

**ပေါင်း ကာမာဝစရသောဘနစိတ် ၂၄–ပါး**

## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

၁။ သောမနဿသဟဂုတ်စိတ် ၁၂–ပါး

၂။ ဥပေက္ခာသဟဂုတ်စိတ် ၁၂–ပါး

**ပေါင်း ကာမာဝစရသောဘနစိတ် ၂၄–ပါး**

## သမ္ပယောဂဘေဒအားဖြင့်ရေတွက်ပုံ

၁။ ဉာဏသမ္ပယုတ်စိတ် ၁၂–ပါး

၂။ ဉာဏဝိပ္ပယုတ်စိတ် ၁၂–ပါး

**ပေါင်း ကာမာဝစရသောဘနစိတ် ၂၄–ပါး**

## သင်္ခါရဘေဒအားဖြင့်ရေတွက်ပုံ

၁။ အသင်္ခါရိကစိတ် ၁၂–ပါး

၂။ သသင်္ခါရိကစိတ် ၁၂–ပါး

**ပေါင်း ကာမာဝစရသောဘနစိတ် ၂၄–ပါး**

## ဟိတ်အားဖြင့်ရေတွက်ပုံ

၁။ ဒွိဟိတ်စိတ် ၁၂–ပါး

၂။ တိဟိတ်စိတ် ၁၂–ပါး

**ပေါင်း ကာမာဝစရသောဘနစိတ် ၂၄–ပါး**

http://www.dhammadownload.com



## ကာမာဝစရသောဘနစိတ် ၂၄ ပါးပြား

ကာမာဝစရကုသိုလ်၊ သဟိတ်ကာမာဝစရဝိပါက်၊ သဟိတ်ကာမာဝစရ ကြိယာစိတ်တို့သည် ဝေဒနာအပြား၊ ဉာဏ်အပြား၊ သင်္ခါရအပြားအားဖြင့် ကွဲပြားသောကြောင့် ကာမာဝစရသောဘနစိတ် ၂၄ ပါးပြားရသည်။

## ကာမစိတ် ၅၄ ပါး

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | အဟိတ်စိတ် | ၁၈–ပါး |
| ၃။ | ကာမာဝစရသောဘနစိတ် | ၂၄–ပါး |
| | **ပေါင်း ကာမစိတ်** | **၅၄–ပါး** |

## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သုခသဟဂုတ်စိတ် | ၁–ပါး |
| ၂။ | ဒုက္ခသဟဂုတ်စိတ် | ၁–ပါး |
| ၃။ | သောမနဿသဟဂုတ်စိတ် | ၁၈–ပါး |
| ၄။ | ဒေါမနဿသဟဂုတ်စိတ် | ၂–ပါး |
| ၅။ | ဥပေက္ခာသဟဂုတ်စိတ် | ၃၂–ပါး |
| | **ပေါင်း ကာမစိတ်** | **၅၄–ပါး** |

## သမ္ပယောဂဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သမ္ပယုတ်စိတ် | ၂၀–ပါး |
| ၂။ | ဝိပ္ပယုတ်စိတ် | ၁၆–ပါး |
| ၃။ | အဟိတ်စိတ် | ၁၈–ပါး |
| | **ပေါင်း ကာမစိတ်** | **၅၄–ပါး** |

http://www.dhammadownload.com



## သင်္ခါရဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အသင်္ခါရိကစိတ် | ၁၇–ပါး |
| ၂။ | သသင်္ခါရိကစိတ် | ၁၇–ပါး |
| ၃။ | မောဟမူစိတ် | ၂–ပါး |
| ၄။ | အဟိတ်စိတ် | ၁၈–ပါး |
| | **ပေါင်း ကာမစိတ်** | **၅၄–ပါး** |

## ဟိတ်အားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အဟိတ်စိတ် | ၁၈–ပါး |
| ၂။ | ဧကဟိတ်စိတ် | ၂–ပါး |
| ၃။ | ဒွိဟိတ်စိတ် | ၂၂–ပါး |
| ၄။ | တိဟိတ်စိတ် | ၁၂–ပါး |
| | **ပေါင်း ကာမစိတ်** | **၅၄–ပါး** |

## တစ်နည်း

| | | |
|---|---|---|
| ၁။ | အဟိတ်စိတ် | ၁၈–ပါး |
| ၂။ | သဟိတ်စိတ် | ၃၆–ပါး |
| | **ပေါင်း ကာမစိတ်** | **၅၄–ပါး** |

## ဇာတိဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | မဟာကုသိုလ်စိတ် | ၈–ပါး |
| ၃။ | ဝိပါက်စိတ် | ၂၃–ပါး |
| ၄။ | ကြိယာစိတ် | ၁၁–ပါး |
| | **ပေါင်း ကာမစိတ်** | **၅၄–ပါး** |

http://www.dhammadownload.com



## အကြောင်းအကျိုးအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အကြောင်းကုသိုလ် အကုသိုလ်စိတ် | ၂၀–ပါး |
| ၂။ | အကျိုးဝိပါက်စိတ် | ၂၃–ပါး |
| ၃။ | အကြောင်းအကျိုးမဟုတ်သောကြိယာစိတ် | ၁၁–ပါး |
| | **ပေါင်း ကာမစိတ်** | **၅၄–ပါး** |

## ကာမဝိပါက်စိတ် ၂၃ ပါး

| | | |
|---|---|---|
| ၁။ | အဟိတ်ဝိပါက်စိတ် | ၁၅–ပါး |
| ၂။ | မဟာဝိပါက်စိတ် | ၈–ပါး |
| | **ပေါင်း ကာမဝိပါက်စိတ်** | **၂၃–ပါး** |

## ကာမကြိယာစိတ် ၁၁ ပါး

| | | |
|---|---|---|
| ၁။ | အဟိတ်ကြိယာစိတ် | ၃–ပါး |
| ၂။ | မဟာကြိယာစိတ် | ၈–ပါး |
| | **ပေါင်း ကာမကြိယာစိတ်** | **၁၁–ပါး** |

## ''လေ့ကျင့်ခန်း''

၁။ သားသား ဘုန်းဘုန်းကိုဦးချဟု မိခင်၏သင်ပြမှုကြောင့် အိမ်သို့ နေ့စဉ် ဆွမ်းခံကြွနေသော ရဟန်းတော်ကို ပြုံးစိစိမျက်နှာဖြင့် ဦးချနေသော ကလေး ငယ်သန္တာန်၌ ဖြစ်သင့်သောစိတ်ကို တိကျစွာဖော်ပြ၍၊ အိုမင်း မစွမ်းဖြစ်နေသော အဘွား၏အိပ်ရာ၌ မိမိအသိစိတ်ဖြင့် ပျော်ရွှင် ထက် သန်စွာ သန့်ရှင်းရေးပြုလုပ်ပေးနေသော လူငယ်တစ်ဦး၏ သန္တာန်၌ ဖြစ်သင့်သောစိတ်ကိုဖော်ပြပါ။

၂။ ကာမစိတ် ၅၄ ပါးကို ဝေဒနာဘေဒ၊ ဇာတိဘေဒအားဖြင့် ရေတွက်ပြ၍၊ ကာမစိတ်တွင် သောမနဿသဟဂုတ်စိတ်များကိုရေတွက်ပြခဲ့ပါ။

http://www.dhammadownload.com



# အခန်း (၂)

## ရူပါဝစရစိတ်

ကာမဂုဏ်ကို စက်ဆုပ်သော ဘာဝနာကို ကာမဝိရာဂဘာဝနာခေါ်၏။ ကာမဂုဏ်ကို စပ်ဆုပ်သူသည် ယင်းကာမဝိရာဂဘာဝနာကို ပွားများအားထုတ်၏။ ကာမဂုဏ်မရှိသောဘုံကို နှစ်သက်တောင့်တ၏။ ကာမဂုဏ်မရှိသော ရူပဗြဟ္မာဘဝကို နှစ်သက်လိုချင်သောတဏှာကို ရူပတဏှာခေါ်၏။

အာရုံပြုသောအားဖြင့် ထိုရူပတဏှာ၏ဖြစ်ရာ ကျင်လည်ရာဖြစ်သော ကြောင့်လည်းကောင်း၊ အသညသတ်ကြဉ်ရူပ ၁၅ ဘုံ၌ များသောအားဖြင့် ဖြစ်သောကြောင့်လည်းကောင်း ရူပါဝစရစိတ်ခေါ်၏။ အာဝစရပုဒ်ကိုဖြုတ်၍ ရူပစိတ်ဟုလည်းခေါ်၏။

**မှတ်ချက်**။ ရူပစိတ် ၁၅ ပါးကို ဈာနဘေဒစိတ်ခေါ်၏။

## ရူပါဝစရကုသိုလ်စိတ်

ရူပါဝစရကုသိုလ်စိတ်သည် တန်ခိုး ဈာန်အဘိညာဉ်တို့နှင့် ဆက်စပ်သော ဈာန်စိတ်ဖြစ်သောကြောင့် ရူပါဝစရကုသိုလ်စိတ်ကို လူသားတိုင်း မရနိုင်ပေ။ လူဖြစ်ရန် နာမ်ရုပ်တရားများ စတင်ဖွဲ့စည်းစဉ်က အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်သုံးပါးနှင့် ယှဉ်တွဲဖြစ်သော တိဟိတ်ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေ တည်နေခဲ့သော တိဟိတ်ပုဂ္ဂိုလ်များသာ ရူပါဝစရကုသိုလ်စိတ်ကို ရရှိနိုင်၏။

တိဟိတ်ပုဂ္ဂိုလ်များ ရနိုင်သော်လည်း ဒါနပြုရုံ၊ သီလဆောက်တည်ရုံဖြင့် မရရှိနိုင်ပေ။ ကမ္မဋ္ဌာန်းဘာဝနာပွားများအားထုတ်သော တိဟိတ်ယောဂီ ပုဂ္ဂိုလ်များသာ ရရှိနိုင်၏။ ဤရူပါဝစရကုသိုလ်စိတ်သည် ရူပါဝစရဘုံ၌ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကို ဖြစ်စေနိုင်သောအကြောင်းစိတ်ဖြစ်၏။

http://www.dhammadownload.com



## ရူပါဝစရကုသိုလ်စိတ် ၅ ပါး

### ( ကျက်ရန် )

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန်ကုသိုလ်စိတ် ၁-ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ် ၁-ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် ကုသိုလ်စိတ် ၁-ခု၊

၄။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ် ၁-ခု၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် ကုသိုလ်စိတ် ၁-ခု

ဤသို့ ရူပကုသိုလ်စိတ် ၅ ပါးပြား၏။

### ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၄-ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၁-ပါး |
| | **ပေါင်း ရူပကုသိုလ်စိတ်** | **၅-ပါး** |

**မှတ်ချက်။** ရှေ့ဈာန်စိတ် ၄ ပါး၌ 'သုခေကဂ္ဂတာသဟိတံ'ဟု ဆိုသောကြောင့် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်စိတ် ၄ ပါးကို သောမနဿ သဟဂုတ်စိတ်ဟုမှတ်ပါ။ ပဉ္စမဈာန်၌ ''ဥပေက္ခေကဂ္ဂတာ သဟိတံ''ဟု ဆိုသောကြောင့် ပဉ္စမဈာန်စိတ်ကို ဥပေက္ခာသဟဂုတ်စိတ်ဟုမှတ်ပါ။ ရူပဝိပါက်စိတ်၊ ရူပ ကြိယာစိတ်တို့၌လည်း ဤနည်းအတိုင်းပင်မှတ်ပါ။

http://www.dhammadownload.com



## ရူပါဝစရဝိပါက်စိတ် ၅ ပါး

ရူပဝိပါက်စိတ်သည် ရူပကုသိုလ်ကံကြောင့်ဖြစ်သော အကျိုးစိတ်ဖြစ်၏။ ရူပါဝစရဘုံ၌ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်အမည်ဖြင့်ဖြစ်၍ ပဝတ္တိအခါ ဘဝင် စုတိအမည်ဖြင့်ဖြစ်၏။

## ရူပဝိပါက်စိတ် ၅ ပါး

### (ကျက်ရန်)

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ ၅ ပါးနှင့် တကွ ဖြစ်သော ပထမစျာန်ဝိပါက်စိတ် ၁–ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယစျာန်ဝိပါက်စိတ် ၁–ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယစျာန် ဝိပါက်စိတ် ၁–ခု၊

၄။ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော စတုတ္ထစျာန် ဝိပါက်စိတ် ၁–ခု၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာစျာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော ပဉ္စမစျာန် ဝိပါက်စိတ် ၁–ခု၊

ဤသို့ ရူပဝိပါက်စိတ် ၅ ပါး ပြား၏။

## ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၄–ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၁–ပါး |
| | **ပေါင်း ရူပဝိပါက်စိတ်** | **၅–ပါး** |

http://www.dhammadownload.com



## ရူပကြိယာစိတ် ၅ ပါး
## (ကျက်ရန်)

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမစျာန် ကြိယာစိတ် ၁–ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ ၄ ပါးနှင့်တကွ ဖြစ်သော ဒုတိယစျာန် ကြိယာစိတ် ၁–ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ ၃ ပါးနှင့်တကွ ဖြစ်သော တတိယစျာန် ကြိယာစိတ် ၁–ခု၊

၄။ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော စတုတ္ထစျာန် ကြိယာစိတ် ၁–ခု၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာစျာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော ပဉ္စမစျာန် ကြိယာစိတ် ၁–ခု၊

ဤသို့ရူပကြိယာစိတ် ၅ ပါးပြား၏။

## ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၄–ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၁–ပါး |
| | **ပေါင်း ရူပကြိယာစိတ်** | **၅–ပါး** |

## ရူပစိတ် ၁၅ ပါး

| | | |
|---|---|---|
| ၁။ | ရူပကုသိုလ်စိတ် | ၅–ပါး |
| ၂။ | ရူပဝိပါက်စိတ် | ၅–ပါး |
| ၃။ | ရူပကြိယာစိတ် | ၅–ပါး |
| | **ပေါင်း ရူပစိတ်** | **၁၅–ပါး** |

http://www.dhammadownload.com



## ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၁၂-ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၃-ပါး |
| | **ပေါင်း ရူပစိတ်** | **၁၅-ပါး** |

## ဈာနဘေဒအားဖြင့် ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ပထမဈာန်စိတ် | ၃-ပါး |
| ၂။ | ဒုတိယဈာန်စိတ် | ၃-ပါး |
| ၃။ | တတိယဈာန်စိတ် | ၃-ပါး |
| ၄။ | စတုတ္ထဈာန်စိတ် | ၃-ပါး |
| ၅။ | ပဥ္စမဈာန်စိတ် | ၃-ပါး |
| | **ပေါင်း ရူပစိတ်** | **၁၅-ပါး** |

## ပထမဈာန်စိတ် ၃ ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန် ကုသိုလ်စိတ် ၁-ခု၊

၂။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန် ဝိပါက်စိတ် ၁-ခု၊

၃။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန် ကြိယာစိတ် ၁-ခု၊

ဤသို့ ရူပစိတ်၌ ပထမဈာန် ၃ ပါးရှိ၏။

http://www.dhammadownload.com



## ဒုတိယဈာန်စိတ် ၃ ပါး

၁။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ် ၁–ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် ဝိပါက်စိတ် ၁–ခု၊

၃။ ဝိစာရ၊ ပီတိ၊ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် ကြိယာစိတ် ၁–ခု၊

ဤသို့ ရူပစိတ်၌ ဒုတိယဈာန်စိတ် ၃–ပါးရှိ၏။

## တတိယဈာန်စိတ် ၃ ပါး

၁။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် ကုသိုလ်စိတ် ၁–ခု၊

၂။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် ဝိပါက်စိတ် ၁–ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် ကြိယာစိတ် ၁–ခု၊

ဤသို့ ရူပစိတ်၌ တတိယဈာန်စိတ် ၃ ပါးရှိ၏။

## စတုတ္ထဈာန်စိတ် ၃ ပါး

၁။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ် ၁–ခု၊

၂။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် ဝိပါက်စိတ် ၁–ခု၊

၃။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် ကြိယာစိတ် ၁–ခု၊

ဤသို့ ရူပစိတ်၌ စတုတ္ထဈာန်စိတ် ၃ ပါးရှိ၏။

http://www.dhammadownload.com



## ပဉ္စမစျာန်စိတ် ၃ ပါး

၁။ ဥပေက္ခာ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် ကုသိုလ်စိတ် ၁–ခု၊

၂။ ဥပေက္ခာ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် ဝိပါက်စိတ် ၁–ခု၊

၃။ ဥပေက္ခာ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် ကြိယာစိတ် ၁–ခု၊

ဤသို့ ရူပစိတ်၌ ပဉ္စမစျာန်စိတ် ၃ ပါးရှိ၏။

## ရူပစိတ် ၅ ပါးပြား

စျာန်အင်္ဂါတို့နှင့်ယှဉ်ပုံ ၅ မျိုးကွဲပြားသောကြောင့် ရူပစိတ် ၅ ပါး ပြားရ၏။ တစ်ဖန် ကုသိုလ်၊ ဝိပါက်၊ ကြိယာဟု ၃ မျိုးကွဲပြားပြန်သောကြောင့် ရူပစိတ် ( ၅ × ၃ ) = ၁၅ ပါးပြား၏။

## စျာန်အင်္ဂါတို့နှင့်ယှဉ်ပုံ ၅ မျိုးပြားပုံ

၁။ စျာန်အင်္ဂါ ၅ ပါးနှင့်ယှဉ်သော အင်္ဂါ ၅ ပါးရှိသော ပထမစျာန်စိတ်၊

၂။ စျာန်အင်္ဂါ ၄ ပါးနှင့်ယှဉ်သော အင်္ဂါ ၄ ပါးရှိသော ဒုတိယစျာန်စိတ်၊

၃။ စျာန်အင်္ဂါ ၃ ပါးနှင့်ယှဉ်သော အင်္ဂါ ၃ ပါးရှိသော တတိယစျာန်စိတ်၊

၄။ စျာန်အင်္ဂါ ၂ ပါးနှင့်ယှဉ်သော အင်္ဂါ ၂ ပါးရှိသော စတုတ္ထစျာန်စိတ်၊

၅။ စျာန်အင်္ဂါ ၂ ပါးနှင့်ယှဉ်သော အင်္ဂါ ၂ ပါးရှိသော ပဉ္စမစျာန်စိတ်၊

ဤသို့ ရူပစိတ်သည် စျာန်အင်္ဂါတို့နှင့်ယှဉ်ပုံ ၅ မျိုးပြား၏။

http://www.dhammadownload.com



### ဈာန်အင်္ဂါ

ဈာန်၏အစိတ်အပိုင်းဖြစ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော တစ်ပါးပါးသော စေတသိက်ကို ဈာန်အင်္ဂါဟုခေါ်၏။ လက်၊ ခြေ၊ နား၊ နှာ စသော ကိုယ်၏အစိတ်အပိုင်းကို ကိုယ်အင်္ဂါဟုခေါ်သကဲ့သို့တည်း။

### ဈာန်

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါတို့၏ အပေါင်းကို ဈာန်ဟုခေါ်၏။ လက်၊ ခြေ၊ နား၊ နှာ စသော ကိုယ်အင်္ဂါအပေါင်းကို ကိုယ်ဟုခေါ်သကဲ့သို့တည်း။

### ဈာန်စိတ်

ဈာန်နှင့်ယှဉ်သောစိတ်ကို ဈာန်စိတ်ဟုခေါ်၏။

**မှတ်ချက်။** ဈာန်အင်္ဂါ၊ ဈာန်ဟူသောအမည်သည် စိတ်၏အမည်မဟုတ်။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော စေတသိက်တို့၏အမည်ဖြစ်၏။

## အခန်း (၃)

## အရူပါဝစရစိတ်

ရုပ်တရားကို စက်ဆုပ်သော ဘာဝနာကို ရူပဝိရာဂဘာဝနာခေါ်၏။ ရုပ်တရားကို စက်ဆုပ်သူသည် ယင်းရူပဝိရာဂဘာဝနာကို ပွားများအားထုတ်၏။ ရုပ်မရှိသောဘုံကို နှစ်သက်တောင့်တ၏။ ရုပ်မရှိသော အရူပဗြဟ္မာဘဝကို နှစ်သက်လိုချင်သောတဏှာကို အရူပတဏှာခေါ်၏။

အာရုံပြုသောအားဖြင့် ထိုအရူပတဏှာ၏ ဖြစ်ရာ ကျင်လည်ရာဖြစ်သောကြောင့်လည်းကောင်း၊ အရူပလေးဘုံ၌ များသောအားဖြင့် ဖြစ်သောကြောင့်

http://www.dhammadownload.com



လည်းကောင်း အရူပါဝစရစိတ်ခေါ်၏။ အဝစရပုဒ်ကို ဖြုတ်၍ အရူပစိတ် ဟု လည်းခေါ်၏။

**မှတ်ချက်**။ အရူပစိတ်ကို အာရုပ္ပဈာနဘောဒစိတ်ခေါ်၏။

## အရူပါဝစရကုသိုလ်စိတ်

အရူပါဝစရကုသိုလ်စိတ်ကို တရားအားထုတ်သော တိဟိတ်ယောဂီ ပုဂ္ဂိုလ်များသာ ရနိုင်၏။ ဒါနပြုရုံ၊ သီလဆောက်တည်ရုံဖြင့် မရနိုင်ပေ။ အရူပါဝစရကုသိုလ်သည် အရူပဘုံ၌ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးကို ဖြစ်စေနိုင်သောအကြောင်းစိတ်ဖြစ်၏။

## အရူပကုသိုလ်စိတ် ၄ ပါး

### ( ကျက်ရန် )

၁။ အာကာသာနဉ္စာယတနကုသိုလ်စိတ် ၁–ခု
၂။ ဝိညာနဉ္စာယတနကုသိုလ်စိတ် ၁–ခု
၃။ အာကိဉ္စညာယတနကုသိုလ်စိတ် ၁–ခု
၄။ နေဝသညာနာသညာယတန ကုသိုလ်စိတ် ၁–ခု

ဤသို့ အရူပါဝစရကုသိုလ်စိတ် ၄ ပါးပြား၏။

## အရူပဝိပါက်စိတ် ၄ ပါး

၁။ အာကာသာနဉ္စာယတနဝိပါက်စိတ် ၁–ခု
၂။ ဝိညာနဉ္စာယတနဝိပါက်စိတ် ၁–ခု
၃။ အာကိဉ္စညာယတနဝိပါက်စိတ် ၁–ခု
၄။ နေဝသညာ နာသညာယတနဝိပါက်စိတ် ၁–ခု

ဤသို့ အရူပါဝစရဝိပါက်စိတ် ၄ ပါးပြား၏။

http://www.dhammadownload.com



## အရူပကြိယာစိတ် ၄ ပါး

၁။ အာကာသာနဉ္စာယတနကြိယာစိတ် ၁–ခု

၂။ ဝိညာနဉ္စာယတနကြိယာစိတ် ၁–ခု

၃။ အာကိဉ္စညာယတနကြိယာစိတ် ၁–ခု

၄။ နေဝသညာ နာသညာယတန ကြိယာစိတ် ၁–ခု

ဤသို့ အရူပါဝစရကြိယာစိတ် ၄ ပါးပြား၏။

**မှတ်ချက်။** အရူပစိတ်သည် ဥပေက္ခာ၊ ဧကဂ္ဂတာနှင့်ယှဉ်ခြင်းကြောင့် ရူပပဉ္စမဈာန်စိတ်နှင့် အင်္ဂါချင်းတူကြ၏။ ထို့ကြောင့် "**အာရုပ္ပဉ္စာပိ ပဉ္စမေ**" ဟူသော ပါဠိကိုထောက်၍ အရူပစိတ် ၁၂ပါးလုံးကို ဈာန်အားဖြင့် ပဉ္စမဈာန်၊ ဝေဒနာအားဖြင့် ဥပေက္ခာသဟဂုတ်စိတ်ဟုမှတ်ပါ။

## အရူပစိတ် ၄ ပါးပြား

အာရုံလေးမျိုးပြားသောကြောင့် အရူပါဝစရစိတ် ၄ ပါးပြားရ၏။ တစ်ဖန် ကုသိုလ်ဝိပါက် ကြိယာဟု သုံးမျိုးပြားပြန်သောကြောင့် အရူပစိတ် ( ၄ × ၃ ) = ၁၂ ပါးပြားရ၏။

## အာရုံနှင့် အရူပစိတ်ကိုတွဲပြပုံ

| အာရုံ | စိတ် |
|---|---|
| ၁။ ကောင်းကင်ပညတ်အာရုံ | အာကာသာနဉ္စာယတနစိတ် |
| ၂။ ပထမာရုပ္ပဝိညာဏ်အာရုံ | ဝိညာဏဉ္စာယတနစိတ် |
| ၃။ နတ္ထိဘောပညတ်အာရုံ | အာကိဉ္စညာယတနစိတ် |
| ၄။ တတိယာရုပ္ပဝိညာဏ်အာရုံ | နေဝသညာနာသညာယတနစိတ် |

http://www.dhammadownload.com



**ဆောင်**။ ကောင်းကင်ခေါ်မှတ်၊ ပညတ်တစ်ဖြာ
ပထမာရုပ္ပ ၊ ဝိညာဏနှင့်
ဘာဝနတ္ထိ ၊ တတိယာရုပ္ပံ
ဝိညာဏံ ၊ လေးတန်အာရုံစဉ်တိုင်းတည်း။

## မဟဂ္ဂုတ်စိတ် ၂၇ ပါး

| | | |
|---|---|---|
| ၁။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၂။ | အရူပါဝစရစိတ် | ၁၂–ပါး |
| | **ပေါင်း မဟဂ္ဂုတ်စိတ်** | **၂၇–ပါး** |

## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၁၂–ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၁၅–ပါး |
| | **ပေါင်း မဟဂ္ဂုတ်စိတ်** | **၂၇–ပါး** |

## ဈာနဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ပထမဈာန်စိတ် | ၃–ပါး |
| ၂။ | ဒုတိယဈာန်စိတ် | ၃–ပါး |
| ၃။ | တတိယဈာန်စိတ် | ၃–ပါး |
| ၄။ | စတုတ္ထဈာန်စိတ် | ၃–ပါး |
| ၅။ | ပဥ္စမဈာန်စိတ် | ၁၅–ပါး |
| | **ပေါင်း မဟဂ္ဂုတ်စိတ်** | **၂၇–ပါး** |

http://www.dhammadownload.com



## သမ္ပယုတ်၊ ဝိပ္ပယုတ်

မဟဂ္ဂုတ်စိတ်နှင့် လောကုတ္တရာစိတ်များသည် ဉာဏ်နှင့်ယှဉ်ခြင်းကြောင့် ဉာဏသမ္ပယုတ်ဖြစ်ကြ၏ဟု ရှေးဆရာတို့ ပြောကြ၏။ သို့သော် အရှင်အနုရုဒ္ဓါ ကိုယ်တိုင်က မဟဂ္ဂုတ်စိတ်၊ လောကုတ္တရာစိတ်များ၌ ''ဉာဏသမ္ပယုတ္တံ'' ဟူသော စကားရပ်ကို ထည့်သွင်းမဆိုခဲ့ပေ။ ထို့ပြင် စေတသိက်ပိုင်း၌ ပညာ ယှဉ်သောစိတ်ကို ပြဆိုရာ ''ပညာပန ဒွါဒသသု'' စသော သင်္ဂဟပါဠိ စကား ရပ်၌လည်းကောင်း၊ ပကိဏ်းပိုင်း ဟေတုသင်္ဂဟ၌ တိဟိတ်စိတ်ကိုပြဆိုရာ ''ပဉ္စတ္တိံသ မဟဂ္ဂတ လောကုတ္တရ စိတ္တေသု'' စသော စကားရပ်၌လည်း ကောင်း၊ ဉာဏသမ္ပယုတ္တသဒ္ဒါကို ထည့်သွင်းမဆိုခဲ့ပေ။ ထို့ကြောင့် မဟဂ္ဂုတ် စိတ် လောကုတ္တရာစိတ်တို့ကို သမ္ပယုတ်၊ ဝိပ္ပယုတ်ဟု မဆိုသင့်ပေ။

## အသင်္ခါရိက၊ သသင်္ခါရိက

ဋီကာကျော်၌ မဟဂ္ဂုတ်စိတ်သည် အသင်္ခါရိကလည်းမဟုတ်၊ သသင်္ခါ ရိကလည်းမဟုတ်ဟု ပြဆိုပြီးနောက် မဟဂ္ဂုတ်စိတ်သည် သသင်္ခါရိကသာ ဖြစ်သည်ဟု နောက် ဒုတိယတစ်နည်း ဖွင့်ပြပြန်၏။

မဟဂ္ဂုတ် လောကုတ္တရာစိတ်တို့၌ ''အသင်္ခါရိကံ သသင်္ခါရိကံ'' ဟု ထည့်သွင်း၍ အရှင်အနုရုဒ္ဓါကိုယ်တိုင် မဆိုခဲ့သောကြောင့် အသင်္ခါရိကလည်း မဟုတ်၊ သသင်္ခါရိကလည်းမဟုတ်ပေ။

## လောကီစိတ် ၈၁ ပါး

| | | |
|---|---|---|
| ၁။ | ကာမာဝစရစိတ် | ၅၄–ပါး |
| ၂။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၃။ | အရူပါဝစရစိတ် | ၁၂–ပါး |
| | **ပေါင်း လောကီစိတ်** | **၈၁–ပါး** |

http://www.dhammadownload.com



## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သုခသဟဂုတ်စိတ် | ၁–ပါး |
| ၂။ | ဒုက္ခသဟဂုတ်စိတ် | ၁–ပါး |
| ၃။ | သောမနဿသဟဂုတ်စိတ် | ၃၀–ပါး |
| ၄။ | ဒေါမနဿသဟဂုတ်စိတ် | ၂–ပါး |
| ၅။ | ဥပေက္ခာသဟဂုတ်စိတ် | ၄၇–ပါး |
| | **ပေါင်း လောကီစိတ်** | **၈၁–ပါး** |

## သင်္ခါရဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အသင်္ခါရိကစိတ် | ၁၇–ပါး |
| ၂။ | သသင်္ခါရိကစိတ် | ၁၇–ပါး |
| | မောဟမူ | ၂–ပါး |
| | အဟိတ်စိတ် | ၁၈–ပါး |
| | မဟဂ္ဂုတ်စိတ် | ၂၇–ပါး |
| | **ပေါင်း လောကီစိတ်** | **၈၁–ပါး** |

## သမ္ပယောဂဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သမ္ပယုတ်စိတ် | ၂၀–ပါး |
| ၂။ | ဝိပ္ပယုတ်စိတ် | ၁၆–ပါး |
| ၃။ | အဟိတ်စိတ် | ၁၈–ပါး |
| ၄။ | မဟဂ္ဂုတ်စိတ် | ၂၇–ပါး |
| | **ပေါင်း လောကီစိတ်** | **၈၁–ပါး** |

http://www.dhammadownload.com



## ဇာတိဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | ကုသိုလ်စိတ် | ၁၇–ပါး |
| ၃။ | ဝိပါက်စိတ် | ၃၂–ပါး |
| ၄။ | ကြိယာစိတ် | ၂၀–ပါး |
| | **ပေါင်း လောကီစိတ်** | **၈၁–ပါး** |

## ဘူမိဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ကာမာဝစရစိတ် | ၅၄–ပါး |
| ၂။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၃။ | အရူပါဝစရစိတ် | ၁၂–ပါး |
| | **ပေါင်း လောကီစိတ်** | **၈၁–ပါး** |

## သောမနဿသဟဂုတ်စိတ် ၃၀ ပါး

| | | |
|---|---|---|
| ၁။ | လောဘမူသောမနဿသဟဂုတ်စိတ် | ၄–ပါး |
| ၂။ | အဟိတ်သောမနဿသဟဂုတ်စိတ် | ၂–ပါး |
| ၃။ | ကာမာဝစရသောဘန သောမနဿသဟဂုတ်စိတ် | ၁၂–ပါး |
| ၄။ | ရူပါဝစရသောမနဿသဟဂုတ်စိတ် | ၁၂–ပါး |
| | **ပေါင်း** | **၃၀–ပါး** |

## ဥပေက္ခာသဟဂုတ်စိတ် ၄၇ ပါး

| | | |
|---|---|---|
| ၁။ | အကုသိုလ်ဥပေက္ခာသဟဂုတ်စိတ် | ၆–ပါး |
| ၂။ | အဟိတ်ဥပေက္ခာသဟဂုတ်စိတ် | ၁၄–ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| ၃။ | ကာမာဝစရသောဘနဥပေက္ခာသဟဂုတ်စိတ် | ၁၂-ပါး |
| ၄။ | ရူပါဝစရဥပေက္ခာသဟဂုတ်စိတ် | ၃-ပါး |
| ၅။ | အရူပါဝစရဥပေက္ခာသဟဂုတ်စိတ် | ၁၂-ပါး |
| | ပေါင်း | ၄၇-ပါး |

## လောကီကုသိုလ်စိတ် ၁၇ ပါး

| | | |
|---|---|---|
| ၁။ | မဟာကုသိုလ်စိတ် | ၈-ပါး |
| ၂။ | ရူပါဝစရကုသိုလ်စိတ် | ၅-ပါး |
| ၃။ | အရူပါဝစရကုသိုလ်စိတ် | ၄-ပါး |
| | ပေါင်း လောကီကုသိုလ်စိတ် | ၁၇-ပါး |

## လောကီဝိပါက်စိတ် ၃၂ ပါး

| | | |
|---|---|---|
| ၁။ | အကုသလဝိပါက်စိတ် | ၇-ပါး |
| ၂။ | အဟိတ်ကုသလဝိပါက်စိတ် | ၈-ပါး |
| ၃။ | မဟာဝိပါက်စိတ် | ၈-ပါး |
| ၄။ | ရူပါဝစရဝိပါက်စိတ် | ၅-ပါး |
| ၅။ | အရူပါဝစရဝိပါက်စိတ် | ၄-ပါး |
| | ပေါင်း လောကီဝိပါက်စိတ် | ၃၂-ပါး |

## ကြိယာစိတ် ၂၀ ပါး

| | | |
|---|---|---|
| ၁။ | အဟိတ်ကြိယာစိတ် | ၃-ပါး |
| ၂။ | မဟာကြိယာစိတ် | ၈-ပါး |
| ၃။ | ရူပကြိယာစိတ် | ၅-ပါး |
| ၄။ | အရူပကြိယာစိတ် | ၄-ပါး |
| | ပေါင်း ကြိယာစိတ် | ၂၀-ပါး |

http://www.dhammadownload.com



## အခန်း (၄)

## လောကုတ္တရာစိတ်

## ( မဂ္ဂဘောဒစိတ် )

### မဂ်စိတ် ၄ ပါး

၁။ သောတာပတ္တိမဂ်စိတ် ၁–ခု

၂။ သကဒါဂါမိမဂ်စိတ် ၁–ခု

၃။ အနာဂါမိမဂ်စိတ် ၁–ခု

၄။ အရဟတ္တမဂ်စိတ် ၁–ခု

ဤသို့မဂ်စိတ် ၄ ပါးပြား၏။

**မှတ်ချက်။** မဂ်စိတ် ၄ ပါးကို ကုသိုလ်စိတ်ဟုမှတ်ပါ။

### ဖိုလ်စိတ် ၄ ပါး

၁။ သောတာပတ္တိဖိုလ်စိတ် ၁–ခု

၂။ သကဒါဂါမိဖိုလ်စိတ် ၁–ခု

၃။ အနာဂါမိဖိုလ်ဒိတ် ၁–ခု

၄။ အရဟတ္တဖိုလ်စိတ် ၁–ခု

ဤသို့ ဖိုလ်စိတ် ၄ ပါးပြား၏။

**မှတ်ချက်။** ဖိုလ်စိတ်ကို ဝိပါက်စိတ်ဟုမှတ်ပါ။

### လောကုတ္တရာစိတ်အကျဉ်း ၈ ပါး

| | | |
|---|---|---|
| ၁။ | မဂ်စိတ် | ၄–ပါး |
| ၂။ | ဖိုလ်စိတ် | ၄–ပါး |
| | **ပေါင်း** | **၈–ပါး** |

http://www.dhammadownload.com



## မဂ်စိတ် ၄ ပါးပြား

ဣန္ဒြေမထက်မြက်မှု၊ ထက်မြက်မှု၊ အထူးထက်မြက်မှု၊ အစွမ်းကုန် ထက်မြက်မှုအားဖြင့် မဂ် ၄ ပါး ပြားသောကြောင့် မဂ်နှင့်ယှဉ်သော မဂ်စိတ် ၄ ပါးပြား၏။

## ဖိုလ်စိတ် ၄ ပါးပြား

ဝိပါက် (ဖိုလ်) စိတ်သည် ကုသိုလ်စိတ်၏ အကျိုးဖြစ်သောကြောင့် မဂ်နှင့်တူစွာ ၄ ပါးပြား၏။

## လောကုတ္တရာစိတ် ၈ ပါးပြား

ကုသိုလ် (မဂ်) စိတ် ၄ ပါး၊ ဝိပါက် (ဖိုလ်) စိတ် ၄ ပါးပြားသောကြောင့် လောကုတ္တရာစိတ် ၈ ပါးပြား၏။

**မှတ်ချက်**။ လောကုတ္တရာစိတ်အကျဉ်း ၈ ပါးကို အကျယ် ၄၀ ပွားရာ၌ သောမနဿ၊ ဥပေက္ခာနှစ်မျိုးပါရှိသောကြောင့် လောကုတ္တရာစိတ်အကျဉ်း ၈ ပါးသည် သောမနဿလည်းဟုတ်၏။ ဥပေက္ခာလည်းဟုတ်၏။

လောကုတ္တရာစိတ်အကျဉ်းသည် သမ္ပယုတ်လည်းမဟုတ်၊ ဝိပ္ပယုတ်လည်းမဟုတ်၊ အသင်္ခါရိကလည်းမဟုတ်၊ သသင်္ခါရိကလည်းမဟုတ်။

## မဂ္ဂင်၊ မဂ်၊ မဂ်စိတ်

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟုဆိုအပ်သော တစ်ပါးပါးစီသော စေတသိက်တို့ကို မဂ္ဂင်ဟုခေါ်၏။

ထိုမဂ္ဂင် ၈ ပါးအပေါင်းကို မဂ်ဟုခေါ်၏။ ထိုမဂ်နှင့်ယှဉ်သောစိတ်ကို မဂ်စိတ်ဟုခေါ်၏။

http://www.dhammadownload.com



## စိတ်အကျဉ်း ၈၉ ပါး

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | အဟိတ်စိတ် | ၁၈–ပါး |
| ၃။ | ကာမာဝစရသောဘနစိတ် | ၂၄–ပါး |
| ၄။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၅။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၆။ | လောကုတ္တရာစိတ် | ၈–ပါး |
| | **ပေါင်း စိတ်အကျဉ်း** | **၈၉–ပါး** |

## ဟိတ် (ဟေတုဘေဒ) အားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အဟိတ်စိတ် | ၁၈–ပါး |
| ၂။ | သဟိတ်စိတ် | ၇၁–ပါး |
| | **ပေါင်း** | **၈၉–ပါး** |

## တစ်နည်း

| | | |
|---|---|---|
| ၁။ | အဟိတ်စိတ် | ၁၈–ပါး |
| ၂။ | ဧကဟိတ်စိတ် | ၂–ပါး |
| ၃။ | ဒွိဟိတ်စိတ် | ၂၂–ပါး |
| ၄။ | တိဟိတ်စိတ် | ၄၇–ပါး |
| | **ပေါင်း စိတ်အကျဉ်း** | **၈၉–ပါး** |

http://www.dhammadownload.com



## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သုခသဟဂုတ်စိတ် | ၁–ပါး |
| ၂။ | ဒုက္ခသဟဂုတ်စိတ် | ၁–ပါး |
| ၃။ | သောမနဿသဟဂုတ်စိတ် | ၃၀–ပါး |
| ၄။ | ဒေါမနဿသဟဂုတ်စိတ် | ၂–ပါး |
| ၅။ | ဥပေက္ခာသဟဂုတ်စိတ် | ၄၇–ပါး |
| ၆။ | လောကုတ္တရာစိတ် | ၈–ပါး |
| | **ပေါင်း** | **၈၉–ပါး** |

## ဇာတိဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | ကုသိုလ်စိတ် | ၂၁–ပါး |
| ၃။ | ဝိပါက်စိတ် | ၃၆–ပါး |
| ၄။ | ကြိယာစိတ် | ၂၀–ပါး |
| | **ပေါင်း စိတ်အကျဉ်း** | **၈၉–ပါး** |

## ဘူမိဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ကာမာဝစရစိတ် | ၅၄–ပါး |
| ၂။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၃။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၄။ | လောကုတ္တရာစိတ် | ၈–ပါး |
| | **ပေါင်း စိတ်အကျဉ်း** | **၈၉–ပါး** |

http://www.dhammadownload.com



## ကုသိုလ်စိတ် ၂၁ ပါး

| | | |
|---|---|---|
| ၁။ | မဟာကုသိုလ်စိတ် | ၈–ပါး |
| ၂။ | ရူပါဝစရကုသိုလ်စိတ် | ၅–ပါး |
| ၃။ | အရူပါဝစရကုသိုလ်စိတ် | ၄–ပါး |
| ၄။ | လောကုတ္တရာကုသိုလ်စိတ် | ၄–ပါး |
| | **ပေါင်း ကုသိုလ်စိတ်** | **၂၁–ပါး** |

## ကုသိုလ်စိတ်

**လက္ခဏာ။** ကုသိုလ်စိတ်သည် အပြစ်မရှိ ချမ်းသာသောအကျိုးကို ပေးခြင်း လက္ခဏာရှိ၏။

**ရသ။** အကုသိုလ်ကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်။** ဖြူစင်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်။** မှန်ကန်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း ယောနိသော မနသိကာရ ဟူသော နီးသော အကြောင်းရှိ၏။

## ဝိပါက်စိတ် ၃၆ ပါး

| | | |
|---|---|---|
| ၁။ | အကုသလဝိပါက်စိတ် | ၇–ပါး |
| ၂။ | အဟိတ်ကုသလဝိပါက်စိတ် | ၈–ပါး |
| ၃။ | မဟာဝိပါက်စိတ် | ၈–ပါး |
| ၄။ | ရူပါဝစရ ဝိပါက်စိတ် | ၅–ပါး |
| ၅။ | အရူပါဝစရ ဝိပါက်စိတ် | ၄–ပါး |
| ၆။ | လောကုတ္တရာဝိပါက်စိတ် | ၄–ပါး |
| | **ပေါင်း ဝိပါက်စိတ်** | **၃၆–ပါး** |

http://www.dhammadownload.com



## "လေ့ကျင့်ခန်း"

၁။ ရူပစိတ် ၅ ပါးပြားရခြင်းအကြောင်းကို ရေး၍၊ အရူပစိတ်ကို အဘယ် ဈာန်၌ ထည့်သွင်းရေတွက်ရမည်နည်း ဖြေဆိုပါ။

၂။ လောကီစိတ်၌ သောမနဿ သဟဂုတ်စိတ် မည်မျှရှိပါသနည်း ရေတွက် ပြ၍၊ လောကီစိတ်ကို ဇာတ်အားဖြင့် ရေတွက်ပြပါ။

၃။ စိတ်အကျဉ်း ၈၉ ပါး၌ ဝိပါက်စိတ်တို့ကို ကောက်ပြပါ။

### လောကုတ္တရာစိတ်အကျယ် ၄၀
### မဂ်စိတ် ၂၀
### သောတာပတ္တိမဂ်စိတ် ၅ ပါး
### (ကျက်ရန်)

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန်သောတာပတ္တိမဂ်စိတ် ၁–ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန်သောတာပတ္တိမဂ်စိတ် ၁–ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွ ဖြစ်သော တတိယဈာန်သောတာပတ္တိမဂ်စိတ် ၁–ခု၊

၄။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန် သောတာပတ္တိမဂ်စိတ် ၁–ခု၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂–ပါးနှင့်တကွ ဖြစ်သော ပဉ္စမဈာန် သောတာပတ္တိမဂ်စိတ် ၁–ခု၊

ဤသို့သောတာပတ္တိမဂ်စိတ် ၅–ပါးပြား၏။

**မှတ်ချက်။** သောတာပတ္တိမဂ်စိတ် ၅–ပါးတွင် သောမနဿသဟဂုတ်စိတ် ၄ ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၁ ပါးရှိ၏။

http://www.dhammadownload.com



## သကာဒါဂါမိမဂ်စိတ် ၅ ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပဌမဈာန် သကာဒါဂါမိမဂ်စိတ် ၁–ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန် သကာဒါဂါမိမဂ်စိတ် ၁–ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွ ဖြစ်သော တတိယဈာန် သကာဒါဂါမိမဂ်စိတ် ၁–ခု၊

၄။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန် သကာဒါဂါမိမဂ်စိတ် ၁–ခု၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဥ္စမဈာန် သကာဒါဂါမိမဂ်စိတ် ၁–ခု၊

ဤသို့ သကာဒါဂါမိမဂ်စိတ် ၅ ပါးပြား၏။

**မှတ်ချက်။** သကာဒါဂါမိမဂ်စိတ် ၅ ပါးတွင် သောမနဿသဟဂုတ်စိတ် ၄ ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၁ ပါးရှိ၏။

## အနာဂါမိမဂ်စိတ် ၅ ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပဌမဈာန် အနာဂါမိမဂ်စိတ် ၁–ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန် အနာဂါမိမဂ်စိတ် ၁–ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွ ဖြစ်သော တတိယဈာန် အနာဂါမိမဂ်စိတ် ၁–ခု၊

http://www.dhammadownload.com



၄။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန် အနာဂါမိမဂ်စိတ် ၁-ခု၊

၅။ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် အနာဂါမိမဂ်စိတ် ၁-ခု၊

ဤသို့ အနာဂါမိမဂ်စိတ် ၅ ပါးပြား၏။

**မှတ်ချက်။** အနာဂါမိမဂ်စိတ် ၅ ပါးတွင် သောမနဿ သဟဂုတ်စိတ် ၄ ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၁ ပါးရှိ၏။

## အရဟတ္တမဂ်စိတ် ၅ ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန် အရဟတ္တမဂ်စိတ် ၁-ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန် အရဟတ္တမဂ်စိတ် ၁-ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွ ဖြစ်သော တတိယဈာန် အရဟတ္တမဂ်စိတ် ၁-ခု၊

၄။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော စတုတ္ထဈာန် အရဟတ္တမဂ်စိတ် ၁-ခု၊

၅။ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော ပဉ္စမဈာန် အရဟတ္တမဂ်စိတ် ၁-ခု၊

ဤသို့ အရဟတ္တမဂ်စိတ် ၅ ပါးပြား၏။

**မှတ်ချက်။** အရဟတ္တမဂ်စိတ် ၅ ပါးတွင် သောမနဿ သဟဂုတ်စိတ် ၄ ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၁ ပါးရှိ၏။

http://www.dhammadownload.com



## မဂ်စိတ် ၂၀ ပါး

| | | |
|---|---|---|
| ၁။ | သောတာပတ္တိမဂ်စိတ် | ၅–ပါး |
| ၂။ | သကဒါဂါမိမဂ်စိတ် | ၅–ပါး |
| ၃။ | အနာဂါမိမဂ်စိတ် | ၅–ပါး |
| ၄။ | အရဟတ္တမဂ်စိတ် | ၅–ပါး |
| | **ပေါင်း မဂ်စိတ်အကျယ်** | **၂၀–ပါး** |

## မဂ်စိတ်ကိုဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၁၆–ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၄–ပါး |
| | **ပေါင်း မဂ်စိတ်** | **၂၀–ပါး** |

## ဈာနဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ပထမဈာန်စိတ် | ၄–ပါး |
| ၂။ | ဒုတိယဈာန်စိတ် | ၄–ပါး |
| ၃။ | တတိယဈာန်စိတ် | ၄–ပါး |
| ၄။ | စတုတ္ထဈာန်စိတ် | ၄–ပါး |
| ၅။ | ပဉ္စမဈာန်စိတ် | ၄–ပါး |
| | **ပေါင်း မဂ်စိတ်** | **၂၀–ပါး** |

**မှတ်ချက်**။ ပထမဈာန်စိတ် ၄ ပါး စသည်တို့ကို ဆရာက တပည့်များကို တစ်ပါးစီ ကောက်ခိုင်းပါ။

http://www.dhammadownload.com



## ဖိုလ်စိတ် ၂၀ ပါး

## သောတာပတ္တိဖိုလ်စိတ် ၅ ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပဌမဈာန် သောတာပတ္တိဖိုလ်စိတ် ၁–ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် သောတာပတ္တိဖိုလ်စိတ် ၁–ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် သောတာပတ္တိဖိုလ်စိတ် ၁–ခု၊

၄။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် သောတာပတ္တိဖိုလ်စိတ် ၁–ခု၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော ပဉ္စမဈာန် သောတာပတ္တိဖိုလ်စိတ် ၁–ခု၊ ဤသို့ သောတာပတ္တိဖိုလ်စိတ် ၅ ပါး ပြား၏။

**မှတ်ချက်**။ ၅ ပါးတွင် သောမနဿ သဟဂုတ်စိတ် ၄ ပါး၊ ဥပေက္ခာ သဟဂုတ်စိတ် ၁ ပါးရှိ၏။

## သကဒါဂါမိဖိုလ်စိတ် ၅ ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပဌမဈာန် သကဒါဂါမိဖိုလ်စိတ် ၁–ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် သကဒါဂါမိဖိုလ်စိတ် ၁–ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် သကဒါဂါမိဖိုလ်စိတ် ၁–ခု၊

၄။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် သကဒါဂါမိဖိုလ်စိတ် ၁–ခု၊

http://www.dhammadownload.com



၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဥ္စမစျာန် သကာဒါဂါမိဖိုလ်စိတ် ၁–ခု။

ဤသို့ သကာဒါဂါမိဖိုလ်စိတ် ၅ ပါးပြား၏။

**မှတ်ချက်။** သကာဒါဂါမိဖိုလ်စိတ် ၅ ပါးတွင် သောမနဿသဟဂုတ်စိတ် ၄ ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၁ ပါးရှိ၏။

## အနာဂါမိဖိုလ်စိတ် ၅ ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမစျာန် အနာဂါမိဖိုလ်စိတ် ၁–ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် အနာဂါမိဖိုလ်စိတ် ၁–ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယစျာန် အနာဂါမိဖိုလ်စိတ် ၁–ခု၊

၄။ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် အနာဂါမိဖိုလ်စိတ် ၁–ခု၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဥ္စမစျာန် အနာဂါမိဖိုလ်စိတ် ၁–ခု။

ဤသို့ အနာဂါမိဖိုလ်စိတ် ၅ ပါးပြား၏။

**မှတ်ချက်။** အနာဂါမိဖိုလ်စိတ် ၅ ပါးတွင် သောမနဿသဟဂုတ်စိတ် ၄ပါး၊ ဥပက္ခောသဟဂုတ်စိတ် ၁ ပါးရှိ၏။

## အရဟတ္တဖိုလ်စိတ် ၅ ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမစျာန် အရဟတ္တဖိုလ်စိတ် ၁–ခု၊

http://www.dhammadownload.com



၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် အရဟတ္တဖိုလ်စိတ် ၁-ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် အရဟတ္တဖိုလ်စိတ် ၁-ခု၊

၄။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် အရဟတ္တဖိုလ်စိတ် ၁-ခု၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

ဤသို့ အရဟတ္တဖိုလ်စိတ် ၅ ပါးပြား၏။

**မှတ်ချက်**။ အရဟတ္တဖိုလ်စိတ် ၅ ပါးတွင် သောမနဿသဟဂုတ်စိတ် ၄ ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၁ ပါးရှိ၏။

## ဖိုလ်စိတ် ၂၀ ပါး

| | | |
|---|---|---|
| ၁။ | သောတာပတ္တိဖိုလ်စိတ် | ၅-ပါး |
| ၂။ | သကဒါဂါမိဖိုလ်စိတ် | ၅-ပါး |
| ၃။ | အနာဂါမိဖိုလ်စိတ် | ၅-ပါး |
| ၄။ | အရဟတ္တဖိုလ်စိတ် | ၅-ပါး |
| | **ပေါင်း ဖိုလ်စိတ်** | **၂၀-ပါး** |

## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၁၆-ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၄-ပါး |
| | **ပေါင်း ဖိုလ်စိတ်** | **၂၀-ပါး** |

http://www.dhammadownload.com



## ဈာနဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ပဌမဈာန်စိတ် | ၄-ပါး |
| ၂။ | ဒုတိယဈာန်စိတ် | ၄-ပါး |
| ၃။ | တတိယဈာန်စိတ် | ၄-ပါး |
| ၄။ | စတုတ္ထဈာန်စိတ် | ၄-ပါး |
| ၅။ | ပဉ္စမဈာန်စိတ် | ၄-ပါး |
| | **ပေါင်း ဖိုလ်စိတ်** | **၂၀-ပါး** |

**မှတ်ချက်။** ပဌမဈာန် ၄ ပါးအစရှိသည်တို့ကို ဆရာက တပည့်တို့ကို တစ်ပါးစီကောက်ခိုင်းပါ။

## လောကုတ္တရာစိတ်အကျယ် ၄၀ ပါး

| | | |
|---|---|---|
| ၁။ | မဂ်စိတ် | ၂၀-ပါး |
| ၂။ | ဖိုလ်စိတ် | ၂၀-ပါး |
| | **ပေါင်း** | **၄၀-ပါး** |

## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၃၂-ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၈-ပါး |
| | **ပေါင်း လောကုတ္တရာစိတ်** | **၄၀-ပါး** |

## သောမနဿသဟဂုတ်စိတ်အကျယ် ၃၂ ပါး

| | | |
|---|---|---|
| ၁။ | မဂ်သောမနဿ သဟဂုတ်စိတ် | ၁၆-ပါး |
| ၂။ | ဖိုလ်သောမနဿ သဟဂုတ်စိတ် | ၁၆-ပါး |
| | **ပေါင်း** | **၃၂-ပါး** |

http://www.dhammadownload.com



## ဥပေက္ခာသဟဂုတ်စိတ် ၈ ပါး

| | | |
|---|---|---|
| ၁။ | မဂ်ဥပေက္ခာသဟဂုတ်စိတ် | ၄–ပါး |
| ၂။ | ဖိုလ်ဥပေက္ခာသဟဂုတ်စိတ် | ၄–ပါး |
| | ပေါင်း | ၈–ပါး |

## ဈာနဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ပထမဈာန်စိတ် | ၈–ပါး |
| ၂။ | ဒုတိယဈာန်စိတ် | ၈–ပါး |
| ၃။ | တတိယဈာန်စိတ် | ၈–ပါး |
| ၄။ | စတုတ္ထဈာန်စိတ် | ၈–ပါး |
| ၅။ | ပဥ္စမဈာန်စိတ် | ၈–ပါး |
| | ပေါင်း လောကုတ္တရာစိတ်အကျယ် | ၄၀–ပါး |

## ပထမဈာန်စိတ် ၈ ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန် သောတာပတ္တိမဂ်စိတ် ၁–ခု၊

၂။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန် သကဒါဂါမိမဂ်စိတ် ၁–ခု၊

၃။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန် အနာဂါမိမဂ်စိတ် ၁–ခု၊

၄။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန် အရဟတ္တမဂ်စိတ် ၁–ခု၊

၅။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွဖြစ်သော ပထမဈာန် သောတာပတ္တိဖိုလ်စိတ် ၁–ခု၊

http://www.dhammadownload.com



၆။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု၊
၇။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန် အနာဂါမိဖိုလ်စိတ် ၁-ခု၊
၈။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပထမဈာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

## ဒုတိယဈာန်စိတ် ၈ ပါး

၁။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် သောတာပတ္တိမဂ်စိတ် ၁-ခု၊
၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် သကဒါဂါမိမဂ်စိတ် ၁-ခု၊
၃။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် အနာဂါမိမဂ်စိတ် ၁-ခု၊
၄။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် အရဟတ္တမဂ်စိတ် ၁-ခု၊
၅။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် သောတာပတ္တိဖိုလ်စိတ် ၁-ခု၊
၆။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု၊
၇။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် အနာဂါမိဖိုလ်စိတ် ၁-ခု၊
၈။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄ ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် အရဟတ္တဖိုလ်စိတ် ၁-ခု၊

http://www.dhammadownload.com



## တတိယဈာန် ၈ ပါး

၁။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် သောတာပတ္တိမဂ်စိတ် ၁-ခု၊

၂။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် သကဒါဂါမိမဂ်စိတ် ၁-ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် အနာဂါမိမဂ်စိတ် ၁-ခု၊

၄။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် အရဟတ္တမဂ်စိတ် ၁-ခု၊

၅။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် သောတာပတ္တိဖိုလ်စိတ် ၁-ခု၊

၆။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု၊

၇။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် အနာဂါမိဖိုလ်စိတ် ၁-ခု၊

၈။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယဈာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

## စတုတ္ထဈာန်စိတ် ၈ ပါး

၁။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် သောတာပတ္တိမဂ်စိတ် ၁-ခု၊

၂။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် သကဒါဂါမိမဂ်စိတ် ၁-ခု၊

http://www.dhammadownload.com



၃။ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် အနာဂါမိမဂ်စိတ် ၁–ခု၊

၄။ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် အရဟတ္တမဂ်စိတ် ၁–ခု၊

၅။ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် သောတာပတ္တိဖိုလ်စိတ် ၁–ခု၊

၆။ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် သကဒါဂါမိဖိုလ်စိတ် ၁–ခု၊

၇။ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် အနာဂါမိဖိုလ်စိတ် ၁–ခု၊

၈။ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် အရဟတ္တဖိုလ်စိတ် ၁–ခု။

## ပဉ္စမဈာန်စိတ် ၈ ပါး

၁။ ဥပေက္ခာ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် သောတာပတ္တိမဂ်စိတ် ၁–ခု၊

၂။ ဥပေက္ခာ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် သကဒါဂါမိမဂ်စိတ် ၁–ခု၊

၃။ ဥပေက္ခာ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် အနာဂါမိမဂ်စိတ် ၁–ခု၊

၄။ ဥပေက္ခာ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် အရဟတ္တမဂ်စိတ် ၁–ခု၊

၅။ ဥပေက္ခာ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် သောတာပတ္တိဖိုလ်စိတ် ၁–ခု၊

http://www.dhammadownload.com



၆။ ဥပေက္ခာ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု၊

၇။ ဥပေက္ခာ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် အနာဂါမိဖိုလ်စိတ် ၁-ခု၊

၈။ ဥပေက္ခာ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

ဤသို့ လောကုတ္တရာစိတ်၌ ပဉ္စမစျာန်စိတ် ၈ ပါးပြား၏။

## လောကုတ္တရာစိတ်အကျယ် ၄၀

စျာန်အင်္ဂါတို့၏ ယှဉ်ပုံအပြားအားဖြင့် တစ်ပါးတစ်ပါးသော လောကုတ္တရာစိတ်သည် ငါးပါးငါးပါးစီပြားသောကြောင့် လောကုတ္တရာစိတ်အကျယ် (၈ × ၅) = ၄၀ ပြား၏။

## စျာန်အင်္ဂါတို့၏ယှဉ်ပုံ ၅ မျိုးပြားပုံ

အချို့မဂ်စိတ်၊ ဖိုလ်စိတ်၌ စျာန်အင်္ဂါ ၅ ပါးယှဉ်၏။ အချို့စိတ်၌ စျာန်အင်္ဂါ ၄ ပါးယှဉ်၏။ အချို့စိတ်၌ စျာန်အင်္ဂါ ၃ ပါးယှဉ်၏။ အချို့စိတ်၌ စျာန်အင်္ဂါ ၂ ပါးယှဉ်၏။ အချို့စိတ်၌ တစ်ဖန် စျာန်အင်္ဂါ ၂ ပါးယှဉ်ပြန်၏။ ဤသို့ စျာန်အင်္ဂါတို့ယှဉ်ပုံ ၅ မျိုးကွဲပြား၏။

**လောကုတ္တရာစိတ်အကျယ်ပြီး၏။**

\ \ \ \ \

http://www.dhammadownload.com



## သောဘနစိတ်အကျယ် ၉၁ ပါး

| | | |
|---|---|---|
| ၁။ | ကာမာဝစရသောဘနစိတ် | ၂၄–ပါး |
| ၂။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၃။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၄။ | လောကုတ္တရာစိတ်အကျယ် | ၄၀–ပါး |
| | **ပေါင်း** | **၉၁–ပါး** |

## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သောမနဿသဟဂုတ်စိတ် | ၅၆–ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၃၅–ပါး |
| | **ပေါင်း သောဘနစိတ်အကျယ်** | **၉၁–ပါး** |

## ဇာတိဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ကုသိုလ်စိတ် | ၃၇–ပါး |
| ၂။ | ဝိပါက်စိတ် | ၃၇–ပါး |
| ၃။ | ကြိယာစိတ် | ၁၇–ပါး |
| | **ပေါင်း သောဘနစိတ်အကျယ်** | **၉၁–ပါး** |

## သောမနဿသဟဂုတ်စိတ် ၅၆ ပါး

| | | |
|---|---|---|
| ၁။ | ကာမာဝစရသောဘန သောမနဿသဟဂုတ်စိတ် | ၁၂–ပါး |
| ၂။ | ရူပါဝစရသောမနဿသဟဂုတ်စိတ် | ၁၂–ပါး |
| ၃။ | လောကုတ္တရာသောမနဿသဟဂုတ်စိတ် | ၃၂–ပါး |
| | **ပေါင်း** | **၅၆–ပါး** |

http://www.dhammadownload.com



## ဥပေက္ခာသဟဂုတ်စိတ် ၃၅ ပါး

| | | |
|---|---|---|
| ၁။ | ကာမာဝစရသောဘန ဥပေက္ခာသဟဂုတ်စိတ် | ၁၂–ပါး |
| ၂။ | ရူပါဝစရ ဥပေက္ခာသဟဂုတ်စိတ် | ၃–ပါး |
| ၃။ | အရူပါဝစရ ဥပေက္ခာသဟဂုတ်စိတ် | ၁၂–ပါး |
| ၄။ | လောကုတ္တရာဥပေက္ခာသဟဂုတ်စိတ် | ၈–ပါး |
| | **ပေါင်း** | **၃၅–ပါး** |

**သောဘနစိတ်အကျယ်ပြီး၏။**

\ \ \ \ \

## စိတ်အကျယ် ၁၂၁ ပါး

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | အဟိတ်စိတ် | ၁၈–ပါး |
| ၃။ | ကာမာဝစရသောဘနစိတ် | ၂၄–ပါး |
| ၄။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၅။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၆။ | လောကုတ္တရာစိတ်အကျယ် | ၄၀–ပါး |
| | **ပေါင်း စိတ်အကျယ်** | **၁၂၁–ပါး** |

## ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သုခသဟဂုတ်စိတ် | ၁–ပါး |
| ၂။ | ဒုက္ခသဟဂုတ်စိတ် | ၁–ပါး |
| ၃။ | သောမနဿသဟဂုတ်စိတ် | ၆၂–ပါး |
| ၄။ | ဒေါမနဿသဟဂုတ်စိတ် | ၂–ပါး |
| ၅။ | ဥပေက္ခာသဟဂုတ်စိတ် | ၅၅–ပါး |
| | **ပေါင်း စိတ်အကျယ်** | **၁၂၁–ပါး** |

http://www.dhammadownload.com



## သမ္ပယောဂဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | သမ္ပယုတ်စိတ် | ၂၀–ပါး |
| ၂။ | ဝိပ္ပယုတ်စိတ် | ၁၆–ပါး |
| ၃။ | အဟိတ်စိတ် | ၁၈–ပါး |
| ၄။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၅။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၆။ | လောကုတ္တရာစိတ်အကျယ် | ၄၀–ပါး |
| | **ပေါင်း စိတ်အကျယ်** | **၁၂၁–ပါး** |

## သင်္ခါရဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အသင်္ခါရိကစိတ် | ၁၇–ပါး |
| ၂။ | သသင်္ခါရိကစိတ် | ၁၇–ပါး |
| ၃။ | မောဟမူစိတ် | ၂–ပါး |
| ၄။ | အဟိတ်စိတ် | ၁၈–ပါး |
| ၅။ | ရူပါဝစရစိတ် | ၁၈–ပါး |
| ၆။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၇။ | လောကုတ္တရာစိတ်အကျယ် | ၄၀–ပါး |
| | **ပေါင်း စိတ်အကျယ်** | **၁၂၁–ပါး** |

## ဇာတိဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | ကုသိုလ်စိတ် | ၃၇–ပါး |
| ၃။ | ဝိပါက်စိတ် | ၅၂–ပါး |
| ၄။ | ကြိယာစိတ် | ၂၀–ပါး |
| | **ပေါင်း စိတ်အကျယ်** | **၁၂၁–ပါး** |

http://www.dhammadownload.com



## ဘူမိဘေဒအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ကာမာဝစရစိတ် | ၅၄–ပါး |
| ၂။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၃။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၄။ | လောကုတ္တရာစိတ်အကျယ် | ၄၀–ပါး |
| | **ပေါင်း စိတ်အကျယ်** | **၁၂၁–ပါး** |

## ဟိတ် (ဟေတုဘေဒ) အားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အဟိတ်စိတ် | ၁၈–ပါး |
| ၂။ | သဟိတ်စိတ် | ၁၀၃–ပါး |
| | **ပေါင်း စိတ်အကျယ်** | **၁၂၁–ပါး** |

## တစ်နည်း

| | | |
|---|---|---|
| ၁။ | အဟိတ်စိတ် | ၁၈–ပါး |
| ၂။ | ဧကဟိတ်စိတ် | ၂–ပါး |
| ၃။ | ဒွိဟိတ်စိတ် | ၂၂–ပါး |
| ၄။ | တိဟိတ်စိတ်အကျယ် | ၇၉–ပါး |
| | **ပေါင်း စိတ်အကျယ်** | **၁၂၁–ပါး** |

## သောမနဿသဟဂုတ်စိတ် ၆၂ ပါး

| | | |
|---|---|---|
| ၁။ | လောဘမူသောမနဿသဟဂုတ်စိတ် | ၄–ပါး |
| ၂။ | အဟိတ်သောမနဿသဟဂုတ်စိတ် | ၂–ပါး |
| ၃။ | ကာမာဝစရသောဘနသောမနဿသဟဂုတ်စိတ် | ၁၂–ပါး |
| ၄။ | ရူပါဝစရသောမနဿသဟဂုတ်စိတ် | ၁၂–ပါး |
| ၅။ | မဂ်သောမနဿသဟဂုတ်စိတ် | ၁၆–ပါး |
| ၆။ | ဖိုလ်သောမနဿသဟဂုတ်စိတ် | ၁၆–ပါး |
| | **ပေါင်း** | **၆၂–ပါး** |

http://www.dhammadownload.com



## ဥပေက္ခာသဟဂုတ်စိတ် ၅၅ ပါး

| | | |
|---|---|---|
| ၁။ | အကုသိုလ်ဥပေက္ခာသဟဂုတ်စိတ် | ၆–ပါး |
| ၂။ | အဟိတ်ဥပေက္ခာသဟဂုတ်စိတ် | ၁၄–ပါး |
| ၃။ | ကာမာဝစရသောဘန ဥပေက္ခာသဟဂုတ်စိတ် | ၁၂–ပါး |
| ၄။ | ရူပါဝစရ ဥပေက္ခာသဟဂုတ်စိတ် | ၃–ပါး |
| ၅။ | အရူပါဝစရ ဥပေက္ခာသဟဂုတ်စိတ် | ၁၂–ပါး |
| ၆။ | လောကုတ္တရာ ဥပေက္ခာသဟဂုတ်စိတ် | ၈–ပါး |
| | **ပေါင်း** | **၅၅–ပါး** |

## ကုသိုလ်စိတ် ၃၇ ပါး

| | | |
|---|---|---|
| ၁။ | မဟာကုသိုလ်စိတ် | ၈–ပါး |
| ၂။ | ရူပါဝစရကုသိုလ်စိတ် | ၅–ပါး |
| ၃။ | အရူပါဝစရကုသိုလ်စိတ် | ၄–ပါး |
| ၄။ | လောကုတ္တရာကုသိုလ်စိတ် | ၂၀–ပါး |
| | **ပေါင်း** | **၃၇–ပါး** |

## ဝိပါက်စိတ် ၅၂ ပါး

| | | |
|---|---|---|
| ၁။ | အကုသလဝိပါက်စိတ် | ၇–ပါး |
| ၂။ | အဟိတ်ကုသလဝိပါက်စိတ် | ၈–ပါး |
| ၃။ | မဟာဝိပါက်စိတ် | ၈–ပါး |
| ၄။ | ရူပါဝစရဝိပါက်စိတ် | ၅–ပါး |
| ၅။ | အရူပါဝစရဝိပါက်စိတ် | ၄–ပါး |
| ၆။ | လောကုတ္တရာဝိပါက်စိတ် | ၂၀–ပါး |
| | **ပေါင်း** | **၅၂–ပါး** |

http://www.dhammadownload.com



## ပထမဈာန်စိတ် ၁၁ ပါး

| | | |
|---|---|---|
| ၁။ | ရူပါဝစရပထမဈာန်စိတ် | ၃–ပါး |
| ၂။ | လောကုတ္တရာပထမဈာန်စိတ် | ၈–ပါး |
| | **ပေါင်း ပထမဈာန်စိတ်** | **၁၁–ပါး** |

## ဒုတိယဈာန်စိတ် ၁၁ ပါး

| | | |
|---|---|---|
| ၁။ | ရူပါဝစရဒုတိယဈာန်စိတ် | ၃–ပါး |
| ၂။ | လောကုတ္တရာဒုတိယဈာန်စိတ် | ၈–ပါး |
| | **ပေါင်း ဒုတိယဈာန်စိတ်** | **၁၁–ပါး** |

## တတိယဈာန်စိတ် ၁၁ ပါး

| | | |
|---|---|---|
| ၁။ | ရူပါဝစရတတိယဈာန်စိတ် | ၃–ပါး |
| ၂။ | လောကုတ္တရာတတိယဈာန်စိတ် | ၈–ပါး |
| | **ပေါင်း တတိယဈာန်စိတ်** | **၁၁–ပါး** |

## စတုတ္ထဈာန်စိတ် ၁၁ ပါး

| | | |
|---|---|---|
| ၁။ | ရူပါဝစရစတုတ္ထဈာန်စိတ် | ၃–ပါး |
| ၂။ | လောကုတ္တရာစတုတ္ထဈာန်စိတ် | ၈–ပါး |
| | **ပေါင်း စတုတ္ထဈာန်စိတ်** | **၁၁–ပါး** |

http://www.dhammadownload.com



## ပဋ္ဋမဈျာန်စိတ် ၂၃ ပါး

| | | |
|---|---|---|
| ၁။ | ရူပါဝစရ ပဋ္ဋမဈျာန်စိတ် | ၃–ပါး |
| ၂။ | အရူပါဝစရ ပဋ္ဋမဈျာန်စိတ် | ၁၂–ပါး |
| ၃။ | လောကုတ္တရာ ပဋ္ဋမဈျာန်စိတ် | ၈–ပါး |
| | **ပေါင်း ပဋ္ဋမဈျာန်စိတ်** | **၂၃–ပါး** |

## ''လေ့ကျင့်ခန်း''

၁။ လောကုတ္တရာစိတ်အကျယ်ကို ဈာနဘေဒအားဖြင့် ရေတွက်ပြ၍ လောကုတ္တရာစိတ်အကျယ် ၄၀ ပြားရခြင်းအကြောင်းကိုရေးပါ။

၂။ သောဘနစိတ်အကျယ်ကို ဇာတိဘေဒအားဖြင့် ရေတွက်ပြ၍ စိတ်အကျယ် ၁၂၁ ပါးကို ဟိတ်အားဖြင့် ရေတွက်ပြခဲ့ပါ။

၃။ စိတ်အကျယ် ၁၂၁ ပါးကို ဘူမိဘေဒအားဖြင့် ရေတွက်ပြ၍ ဝိပါက်စိတ် ၅၂ ပါးကို ရေတွက်ပြခဲ့ပါ။

**စိတ်ပိုင်းပြီး၏။**

http://www.dhammadownload.com



## အပိုင်း (၂)

# စေတသိက်ပိုင်း

စိတ်မှာမှီ၍ဖြစ်ပြီး စိတ်ကိုခြယ်လှယ်သောတရားကို စေတသိက်ခေါ်၏။ စိတ်သည်ပင်ကိုက သန့်ရှင်းကြည်လင်နေ၏။ ထို့ကြောင့် စိတ်သည် သန့်ရှင်းကြည်လင်နေသော ရေနှင့်တူ၏။ စေတသိက်သည် ရေကို အရောင်တင်ပေးသော ဆိုးရည်နှင့်တူ၏။ အချို့စေတသိက်သည် စိတ်ကိုကြမ်းတမ်းပျက်စီးစေပြီး စိတ်ဆိုးစိတ်ယုတ်မာဖြစ်စေနိုင်၏။ အချို့စေတသိက်သည် ဖြူစင်သန့်ရှင်းနေသောစိတ်မှာ အင်အားကောင်းလာအောင် အားဖြည့်ပေး၏။ ထိုသို့ အားဖြည့်ပေးခြင်းကြောင့် ခိုင်မာသောစိတ်ကောင်း စိတ်မြတ်ဖြစ်လာရ၏။

အချို့စေတသိက်သည် ရုံခါစိတ်ကို ဖျက်ဆီးသော စေတသိက်နှင့်ပေါင်း၏။ ရုံခါစိတ်ကိုအင်အားဖြည့်ပေးသော စေတသိက်နှင့်ပေါင်း၏။ ထို့ကြောင့် လူမျိုးမရွေး၊ ဘာသာမရွေး၊ လူသားတိုင်း မိမိစိတ်ကိုပျက်စီးစေတတ်သော စေတသိက်နှင့် မိမိစိတ်ကိုအားဖြည့်ပေးသော စေတသိက်ကို ခွဲခြားသိနေဖို့လို၏။ ထိုသို့ခွဲခြားသိရှိနိုင်ရေးအတွက် ဗုဒ္ဓအဘိဓမ္မာကို လူသားတိုင်း လေ့လာရမည်ဖြစ်၏။ အဘိဓမ္မာသည် ဘုရားဟောတရားတော်ဖြစ်သဖြင့် ဗုဒ္ဓဘာသာနှင့်သာ သက်ဆိုင်၍ ငါတို့နှင့်မသက်ဆိုင်ဟု သဘောမထားသင့်ပေ။ ငါတို့နှင့်မသက်ဆိုင်ဟု သဘောထားလျက် ဗုဒ္ဓအဘိဓမ္မာကို မလေ့လာမသင်ကြားဘဲနေလျှင် လမ်းမှားလမ်းမှန် မခွဲခြားနိုင်ဘဲ လမ်းမှားသို့ရောက်ကာ မိမိဘဝသည် ဆင်းရဲပျက်စီးနေမည်သာဖြစ်၏။ ထိုသူအတွက် အပါယ်လေးဘုံသည် မိမိနေအိမ်ကဲ့သို့ အမြဲနေထိုင်ရာဖြစ်နေမည်သာဖြစ်၏။

**သမ္ပယုတ်** ။ ။ သမ္ပယုတ်ဟူသောစကားသည် သမ္ပယုတ္တဟူသော ပါဠိစကားမှ သက်ဆင်းလာသော ပါဠိပျက်ဝေါဟာရဖြစ်၏။ ပါဠိပျက် ဝေါဟာရဖြစ်ခြင်းကြောင့် အဘိဓမ္မာနှင့် ကင်းကွာနေသူများ သမ္ပယုတ်ဟူသောစကား၏

http://www.dhammadownload.com



အစိပ်ပိုင်းကိုနားလည်ရန် မလွယ်လှပေ၊ ထို့ကြောင့် အဘိဓမ္မာကို စတင်လေ့လာသူများ နားလည်အောင် သမ္ပယုတ်ဟူသော ဝေါဟာရကိုရှင်းပြရန်လိုမည်ထင်၏။

အဘိဓမ္မာနယ်ပယ်၌ သမ္ပယုတ်ဟူသော ဝေါဟာရကို ယှဉ်သောတရား၊ ယှဉ်ဖက်တရားဟု မြန်မာပြန်ကြ၏။ စိတ်နှင့်စေတသိက် အတူတကွဖြစ်ရာ၌ ယှဉ်သောတရား၊ ယှဉ်ဖက်တရားဟု မြန်မာပြန်နိုင်၏။ စိတ်စေတသိက် (နာမ်) တရားနှင့် ရုပ်တရားအတူတကွဖြစ်ရာ၌ သမ္ပယုတ်ဟုလည်းကောင်း၊ ယှဉ်သောတရား၊ ယှဉ်ဖက်တရားဟုလည်းကောင်း မသုံးစွဲရပေ၊ နာမ်နှင့် ရုပ်အတူတကွဖြစ်ရာ၌ သဟဇာတဟုသာ သုံးစွဲရ၏။ အဘိဓမ္မာကို မလေ့လာမီ ဤခြားနားချက်ကို ကွဲပြားအောင် နားလည်ထားဖို့လို၏။ သမ္ပယုတ်တရား၊ ယှဉ်သောတရား၊ ယှဉ်ဖက်တရားဟု သုံးစွဲရန် အင်္ဂါ ၄ ပါးနှင့် ညီညွတ်ရ၏။

(၁) အတူတကွဖြစ်ခြင်း

(၂) အတူတကွချုပ်ခြင်း

(၃) အာရုံတူခြင်း

(၄) မှီရာတူခြင်း

ဤအင်္ဂါ ၄ ပါးနှင့် ညီညွတ်မှသာ သမ္ပယုတ်တရား၊ ယှဉ်သောတရား၊ ယှဉ်ဖက်တရားဟု သုံးစွဲရ၏။ ထောပတ်၊ ပျားရည်၊ ထန်းလျက်၊ ဆီလေးမျိုးကို ရောလျက် ချက်ပြီးသောအခါ အရသာကို ခွဲခြားမရနိုင်သကဲ့သို့ စိတ်စေတသိက်တရားများ အထက်ပါ အင်္ဂါ ၄ ပါးနှင့်အညီ အတူတကွဖွဲ့စည်းပြီးသောအခါ အချင်းချင်းညီမျှကြ၏။ အချင်းချင်းမျှတလိုက်လျောကြ၏။ စိတ်စေတသိက်တို့ ဤသို့အညီအမျှ ဖွဲ့စည်းဖြစ်ပေါ်မှုကိုသာ သမ္ပယုတ်တရား၊ ယှဉ်သောတရား၊ ယှဉ်ဖက်တရားဟု သုံးစွဲရ၏။

http://www.dhammadownload.com



အိမ်တစ်အိမ်၌ အတူနေကြသော်လည်း အိမ်သားများ အားလုံး စိတ်သဘောချင်း ညီညွတ်မျှတကြသည်ကားမဟုတ်၊ ထိုနည်းအတူ နာမ်နှင့် ရုပ်တရားတို့ အတူတကွဖြစ်ကြသော်လည်း အထက်ပါအင်္ဂါလေးချက်နှင့် မညီညွတ်သောကြောင့် သမ္ပယုတ်တရား၊ ယှဉ်ဖက်တရားဟု မခေါ်နိုင်ပေ။

## စေတသိက်လက္ခဏာ ၄ ပါး

၁။ စိတ်နှင့်အတူတကွဖြစ်ခြင်း

၂။ စိတ်နှင့်အတူတကွချုပ်ခြင်း

၃။ စိတ်နှင့်အာရုံယူမှုတူခြင်း

၄။ စိတ်နှင့် မှီရာတူခြင်း

ဤသို့ စေတသိက် လက္ခဏာလေးပါးပြား၏။

**မှတ်ချက်** ။ ကာမဘုံ၊ ရူပဘုံ၌ဖြစ်သော စိတ်မှာ ယှဉ်သော စေတသိက်တိုင်း၌ ဤစေတသိက်လက္ခဏာ လေးပါးလုံးအပြည့်အစုံရ၏။ အရူပဘုံ၌ ရုပ်မရှိသောကြောင့် စိတ်နှင့်မှီရာ ဝတ္ထုတူခြင်းဟူ သော လက္ခဏာတစ်ပါးကို မရနိုင်။

## စေတသိက် ၅၂ ပါး

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက် | ၁၃–ပါး |
| ၂။ | အကုသိုလ် စေတသိက် | ၁၄–ပါး |
| ၃။ | သောဘနစေတသိက် | ၂၅–ပါး |
| | **ပေါင်း စေတသိက်** | **၅၂–ပါး** |

**အမှာ** ။ စေတသိက် ၅၂ ပါးကို အစု (ရာသီ) အားဖြင့် ရေတွက်ပြပါဟု မေးလျှင် ဤအတိုင်းဖြေပါ။

http://www.dhammadownload.com



## အညသမာန်းစေတသိက် ၁၃ ပါး

အချို့စေတသိက်သည် စိတ်ကိုစိတ်ဆိုး စိတ်ယုတ်မာဖြစ်အောင် ဖျက်ဆီးသော စေတသိက်နှင့်လည်း ပေါင်းစပ်ယှဉ်တွဲဖြစ်၏။ ရံခါ စိတ်ကောင်း စိတ်မြတ်ဖြစ်အောင် အားဖြည့်ပေးသော စေတသိက်နှင့်လည်းပေါင်းစပ်ယှဉ်တွဲဖြစ်၏။ ထိုသို့စေတသိက်နှစ်မျိုးလုံးနှင့် ပေါင်းစပ်ယှဉ်တွဲဖြစ်သော စေတသိက်ကို အညသမာန်းစေတသိက်ခေါ်၏။

## အညသမာန်းစေတသိက် ၁၃ ပါး

| | | |
|---|---|---|
| ၁။ | သဗ္ဗစိတ္တသာဓါရဏစေတသိက် | ၇–ပါး |
| ၂။ | ပကိဏ်းစေတသိက် | ၆–ပါး |
| | **ပေါင်း စေတသိက်** | **၁၃–ပါး** |

## သဗ္ဗစိတ္တသာဓာရဏစေတသိက်

စိတ်အားလုံးနှင့် ဆက်ဆံသော စိတ်အားလုံးနှင့် ယှဉ်တွဲဖြစ်သော စေတသိက်ကို သဗ္ဗစိတ္တသာဓာရဏစေတသိက်ခေါ်၏။ ဤစေတသိက် ခုနစ်ပါးသည် စိတ်ဖြစ်တိုင်း အမြဲပါသော စေတသိက်ဖြစ်၏။

### ( ကျက်ရန် )
### သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး

၁။ ဖဿ

၂။ ဝေဒနာ

၃။ သညာ

၄။ စေတနာ

၅။ ဧကဂ္ဂတာ

၆။ ဇီဝိတိန္ဒြေ

၇။ မနသိကာရ

http://www.dhammadownload.com



## ၁ – ဖဿ

အာရုံကိုတွေ့ထိခြင်း၊ ဓါတ်ခိုက်ခြင်းသဘောကို ဖဿခေါ်၏

**လက္ခဏာ** – ဖဿသည် အာရုံကို တွေ့ထိခြင်းလက္ခဏာရှိ၏။

**ရသ** – အာရုံနှင့် စိတ်ကို ဆက်စပ်ပေးခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – အာရုံနှင့် စိတ်တို့ ပေါင်းဆုံခြင်းတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ရှေးရှုကျရောက်လာသော အာရုံဟူသော နီးသောအကြောင်း ရှိ၏။

**မှတ်ချက်** ။ ။ ဖဿဖြစ်ရန် အနီးဆုံးအကြောင်းမှာ ထင်လာသော အာရုံ ပင်ဖြစ်၏။ ပဒဋ္ဌာန်၏ အဓိပ္ပါယ်ကို ဤသို့အကျဉ်းအားဖြင့် ဆိုလိုရင်း အဓိပ္ပါယ် ကို မှတ်ထားပါ။ ကြွင်းသောစေတသိက်တို့၏ ပဒဋ္ဌာန်ကိုလည်း ဖဿကိုနည်းမှီ ၍ ဆိုလိုရင်းကိုသိအောင် ကြိုးစားပါ။

## ၂ – ဝေဒနာ

အာရုံ၏ အရသာကို ခံစားခြင်းသဘောကို ဝေဒနာခေါ်၏။

**လက္ခဏာ** – ဝေဒနာသည် အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိ၏။

**ရသ** – အာရုံ၏ အရသာကို ခံစားခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – စိတ်မှာမှီ၍ သာယာခြင်းသဘောရှိသော တရားဟု ယောဂီ ဉာဏ်တွင်ထင်လာ၏။

**ပဒဋ္ဌာန်** – ပဿဒ္ဓိတရားနှစ်ပါးဟူသော နီးစွာသောအကြောင်းရှိ၏။

http://www.dhammadownload.com



## ၃ – သညာ

အာရုံ၏ မှတ်သားခြင်းသဘောကို သညာခေါ်၏။

**လက္ခဏာ** – သညာသည် အာရုံကို အမှတ်အသားပြု၍ သိခြင်းလက္ခဏာ ရှိ၏။

**ရသ** – ရှေးကမှတ်သားအပ်ဖူးသော အမှတ်အသားဖြင့် နောက်ထပ် သိခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – မိမိယူအပ်တိုင်းသော အမှတ်အသားဖြင့် နှလုံးသွင်းတတ်၊ စွဲလမ်းတတ်သော တရားဟု ယောဂီဉာဏ်၌ထင်လာ၏။

**ပဒဋ္ဌာန်** – ထင်လာတိုင်းသော အာရုံဟူသော နီးစွာသောအကြောင်းရှိ၏။

## ၄ – စေတနာ

အတူတကွ ယှဉ်တွဲဖြစ်ကြသော သမ္ပယုတ်တရားတို့ကို နှိုးဆော် တိုက်တွန်းခြင်းသဘောကို စေတနာခေါ်၏။

**လက္ခဏာ** – စေတနာသည် အာရုံ၌ အတူတကွ ယှဉ်တွဲဖြစ်ကြသော စိတ်၊ စေတသိက် သမ္ပယုတ်တရားတို့ကို နှိုးဆော်ခြင်း၊ တိုက်တွန်း ခြင်းလက္ခဏာရှိ၏။

**ရသ** – ကြောင့်ကြဗျာပါရပြုခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – စီမံခန့်ခွဲတတ်သောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – အတူတကွ ယှဉ်တွဲဖြစ်ကြသော နာမ်ခန္ဓာသုံးပါးဟူသော နီးစွာသောအကြောင်းရှိ၏။

## ၅ – ဧကဂ္ဂတာ

အာရုံတစ်ခုတည်းမှာ စိတ်ကိုတည်တံ့အောင်ထားခြင်း သဘောကို ဧကဂ္ဂတာခေါ်၏။

**လက္ခဏာ** – ဧကဂ္ဂတာသည် မရွေ့မလည် တည်ကြည်ခြင်းလက္ခဏာရှိ၏။

http://www.dhammadownload.com



**ရသ** – အတူတကွ ယှဉ်တွဲဖြစ်ကြသော စိတ်စေတသိက်တို့ကို ဖရိုဖရဲ မကြဲရအောင် ပေါင်းစုပေးခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – လေငြိမ်သောအရပ်၌ ထွန်းထားသော မီးတောက်ငြိမ်သက်သကဲ့သို့ အာရုံ၌ငြိမ်သက်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ချမ်းသာမှု (သုခ) ဟူသော နီးသောအကြောင်းရှိ၏။

## ၆ – ဇီဝိတိန္ဒြေ

အတူတကွ ယှဉ်တွဲဖြစ်ကြသော စိတ်စေတသိက်တရားများ၏ အသက်ကို ဇီဝိတခေါ်၏။

**လက္ခဏာ** – ဇီဝိတိန္ဒြေသည် အတူတကွ ယှဉ်တွဲဖြစ်ကြသော သမ္ပယုတ်တရားတို့ကို စောင့်ရှောက်ခြင်းလက္ခဏာရှိ၏။

**ရသ** – အတူတကွ ယှဉ်တွဲဖြစ်ကြသော သမ္ပယုတ်တရားတို့ကို ဥပါဒ်ခဏမှ ဘင်ခဏတိုင်အောင်ဖြစ်စေခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – အတူတကွယှဉ်တွဲဖြစ်ကြသော သမ္ပယုတ်တရားတို့ကို ဘင်ခဏမတိုင်မီ ဖြစ်တည်နေအောင်ထားတတ်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ဥပါဒ်ခဏမှစ၍ ဘင်ခဏသို့ကျအောင် ရောက်စေထိုက်သော တရားလျှင် နီးသောအကြောင်းရှိ၏။

## ၇ – မနသိကာရ

နှလုံးသွင်းခြင်းသဘောကို မနသိကာရခေါ်၏။

**လက္ခဏာ** – မနသိကာရသည် အတူတကွ ယှဉ်တွဲဖြစ်သော သမ္ပယုတ်တရားတို့ကို အာရုံသို့ ဖြောင့်ဖြောင့်မတ်မတ်သွားစေခြင်း လက္ခဏာရှိ၏။ (အာရုံကို နှလုံးသွင်းခြင်း လက္ခဏာရှိ၏။)

http://www.dhammadownload.com



**ရသ** – အတူတကွ ယှဉ်တွဲဖြစ်သော တရားတို့ကို အာရုံနှင့်ယှဉ်စပ်ပေးခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – အာရုံသို့ ရှေးရှုသောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – အာရုံဟူသော နီးသောအကြောင်းရှိ၏။

## ပကိဏ်းစေတသိက်

စိတ်အားလုံးမှာ မယှဉ်ဘဲ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်တို့၌ ယှဉ်သင့်သလို ရောပြွမ်းယှဉ်သော စေတသိက်ကို ပကိဏ်းစေတသိက်ခေါ်၏။

## ပကိဏ်းစေတသိက် ၆ ပါး

### ( ကျက်ရန် )

၁။ ဝိတက်
၂။ ဝိစာရ
၃။ အဓိမောက္ခ
၄။ ဝီရိယ
၅။ ပီတိ
၆။ ဆန္ဒ

## ၁ – ဝိတက်

ကြံစည်ခြင်း၊ စိတ်ကူးခြင်း၊ စဉ်းစားခြင်းသဘောကို ဝိတက်ခေါ်၏။

**လက္ခဏာ** – ဝိတက်သည် စိတ်ကိုအာရုံသို့ ရှေ့ရှုတင်ပေးခြင်း၊ လက္ခဏာရှိ၏။ (အာရုံကို ကြံစည်ခြင်း လက္ခဏာရှိ၏။)

**ရသ** – အစစွာ တီးခေါက်ခြင်း၊ ထက်ဝန်းကျင် တီးခေါက်ခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – အာရုံ၌စိတ်ကို ဆွဲဆောင်တတ်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ထင်လာသော အာရုံဟူသော နီးသောအကြောင်းရှိ၏။

http://www.dhammadownload.com



## စေတနာ၊ မနသိကာရ၊ ဝိတက်အထူး

''အာရုံ၌ အတူတကွ ယှဉ်တွဲဖြစ်စေသော သမ္ပယုတ်တရားတို့ကို ဖွဲ့စပ်ခြင်းသည် စေတနာမည်၏။''

မနသိကာရသည် အတူတကွယှဉ်တွဲဖြစ်သော သမ္ပယုတ်တရားတို့ကို အာရုံနှင့် ယှဉ်စပ်ပေးခြင်းကိစ္စရှိ၏'' ဟု ဆိုခဲ့၏။

တစ်ဖန်ဝိတက်သည် အတူတကွ ယှဉ်တွဲဖြစ်သော သမ္ပယုတ်တရားတို့ကို အာရုံသို့တင်ပေးခြင်းလက္ခဏာရှိ၏'' ဟု ဆိုပြန်ရာ ထိုသုံးပါးသည် သဘောတူသလိုဖြစ်နေ၏။ ထိုသုံးပါးအဘယ်ကဲ့သို့ ထူးခြားသနည်းဟု မေးစရာရှိ၏။

ပြိုင်လှေတစ်စင်း လှေလှော်ကြရာ၌ လှေဦးကပန်းဆွတ်သူ၊ ဝမ်းကလှော်သူ၊ ပဲ့ကပဲ့ကိုင်သူဟူ၍ ဤလူသုံးယောက်တို့ တစ်ပြိုင်နက် လှေကိုလှော်ကြသော်လည်း ဝမ်းကလှော်သူမှာ ပန်းတိုင်သို့အတွင် ရောက်အောင်လှော်ပေးဖို့သာအရေးကြီး၏။ ပဲ့ကိုင်သူမှာ ပန်းတိုင်သို့ ဖြောင့်ဖြောင့်သွားစေဖို့သာ အရေးကြီး၏။ ဦးကလှော်သူမှာ ပန်းတိုင်သို့ရောက်သောအခါ ပန်းဆွတ်ဖို့သာ အရေးကြီး၏။

ဤဉပမာအတိုင်း အတူတကွယှဉ်တွဲဖြစ်ကြသော သမ္ပယုတ်တရားတို့ကို အာရုံသို့ ရောက်သွားအောင် ဝိတက်မှာ အတင်းနှင်ကာတင်ပေးရန်တာဝန်ရှိ၏။ ဝိတက်သည် လှေဝမ်းကလှော်သူနှင့်တူ၏။ မနသိကာရမှာ အာရုံသို့ ဖြောင့်ဖြောင့်ရောက်အောင် သမ္ပယုတ်တရားတို့ကို ဖြောင့်ပေးရန်တာဝန်ရှိ၏။ မနသိကာရသည် ပဲ့ကိုင်သူနှင့်တူ၏။ စေတနာမှာ အာရုံ၌အတူတကွ ယှဉ်တွဲဖြစ်ကြသော သမ္ပယုတ်တရားတို့ကို ဖွဲ့စပ်ပေးရန်ကိစ္စရှိ၏။ စေတနာသည် ပန်းဆွတ်သူနှင့်တူ၏။

F 7 R

http://www.dhammadownload.com



## ၂ – ဝိစာရ

အာရုံမှာ အဖန်ဖန်လှည့်ခြင်း၊ အာရုံကို အဖန်ဖန်အထပ်ထပ်သုံးသပ်ခြင်းသဘောကို ဝိစာရခေါ်၏။

**လက္ခဏာ** – ဝိစာရသည် အာရုံကို အဖန်ဖန်အထပ်ထပ် ပွတ်တိုက်သုံးသပ်ခြင်းလက္ခဏာရှိ၏။

**ရသ** – အတူတကွဖြစ်ဖက်တရားတို့ကို အဖန်ဖန်ယှဉ်ကပ်စေခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – စိတ်ကိုအာရုံ၌ အစဉ်မပြတ် ဖွဲ့စပ်တတ်သော တရားဟု ယောဂီဉာဏ်၌ထင်လာ၏။

**ပဒဋ္ဌာန်** – စိတ်ဝိညာဏ်ဟူသော နီးစွာသောအကြောင်းရှိ၏။

### ဝိတက်၊ ဝိစာရအထူး

ဝိတက်၊ ဝိစာရတို့အချို့စိတ်မှာ အတူယှဉ်ကြသော်လည်း အာရုံကို ရှေးဦးစွာ ယူသောအခါ ဝိတက်သဘောထင်ရှား၏။ ဝိစာရသဘော မထင်ရှားပါ။ ရှေးဦးစွာယူပြီးသောအာရုံကို ထပ်ကာထပ်ကာ ယူသောအခါ ဝိစာရသဘောထင်ရှား၏။ ဝိတက်သဘောမထင်ရှားပါ။

ဝိတက်၏အာရုံယူပုံက ကြမ်းတမ်း၏။ ခေါင်းလောင်းကြေးစည်ကို တီးခတ်လိုက်သောအခါ ရှေးဦးစွာထွက်လာသောအသံနှင့်တူ၏။ ဝိစာရ အာရုံယူပုံက သိမ်မွေ့၏။ ပထမတီးခေါက်ပြီးနောက် တဟီဟီမြည်နေသော ကြေးညည်းသံနှင့်တူ၏။

ဝိတက်၏ အာရုံယူပုံက တုန်တုန်လှုပ်လှုပ်ရှိ၏။ ငှက်ကြီးက ကောင်းကင်သို့ ပျံတက်လိုသောအခါ အတောင်ကို အားကုန်ခတ်သည်နှင့်တူ၏။ ပန်းနံ့ရသော ပိတုန်း၏ ပဒုမာကြာတောသို့ ရောက်အောင်တရှိန်ထိုး ပျံသွားသည်နှင့်လည်းတူ၏။

http://www.dhammadownload.com



ဝိစာရ၏ အာရုံယူပုံက ငြိမ်သက်လှ၏။ ကောင်းကင်သို့ပျံတက်ပြီးသော ငှက်ကြီး၏အတောင်ကို ဆန့်တန်းကာ လေဟုန်စီးပြီးပျံဝဲနေသည်နှင့်တူ၏။ ပဒုမာကြာတောသို့ ရောက်သွားသောပိတုန်း၏ ပဒုမာကြာတောအပေါ်မှာ ရစ်ဝဲနေသည်နှင့်လည်းတူ၏။ ဝိတက် ဝိစာရ ဤသို့ထူး၏။

## ၃ – အဓိမောက္ခ

မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေဆုံးဖြတ်နိုင်ခြင်း သဘောကို အဓိမောက္ခခေါ်၏။

**လက္ခဏာ** – အဓိမောက္ခသည် အာရုံ၌ဆုံးဖြတ်နိုင်ခြင်း လက္ခဏာရှိ၏။

**ရသ** – ရွှေ့ရှားလျက်အာရုံ၌ မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာတရား၏ ဆန့်ကျင်ဘက်ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – ဆုံးဖြတ်တတ်သောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ဆုံးဖြတ်အပ်သော တရားဟူသော နီးစွာသော အကြောင်း ရှိ၏။

## ၄ – ဝီရိယ

အားထုတ်ခြင်း၊ ဆိုင်ရာ လုပ်ငန်းကို ပြုလုပ်ရန် မကြောက်မရွံ့ရဲရင့်ခြင်း နောက်မတွန့်ခြင်းသဘောကို ဝီရိယခေါ်၏။

**လက္ခဏာ** – ဝီရိယသည် အတူတကွ ယှဉ်တွဲဖြစ်ကြသော သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခြင်းလက္ခဏာနှင့် ချီးမြှောက်ခြင်း လက္ခဏာရှိ၏။

တစ်နည်း။ ။ ဝီရိယသည် ရသည့်ဆင်းရဲ အံကြိတ်ခဲ၍ အမြဲသည်းခံခြင်းလက္ခဏာရှိ၏။

**ရသ** – အတူတကွဖြစ်ဖက်တရားတို့ကို ထောက်ပံ့ခြင်းကိစ္စရှိ၏။

http://www.dhammadownload.com



**ပစ္စုပဋ္ဌာန်** – ဆုတ်နစ်ခြင်းမရှိသောတရားအဖြစ် ယောဂီဉာဏ်၌ထင်လာ၏။

**ပဒဋ္ဌာန်** – ထိတ်လန့်ခြင်းသံဝေဂဟူသော နီးစွာသော အကြောင်းရှိ၏ (ကုသိုလ်၌သာရနိုင်၏)

တစ်နည်း ။ ။ အားထုတ်ခြင်း ( ဝီရိယ ) ၏ အကြောင်း၊ ဝီရိယာရမ္ဘဝတ္ထုဟူသော နီးစွာသော အကြောင်းရှိ၏။

## ၅ – ပီတိ

အာရုံတစ်ခုခုကိုနှစ်သက်အားရ သဘောကျနေခြင်းသဘောကို ပီတိခေါ်၏။

**လက္ခဏာ** – ပီတိသည် အာရုံ၌ လွန်စွာနှစ်သက်ခြင်း လက္ခဏာရှိ၏။

**ရသ** – ကိုယ်စိတ်နှစ်ပါးကို နှစ်သက်ပြည့်ဖြိုးပွားတိုးစေခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – စိတ်ကိုတက်ကြွစေတတ်သောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စိတ်ဝိညာဏ်ဟူသော နီးစွာသောအကြောင်းရှိ၏။

## ၆ – ဆန္ဒ

အာရုံတစ်ခုခုကိုပြုလိုခြင်း၊ ရယူလိုခြင်းသဘောကို ဆန္ဒခေါ်၏။ ကြည့်လိုမှု၊ ကြားလိုမှု၊ နမ်းလိုမှု၊ အရသာခံစားလိုမှု၊ ထိလိုမှု၊ သိလိုမှုသဘောကို ဆန္ဒခေါ်၏။

**လက္ခဏာ** – ဆန္ဒသည်အာရုံကိုပြုလိုခြင်း (ရယူလိုခြင်း) လက္ခဏာရှိ၏။

**ရသ** – အာရုံကိုရှာဖွေခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – အာရုံကိုအလိုရှိသော တရားအဖြစ် ယောဂီဉာဏ်၌ထင်လာ၏။

**ပဒဋ္ဌာန်** – အာရုံဟူသောနီးစွာသောအကြောင်းရှိ၏။

**အညသမာန်းစေတသိက်ပြီး၏။**

၉ ၉ ၉ ၉ ၉

http://www.dhammadownload.com



## အကုသိုလ်စေတသိက်

စိတ်ကိုညစ်ပေစေပြီး စိတ်ဆိုးစိတ်ယုတ်မာဖြစ်အောင် ခြယ်လှယ်သော စေတသိက်ကို အကုသိုလ်စေတသိက်ခေါ်၏။ စိတ်သည်ပင်ကိုက သန့်ရှင်းဖြူစင်နေသော်လည်း မောဟစသော အကုသိုလ်စေတသိက်များ ပူးကပ်ဝင်ရောက်ခြယ်လှယ်သောအခါ ညစ်ပေသွားပြီး စိတ်ဆိုးစိတ်ယုတ်မာဖြစ်သွားရ၏။ ထိုစိတ်ဆိုးစိတ်ယုတ်မာသည် ဖျက်အားပိုကောင်း၏။

စိတ်ဆိုးစိတ်ယုတ်မာသည် စိတ်ဆိုးစိတ်ယုတ်မာရှိသူကိုသာမက ပတ်ဝန်းကျင်သက်ရှိသက်မဲ့အားလုံးကိုပါ ဆင်းရဲပျက်စီးစေနိုင်၏။ အကုသိုလ်စေတသိက်များသည် လူသားတိုင်းသန္တာန်၌ ဖြစ်ပေါ်နေပြီး အာရမ္မဏပစ္စည်း ပကတူပနိဿယ ပစ္စည်းများဖြင့် ကျေးဇူးပြုနေကြ၏။ ထို့ကြောင့် အကုသိုလ်စေတသိက်များ လူသားများ၏စိတ်အစဉ်သို့ ကူးစက်ပျံ့နှံ့နေ၏။ ယင်းအကုသိုလ် စေတသိက်များကို အခြေခံ၍ လူသားများမကောင်းမှု ဒုစရိုက်များကို ပြုလုပ်နေကြ၏။ ကြီးနိုင်ငယ်ညှဉ်းမှုများ၊ မတရားမှုများ လူလောက၌ ဖြစ်ပေါ်နေကြ၏။ သို့ပါ၍ အနာရောဂါဆိုးများဖြစ်ပွားခြင်း၊ ရာသီဥတုဖောက်ပြန်ပြီး အစားအစာရှားပါးမှုကြောင့် ငတ်မွတ်ခေါင်းပါးခြင်း၊ အစွမ်းထက်သောလက်နက်များကို စွဲကိုင်၍ အချင်းချင်းသတ်ဖြတ်ခြင်းစသော မကောင်းကျိုးများကို တွေ့ကြုံခံစားနေကြရ၏။

ထိုသို့ အကုသိုလ်စေတသိက်များ မကောင်းကျိုးများကို ဖြစ်ပေါ်စေနိုင်သဖြင့် ယင်းအကုသိုလ်စေတသိက်များ လူ့စိတ်ထဲ၌မဖြစ်ပေါ်ရအောင် **"စိတ်ကိုလုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ထားကြ"** ဟု ဗုဒ္ဓကသတိပေးမိန့်ကြားတော်မူခဲ့၏။ လူသားတို့သည် မိမိစိတ်ထဲမှာဖြစ်ပေါ်နေကြသော စေတသိက်များကို အဆိုးအကောင်း မခွဲခြားနိုင်ဘဲ လူ၏ လွတ်လပ်ခွင့်၊ လူ့အခွင့်အရေး၊ လူ့ဓလေ့၊ လူ့သဘာဝဟု အထင်မှားကာ မကောင်းမှုဒုစရိုက်များကို ပျော်ရွှင်စွာ ပြုလုပ်နေကြ၏။ ဗုဒ္ဓဖေါ်ထုတ် ဟောပြောတော်မူခဲ့သော တရားတော်များကိုလည်း ဘာသာရေးတရားဟု အထင်မှားကာ မလေ့လာဘဲနေကြ၏။ လူသားတိုင်းသည် မိမိစိတ်ထဲမှာ ဖြစ်ပေါ်နေကြသော အကုသိုလ် စေတသိက်များကို သိရှိအောင်ဗုဒ္ဓအဘိဓမ္မာကို လေ့လာသင်ကြားပြီး ယင်းအကုသိုလ်

http://www.dhammadownload.com



စေတသိက်များ မိမိစိတ်ထဲမှာ မဖြစ်ပေါ်ရအောင် ကြိုးစားနိုင်ကြလျှင် လူ့ဘဝ လုံခြုံမှုရှိလာပြီး လူသားတိုင်းမျှော်လင့်နေကြသော ငြိမ်းချမ်းမှုအစစ်ကို အမှန်ပင် ရရှိခံစားကြရမည်ဖြစ်၏။ လက်နက်အားကိုးဖြင့် ပြဿနာကိုအဖြေရှာ၍ မရ နိုင်ကြောင်း သဘောပေါက်သင့်ကြ၏။

လူ့ဘဝလူ့ချမ်းသာသည် တိရစ္ဆာန်ဘဝနှင့်လုံးဝခြားနား၏။ လူ့စိတ်ကို မထိန်းသိမ်းနိုင်ဘဲ အကုသိုလ်စေတသိက်များ လွှမ်းမိုးကြီးစိုးသွားလျှင်လူသည် တိရစ္ဆာန်ဘဝမျိုး ဖြစ်သွားမည်သာဖြစ်၏။ တိရစ္ဆာန်ဘဝမျိုးဖြစ်သွားလျှင် လူ့ဘဝ၏ ထူးခြားချက်များလည်း ပျောက်ကွယ်သွားမည်သာဖြစ်၏။ ထိုသို့ လူ့ဘဝ၏ ထူးခြားချက်များမပျောက်ကွယ်ရအောင် အကုသိုလ်စေတသိက်များ လူ့စိတ်ကို မလွှမ်းမိုးစေရန် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ရမည်သာဖြစ်၏။

## အကုသိုလ်စေတသိက် ၁၄ပါး

**( ကျက်ရန် )**

| | | | |
|---|---|---|---|
| ၁။ | မောဟ | ၈။ | ဒေါသ |
| ၂။ | အဟိရိက | ၉။ | ဣဿာ |
| ၃။ | အနောတ္တပ္ပ | ၁၀။ | မစ္ဆရိယ |
| ၄။ | ဥဒ္ဒစ္စ | ၁၁။ | ကုက္ကုစ္စ |
| ၅။ | လောဘ | ၁၂။ | ထိန |
| ၆။ | ဒိဋ္ဌိ | ၁၃။ | မိဒ္ဓ |
| ၇။ | မာန | ၁၄။ | ဝိစိကိစ္ဆာ |

### ၁ – မောဟ

စိတ်ကိုမှောင်ချခြင်း၊ အာရုံ၏အမှန်သဘောကို မသိအောင်ဖုံးကွယ်ခြင်း သဘောကို **မောဟ** ခေါ်၏။

**လက္ခဏာ** – မောဟသည် စိတ်၏ကန်းခြင်း ( စိတ်ကိုမှောင်ချခြင်း ) လက္ခဏာရှိ၏။

http://www.dhammadownload.com



**ရသ** – ထိုးထြင္းသိတတ္ေသာဉာဏ္၏ ဆန္႔က်င္ဘက္ကိစၥရွိ၏။ တစ္နည္း–အာ႐ုံ၏အမွန္သေဘာကို ဖုံးကြယ္ျခင္းကိစၥရွိ၏။

**ပစၥဳပ႒ာန္** – အက်င့္မွန္၏ ဆန္႔က်င္ဘက္တရားအျဖစ္ ေယာဂီဉာဏ္၌ ထင္လာ၏။

တစ္နည္း ။ ။ ဉာဏ္မ်က္စိကန္းေအာင္ ျပဳတတ္ေသာ တရားဟု ေယာဂီဉာဏ္၌ ထင္လာ၏။

**ပဒ႒ာန္** – မမွန္မကန္ႏွလုံးသြင္းမႈဟူေသာ နီးစြာေသာအေၾကာင္းရွိ၏။

## ၂ – အဟိရိက

မေကာင္းမႈျပဳရမွာကို မစက္ဆုပ္ မ႐ြံ႕ရွာျခင္း၊ မရွက္ျခင္းသေဘာကို **အဟိရိက** ေခၚ၏။

**လကၡဏာ** – အဟိရိကသည္ ဒုစ႐ိုက္မႈမွ မစက္ဆုပ္မ႐ြံ႕ရွာျခင္း လကၡဏာ, မရွက္ျခင္း လကၡဏာရွိ၏။

**ရသ** – မစက္ဆုပ္မ႐ြံ႕ရွာေသာ အျခင္းအရာျဖင့္ မေကာင္းမႈတို႔ကို ျပဳလုပ္ျခင္းကိစၥရွိ၏။

**ပစၥဳပ႒ာန္** – မေကာင္းမႈမွမတြန္႔ဆုတ္ေသာတရားဟု ေယာဂီဉာဏ္၌ ထင္လာ၏။

**ပဒ႒ာန္** – မိမိကိုမေလးစား (တန္ဖိုးမထား)ျခင္းဟူေသာ နီးေသာ အေၾကာင္းရွိ၏။

## ၃ – အေနာတၱပၸ

မေကာင္းမႈျပဳရမွာကို မေၾကာက္လန္႔ျခင္းသေဘာကို **အေနာတၱပၸ** ေခၚ၏။

**လကၡဏာ** – အေနာတၱပၸသည္ ဒုစ႐ိုက္မႈမွ မထိတ္လန္႔ျခင္းလကၡဏာရွိ၏။ တစ္နည္း–ဒုစ႐ိုက္မႈကို မ႐ြံ႕ရွာျခင္းလကၡဏာရွိ၏။

http://www.dhammadownload.com



**ရသ** – မထိတ်လန့်သောအခြင်းအရာဖြင့်မကောင်းမှုကို ပြုလုပ်ခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – မကောင်းမှုမှ မတွန့်ဆုတ်သောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – သူတစ်ပါးကိုမလေးစား (တန်ဖိုးမထား) ခြင်းဟူသော နီးစွာသောအကြောင်းရှိ၏။

## ၄ – ဥဒ္ဓစ္စ

စိတ်ပျံ့လွင့်ခြင်း၊ စိတ်အထက်သို့လွင့်တက်ခြင်း၊ စိတ်မငြိမ်သက်ခြင်း သဘောကို **ဥဒ္ဓစ္စ** ခေါ်၏။

**လက္ခဏာ** – ဥဒ္ဓစ္စသည် စိတ်မငြိမ်သက်ခြင်းလက္ခဏာရှိ၏။

**ရသ** – လေတိုက်ခတ်ခြင်းကြောင့် လှုပ်ရှားနေသော တံခွန်အလံကဲ့သို့ အာရုံတစ်ခုအပေါ်၌ ကောင်းစွာမတည်ငြိမ်ခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – ကျောက်ခဲဖြင့်ပစ်ခတ်ခြင်းကြောင့် အထက်သို့လွင့်တက်သော ပြာကဲ့သို့ စိတ်လှုပ်ရှားကြောင်းတရား အဖြစ်ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စိတ်မငြိမ်သက်ကြောင်း အာရုံတရားကြောင့် မမှန်မကန်နှလုံးသွင်းမှုဟူသော နီးစွာသောအကြောင်းရှိ၏။

## ၅ – လောဘ

ကပ်ငြိတွယ်တာခြင်း၊ လိုချင်မက်မောခြင်း သဘောကို **လောဘ**ခေါ်၏။

**လက္ခဏာ** – လောဘသည် မျောက်နဲ့စေးကဲ့သို့ ကပ်ငြိတွယ်တာလျက် အာရုံကိုယူခြင်း လက္ခဏာရှိ၏။

http://www.dhammadownload.com



**ရသ** – လွှန်စွာပူသောဒယ်အိုးထဲသို့ အမဲသားတစ်ကို ပစ်ချလိုက်သော အခါ တစ်ခါတည်းကပ်ငြိနေသကဲ့သို့ အာရုံ၌လွှန်စွာကပ်ငြိခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – အဝတ်၌ ဆီစွန်းနေလျှင် ချွတ်၍မစင်ကြယ်နိုင်သကဲ့သို့ အာရုံ၌ ကပ်ငြိစွဲလမ်းနေလျှင် မစွန့်လွှတ်နိုင်သောတရားဟု ယောဂီ ဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – သံယောဇဉ်၏အာရုံဖြစ်သောတရားတို့၌ သာယာဖွယ်ဟုရှုမြင်တတ်သော ဒိဋ္ဌိဟူသောနီးစွာသော အကြောင်းရှိ၏။

## လောဘ၊ ဆန္ဒအထူး

အစေးဖြင့်ကပ်ထားသကဲ့သို့ အာရုံ၌ငြိကပ်တွယ်တာခြင်း သဘောပါသော လိုချင်မှုသည် **လောဘ**မည်၏။ ငြိကပ်တွယ်တာခြင်းမရှိဘဲ အာရုံတစ်ခုကို ရယူလိုရုံမျှ သဘောသည် **ဆန္ဒ**မည်၏။ လောဘနှင့် ဆန္ဒဤသို့ထူးခြား၏။

## ၆ – ဒိဋ္ဌိ

သဘာဝတရားအပေါ်၌ အမြင်မှားခြင်း၊ အယူမှားခြင်းသဘောကို **ဒိဋ္ဌိ** ခေါ်၏။

**လက္ခဏာ** – ဒိဋ္ဌိသည် စီးပွားချမ်းသာကို ရနိုင်ခြင်းအကြောင်း မဟုတ်သော အားဖြင့် မှားမှားယွင်းယွင်းနှလုံးသွင်းခြင်း လက္ခဏာရှိ၏။

**ရသ** – မှားသောအားဖြင့် သုံးသပ်ခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – မှားသောအားဖြင့် လွှန်လွှန်ကဲကဲနှလုံးသွင်းတက်သောတရားဟုယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ဘုရားစသောအရိယာသူတော်ကောင်းတို့ကို မတွေ့မြင်လိုခြင်း စသောနီးစွားသောအကြောင်းရှိ၏။

http://www.dhammadownload.com



## ၇ – မာန

ထောင်လွှားတက်ကြွခြင်း သဘောကို **မာန** ခေါ်၏။

**လက္ခဏာ** – မာနသည် ထောင်လွှားတက်ကြွခြင်း လက္ခဏာရှိ၏။

**ရသ** – အတူတကွ ယှဉ်တွဲဖြစ်ကြသော သမ္ပယုတ်တရားတို့ကို ချီးမြှောက်ခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – တံခွန် အလံပမာတက်ကြွ မြင့်မောက်လိုသောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ဒိဋ္ဌိနှင့်မယှဉ်သော လောဘဟူသော နီးစွာသောအကြောင်းရှိ၏။

## ၈ – ဒေါသ

ကိုယ်စိတ်ကြမ်းတမ်းခြင်းသဘောကို **ဒေါသ**ခေါ်၏။ မြွေပွေးမြွေဟောက်ကို တုတ်နှင့်ထိခိုက်မိသောအခါ ရှူးခနဲထလာသကဲ့သို့ မနှစ်သက်စရာအာရုံနှင့်တွေ့ကြုံလာရသောအခါ ရှူးရှူးရှဲရှဲဖြစ်ပြီး ကိုယ်ရောစိတ်ပါ ကြမ်းတမ်းလျက် အမျက်ထွက်စိတ်ဆိုးခြင်း သဘောကို **ဒေါသ** ခေါ်၏။

**လက္ခဏာ** – ဒေါသသည် ကြမ်းတမ်းသော ကိုယ်စိတ်ဖြစ်ကြောင်း လက္ခဏာ ရှိ၏။

**ရသ** – မိုးကြိုးကျခြင်းကဲ့သို့ အမြင်မကောင်းသောအနိဋ္ဌရုပ်များ တစ်ကိုယ်လုံး၌ ပျံ့နှံ့ခြင်း သမ္ပတ္တိရသနှင့် မူလပင်ကိုသဘောမှဖောက်ပြန်ခြင်း ကိစ္စရှိ၏။

တစ်နည်း – တောမီးကဲ့သို့ မိမိမှီရာစိတ်၊ သတ္တဝါကို လောင်ကျွမ်းခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – ဖျက်ဆီးရန် အခွင့်အလမ်းရသောရန်သူကဲ့သို့ ကိုယ်စိတ်နှစ်ပါးကို ဖျက်ဆီးတတ်သောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ရန်ငြိုးဖွဲ့ကြောင်း အာဃာတဝတ္ထုဟူသော နီးစွာသော အကြောင်းရှိ၏။

http://www.dhammadownload.com



## ၉ – ကုက္ကုစ္စ

ငြူစူခြင်း၊ မနာလိုခြင်းသဘောကို **ဣဿာ** ခေါ်၏။

**လက္ခဏာ** – ဣဿာသည် သူတစ်ပါးစည်းစိမ်းကို ငြူစူ (မနာလို) ခြင်း လက္ခဏာရှိ၏။

**ရသ** – သူတစ်ပါးစည်းစိမ်း၌ မမွေ့လျော်ခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – မရှုစိတ်နိုင်ဘဲမျက်နှာလွဲတက်သောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – သူတစ်ပါးစည်းစိမ်ဟူသော နီးသောအကြောင်းရှိ၏။

## ၁၀ – မစ္ဆရိယ

သဝန်တိုခြင်းသဘောကို **မစ္ဆရိယ** ခေါ်၏။

**လက္ခဏာ** – မစ္ဆရိယသည် မိမိစည်းစိမ်ကိုလျှို့ဝှက်ခြင်း လက္ခဏာရှိ၏။

**ရသ** – မိမိပစ္စည်းသူတစ်ပါးနှင့် ဆက်ဆံခြင်းကို သည်းမခံနိုင်ကိစ္စ ရှိ၏။

**ပစ္စုပဋ္ဌာန်** – စွန့်ကြဲပေးကမ်းလှူဒါန်းမှု၊ မိမိပစ္စည်းသူတစ်ပါးနှင့် ဆက်ဆံစေမှု၌ တွန့်တိုတက်သောတရားဟူ၍လည်းကောင်း၊ ခါးစပ်သော အရသာသည် စားသုံးသူကို နောက်တွန့်သွားစေသကဲ့သို့ တောင်းရမ်းသူကိုမြင်လျှင် စိတ်ရောကိုယ်ပါ တွန့်သွားစေတတ်သော တရားဟူ၍လည်းကောင်း ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – မိမိပစ္စည်းဟူသော နီးစွာသောအကြောင်းရှိ၏။

## ၁၁ – ကုက္ကုစ္စ

မကောင်းမှုအကုသိုလ်ကိုပြုလုပ်မိ၍ဖြစ်စေ၊ ကုသိုလ်ကောင်းမှုမပြုလုပ်မိ၍ဖြစ်စေ နောင်တတစ်ဖန် ပူပန်မှုကို **ကုက္ကုစ္စ** ခေါ်၏။

http://www.dhammadownload.com



**လက္ခဏာ** – ကုက္ကုစ္စသည် နောက်တစ်ဖန်ပူပန်ခြင်း လက္ခဏာရှိ၏။

**ရသ** – ပြုလုပ်ပြီးသောဒုစရိုက်၊ မပြုလုပ်မိသောသုစရိုက်သို့ အစဉ်လိုက်၍ ဝမ်းနည်းခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – နှလုံးမသာယာခြင်းရှိသောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ပြုလုပ်အပ်ပြီးသောဒုစရိုက်၊ မပြုလုပ်မိသောသုစရိုက်ဟူသော နီးသောအကြောင်းရှိ၏။

## ၁၂ – ထိန

စိတ်မလန်းဆန်းဘဲ ခပ်ထိုင်းထိုင်းဖြစ်နေခြင်း သဘောကို **ထိန** ခေါ်၏။

**လက္ခဏာ** – ထိနသည် အားမထုတ်ခြင်း လက္ခဏာရှိ၏။

**ရသ** – ဝီရိယကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – ဆုတ်နစ်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်လက်ဆန့်တန်းခြင်းရှိသူအဖြစ် စသည်တို့၌ မသင့်မတင့် နှလုံးသွင်းမှုဟူသော နီးသော အကြောင်းရှိ၏။

## ၁၃ – မိဒ္ဓ

ယှဉ်ဖက်စေတသိတ်တရားများ မလန်းဆန်းဘဲ မှိုင်းထိုင်းဖြစ်နေခြင်း သဘောကို **မိဒ္ဓ** ခေါ်၏။

**လက္ခဏာ** – မိဒ္ဓသည် ထိုထိုလုပ်ငန်းကိစ္စများ၌ ခံ့ခံ့ညားညားမရှိခြင်း လက္ခဏာရှိ၏။

**ရသ** – ယှဉ်ဖက်စေတသိက်တရားများကို လေးလံအောင် ဖွဲ့ထားခြင်း ကိစ္စရှိ၏။

http://www.dhammadownload.com



**ပစ္စုပဋ္ဌာန်** – တွန့်ဆုတ်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

တစ်နည်း – မျက်တောင်တလှုပ်လှုပ်ရှိအောင် အိပ်ငိုက်ခြင်း အကျိုးကို ဖြစ်စေတတ်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။ (ဖလပစ္စုပဋ္ဌာန်)

**ပဒဋ္ဌာန်** – ကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်လက်ဆန့်တန်းခြင်း ရှိသူအဖြစ် စသည်တို့၌ မမှန်မကန် နှလုံးသွင်းမှုဟူသော နီးသောအကြောင်းရှိ၏။

## ၁၄ – ဝိစိကိစ္ဆာ

ဘုရား, တရား စသော အစစ်အမှန်တရားများအပေါ်၌ ယုံမှားခြင်း၊ ဟုတ်လေသလား မဟုတ်လေသလားဟု သံသယဖြစ်ခြင်း သဘောကို **ဝိစိကိစ္ဆာ** ခေါ်၏။

**လက္ခဏာ** – ဝိစိကိစ္ဆာသည် ယုံမှားခြင်း လက္ခဏာရှိ၏။

**ရသ** – တုန်လှုပ်ခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – မဆုံးဖြတ်နိုင်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – မမှန်မကန် နှလုံးသွင်းမှုဟူသော နီးသော အကြောင်းရှိ၏။

အကုသိုလ် စေတသိက်ပြီး၏။

## သောဘနစေတသိက်

ကိလေသာအညစ်အကြေးများ ကင်းစင်ခြင်းကြောင့် သန့်ရှင်းတင့်တယ်သော စေတသိက်ကို သောဘနစေတသိက်ခေါ်၏။ ဤသန့်ရှင်းတင့်တယ်သော စေတသိက်များနှင့် ယှဉ်တွဲဖြစ်သော စိတ်ကို သောဘန စိတ်ခေါ်၏။ သောဘန စေတသိက်များသည် စိတ်မှာ မှီ၍ ဖြစ်ပြီး စိတ်ကောင်းစိတ်မြတ်ဖြစ်အောင် စိတ်ကို အားဖြည့်ပေးသော စေတသိက်များဖြစ်ကြ၏။ သောဘနစေတသိက်နှင့် ပေါင်းစပ်ယှဉ်တွဲဖြစ်သော စိတ်သည် စိတ်ကောင်းစိတ်မြတ်ဖြစ်

http://www.dhammadownload.com



၏။ ယင်းစိတ်ကောင်းစိတ်မြတ်ကို အခြေခံ၍ လူ၏ ကြံစည်မှု၊ တွေးခေါ်မှု၊ ပြောဆိုမှု၊ လုပ်ကိုင်ဆောင်ရွက်မှု အားလုံးသည် ကြီးပွားချမ်းသာကြောင်း အစစ်ဖြစ်၏။

ယင်းဆောင်ရွက်မှုများသည် အနာရောဂါဆိုးများ မဖြစ်အောင် ကာကွယ်ပေးနိုင်၏။ ရာသီဥတုကို ကောင်းမွန်စေပြီး အသီးအနှံများကို ဖြစ်ထွန်းစေနိုင်၏။ အကြမ်းဖက်မှု၊ နိုင်ထက်စီးနင်းပြုလုပ်မှုများနှင့် ရန်ပွဲ၊ စစ်ပွဲများမဖြစ်အောင် ကာကွယ်ပေးနိုင်၏။ မြင့်မြတ်အထက်တန်းကျသော လူ့ဘုံ၊ နတ်ဘုံများသို့ ပို့ဆောင်ပေးနိုင်၏။ ဆင်းရဲအားလုံးချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် အခြေခံလမ်းကြောင်းဖြစ်၏။ ထို့ကြောင့် လူသားသည် မောဟစသော အကုသိုလ်စေတသိက် ၁၄ ပါး မိမိစိတ်အစဉ်၌ မဖြစ်အောင်နှင့် ယခုပြမည့် သောဘနစေတသိက်များ အဆင့်ဆင့်ဖြစ်ပွားရင့်ကျက်လာအောင် ကြိုးစားရမည်သာဖြစ်၏။

## သောဘနစေတသိက် ၂၅ ပါး

| | |
|---|---|
| သောဘနသာဓာရဏစေတသိက် | ၁၉–ပါး |
| ဝိရတီစေတသိက် | ၃–ပါး |
| အပ္ပမညာစေတသိက် | ၂–ပါး |
| ပညိန္ဒြေစေတသိက် | ၁–ပါး |
| **ပေါင်း** | **၂၅–ပါး** |

## သောဘန သာဓာရဏစေတသိက် ၁၉ ပါး

သောဘနစိတ်အားလုံးနှင့် ယှဉ်သော စေတသိက်ကို သောဘန သာဓာရဏစေတသိက်ခေါ်၏။ သောဘနသာဓာရဏ စေတသိက်သည် အောက်ပါအတိုင်း ၁၉ ပါးပြား၏။

၁။ သဒ္ဓါ၊ ၁၁။ စိတ္တလဟုတာ၊
၂။ သတိ၊ ၁၂။ ကာယမုဒုတာ၊

http://www.dhammadownload.com



| | | | |
|---|---|---|---|
| ၃။ | ဟိရီ၊ | ၁၃။ | စိတ္တမုဒုတာ၊ |
| ၄။ | ဩတ္တပ္ပ၊ | ၁၄။ | ကာယကမ္မညတာ၊ |
| ၅။ | အလောဘ၊ | ၁၅။ | စိတ္တကမ္မညတာ၊ |
| ၆။ | အဒေါသ၊ | ၁၆။ | ကာယပါဂုညတာ၊ |
| ၇။ | တတြမဇ္ဈတ္တတာ၊ | ၁၇။ | စိတ္တပါဂုညတာ၊ |
| ၈။ | ကာယပဿဒ္ဓိ၊ | ၁၈။ | ကာယုဇုကတာ၊ |
| ၉။ | စိတ္တပဿဒ္ဓိ၊ | ၁၉။ | စိတ္တုဇုကတာ။ |
| ၁၀။ | ကာယလဟုတာ၊ | | |

## ၁။ သဒ္ဓါ

ယုံကြည်ခြင်း သဘောကို **သဒ္ဓါ**ခေါ်၏။ ဘုရား၊ တရား၊ သံဃာ၊ ကံ၊ ကံ၏ အကျိုး၊ ပစ္စုပ္ပန်လောက၊ တမလွန်လောကတို့၌ ဟုတ်လေသလား မဟုတ်ဘဲများရှိလေရော့သလားဟု ယုံမှားသံသယကင်းရှင်းပြီး အမှန်တကယ်ရှိသည်ဟု စိတ်ချလက်ချရှိမှုကို ယုံကြည်သည်ဟု ခေါ်၏။

**လက္ခဏာ** – သဒ္ဓါသည် ယုံခြင်းလက္ခဏာရှိ၏။

**ရသ** – နောက်ကျုနေသောရေကို ကြည်လင်စေတတ်သော ပတ္တမြားကဲ့သို့ အတူတကွ ယှဉ်တွဲဖြစ်ကြသော သမ္ပယုတ်တရားတို့ကို ကြည်လင်စေခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – မနောက်ကျုသောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ရတနာသုံးပါး၊ ကံတရား၊ ကံ၏ အကျိုးတရား၊ ပစ္စုပ္ပန်လောက၊ တမလွန်လောကဟူ၍ ယုံကြည်ထိုက်သော ဝတ္ထုဟူသော နီးသောအကြောင်းရှိ၏။

**အမှာ။** သဒ္ဓါ၏ လက္ခဏာစသည်ကို လေးနည်းလောက်တွေ့ရ၏။ ဤကျမ်းစာသည် အခြေခံကျမ်းစာဖြစ်၏ ။ သို့ပါ၍ လက္ခဏာ တစ်မျိုးကိုသာ ပြလိုက်ပါသည်။

http://www.dhammadownload.com



## ၂။ သတိ

အောက်မေ့ခြင်း၊ အမှတ်ရခြင်း သဘောကို **သတိ** ခေါ်၏။ လောကမှာ အောက်မေ့စရာ အမှတ်ရစရာ များပြားလှသော်လည်း အောက်မေ့အမှတ်ရသမျှကို သတိမခေါ်ပေ။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါး၏ ဂုဏ်တော်နှင့် အခြားကုသိုလ်ကောင်းမှု ဆိုင်ရာကိစ္စကို အောက်မေ့ခြင်း၊ အမှတ်ရခြင်းကိုသာ သတိခေါ်၏။

**လက္ခဏာ** – ဗူးတောင်းသည် ရေ၌ကောင်းစွာ မတည်ဘဲ ပေါ်လောမျော သွားသကဲ့သို့ သတိသည်အတူတကွ ယှဉ်တွဲဖြစ်သော သမ္ပယုတ်တရားတို့ကို အာရုံ၌ မျောပါမသွားရအောင် အာရုံ၌ ခိုင်မြဲစွာထားခြင်း လက္ခဏာရှိ၏။

**ရသ** – အာရုံကို မမေ့ပျောက်စေခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – အာရုံကို စောင့်ရှောက်တတ်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ခိုင်မြဲသော သညာဟူသော နီးသောအကြောင်းရှိ၏။

## ၃။ ဟိရီ

မကောင်းမှုဒုစရိုက်ပြုလုပ်ရမှာကို ရှက်ခြင်းသဘောကို **ဟိရီ** ခေါ်၏။

**လက္ခဏာ** – ဟိရီသည် မကောင်းမှုမှ စက်ဆုတ်ခြင်း လက္ခဏာရှိ၏။

**ရသ** – ရှက်ခြင်း (အမူအရာ) အခြင်းအရာဖြင့် မကောင်းမှု ဒုစရိုက်တို့ကို မပြုလုပ်ခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – မကောင်းမှုဒုစရိုက်တို့မှ တွန့်ဆုတ်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – မိမိအပေါ်၌ လေးစားမှု (တန်ဖိုးထားမှု) ဟူသော နီးသော အကြောင်းရှိ၏။

http://www.dhammadownload.com



## ၄။ ဩတ္တပ္ပ

မကောင်းမှု ဒုစရိုက်ပြုရမှာကို ကြောက်လန့်နေခြင်း သဘောကို **ဩတ္တပ္ပ** ခေါ်၏။

**လက္ခဏာ** – ဩတ္တပ္ပသည် မကောင်းမှုမှကြောက်လန့်ခြင်း လက္ခဏာရှိ၏။

**ရသ** – ကြောက်လန့်သော (အမူအရာ) အခြင်းအရာအားဖြင့် မကောင်းမှု ဒုစရိုက်တို့ကိုမပြုလုပ်ခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – မကောင်းမှုဒုစရိုက်တို့မှ တွန့်ဆုတ်သောတရားဟု ယောဂီ ဉာဏ်၌ထင်လာ၏။

**ပဒဋ္ဌာန်** – သူတစ်ပါးအပေါ်၌ လေးစားမှု (တန်ဖိုးထားမှု) ဟူသော နီးသော အကြောင်းရှိ၏။

### လောကစောင့်တရား

ဟိရီနှင့်ဩတ္တပ္ပတရားကို လောကပါလ (လောကစောင့်) တရားဟုဗုဒ္ဓ မိန့်ကြားတော်မူခဲ့၏။ လူသားများ၏ စိတ်အစဉ်မှာ အရှက်အကြောက်ရှိနေခြင်း ကြောင့် တိရစ္ဆာန်ဘဝကဲ့သို့ အဖေနှင့်သမီး၊ အမေနှင့်သား၊ မောင်နှင့်နှမစသည် ဖြင့် ရောနှောရှုပ်ထွေးမသွားဘဲ အတော်အတန်သန့်ရှင်းစင်ကြယ်နေခြင်းဖြစ်၏။ လူသားတို့ သန္တာန်၌ အရှက်အကြောက်ကင်းမဲ့သွားလျှင် လူသားများသည် စည်းပျက်ကာတိရစ္ဆာန် ဘဝကဲ့သို့ ရောနှောရှုပ်ထွေးသွားပေလိမ့်မည်။

မြန်မာတို့သည် ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်ခဲ့ခြင်းကြောင့် လွန်စွာ အရှက်အကြောက်ကြီးလှ၏။ စီးပွားရေးသမားများသည် မိမိစီးပွားဖြစ်ရေးတစ်ခု ကိုသာကွက်ကြည့်လျက် အရှက်အကြောက်ကြီးလှသော မြန်မာ့စိတ်ဓါတ် ယဉ် ပါးလာအောင် နိုင်ငံခြားဗီဒီယိုခွေကိုပြသလျက် စီးပွားရှာနေကြ၏။ မြန်မာ့လူငယ် များသည် စီးပွားရေးသမားများ၏ လှည့်ကွက်ကိုရှောင်နိုင်အောင် ဗုဒ္ဓအဘိဓမ္မာ ကို သင်ယူပြီးအရှက်အကြောက်တရားကို တိုးပွားစေလျက် မိဘဘိုးဘွားများ ကဲ့သို့ ထိန်းထိန်းသိမ်းသိမ်း နေသင့်ကြ၏။

http://www.dhammadownload.com



## ၅။ အလောဘ

မလိုချင်မတွယ်တာမှုသဘောကို **အလောဘ** ခေါ်၏။

**လက္ခဏာ** – အလောဘသည် အာရုံ၌မမက်မောခြင်း၊ မငြိကပ်ခြင်းလက္ခဏာရှိ၏။

**ရသ** – ရဟန္တာပုဂ္ဂိုလ်သည် မည်သည့်အရာကိုမျှ "ငါ့ဥစ္စာ" ဟုမသိမ်းဆည်းသကဲ့သို့ အလောဘသည် ငါ့ဥစ္စာပဲဟု မသိမ်းဆည်းခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – မစင်တွင်းသို့ကျနေသောသူသည် မစင်များငြိကပ်ပေကျံနေသော်လည်း စိတ်အလိုအားဖြင့် မစင်များ မငြိကပ်စေလိုသကဲ့သို့ အလောဘသည် မငြိကပ်လိုသော သဘောတရာ ဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စိတ်ဝိညာဏ်ဟူသော နီးသောအကြောင်းရှိ၏။

## ၆။ အဒေါသ

မခက်ထန်မကြမ်းတမ်းခြင်း သဘောကို **အဒေါသ** ခေါ်၏။

**လက္ခဏာ** – အဒေါသသည် မကြမ်းတမ်းခြင်း လက္ခဏာရှိ၏။

**ရသ** – ရန်ငြိုးကိုပယ်ဖျောက်ခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – အေးမြသောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စိတ်ဝိညာဏ်ဟူသော နီးသောအကြောင်းရှိ၏။

## ၇။ တတြမဇ္ဈတ္တတာ

လျစ်လျူရှုခြင်း သဘောကို **တတြမဇ္ဈတ္တတာ** ခေါ်၏။ မေတ္တာကဲ့သို့ ချစ်လည်းမချစ်၊ ဒေါသကဲ့သို့ မုန်းလည်းမမုန်းဘဲ အလယ်အလတ်သဘောထားခြင်းကို လျစ်လျူရှုခြင်းခေါ်၏။

http://www.dhammadownload.com



**လက္ခဏာ** – တတြမဇ္ဈတ္တတာ စေတသိက်သည်စိတ်၊ စေတသိက်တရား များကို မိမိကိစ္စ၌ အညီအမျှဆောင်စေ (ဖြစ်စေ) ခြင်းလက္ခဏာရှိ၏။

**ရသ** – အတူတကွယှဉ်တွဲဖြစ်ကြသောစိတ်၊ စေတသိက်တရားများမိမိကိစ္စတို့၌ လျော့ခြင်း လွန်ခြင်းကို တားမြစ်ခြင်းကိစ္စရှိ၏။

တစ်နည်း – အလျော့ဘက်၊ အတိုးဘက်၌ကျရောက်ခြင်းကို ဖြတ်တောက်ခြင်း ကိစ္စရှိ၏။

**မှတ်ချက်** ။ တတြမဇ္ဈတ္တတာစေတသိက်သည် ဘက်မလိုက်ဘဲဆိုင်ရာကိစ္စကို အညီအမျှဆောင်စေသည်ဟု ဆိုလို၏။

**ပစ္စုပဋ္ဌာန်** – လျစ်လျူရှုသော တရားအဖြစ် ယောဂီဉာဏ်၌ ထင်လာ၏။ ညီညီပြေးနေသော အာဇာနည်မြင်းနှစ်ကောင်ကို အသင့်အားဖြင့် ရှုစားသော ရထားထိန်းကဲ့သို့ တတြမဇ္ဈတ္တတာသည် စိတ်၊ စေတသိက်တို့ကို လျစ်လျူရှုသောတရားဖြစ်၏။

**ပဒဋ္ဌာန်** – စိတ်ဝိညာဏ်ဟူသော နီးစွာသော အကြောင်းရှိ၏။

## ဥပေက္ခာဗြဟ္မဝိဟာရ

အပ္ပမညာဗြဟ္မဝိဟာရ ထဲတွင် ပါဝင်သော ဥပေက္ခာဟူသည်၊ ဤ တတြမဇ္ဈတ္တတာစေတသိက်ပင်ဖြစ်၏။ သို့ရာတွင် တတြမဇ္ဈတ္တတာ စေတသိက် အားလုံးကို ဥပေက္ခာမယူရ။ ဘုရားဖူး၊ တရားနာစသော ကိစ္စများမှာဖြစ်သော တတြမဇ္ဈတ္တတာစေတသိက်သည် ဥပေက္ခာဗြဟ္မဝိဟာရမဟုတ်ပါ။ ထိုသို့ သတ္တဝါများအပေါ်၌ လျစ်လျူရှုသော တတြမဇ္ဈတ္တတာစေတသိက်ကိုသာ **ဥပေက္ခာဗြဟ္မဝိဟာရ** ခေါ်၏။

http://www.dhammadownload.com



## ၈။ ကာယ ပဿဒ္ဓိ

စေတသိက်အပေါင်း ငြိမ်းအေးမှုကို **ကာယပဿဒ္ဓိ** ခေါ်၏။

**လက္ခဏာ** – ကာယပဿဒ္ဓိစေတသိက်သည် စေတသိက်အပူများ ငြိမ်းအေးခြင်းလက္ခဏာရှိ၏။

**ရသ** – စေတသိက်များ ပူလောင်မှုကို နှိမ်နင်းပယ်ရှားခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – စေတသိက်အပေါင်းမတုန်လှုပ်သော တရား၊ ငြိမ်းအေးသော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စေတသိက်အပေါင်းဟူသော နီးသော အကြောင်းရှိ၏။

## ၉။ စိတ္တပဿဒ္ဓိ

စိတ် ငြိမ်းအေးမှုသဘောကို **စိတ္တပဿဒ္ဓိ** ခေါ်၏။

**လက္ခဏာ** – စိတ္တပဿဒ္ဓိ စေတသိက်သည် စိတ်၏ ပူလောင်မှုကို ငြိမ်းအေးခြင်းလက္ခဏာရှိ၏။

**ရသ** – စိတ်ပူလောင်မှုကို နှိမ်နင်းပယ်ရှားခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – စိတ်မတုန်လှုပ်သောတရား၊ စိတ်ငြိမ်းအေးသော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စိတ်ဟူသော နီးသောအကြောင်းရှိ၏။

**မှတ်ချက်။** ဤကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိစေတသိက်များသည် ကုသိုလ်ဖြစ်တိုင်း ပါဝင်သော စေတသိက်များဖြစ်ကြ၏။ ထို့ကြောင့် ဒါနပြုသောအခါ၊ သီလဆောက်တည်သောအခါ စိတ် စေတသိက်များ မငြိမ်းအေးဘဲ ပူလောင်နေလျှင် ကုသိုလ်စိတ် မဖြစ်ဟုမှတ်ပါ။

http://www.dhammadownload.com



## ၁၀။ ကာယလဟုတာ

စေတသိက်အပေါင်း ပေါ့ပါးမှု၊ လျှင်မြန်ဖြတ်လတ်မှု သဘောကို **ကာယလဟုတာ** ခေါ်၏။

**လက္ခဏာ** – စေတသိက်အပေါင်း၏ လေးလံခြင်းကို ငြိမ်းစေခြင်း လက္ခဏာရှိ၏။

**ရသ** – စေတသိက်အပေါင်း လေးလံခြင်းကို နှိမ်နင်းပယ်ရှားခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – စေတသိက်အပေါင်း မလေးလံ မနှေးကန်သော တရားအဖြစ် ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စေတသိက်အပေါင်းဟူသော နီးသော အကြောင်းရှိ၏။

## ၁၁။ စိတ္တလဟုတာ

စိတ်၏ ပေါ့ပါးမှု၊ လျှင်မြန်ဖြတ်လတ်မှု သဘောကို **စိတ္တလဟုတာ** ခေါ်၏။

**လက္ခဏာ** – စိတ်၏ လေးလံခြင်းကို ငြိမ်းစေခြင်း လက္ခဏာရှိ၏။

**ရသ** – စိတ်၏ လေးလံခြင်းကို နှိမ်နင်းပယ်ရှားခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – စိတ်၏ မလေးလံမနှေးကန်သော တရားအဖြစ် ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စိတ်ဟူသော နီးသောအကြောင်းရှိ၏။

**မှတ်ချက်။** ခန္ဓာကိုယ်မှာ ကုသိုလ်စိတ်များဖြစ်နေချိန်၌ စိတ် စေတသိက်များ ပေါ့ပါးနေ၏။ အကုသိုလ်စိတ်ဖြစ်နေချိန်မှာ လေးလံနေ၏။ ဘုရားရှိခိုးခြင်း၊ ဘုရားဂုဏ်တော်ပွားများခြင်း၊ မေတ္တာ ပို့ခြင်း၊ ပရိတ်၊ ပဋ္ဌာန်းရွတ်ဖတ်ခြင်း၊ အမှုဝေခြင်းစသော ကုသိုလ်လုပ်ငန်းများကို လုပ်နေချိန်၌

http://www.dhammadownload.com



ပို၍သိသာထင်ရှား၏။ ဥပမာ – ယင်းဘုရားရှိခိုးခြင်း စသော ကုသိုလ်လုပ်ငန်းများကို မပြုလုပ်ဘဲ ည (၉)နာရီ (၁၀)နာရီအချိန်မှာ အိပ်ပျော်သွားပြီး နံနက်အိပ်ရာမှ ထလာသောအခါ စိတ်များ လေးလံနေခြင်း၊ ရုပ်ခန္ဓာကိုယ်လေးလံခြင်းများ ဖြစ်တတ်၏။

ဘုရားရှိခိုးခြင်း၊ ဘုရားဂုဏ်တော်ပွားများခြင်းစသော ဘာဝနာကုသိုလ်များပြုလုပ်ပြီး ည (၁၁)နာရီ (၁၂)နာရီမှ အိပ်သော်လည်း နံနက်စောစောအိပ်ရာမှ ထလာသောအခါ စိတ်ပေါ့ပါးခြင်း၊ ခန္ဓာကိုယ်ပေါ့ပါးခြင်းများ ဖြစ်နေတတ်၏။ သတိထားကြည့်လျှင် အလွန်ထင်ရှားလှ၏။ ဈာန်ရ၍ ကောင်းကင်သို့ ပျံတက်ရာ၌လည်း ဤကာယလဟုတာ၊ စိတ္တလဟုတာစေတသိက်များ၏ သတ္တိပင်ဖြစ်၏။

## ၁၂။ ကာယမုဒုတာ

စေတသိက်အပေါင်းနူးညံ့သိမ်မွေ့ခြင်းသဘောကို **ကာယမုဒုတာ** ခေါ်၏။

**လက္ခဏာ** – ကာယမုဒုတာစေတသိက်သည် စေတသိက်အပေါင်းခက်ထန်ကြမ်းတမ်းခြင်းကို ငြိမ်းအေးစေခြင်း လက္ခဏာရှိ၏။

**ရသ** – စေသိက်အပေါင်း၏ ခက်ထန်ကြမ်းတမ်းခြင်းကို နှိမ်နင်းပယ်ရှားခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – ကောင်းသောအာရုံ၌ မထိပါး မချုပ်ခြယ်တတ်သောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စေတသိက်အပေါင်းဟူသော နီးသောအကြောင်းရှိ၏။

## ၁၃။ စိတ္တမုဒုတာ

စိတ်၏နူးညံ့သိမ်မွေ့ခြင်းသဘောကို **စိတ္တမုဒုတာ** ခေါ်၏။

**လက္ခဏာ** – စိတ္တမုဒုတာစေတသိက်သည် စိတ်၏ခက်ထန်ကြမ်းတမ်းခြင်းကို ငြိမ်းအေးစေခြင်း လက္ခဏာရှိ၏။

http://www.dhammadownload.com



**ရသ** – စိတ်၏ခက်ထန်ကြမ်းတမ်းခြင်းကို နှိမ်နင်းပယ်ရှားခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – ကောင်းသောအာရုံ၌ မထိပါးမချုပ်ခြယ်တတ်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စိတ်ဟူသော နီးသောအကြောင်းရှိ၏။

**မှတ်ချက်။** ဤကာယမုဒုတာ၊ စိတ္တမုဒုတာ စေတသိက်များကြောင့်လူ၏ စိတ်၊ စေတသိက်များ နူးညံ့ သိမ်မွေ့ခြင်းဖြစ်၏။ စိတ်၊ စေတသိက်များ နူးညံ့သိမ်မွေ့ရုံသာမက ရုပ်ခန္ဓာကိုယ်လည်း နူးညံ့သိမ်မွေ့၏ မိမိကိုယ်ကို နှိမ်ချသူ၊ မာန်မာနများ၏ အမူအရာများကိုကြည့်လျှင် ဤမုဒုတာ စေတသိက်များ သဘောထင်ရှား၏။

## ၁၄။ ကာယကမ္မညတာ

ကုသိုလ်အလုပ်၌ စေတသိက်များကောင်းခြင်း၊ ပျော်ပါးခြင်းသဘောကို **ကာယကမ္မညတာ** ခေါ်၏။

**လက္ခဏာ** – ကုသိုလ်အလုပ်၌ စေတသိက်အပေါင်း၏ မကောင်းမွန်မပျော်ပါးခြင်းကို ငြိမ်းစေခြင်း လက္ခဏာရှိ၏။

**ရသ** – ကုသိုလ်အလုပ်၌ စေတသိက်အပေါင်း၏ မကောင်းမွန်ခြင်းကို နှိမ်နင်း ပယ်ရှားခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – စေတသိက်အပေါင်း၏ ပြည့်ပြည့်စုံစုံအာရုံပြုနိုင်သော တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စေတသိက်အပေါင်းဟူသော နီးသောအကြောင်းရှိ၏။

http://www.dhammadownload.com



## ၁၅။ စိတ္တကမ္မညတာ

ကုသိုလ်အလုပ်၌ စိတ်၏ကောင်းမွန်ပျော့ပါးခြင်းသဘောကို **စိတ္တကမ္မည တာ** ခေါ်၏။

**လက္ခဏာ** – ကုသိုလ်အလုပ်၌ စိတ်၏ မကောင်းမွန်, မပျော့ပါးခြင်းကို ငြိမ်းစေခြင်းလက္ခဏာရှိ၏။

**ရသ** – ကုသိုလ်အလုပ်၌ စိတ်၏မကောင်းမွန်ခြင်းကို နှိမ်နင်းပယ်ရှား ခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – စိတ်၏ ပြည့်ပြည့်စုံစုံ အာရုံပြုနိုင်သော တရားဟု ယောဂီ ဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စိတ်ဟူသော နီးသောအကြောင်းရှိ၏။

**မှတ်ချက်။** ကုသိုလ်အလုပ်၌ ကောင်းမွန်ပျော့ပါးခြင်း၊ စိတ်ဝင်စားခြင်း၊ လိုက်လျောခြင်းများသည် ဤကာယကမ္မညတာ၊ စိတ္တကမ္မည တာ စေတသိက်များ၏ သဘောဖြစ်၏။

## ၁၆။ ကာယပါဂုညတာ

စေတသိက်အပေါင်း ကျန်းမာခြင်းသဘောကို **ကာယပါဂုညတာ** ခေါ်၏။

**လက္ခဏာ** – ကာယပါဂုညတာစေတသိက်သည် စေတသိက်အပေါင်းမနာ ကျင် (ကျမ်းမာ) ခြင်းလက္ခဏာရှိ၏။

**ရသ** – စေတသိက်အပေါင်း၏ နာကျင် (မကျန်းမာ) ခြင်းကို နှိမ်နင်း ခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – ကိလေသာအပြစ်အနာမရှိသောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စေတသိက်အပေါင်းဟူသော နီးသောအကြောင်းရှိ၏။

http://www.dhammadownload.com



## ၁၇။ စိတ္တုပါဂုညတာ

စိတ်၏ကျန်းမာခြင်းသဘောကို **စိတ္တုပါဂုညတာ** ခေါ်၏။

**လက္ခဏာ** – စိတ္တုပါဂုညတာစေတသိက်သည် စိတ်မနာကျင် (ကျန်းမာ) ခြင်း လက္ခဏာရှိ၏။

**ရသ** – စိတ်၏နာကျင် (မကျန်းမာ) ခြင်းကို နှိမ်နင်းခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – ကိလေသာအပြစ်အနာ မရှိသောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စိတ်ဟူသော နီးသောအကြောင်းရှိ၏။

**မှတ်ချက်။** လူ့ခန္ဓာကိုယ်၌ ကုသိုလ်စိတ်များ အဖြစ်များလျှင် စိတ်၊ စေတသိက်များ သာမက ရုပ်ခန္ဓာကိုယ်လည်း ကျန်းမာလှ၏။ ခန္ဓာကိုယ်မှာ ကုသိုလ်စိတ်များ အဖြစ်များနေလျှင် ခန္ဓာကိုယ်သည် ကုသိုလ်တရားများတည်ခိုရာ အဆောက်အအုံသဖွယ်ဖြစ်နေ၏။ ကုသိုလ်တရားများ ဆက်ကာဆက်ကာဖြစ်နေခြင်းကြောင့် ဖျားနာခြင်းကင်း၏။ အနာရောဂါကင်းပြီး ကျန်းမာလှ၏။

လူ၏စိတ်အစဉ်၌ အကုသိုလ်တရားများ မကြာခဏဖြစ်ပေါ်နေလျှင် အနာရောဂါများ၏။ ဥတုဖောက်ပြန်ရုံ၊ အစားမှားရုံ၊ အနေအထိုင် မမှန်ရုံဖြင့် နေထိုင်မကောင်းဖြစ်တတ်၏။ ထို့ကြောင့် အနာရောဂါကင်းပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာနေထိုင်လိုလျှင် ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ်များကို အမြဲပင်လုပ်နေသင့်၏။ စိတ်ကျန်းမာခြင်း၊ ကိုယ်ကျန်းမာခြင်းသည် ကုသိုလ်စိတ်၌ ယှဉ်တွဲပါလာသော ကာယပါဂုညတာ၊ စိတ္တုပါဂုညတာ စေတသိက်များ၏ စွမ်းအားကြောင့်ဖြစ်၏။

http://www.dhammadownload.com



## ၁၈။ ကာယုဇုကတာ

စေတသိက်အပေါင်း ဖြောင့်မတ်မှုသဘောကို **ကာယုဇုကတာ** ခေါ်၏။

**လက္ခဏာ** – ကာယုဇုကတာစေသိက်သည် စေတသိက်အပေါင်းဖြောင့်မတ်ခြင်း လက္ခဏာရှိ၏။

**ရသ** – စေတသိက်အပေါင်း ကောက်ကျစ်ခြင်းကို နှိမ်နင်းပယ်ရှားခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – မကောက်ကျစ်သောတရားအဖြစ် ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စေတသိက်အပေါင်းဟူသော နီးသောအကြောင်းရှိ၏။

## ၁၉။ စိတ္တုဇုကတာ

စိတ်၏ ရိုးသားဖြောင့်မတ်မှုသဘောကို **စိတ္တုဇုတကာ** ခေါ်၏။

**လက္ခဏာ** – စိတ္တုဇုကတာ စေတသိက်သည် စိတ်၏ဖြောင့်မတ်ခြင်း လက္ခဏာရှိ၏။

**ရသ** – စိတ်၏ကောက်ကျစ်ခြင်းကို နှိမ်နင်းပယ်ရှားခြင်း ကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – မကောက်ကျစ်သောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စိတ်ဟူသော နီးသောအကြောင်းရှိ၏။

**မှတ်ချက်။** လူ၏သန္တာန်၌ ကုသိုလ်စိတ်များဖြစ်နေလျှင် စိတ်၊ စေတသိက်များသာမက ရုပ်ခန္ဓာကိုယ်ပါ ရိုးသားဖြောင့်မတ်၏။ ထိုသို့ ရိုးသားဖြောင့်မတ်ခြင်းသည် ကုသိုလ်စိတ်နှင့်အတူ ယှဉ်တွဲပါလာသော ကာယုဇုကတာ၊ စိတ္တုဇုကတာ စေတသိက်များကြောင့် ဖြစ်၏။ ထို့ကြောင့် လူလောက၌ လူရိုး လူကောင်းပေါ များစေလိုလျှင် လူ၏စိတ်၌ ကုသိုလ်စိတ်များ ဖြစ်ပွားနေအောင် ပြုစုပျိုးထောင်ပေးရမည်ဖြစ်၏။

http://www.dhammadownload.com



အကုသိုလ်စိတ်ဖြင့်လာလျှင် ရိုးသားဖြောင့်မတ်မှုမရှိတော့ဘဲ လူလိမ် လူကောက်သာများလာ၏။ လူလိမ် လူကောက်များနေလျှင် လူ့ဘဝလုံးခြုံမှု ကင်းမဲ့ပြီးငြိမ်းချမ်းသားယာမှု ပျောက်ကွယ်သွားတတ်၏။

## ဝိရတီစေတသိက် ၃ ပါး

မကောင်းမှု ဒုစရိုက်မှ ရှောင်ကြဉ်ခြင်းကို ဝိရတီခေါ်၏။ ဒုစရိုက် ဒုရာဇီဝ တို့ကို ပြုခွင့်ကြုံပါလျက် မပြုဘဲနေခြင်းကို ရှောင်ကြဉ်ဟုခေါ်၏။ ဝိရတီ စေတသိက်သည် အောက်ပါအတိုင်း သုံးပါပြား၏။

(၁) သမ္မာဝါစာ

(၂) သမ္မာကမ္မန္တ

(၃) သမ္မအာဇီဝ

## ၁။ သမ္မဝါစာ

အသက်မွေးမှုနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက် ၄ ပါးမှ ရှောက်ကြဉ်မှု သဘောကို **သမ္မာဝါစာ** ခေါ်၏။

## ၂။ သမ္မာကမ္မန္တ

အသက်မွေးမှုနှင့် မစပ်ဆိုင်သော ကာယဒုစရိုက် ၃ ပါးမှရှောင်ကြဉ်ခြင်း သဘောကို **သမ္မာကမ္မန္တ** ခေါ်၏။

## ၃။ သမ္မာအာဇီဝ

အသက်မွေးမှုနှင့် မစပ်ဆိုင်သော ဝစီဒုစရိုက် ၄ ပါး၊ ကာယဒုစရိုက် ၃ ပါးမှ ရှောင်ကြဉ်ခြင်းသဘောကို **သမ္မာအာဇီဝ** ခေါ်၏။

**မှတ်ချက်။** ဝိရိတီစေတသိက် ၃ ပါးလုံးကိုပေါင်း၍ လက္ခဏာ စသည်ကို ထုတ်ရမည်။

http://www.dhammadownload.com



**လက္ခဏာ** – ဝိရတီစေတသိက်တို့သည် ကာယဒုစရိုက်စသော ဝတ္ထုတို့ကို မလွန်းကျူးခြင်း လက္ခဏာရှိ၏။

**ရသ** – ကာယဒုစရိုက်စသော ဝတ္ထုတို့မှ တွန့်ဆုတ်ခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – ဒုစရိုက်ကိုမပြုလုပ်သောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ အပ္ပိစ္ဆတာစသော ဂုဏ်ဟူသော နီးစွာသော အကြောင်းရှိ၏။

## အပ္ပမညာစေတသိက် – ၂ ပါး

အတိုင်းအတာပမာဏမထားဘဲ သတ္တဝါပညတ်၌ အာရုံပြု၍ဖြစ်သော တရားကို အပ္ပမညာခေါ်၏။ ဥပမာ– ဆင်းရဲဒုက္ခရောက်နေသူကို သနားရာ၌ ငါ့မိဘဖြစ်၍ သနားသည်၊ ငါ့လူမျိုးဖြစ်၍သနားသည် စသည်ဖြင့် ကန့်သတ်ချက်ဖြင့် သနားမှုကို အပ္ပမညာမခေါ်ပေ။ ဆင်းရဲဒုက္ခရောက်နေသူတိုင်းအပေါ်၌ သနားခြင်း၊ ကယ်တင်လိုခြင်းကိုသာ အပ္ပမညာ ခေါ်၏။ အပ္ပမညာစေတသိက်သည် အောက်ပါအတိုင်း နှစ်ပါးပြား၏။

(၁) ကရုဏာ

(၂) မုဒိတာ

### ၁။ ကရုဏာ

ဆင်းရဲဒုက္ခရောက်နေသော သတ္တဝါ ပညတ်ကို အာရုံပြု၍ သနားခြင်း၊ သူတစ်ပါးမှာ ဖြစ်ပေါ်နေသော ဆင်းရဲဒုက္ခကို ပယ်ရှားလိုခြင်းသဘောကို **ကရုဏာ** ခေါ်၏။

**လက္ခဏာ** – ကရုဏာသည် သူတစ်ပါးဆင်းရဲကို ပယ်ရှားလိုခြင်းလက္ခဏာရှိ၏။

http://www.dhammadownload.com



**ရသ** – သူတစ်ပါးမှာ ဆင်းရဲဒုက္ခဖြစ်ပေါ်လာသောအခါ သည်းမခံနိုင်ခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – သူတစ်ပါးကိုညှဉ်းဆဲလိုမှု၏ ဆန့်ကျင့်ဘက်တရားအဖြစ် ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – ဆင်ရဲဒုက္ခရောက်နေသောသတ္တဝါများ ကိုးကွယ်အားထားရာမဲ့နေပုံကို ရှုမြင့်ခြင်းဟူသော နီးသောအကြောင်းရှိ၏။

**မှတ်ချက်**။ ရှေးကမြန်မာများ ဘုန်းကြီးကျောင်း၌ ဗုဒ္ဓအဘိဓမ္မာကို သင်ယူခဲ့ခြင်းကြောင့် မြန်မာ့စိတ်ဓါတ်၌ ဤကရုဏာစေတသိက် ပျံ့နှံ့နေခဲ့၏။ ထို့ကြောင့် ဆင်းရဲဒုက္ခရောက်နေသူကိုတွေ့လျှင် မိမိအလုပ်ကို ပစ်ထား၍ ကူညီစောင့်ရှောက်ခဲ့ကြ၏။ ရန်ဖြစ်နေသူများကို တွေ့လျှင်လည်း ရန်ဆက်မဖြစ်ရအောင် ဝင်ရောက် ဖြန်ဖြေပေးခဲ့ကြ၏။ မျက်မှောက်ခေတ်လူသားများကာ မိမိနှင့်မဆိုင်သလိုသဘောထားပြီး ရှောင်နေကြ၏။

## ၂။ မုဒိတာ

ချမ်းသားနေသူ၊ အောင်မြင်နေသူကို တွေ့လျှင် ဝမ်းမြောက်ဝမ်းသားဖြစ်နေခြင်းသဘောကို **မုဒိတာ** ခေါ်၏။

**လက္ခဏာ** – မုဒိတာသည် ချမ်းသာနေသော သတ္တဝါများအပေါ်၌ ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။

**ရသ** – မငြူစူခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – သူတစ်ပါးစည်းစိမ်၌ မပျော်မွေ့ခြင်းကို ပယ်ပျောက်တတ်သောတရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – သတ္တဝါများ၏ ပြည့်စုံခြင်းကို တွေ့မြင်ရခြင်းဟူသော နီးသောအကြောင်းရှိ၏။

http://www.dhammadownload.com



## ပညိန္ဒြေ

သဘာဝတရားများ၏ သဘောမှန်ကို ထိုးထွင်းသိမြင်တတ်သော သဘောကို ပညာခေါ်၏။ သင်္ခါရတရား၏ မမြဲခြင်း အနိစ္စသဘော၊ ဆင်းရဲခြင်း ဒုက္ခသဘော၊ အတ္တမဟုတ်ခြင်း အနတ္တသဘောကို သိမြင်ခြင်း၊ လောကီတရားများ၏ ဆင်းရဲခြင်းဒုက္ခ၊ ဆင်းရဲဖြစ်ကြောင်း တဏှာသမုဒယ၊ ဆင်းရဲချုပ်ရာ နိရောဓ၊ နိဗ္ဗာန်သို့သွားရောက်ကြောင်း အခြေခံလမ်းကြောင်း မဂ္ဂကိုသိမြင်ခြင်း၊ ကုသိုလ်ကံ အကုသိုလ်ကံနှင့် ယင်းကံ၏အကျိုးတရားကိုသိမြင်ခြင်း စသည်တို့ကို **ပညာ** ခေါ်၏။

သိမှုကိစ္စမှာ အစိုးတရဖြစ်သောကြောင့် ပညာစေတသိက်ကိုပဲ **ပညိန္ဒြေ** ဟုခေါ်၏။

**လက္ခဏာ** – ပညာသည် အမှောင်ကျနေသောလူ့စိတ်ထဲမှာ အလင်းရောင်ကို ထွန်းပြခြင်းလက္ခဏာရှိ၏။

**ရသ** – ဆီမီးရောင်ထွန်းပြသကဲ့သို့ အာရုံကိုထွန်းပြခြင်းကိစ္စရှိ၏။

**ပစ္စုပဋ္ဌာန်** – တောထဲ၌ လမ်းညွှန်ပြတတ်သူသည် မျက်စိမလည်နိုင်သကဲ့သို့ အာရုံ၌တွေဝေမှုမောဟ၏ ဆန့်ကျင်ဘက်တရားဟု ယောဂီဉာဏ်၌ ထင်လာ၏။

**ပဒဋ္ဌာန်** – စိတ်ဝိညာဏ်ဟူသော နီးသောအကြောင်းရှိ၏။

## နိယတယောဂီ

စေတသိက် ၅၂–ပါးတွင် နိယတ ယောဂီစေတသိက်၊ အနိယတယောဂီ စေတသိက်ဟု နှစ်မျိုးရှိ၏၊ ထို့တွင် –

မိမိတို့ ယှဉ်ဖက်စိတ်ဖြစ်တိုင်းဖြစ်တိုင်း အမြဲယှဉ်လျက်ပါရှိသော စေတသိက်ကို နိယတယောဂီစေတသိက်ခေါ်၏။

http://www.dhammadownload.com



## နိယတယောဂီစေတသိက် ၄၁-ပါး

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက် | ၁၃-ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ၊ ဒေါသ၊ ဝိစိကိစ္ဆာ ဟူသော အကုသိုလ်စေတသိက် | ၈-ပါး |
| ၃။ | သောဘနသာစာရဏစေတသိက် | ၁၉-ပါး |
| ၄။ | ပညာစေတသိက် | ၁-ပါး |
| | **ပေါင်း** | **၄၁-ပါး** |

## အနိယတယောဂီ

မိမိတို့ယှဉ်ဖက် စိတ်ဖြစ်တိုင်း စိတ်ဖြစ်တိုင်း အမြဲမယှဉ်ဘဲ တစ်ခါတစ်ရံ၌သာ ယှဉ်သော စေတသိက်ကို **အနိယတယောဂီ** စေတသိက်ခေါ်၏။

## အနိယတယောဂီ စေတသိက် ၁၁-ပါး

| | | |
|---|---|---|
| ၁။ | ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စစေတသိက် | ၃-ပါး |
| ၂။ | ဝိရတီ စေတသိက် | ၃-ပါး |
| ၃။ | ကရုဏာ၊ မုဒိတာ စေတသိက် | ၂-ပါး |
| ၄။ | မာန စေတသိက် | ၁-ပါး |
| ၅။ | ထိန၊ မိဒ္ဓစေတသိက် | ၂-ပါး |
| | **ပေါင်း** | **၁၁-ပါး** |

http://www.dhammadownload.com



## နာနာကဒါဝိစေတသိက်

တစ်ခါတစ်ရံ၌သာ ယှဉ်သော်လည်း တစ်ပေါင်းတည်း မယှဉ်ဘဲ အသီးအသီး တစ်ပါးစီ တစ်ပါးစီသာ ယှဉ်သော စေတသိက်ကို **နာနာကဒါဝိစေတသိက်** ခေါ်၏။ ထိုနာနာကဒါဝိစေတသိက်သည် အောက်ပါအတိုင်း ၈-ပါး ပြား၏။

| | | |
|---|---|---|
| ၁။ | ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ စေတသိက် | ၃-ပါး |
| ၂။ | ဝိရတီ စေတသိက် | ၃-ပါး |
| ၃။ | အပ္ပမညာ စေတသိက် | ၂-ပါး |
| | **ပေါင်း** | **၈-ပါး** |

## ကဒါဝိစေတသိက် ၁-ပါး

မာန စေတသိက်သည် **ကဒါဝိစေတသိက်** ဖြစ်၏။

## သဟကဒါဝိစေတသိက် ၂-ပါး

ထိန၊ မိဒ္ဓသည် သဟကဒါဝိစေတသိက်ဖြစ်၏။

တစ်ရံတစ်ခါယှဉ်ရာ၌ ထိနနှင့် မိဒ္ဓသည် အတူတကွ ယှဉ်၏၊ ထို့ကြောင့် သဟကဒါဝိ စေတသိက်ဖြစ်၏။

## "လေ့ကျင့်ခန်း"

၁။ ဖဿစေတသိက်၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ကို ရေး၍ ဝေဒနာ စေတသိက်၏ ကိစ္စ(ရသ)ကိုလည်း ရေးခဲ့ပါ။

၂။ လူတစ်ဦး၌ ဆန္ဒပြင်းပြမှု ဖြစ်ပေါ်လာရခြင်းအကြောင်းကို ရေး၍၊ လူသည် တိရစ္ဆာန်ဘဝမျိုး နိမ့်ကျမသွားရအောင် အဘယ်တရားက စောင့်ရှောက်ထားပါသနည်း ဖြေဆိုပါ။

http://www.dhammadownload.com



၃။ တွယ်တာမှု၊ စွန့်လွှတ်မှုရှိသူ သန္တာန်၌ဖြစ်သော စိတ်ကို ဖော်ပြ၍ ဘုရားဂုဏ်တော်ကို ပွားများရာ၌ စိတ်ဝင်စားစွာ ပွားများသူ၏ သန္တာန်၌ဖြစ်သောစိတ်ကို ဖော်ပြပါ။

၄။ အောက်ပါလူသားတို့ သန္တာန်၌ ဖြစ်သင့်သော စိတ်တို့ကို ဖော်ပြပါ။

(က) ဘဝင်မြင့်စိတ်ကြီးဝင်သူ၊ (ဃ) အလိုရမ္မက်ကြီးသူ၊
(ခ) သည်းမခံတတ်ရန်ဖြစ်တတ်သူ၊ (င) အနာဂတ်၌ ဒွိဟဖြစ်သူ၊
(ဂ) စာမေးပွဲခိုးပြေရန် မရှက်သူ၊ (စ) ဝန်တိုသူ၊

## သမ္ပယောဂနည်း

စိတ်တို့၌ စေတသိက်များ အသီးအသီးယှဉ်ပုံယှဉ်ဟန်ကို ပြသောနည်းသည် **သမ္ပယောဂနည်း** မည်၏။

## စေတသိက်များ ယှဉ်ရာစိတ်

၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးသည် စိတ်အားလုံး၌ ယှဉ်၏။

၂။ ပကိဏ်းစေတသိက် ၆–ပါးသည် ဒွေပဉ္စဝိညာဏ်တစ်ဆယ်မှ တစ်ပါး စိတ်အားလုံး၌ ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်၏။

၃။ အကုသိုလ်စေတသိက် ၁၄–ပါးသည် အကုသိုလ်စိတ်၌သာ ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်၏။

၄။ သောဘန စေတသိက် ၂၅–ပါးသည် သောဘနစိတ်၌သာ ယှဉ်ထိုက်သည်အားလျော်စွာ ယှဉ်၏။

## အညသမာန်းစေတသိက်သမ္ပယောဂနည်း ၇–ပါး

အညသမာန်း စေတသိက်များ စိတ်၌ယှဉ်ပုံကိုပြသော နည်းကို **အညသမာန်းသမ္ပယောဂနည်း** ခေါ်၏။

http://www.dhammadownload.com



## အညသမာန်းစေတသိက်များ စိတ်မှာယှဉ်ပုံပြဇယား

| စဉ် | စေတသိက် | ယှဉ် | မယှဉ် | ပေါင်း |
|---|---|---|---|---|
| ၁ | သဗ္ဗစိတ္တသာဓာရဏ ၇-ပါး | ၈၉ | - | ၈၉ |
| ၂ | ဝိတက် | ၅၅ | ၆၆ | ၁၂၁ |
| ၃ | ဝိစာရ | ၆၆ | ၅၅ | ၁၂၁ |
| ၄ | အဓိမောက္ခ | ၇၈ | ၁၁ | ၈၉ |
| ၅ | ဝီရိယ | ၇၃ | ၁၆ | ၈၉ |
| ၆ | ပီတိ | ၅၁ | ၇၀ | ၁၂၁ |
| ၇ | ဆန္ဒ | ၆၉ | ၂၀ | ၈၉ |

## ၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ယှဉ်သောစိတ်

### ( ကျက်ရန် )

သမ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါးသည် စိတ်အကျဉ်း ၈၉-ပါး၊ အကျယ် ၁၂၁ ပါးတို့၌ ယှဉ်၏။ မယှဉ်သောစိတ်မရှိ။

**မှတ်ချက်။** သမ္ဗစိတ္တသာဓာဏစေတသိက်သည် စိတ်အများဆုံးယှဉ်သော စေတသိက်ဖြစ်၏။

## ၂။ ဝိတက်ယှဉ်ရာစိတ် ၅၅-ပါး

| | | |
|---|---|---|
| ၁။ | ဒွေပဥ္စဝိညာဏ် ၁၀-ကြည့် ကာမစိတ် | ၄၄-ပါး |
| ၂။ | ပထမစျာန်စိတ် | ၁၁-ပါး |
| | **ပေါင်း** | **၅၅-ပါး** |

http://www.dhammadownload.com



## ဝိတက်မယှဉ်သောစိတ် ၆၆ ပါး

| | | |
|---|---|---|
| ၁။ | ဒွေပဉ္စဝိညာဏ် | ၁၀–ပါး |
| ၂။ | ဒုတိယဈာန် | ၁၁–ပါး |
| ၃။ | တတိယဈာန် | ၁၁–ပါး |
| ၄။ | စတုတ္ထဈာန် | ၁၁–ပါး |
| ၅။ | ပဉ္စမဈာန် | ၂၃–ပါး |
| | **ပေါင်း** | **၆၆–ပါး** |

## ၃။ ဝိစာရယှဉ်သောစိတ် ၆၆ ပါး

| | | |
|---|---|---|
| ၁။ | ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ် ကာမစိတ် | ၄၄–ပါး |
| ၂။ | ပထမဈာန်စိတ် | ၁၁–ပါး |
| ၃။ | ဒုတိယဈာန်စိတ် | ၁၁–ပါး |
| | **ပေါင်း** | **၆၆–ပါး** |

## ဝိစာရမယှဉ်သောစိတ် ၅၅ ပါး

| | | |
|---|---|---|
| ၁။ | ဒွေပဉ္စဝိညာဏ် | ၁၀–ပါး |
| ၂။ | တတိယဈာန်စိတ် | ၁၁–ပါး |
| ၃။ | စတုတ္ထဈာန်စိတ် | ၁၁–ပါး |
| ၄။ | ပဉ္စမဈာန်စိတ် | ၂၃–ပါး |
| | **ပေါင်း** | **၅၅–ပါး** |

http://www.dhammadownload.com



## ၄။ အဝိမောက္ခယှဉ်သောစိတ် ၇၈ ပါး

| | | |
|---|---|---|
| ၁။ | ဝိစိကိစ္ဆာသဟဂုတ်ကြဉ် အကုသိုလ်စိတ် | ၁၁–ပါး |
| ၂။ | ဒွေပဉ္စဝိညာဏ် ၁၀–ကြဉ် အဟိတ်စိတ် | ၈–ပါး |
| ၃။ | ကာမာဝစရသောဘနစိတ် | ၂၄–ပါး |
| ၄။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၅။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၆။ | လောကုတ္တရာစိတ် | ၈–ပါး |
| | **ပေါင်း** | **၇၈–ပါး** |

## အဝိမောက္ခမယှဉ်သောစိတ် ၁၁ ပါး

| | | |
|---|---|---|
| ၁။ | ဝိစိကိစ္ဆာသဟဂုတ်စိတ် | ၁–ပါး |
| ၂။ | ဒွေပဉ္စဝိညာဏ် | ၁၀–ပါး |
| | **ပေါင်း** | **၁၁–ပါး** |

## ၅။ ဝီရိယယှဉ်သောစိတ် ၇၃ ပါး

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| ၃။ | ဟသိတုပ္ပါဒ်စိတ် | ၁–ပါး |
| ၄။ | ကာမာဝစရသောဘနစိတ် | ၂၄–ပါး |
| ၅။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၆။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၇။ | လောကုတ္တရာစိတ် | ၈–ပါး |
| | **ပေါင်း** | **၇၃–ပါး** |

http://www.dhammadownload.com



## ဝီရိယမယှဉ်သောစိတ် ၁၆ ပါး

| | | |
|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| ၂။ | ဒွေပဉ္စဝိညာဏ် | ၁၀–ပါး |
| ၃။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂–ပါး |
| ၄။ | သန္တီရဏစိတ် | ၃–ပါး |
| | **ပေါင်း** | **၁၆–ပါး** |

## ၆။ ပီတိယှဉ်သောစိတ် ၅၁–ပါး

| | | |
|---|---|---|
| ၁။ | လောဘမူသောမနဿ သဟဂုတ်စိတ် | ၄–ပါး |
| ၂။ | အဟိတ်သောမနဿသဟဂုတ်စိတ် | ၂–ပါး |
| ၃။ | ကာမာဝစရသောဘန သောမနဿသဟဂုတ်စိတ် | ၁၂–ပါး |
| ၄။ | ပထမစျာန်စိတ် | ၁၁–ပါး |
| ၅။ | ဒုတိယစျာန်စိတ် | ၁၁–ပါး |
| ၆။ | တတိယစျာန်စိတ် | ၁၁–ပါး |
| | **ပေါင်း** | **၅၁–ပါး** |

## ပီတိမယှဉ်သောစိတ် ၇၀ ပါး

| | | |
|---|---|---|
| ၁။ | ဒေါမနဿ သဟဂုတ်စိတ် | ၂–ပါး |
| ၂။ | ဥပေက္ခာသဟဂုတ်စိတ် | ၅၅–ပါး |
| ၃။ | ကာယဝိညာဏ်စိတ် | ၂–ပါး |
| ၄။ | စတုတ္ထစျာန်စိတ် | ၁၁–ပါး |
| | **ပေါင်း** | **၇၀–ပါး** |

http://www.dhammadownload.com



## ၇။ ဆန္ဒယှဉ်သောစိတ် ၆၉ ပါး

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈–ပါး |
| ၂။ | ဒေါသမူစိတ် | ၂–ပါး |
| ၃။ | ကာမာဝစရသောဘနစိတ် | ၂၄–ပါး |
| ၄။ | ရူပါဝစရစိတ် | ၁၅–ပါး |
| ၅။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၆။ | လောကုတ္တရာစိတ် | ၈–ပါး |
| | **ပေါင်း** | **၆၉–ပါး** |

## ဆန္ဒမယှဉ်သောစိတ် ၂၀ ပါး

| | | |
|---|---|---|
| ၁။ | မောဟမူစိတ် | ၂–ပါး |
| ၂။ | အဟိတ်စိတ် | ၁၈–ပါး |
| | **ပေါင်း** | **၂၀–ပါး** |

**မှတ်ချက်**။ အဓိမောက္ခ၊ ဝီရိယ၊ ဆန္ဒတို့သည် စိတ်အကျဉ်း၌ ယှဉ်ကြ၏။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ စေတသိက်တို့သည် စိတ်အကျယ်၌ ယှဉ်ကြ၏။

## ပကိဏ်းစေတသိက် ၆ ပါးလုံးယှဉ်သောစိတ်

| | | |
|---|---|---|
| ၁။ | လောဘမူ–သောမနဿ သဟဂုတ်စိတ် | ၄–ပါး |
| ၂။ | ကာမာဝစရသောဘန သောမနဿ သဟဂုတ်စိတ် | ၁၂–ပါး |
| ၃။ | ပထမဈာန်စိတ် | ၁၁–ပါး |
| | **ပေါင်း** | **၂၇–ပါး** |

http://www.dhammadownload.com



## ပကိဏ်းစေတသိက် ၆ ပါးလုံးမယှဉ်သောစိတ်

ဒွေပဥ္စဝိညာဏ် . . . ၁၀–ပါး

## သပ္ပီတိက သုခသဟဂုတ်စိတ်

ပီတိယှဉ်သော စိတ် ၅၁ ပါးသည် သပ္ပီတိက သုခသဟဂုတ်စိတ် ဖြစ်၏။

## နိပ္ပီတိက သုခသဟဂုတ်စိတ်

| | | |
|---|---|---|
| ၁။ | သုခသဟဂုတ်ကာယဝိညာဏ်စိတ် | ၁–ပါး |
| ၂။ | စတုတ္ထဈာန်စိတ် | ၁၁–ပါး |
| | **ပေါင်း** | **၁၂–ပါး** |

## အညသမာန်းသမ္ပယောဂနည်း ၇ ပါး

| | | |
|---|---|---|
| ၁။ | သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့၏ စိတ်အားလုံး၌ယှဉ်ပုံ | ၁–နည်း |
| ၂။ | ဝိတက်၏ စိတ် ၅၅ ပါး၌ယှဉ်ပုံ | ၁–နည်း |
| ၃။ | ဝိစာရ၏ စိတ် ၆၆ ပါး၌ယှဉ်ပုံ | ၁–နည်း |
| ၄။ | အဓိမောက္ခ၏ စိတ် ၇၈ ပါး၌ယှဉ်ပုံ | ၁–နည်း |
| ၅။ | ဝီရိယ၏ စိတ် ၇၃ ပါး၌ယှဉ်ပုံ | ၁–နည်း |
| ၆။ | ပီတိ၏ စိတ် ၅၁ ပါး၌ယှဉ်ပုံ | ၁–နည်း |
| ၇။ | ဆန္ဒ၏ စိတ် ၆၉ ပါး၌ယှဉ်ပုံ | ၁–နည်း |
| | **ပေါင်း** | **၇–နည်း** |

http://www.dhammadownload.com



## စက်လှည့်သရုပ်ခွဲပုံ

၁။ ဝိတက်သာယှဉ်၍ ပီတိမယှဉ်သောစိတ် ၂၆ပါး

၂။ ပီတိသာယှဉ်၍ ဝိတက်မယှဉ်သောစိတ် ၂၂–ပါး

၃။ ဝိတက်၊ ပီတိနှစ်ပါးစုံယှဉ်သောစိတ် ၂၉–ပါး

၄။ ဝိတက်၊ ပီတိနှစ်ပါးစုံမယှဉ်သောစိတ် ၄၄–ပါး

## အကုသိုလ်စေတသိက် သမ္ပယောဂနည်း ၅ ပါး

အကုသိုလ်စေတသိက်များ အကုသိုလ်စိတ်၌ ယှဉ်ပုံကို ပြသောနည်းကို အကုသိုလ်သမ္ပယောဂနည်းခေါ်၏။

## အကုသိုလ်စေတသိက်များ အကုသိုလ်စိတ်၌ယှဉ်ပုံပြဇယား

| စဉ် | စေတသိက် | ယှဉ် | မယှဉ် | ပေါင်း | အုပ်စု |
|---|---|---|---|---|---|
| ၁ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၁၂ | – | ၁၂ | လော,ဒေါ, မော |
| ၂ | လောဘ | ၈ | ၄ | ၁၂ | လောဘမူ |
| ၃ | ဒိဋ္ဌိ | ၄ | ၈ | ၁၂ | |
| ၄ | မာန | ၄ | ၈ | ၁၂ | |
| ၅ | ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ | ၂ | ၁၀ | ၁၂ | ဒေါသမူ |
| ၆ | ထိန၊ မိဒ္ဓ | ၅ | ၇ | ၁၂ | လော၊ ဒေါ |
| ၇ | ဝိစိကိစ္ဆာ | ၁ | ၁၁ | ၁၂ | မောဟမူ |

http://www.dhammadownload.com



( ကျက်ရန် )

၁။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စတို့သည် အကုသိုလ်စိတ် ၁၂-ပါးလုံး၌ယှဉ်ကြ၏။ ထို့ကြောင့် ယင်းစေတသိက် ၄-ပါးကို သဗ္ဗာကုသလ သာဓာရဏ စေတသိက်ခေါ်၏။

**မှတ်ချက်။** ဤမောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စတို့သည် အကုသိုလ်စိတ်ဖြစ်တိုင်း အမြဲပါကြ၏။

## ၂။ လောဘယှဉ်သောစိတ်

လောဘစေတသိက်သည် လောဘမူစိတ် ၈ ပါး၌သာယှဉ်၏။

## ၃။ ဒိဋ္ဌိယှဉ်သောစိတ်

ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၌သာ ယှဉ်၏။

## ၄။ မာနယှဉ်သောစိတ်

မာနစေတသိက်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး၌သာယှဉ်၏။

**မှတ်ချက်။** လောဘ၊ ဒိဋ္ဌိ၊ မာန စေတသိက် ၃ ပါးသည် လောဘမူစိတ်အုပ်စု၌သာ သီးခြားယှဉ်ကြ၏။ ဒေါသမူ, မောဟမူ စိတ်အုပ်စုတို့၌ မယှဉ်ကြ။

## ၅။ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ယှဉ်သောစိတ်

ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့သည် ဒေါသမူစိတ် ၂-ပါး၌သာ ယှဉ်ကြ၏။

**မှတ်ချက်။** ဤဒေါသ စသော စေတသိက် ၄ ပါးသည် ဒေါသမူစိတ် အုပ်စု၌သာ သီးခြားယှဉ်၏။

http://www.dhammadownload.com



## ၆။ ထိန၊ မိဒ္ဓယှဉ်သောစိတ်

ထိန၊ မိဒ္ဓတို့သည် သသင်္ခါရိကစိတ် ၅ ပါးသာယှဉ်ကြ၏။

## ၇။ ဝိစိကိစ္ဆာယှဉ်သောစိတ်

ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာယှဉ်၏။

**မှတ်ချက်**။ ဝိစိကိစ္ဆာစေတသိက်သည် မောဟမူစိတ်အုပ်စု၌သာ သီးခြားယှဉ်၏။ ဤဝိစိကိစ္ဆာစေတသိက်သည် စိတ်အနည်းဆုံးယှဉ်သော စေတသိက် ဖြစ်၏။

## အကုသိုလ်စေတသိက် သမ္ပယောဂနည်း ၅ ပါး

| | | |
|---|---|---|
| ၁။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စတို့ အကုသိုလ်စိတ် ၁၂–ပါး၌ ယှဉ်ပုံ | ၁–နည်း |
| ၂။ | လောဘ၊ ဒိဋ္ဌိ၊ မာန ၃ ပါးတို့ လောဘမူစိတ်၌ယှဉ်ပုံ | ၁–နည်း |
| ၃။ | ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ဒေါသမူစိတ်၌ယှဉ်ပုံ | ၁–နည်း |
| ၄။ | ထိန၊ မိဒ္ဓ ၂ ပါး သသင်္ခါရိကစိတ် ၅ ပါး၌ယှဉ်ပုံ | ၁–နည်း |
| ၅။ | ဝိစိကိစ္ဆာစေတသိက်၏ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ယှဉ်ပုံ | ၁–နည်း |
| | **ပေါင်း** | **၅–နည်း** |

## စက်လှည့်သရုပ်ခွဲပုံ

| | | |
|---|---|---|
| ၁။ | လောဘသာယှဉ်၍ ထိနမယှဉ်သောစိတ် | ၄–ပါး |
| ၂။ | ထိနသာယှဉ်၍ လောဘမယှဉ်သောစိတ် | ၁–ပါး |
| ၃။ | လောဘ၊ ထိနနှစ်ပါးစုံယှဉ်သောစိတ် | ၄–ပါး |
| ၄။ | လောဘ၊ ထိန နှစ်ပါးစုံမယှဉ်သောစိတ် | ၃–ပါး |

## သောဘနစေတသိက် သမ္ပယောဂနည်း

သောဘနစေတသိက်များ သောဘနစိတ်၌ယှဉ်ပုံကိုပြသောနည်းကို သောဘနစေတသိက်သမ္ပယောဂနည်းခေါ်၏။

http://www.dhammadownload.com



## သောဘနစေတသိက်များ သောဘနစိတ်၌ယှဉ်ပုံပြဇယား

| စဉ် | စေတသိက် | ယှဉ် | မယှဉ် | ပေါင်း |
|---|---|---|---|---|
| ၁ | သောဘနသာဓာရဏစေတသိက် | ၅၉ | – | ၅၉ |
| ၂ | ဝိရတီစေတသိက် | ၁၆ | ၄၃ | ၅၉ |
| ၃ | အပ္ပမညာစေတသိက် | ၂၈ | ၃၁ | ၅၉ |
| ၄ | ပညိန္ဒြေစေတသိက် | ၄၇ | ၁၂ | ၅၉ |

( ကျက်ရန် )

### ၁။ သောဘနသာဓာရဏစေတသိက်ယှဉ်သောစိတ်

သောဘနသာဓာရဏစေတသိက် ၁၉ ပါးသည် သောဘနစိတ်အကျဉ်း ၅၉ ပါး၊ အကျယ် ၉၁ ပါးတို့၌ယှဉ်ကြ၏။

### ၂။ ဝိရတီစေတသိက်ယှဉ်သောစိတ်

၁။ မဟာကုသိုလ်စိတ် ၈–ပါး

၂။ လောကုတ္တရာစိတ် ၈–ပါး

**ပေါင်း** **၁၆–ပါး**

**ဝိရတီယှဉ်ပုံအထူး။** ဝိရတီစေတသိက် ၃–ပါးတို့သည် လောကုတ္တရာစိတ်၌ ယှဉ်သောအခါ ဒုစရိုက်၊ ဒုရာဇီဝအားလုံးမှ အကုန်အစင်ရှောင်ကြဉ်သောအားဖြင့် လောကုတ္တရာစိတ် ဖြစ်တိုင်းဖြစ်တိုင်းမှာ အမြဲသုံးပါးလုံး တစ်ပြိုင်နက် အတူတကွယှဉ်ကြပါသည်။

http://www.dhammadownload.com



မဟာကုသိုလ်စိတ်၌ ယှဉ်သောအခါ ဒုစရိုက်၊ ဒုရာဇီဝတို့မှ ရှောင်ကြဉ်ရာ တစ်ရံတစ်ခါ၌သာ ယှဉ်ကြ၏။ ထိုသို့ ယှဉ်ရာ၌ အသီးသီးတစ်ပါးစီ တစ်ပါးစီသာ ယှဉ်ကြ၏။ ဤသို့ ယှဉ်ပုံထူး၏။

**မှတ်ချက်။** သူတစ်ပါးအသက်ကို သတ်ဖြတ်မှု၊ သူတစ်ပါးပစ္စည်းကို ခိုးဝှက်မှု စသည်တို့ကို ပြုလုပ်လျက် မတရားအသက်မွေးမှုကို ဒုရာဇီဝခေါ်၏။

### ၃။ အပ္ပမညာစေတသိက်ယှဉ်သောစိတ်

| | | |
|---|---|---|
| ၁။ | မဟာကုသိုလ်စိတ် | ၈–ပါး |
| ၂။ | မဟာကြိယာစိတ် | ၈–ပါး |
| ၃။ | ပဉ္စမဈာန်ကြဉ် မဟဂ္ဂုတ်စိတ် | ၁၂–ပါး |
| | **ပေါင်း** | **၂၈–ပါး** |

### ကေစိဝါဒအရ အပ္ပမညာ ယှဉ်သောစိတ်

| | | |
|---|---|---|
| ၁။ | မဟာကုသိုလ် သောမနဿ သဟဂုတ်စိတ် | ၄–ပါး |
| ၂။ | မဟာကြိယာ သောမနဿ သဟဂုတ်စိတ် | ၄–ပါး |
| ၃။ | ပဉ္စမဈာန်ကြဉ် မဟဂ္ဂုလ်စိတ် | ၁၂–ပါး |
| | **ပေါင်း** | **၂၀–ပါး** |

**မှတ်ချက်။** မဟာကုသိုလ် ဥပေက္ခာသဟဂုတ်စိတ် ၄–ပါး၊ မဟာကြိယာ ဥပေက္ခာသဟဂုတ်စိတ် ၄–ပါး ပေါင်း ဥပေက္ခာသဟဂုတ်စိတ် ၈–ပါးတို့၌ ကရုဏာ၊ မုဒိတာ စေတသိက်များ မယှဉ်ကြဟု အချို့ဆရာများ ဆိုကြ၏။ ယင်းအဆိုအရ အပ္ပမညာစေတသိက်ယှဉ်သောစိတ်မှာ ၂၀–ပါးသာ ဖြစ်၏။ နောက်ဝါဒကို ကေစိဝါဒ ခေါ်၍၊ ရှေ့ ၂၈–ပါး ဝါဒကို သမာနဝါဒ ခေါ်၏။

http://www.dhammadownload.com



## ၄။ ပညာယှဉ်သောစိတ်

| | | |
|---|---|---|
| ၁။ | ဉာဏသမ္ပယုတ်စိတ် | ၁၂–ပါး |
| ၂။ | မဟဂ္ဂုတ်စိတ် | ၂၇–ပါး |
| ၃။ | လောကုတ္တရာစိတ် | ၈–ပါး |
| | **ပေါင်း** | **၄၇–ပါး** |

## သောဘနစေတသိက်သမ္ပယောဂနည်း ၄–ပါး

| | | |
|---|---|---|
| ၁။ | သောဘနသာစာရဏစေတသိက် ၁၉–ပါး၏ သောဘန စိတ် ၅၉–ပါး၊ အကျယ် ၉၁–ပါး၌ ယှဉ်ပုံ | ၁–နည်း |
| ၂။ | ဝိရတိစေတသိက်၏ စိတ် ၁၆–ပါး၌ ယှဉ်ပုံ | ၁–နည်း |
| ၃။ | အပ္ပမညာစေတသိက်၏ စိတ် ၂၈–ပါး၌ ယှဉ်ပုံ | ၁–နည်း |
| ၃။ | ပညာစေတသိက်၏ စိတ် ၄၇–ပါး၌ ယှဉ်ပုံ | ၁–နည်း |
| | **ပေါင်း** | **၄–နည်း** |

## စက်လှည့်သရုတ်ခွဲပုံ

| | | |
|---|---|---|
| ၁။ | သောဘနစိတ်တွင် ကရုဏာသာယှဉ်၍ ပညာမယှဉ်သောစိတ် | ၈–ပါး |
| ၂။ | ပညာသာယှဉ်၍၊ ကရုဏာမယှဉ်သောစိတ် | ၂၇–ပါး |
| ၃။ | ကရုဏာ၊ ပညာနှစ်ပါးစုံယှဉ်သောစိတ် | ၂၀–ပါး |
| ၄။ | ကရုဏာ၊ ပညာနှစ်ပါးစုံမယှဉ်သောစိတ် | ၄–ပါး |

http://www.dhammadownload.com



## ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ အသီးအသီးယှဉ် (နာနာဖြစ်) ပုံ

ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ ဒေါသမူဒွေ၌ ယှဉ်ရာ၌ သုံးပါးလုံး တစ်ပေါင်းတည်းတစ်ပြိုင်နက် မယှဉ်ကြပါ။

သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ၌ ဣဿာ ယှဉ်၏၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ မယှဉ်ကြပါ။

မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ၌ မစ္ဆရိယယှဉ်၏။ ဣဿာ, ကုက္ကုစ္စတို့ မယှဉ်ကြပါ။

ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုအပ်သေးသော သုစရိုက်တို့၌ နောင်တ တစ်ဖန် စိုးရိမ်ပူပန်သောအခါ ကုက္ကုစ္စယှဉ်၏။ ဣဿာ၊ မစ္ဆရိယတို့ မယှဉ်ကြပါ။ ဤသို့ အသီးအသီး ယှဉ်ကြပါသည်။

## တစ်ရံတစ်ခါယှဉ် (ကဒါစိဖြစ်) ပုံ

သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ၌သာ ဣဿာယှဉ်၍ မငြူစူသော အခါ၌ ဣဿာမယှဉ်ပါ။

မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ၌သာ မစ္ဆရိယယှဉ်၍ မလျှို့ဝှက်သော အခါ မစ္ဆရိယမယှဉ်ပါ။

ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုအပ်သေးသော သုစရိုက်တို့၌ နောင်တ တစ်ဖန် စိုးရိမ်ပူပန်သောအခါ၌သာ ကုက္ကုစ္စယှဉ်၍ နောင်တ,တစ်ဖန် စိုးရိမ် ပူပန်မှုမရှိသောအခါ ကုက္ကုစ္စမယှဉ်ပါ။

## ဝိရတိစေတသိက်တို့အသီးအသီးယှဉ် (နာနာဖြစ်) ပုံ

ဝစီဒုစရိုက်မှရှောင်ကြဉ်၍ သမ္မာဝါစာယှဉ်ခိုက် သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝတို့ မယှဉ်ကြပါ။

http://www.dhammadownload.com



ကာယဒုစရိုက်မှ ရှောင်ကြဉ်၍ သမ္မာကမ္မန္တယှဉ်ခိုက် သမ္မာဝါစာ၊ သမ္မာအာဇီဝ၊ ဒုရာဇီဝမှ ရှောင်ကြဉ်၍ သမ္မာအာဇီဝ ယှဉ်ခိုက် သမ္မာဝါစာ, သမ္မာကမ္မန္တတို့ မယှဉ်ကြပါ။ ဤသို့ အသီးအသီးယှဉ်ကြပါသည်။

## တစ်ရံတစ်ခါယှဉ် (ကဒါစိဖြစ်) ပုံ

ဝိရတိစေတသိက်တို့သည် မဟာကုသိုလ်စိတ်၌ယှဉ်သောအခါ ဒုစရိုက်၊ ဒုရာဇီဝတို့မှ ရှောင်ကြဉ်ရာ တစ်ရံတစ်ခါ၌သာယှဉ်ကြ၏။ မရှောင်ကြဉ်သော အခါ မယှဉ်ကြပါ။

## အပ္ပမညာစေတသိက်တို့အသီးအသီးယှဉ် (နာနာဖြစ်) ပုံ

အပ္ပမညာ စေတသိက်တို့သည် ၂ ပါးအတူမယှဉ်ကြပါ။ အသီးအခြား တစ်ပါးစီသာ ယှဉ်ကြပါသည်။

ဆင်းရဲဒုက္ခရောက်နေသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု ဖြစ်သောအခါ ကရုဏာယှဉ်ပါသည်။ မုဒိတာမယှဉ်ပါ။

ကြီးပွားချမ်းသာနေသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်မှုဖြစ်သောအခါ မုဒိတာယှဉ်ပါသည်။ ကရုဏာမယှဉ်ပါ။

## တစ်ရံတစ်ခါယှဉ် (ကဒါစိဖြစ်) ပုံ

အပ္ပမညာစေတသိက်တို့သည် သတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု၊ ဝမ်းမြောက်မှုဖြစ်ရာအခါ၌သာ ယှဉ်ကြပါသည်။ ဘုရား စသည်ကိုအာရုံပြုရာ၌ မယှဉ်ကြပါ။

## မာနစေတသိက် တစ်ခါတစ်ရံယှဉ် (ကဒါစိဖြစ်) ပုံ

မိမိကိုယ်ကို ငါသာလျှင်မြတ်၏ဟု အထင်ရောက်လျက် ထောင်လွှား သောအခါ၌ မာနယှဉ်၏။ မထောင်လွှားသောအခါ၌ မာနမယှဉ်။

http://www.dhammadownload.com



### ထိန၊ မိဒ္ဓတစ်ရံတစ်ခါ အတူတကွယှဉ် (သဟကဒါစိဖြစ်) ပုံ

စိတ်၊ စေတသိက် (နာမက္ခန္ဓာ ၄ ပါး) တို့ မလန်းဆန်းသောအခါ ထိန၊ မိဒ္ဓယှဉ်၏။ စိတ်၊ စေတသိက်တို့ လန်းဆန်းသောအခါ ထိန၊ မိဒ္ဓမယှဉ်၊ ထိန၊ မိဒ္ဓတို့ယှဉ်သောအခါ နှစ်ပါးအတူယှဉ်ကြ၏။

### သမ္ပယောဂနည်း ၁၆ ပါး

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက်သမ္ပယောဂနည်း | ၇–ပါး |
| ၂။ | အကုသိုလ်စေတသိက်သမ္ပယောဂနည်း | ၅–ပါး |
| ၃။ | သောဘနစေတသိက်သမ္ပယောဂနည်း | ၄–ပါး |
| | **ပေါင်း** | **၁၆–ပါး** |

## "လေ့ကျင့်ခန်း"

၁။ ဝိတက်ယှဉ်သောစိတ်၊ မယှဉ်သောစိတ်တို့ကို ခွဲခြားကောက်ပြ၍ အဓိမောက္ခ ဝီရိယနှစ်ပါးစုံ မယှဉ်သောစိတ်တို့ကို ဖော်ပြခဲ့ပါ။

၂။ ပီတိယှဉ်သောစိတ်ကိုကောက်ပြ၍၊ ပကိဏ်းစေတသိက် ၆ ပါးလုံး မယှဉ်သောစိတ်တို့ကို ဖော်ပြခဲ့ပါ။

၃။ စိတ်ဖြစ်တိုင်းပါဝင်သော စေတသိက်တို့ကိုဖော်ပြ၍ အောက်ပါတရားတို့ကို ဖော်ပြခဲ့ပါ။

(က) လောဘမူစိတ်၌သာ သီးခြားယှဉ်သောစေတသိက်၊

(ခ) ဒေါသမူစိတ်၌သာ သီးခြားယှဉ်သောစေတသိက်၊

(ဂ) မောဟမူစိတ်၌သာ သီးခြားယှဉ်သောစေတသိက်၊

http://www.dhammadownload.com



၄။ အနိယတယောဂီ၊ နိယတယောဂီနှစ်မျိုးလုံး၌ ပါဝင်သော စေတသိက်တို့ကိုဖော်ပြ၍ အပ္ပမညာစေတသိက်များ စည်းစည်းလုံးလုံးမရှိဘဲ ပြိုကွဲနေပုံကို ရှင်းပြခဲ့ပါ။

၅။ စိတ်အနည်းဆုံးယှဉ်သော စေတသိက်ကိုဖော်ပြ၍ လောကီစိတ် လောကုတ္တရာစိတ်တို့၌ ဝိရတီစေတသိက်၏ယှဉ်ပုံ ထူးခြားပုံကို ရေးပါ။

**အမှာ**။ စေတသိက်ပိုင်း၌ သမ္ပယောဂနည်းသည် လွန်စွာအရေးကြီး၏။ သမ္ပယောဂနည်းကို နားလည်ပါမှ စိတ်၌ စေတသိက်ယှဉ်ပုံကို နားလည်မည်ဖြစ်၏။ ထို့ကြောင့် သမ္ပယောဂနည်းကို အထပ်ထပ် သင်ကြားပေးပါ။

## သမ္ပယောဂနည်းပြီး၏

e e e e e

## သင်္ဂဟနည်း

စိတ်တစ်ခုကို မူတည်၍ ထိုစိတ်၌ရနိုင်သမျှသော စေတသိက်များကို သမ္ပယောဂနည်းထဲမှ ရှာဖွေလျက် စုပေါင်းရေတွက်ပြသောနည်းကို သင်္ဂဟနည်းခေါ်၏။

## စိတ်နှင့်စေတသိက်တွဲစပ်ပုံပြဇယား

| စိတ် | ယှဉ်သောစေတသိက် | ပေါင်း |
|---|---|---|
| အကုသိုလ်စိတ် ၁၂ ပါး | အညသမာန်းစေတသိက် ၁၃ ပါး<br>အကုသိုလ်စေတသိက် ၁၄ ပါး | ၂၇ |
| အဟိတ်စိတ် ၁၈ ပါး | ဆန္ဒကြဉ်အညသမာန်းစေတသိက် ၁၂ ပါး | ၁၂ |
| သောဘနစိတ် ၅၉ ပါး | အညသမာန်းစေတသိက် ၁၃ ပါး<br>သောဘနစေတသိက် ၂၅ ပါး | ၃၈ |

http://www.dhammadownload.com



## သင်္ဂဟနည်းအရရှာဖွေနည်း

၁။ စိတ်ကို အကုသိုလ်စိတ်၊ အဟိတ်စိတ်၊ သောဘနစိတ်ဟု သုံးမျိုးခွဲထားပါ။

၂။ သင်္ဂဟနည်းအရ စိတ်တစ်ခု၌ စေတသိက်မည်မျှယှဉ်သနည်းဟု သိလိုလျှင် ထိုစိတ်သည် အကုသိုလ်စိတ်၊ အဟိတ်စိတ်၊ သောဘနစိတ် သုံးမျိုးတွင် မည်သည့်စိတ်အမျိုးအစားထဲတွင် ပါဝင်သနည်းဟု ရှေးဦးစွာ ရှာဖွေစိစစ်ပါ။

၃။ ထိုစိတ်သည် အကုသိုလ်စိတ်ထဲတွင် ပါဝင်ပါက –

(က) အညသမာန်းစေတသိက်သမ္ပယောဂနည်း

(ခ) အကုသိုလ်စေတသိက်သမ္ပယောဂနည်း၌ ရှာဖွေရရှိသော စေတသိက်တို့ကို အဖြေထုတ်ပါ။

၄။ ထိုစိတ်သည် အဟိတ်စိတ်ထဲတွင် ပါဝင်ပါက ဆန္ဒကြဉ်အညသမာန်း စေတသိက် သမ္ပယောဂနည်း၌ ရှာဖွေ၍ ရရှိသောစေတသိက်တို့ကို အဖြေထုတ်ပါ။

၅။ ထိုစိတ်သည် သောဘနစိတ် ၅၉ ပါးတွင်ပါဝင်ပါက –

(က) အညသမာန်းစေတသိက်သမ္ပယောဂနည်း

(ခ) သောဘနစေတသိက်သမ္ပယောဂနည်းတို့၌ ရှာဖွေ၍ရရှိသော စေတသိက်တို့ကို အဖြေထုတ်ပါ။

## နမူနာရှာဖွေပုံ

### လောဘမူ ပထမအသင်္ခါရိကစိတ်၌ယှဉ်သောစေတသိက်

ဤအသင်္ခါရိကစိတ်သည် အကုသိုလ်စိတ်ထဲတွင် ပါဝင်ခြင်းကြောင့် အညသမာန်း သမ္ပယောဂနည်းနှင့် အကုသိုလ်စေတသိက် သမ္ပယောဂနည်းတို့၌ ရှာဖွေရမည်။

http://www.dhammadownload.com



သဗ္ဗစိတ္တသာဓာရဏစေတသိက်ယှဉ်ရာစိတ် ၈၉ ပါးတွင် လောဘမူ ပထမအသင်္ခါရိကစိတ်ပါရှိ၏။ ဝိတက်ယှဉ်ရာစိတ် ၅၅ ပါးထဲမှာလည်း ပါရှိ၏။ ဝိစာရယှဉ်ရာစိတ် ၆၆ ပါးထဲမှာလည်း ပါရှိ၏။ အဓိမောက္ခယှဉ်ရာစိတ် ၇၈ ပါးထဲမှာလည်း ပါရှိ၏။ ဝီရိယယှဉ်ရာစိတ် ၇၃ ပါးထဲမှာလည်း ပါရှိ၏။ ပီတိယှဉ်ရာစိတ် ၅၁ ပါးထဲမှာလည်း ပါရှိ၏။ ဆန္ဒယှဉ်ရာစိတ် ၆၉ ပါးထဲမှာလည်း ပါရှိ၏။

အကုသိုလ်စေတသိက် သမ္ပယောဂနည်းတွင် မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စယှဉ်သော အကုသိုလ်စိတ် ၁၂ ပါးထဲမှာလည်း ပါရှိ၏။ လောဘယှဉ်ရာ လောဘမူစိတ် ၈ ပါးထဲမှာလည်း ပါရှိ၏။ ဒိဋ္ဌိယှဉ်ရာ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါးထဲမှာလည်းပါရှိ၏။ ထို့ကြောင့် လောဘမူ ပထမအသင်္ခါရိက စိတ်၌ –

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက် | ၁၃–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | လောဘ၊ ဒိဋ္ဌိ | ၂–ပါး |
| | **ပေါင်း** | **၁၉–ပါး** ယှဉ်၏။ |

**အမှာ**။ ဤနည်းအတိုင်း အခြားစိတ်တို့၌ယှဉ်သော စေတသိက်တို့ကိုလည်း ဆရာက ရှာဖွေပြပါလေ။

## သင်္ဂဟနည်း ၅ မျိုး

၁။ အကုသိုလ်စိတ် သင်္ဂဟနည်း

၂။ အဟိတ်စိတ်သင်္ဂဟနည်း

၃။ ကာမာဝစရသောဘနစိတ်သင်္ဂဟနည်း

၄။ မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း

၅။ လောကုတ္တရာစိတ်သင်္ဂဟနည်း

http://www.dhammadownload.com



## အကုသိုလ်စိတ် သင်္ဂဟနည်း ၇ နည်း

အကုသိုလ်စိတ်မှာ ရနိုင်သမျှသော စေတသိက်များကို စုပေါင်း ရေတွက်ပြသောနည်းကို အကုသိုလ်စိတ် သင်္ဂဟနည်းခေါ်၏။

### အသင်္ခါရိက ၅ ပါး

| စိတ် | ယှဉ်သောစေတသိက် | | ပေါင်း |
|---|---|---|---|
| လောဘမူ ပထမ အသင်္ခါရိက | အညသမာန်း<br>မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ<br>လောဘဒိဋ္ဌိ | ၁၃<br>၄<br>၂ | ၁၉ |
| လောဘမူ ဒုတိယ အသင်္ခါရိက | အညသမာန်း<br>မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ<br>လောဘ၊ မာန | ၁၃<br>၄<br>၂ | ၁၉ |
| လောဘမူ တတိယ အသင်္ခါရိက | ပီတိကြဉ်အညသမာန်း<br>မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ<br>လောဘ ဒိဋ္ဌိ | ၁၂<br>၄<br>၂ | ၁၈ |
| လောဘမူ စတုတ္ထ အသင်္ခါရိက | ပီတိကြဉ်အညသမာန်း<br>မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ<br>လောဘ၊ မာန | ၁၂<br>၄<br>၂ | ၁၈ |
| ဒေါသမူ အသင်္ခါရိက | ပီတိကြဉ်အညသမာန်း<br>မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ<br>ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ | ၁၂<br>၄<br>၄ | ၂၀ |

http://www.dhammadownload.com



( ကျက်ရန် )

## လောဘမူပထမအသင်္ခါရိကစိတ်၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက် | ၁၃–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | လောဘ၊ ဒိဋ္ဌိ | ၂–ပါး |
| | **ပေါင်း** | **၁၉–ပါး** |

## လောဘမူ ဒုတိယအသင်္ခါရိကစိတ်၌ယှဉ်သော စေတသိက်

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက် | ၁၃–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | လောဘ၊ မာန | ၂–ပါး |
| | **ပေါင်း** | **၁၉–ပါး** |

## လောဘမူ တတိယအသင်္ခါရိကစိတ်၌ယှဉ်သော စေတသိက်

| | | |
|---|---|---|
| ၁။ | ပီတိကြဉ်အညသမာန်းစေတသိက် | ၁၂–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | လောဘ၊ ဒိဋ္ဌိ | ၂–ပါး |
| | **ပေါင်း** | **၁၈–ပါး** |

http://www.dhammadownload.com



## လောဘမူ စတုတ္ထအသင်္ခါရိကစိတ်၌ယှဉ်သော စေတသိက်

| | | |
|---|---|---|
| ၁။ | ပီတိကြဉ်အညသမာန်းစေတသိက် | ၁၂–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | လောဘ၊ မာန | ၂–ပါး |
| | **ပေါင်း** | **၁၈–ပါး** |

## ဒေါသမူအသင်္ခါရိကစိတ်၌ယှဉ်သော စေတသိက်

| | | |
|---|---|---|
| ၁။ | ပီတိကြဉ်အညသမာန်းစေတသိက် | ၁၂–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ | ၄–ပါး |
| | **ပေါင်း** | **၂၀–ပါး** |

**မှတ်ချက်။** ဒေါသမူ အသင်္ခါရိကစိတ်ကို အကုသိုလ် ပဌမအသင်္ခါရိကစိတ် ဟုခေါ်ကြ၏။

## အသီးအသီးတစ်ပါးစီသာယှဉ်ကြခြင်း

ဒေါသမူ အသင်္ခါရိကစိတ်၌ စေတသိက် ၂၀ ပါး ယှဉ်သော်လည်း ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၃ ပါးလုံး တစ်ပြိုင်နက် အမြဲမယှဉ်ကြ။ တစ်ခါ တစ်ရံ၌ အသီးအခြား တစ်ပါးစီသာယှဉ်ကြ၏။

ဣဿာသည် သူတစ်ပါးစည်းစိမ်ကို အာရုံပြု၏။ မစ္ဆရိယသည် မိမိ စည်းစိမ်ကို အာရုံပြု၏။ ကုက္ကုစ္စသည် ပြုအပ်ပြီးသော ဒုစရိုက်နှင့် မပြုအပ် သေးသော သုစရိုက်တို့ကို အာရုံပြု၏။ ဤသို့အာရုံကွဲပြားသောကြောင့် ၃ ပါး လုံး တစ်ပြိုင်နက်မယှဉ်ကြပါ။

http://www.dhammadownload.com



စိတ်တစ်ခု၌ယှဉ်သော စေတသိက်ထဲတွင် အနိယတယောဂီ (နာနာ ကဒါစိ) စေတသိက်များ ပါရှိပါက ယှဉ်သောစေတသိက်ကို အောက်ပါအတိုင်း သုံးမျိုးခွဲကောက်ရမည်။

၁။ အများဆုံးယှဉ်သောစေတသိက်

၂။ အမြဲတန်းယှဉ်သောစေတသိက်

၃။ တစ်ပြိုင်နက်ယှဉ်သောစေတသိက်

ထိုတွင် ယှဉ်နိုင်သမျှသော စေတသိက်တို့ကို စုပေါင်း၍ **အများဆုံးယှဉ်သောစေတသိက်** အဖြစ် အဖြေထုတ်ပါ။ အများဆုံးယှဉ်သော စေတသိက်ထဲတွင် အနိယတယောဂီအမည်ရသော စေတသိက်တို့ကိုနှုတ်၍ ကြွင်းသော စေတသိက်တို့ကို **အမြဲတန်းယှဉ်သောစေတသိက်** အဖြစ် အဖြေထုတ်ပါ။ အမြဲတန်းယှဉ်သော စေတသိက်နှင့် (အများဆုံးယှဉ်သော စေတသိက်ထဲမှ ကြဉ်ဖယ်ထားခဲ့သော) အနိယတယောဂီစေတသိက် တစ်ပါးပါးကိုပေါင်းထည့်၍ **တစ်ပြိုင်နက်ယှဉ်သောစေတသိက်**အဖြစ် အဖြေထုတ်ပါ။ ထို့ကြောင့်

## ဒေါသမူအသင်္ခါရိကစိတ်၌

| | | | |
|---|---|---|---|
| ၁။ | အများဆုံးယှဉ်သောစေတသိက် | ၂၀–ပါး | |
| ၂။ | အမြဲတန်းယှဉ်သောစေတသိက် | ၁၇–ပါး | |
| ၃။ | တစ်ပြိုင်နက်ယှဉ်သော | ၁၈–ပါး | ဖြစ်၏။ |

အများဆုံး တစ်ပြိုင်နက်ယှဉ်သော စေတသိက်ဟူ၍လည်း တစ်ခါတစ်ရံ မေးတတ်၏။ အများဆုံး နောက်သို့မလိုက်ဘဲ တစ်ပြိုင်နက် နောက်သို့လိုက်ကာ တစ်ပြိုင်နက် အဖြေအတိုင်းအဖြေထုတ်ပါ။ ကြွင်းသင်္ဂဟနည်းများ၌ ဤနည်း အတိုင်း အဖြေထုတ်ပါ။

http://www.dhammadownload.com



## သသင်္ခါရိက ၅ ပါး

| စိတ် | ယှဉ်သောစေတသိက် | | ပေါင်း |
|---|---|---|---|
| လောဘမူ ပထမ သသင်္ခါရိက | အညသမာန်း<br>မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ<br>လောဘ၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓ | ၁၃<br>၄<br>၄ | ၂၁ |
| လောဘမူ ဒုတိယ သသင်္ခါရိက | အညသမာန်း<br>မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ<br>လောဘ၊ မာန၊ ထိန၊ မိဒ္ဓ | ၁၃<br>၄<br>၄ | ၂၁ |
| လောဘမူ တတိယ သသင်္ခါရိက | ပီတိကြဉ်အညသမာန်း<br>မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ<br>လောဘ၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓ | ၁၂<br>၄<br>၄ | ၂၀ |
| လောဘမူ စတုတ္ထ သသင်္ခါရိက | ပီတိကြဉ်အညသမာန်း<br>မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ<br>လောဘ၊ မာန၊ ထိန၊ မိဒ္ဓ | ၁၂<br>၄<br>၄ | ၂၀ |
| ဒေါသမူ သသင်္ခါရိက | ပီတိကြဉ်အညသမာန်း<br>မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ<br>ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊<br>ထိန၊ မိဒ္ဓ | ၁၂<br>၄<br>၄<br>၂ | ၂၂ |

( ကျက်ရန် )

### လောဘမူပထမသသင်္ခါရိကစိတ်၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက် | ၁၃–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | လောဘ၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓ | ၄–ပါး |
| | ပေါင်း | ၂၁–ပါး |

http://www.dhammadownload.com



### လောဘမူ ဒုတိယသသင်္ခါရိကစိတ်၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက် | ၁၃–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | လောဘ၊ မာန၊ ထိန၊ မိဒ္ဓ | ၄–ပါး |
| | **ပေါင်း** | **၂၁–ပါး** |

### လောဘမူ တတိယသသင်္ခါရိကစိတ်၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | ပီတိကြဉ်အညသမာန်းစေတသိက် | ၁၂–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | လောဘ၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓ | ၄–ပါး |
| | **ပေါင်း** | **၂၀–ပါး** |

### လောဘမူ စတုတ္ထသသင်္ခါရိကစိတ်၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | ပီတိကြဉ်အညသမာန်းစေတသိက် | ၁၂–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | လောဘ၊ မာန၊ ထိန၊ မိဒ္ဓ | ၄–ပါး |
| | **ပေါင်း** | **၂၀–ပါး** |

### ဒေါသမူ သသင်္ခါရိကစိတ်၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | ပီတိကြဉ်အညသမာန်းစေတသိက် | ၁၂–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ | ၄–ပါး |
| ၄။ | ထိန၊ မိဒ္ဓ | ၂–ပါး |
| | **ပေါင်း** | **၂၂–ပါး** |

http://www.dhammadownload.com



**မှတ်ချက်။** ဒေါသမူ သသင်္ခါရိကစိတ်ကို အကုသိုလ်ပဉ္စမသသင်္ခါရိကစိတ် ဟုလည်းခေါ်၏။

## ဒေါသမူ သသင်္ခါရိကစိတ်၌

၁။ အများဆုံးယှဉ်သောစေတသိက် ၂၂-ပါး

၂။ အမြဲတန်းယှဉ်သောစေတသိက် ၁၇-ပါး

၃။ တစ်ပြိုင်နက်ယှဉ်သောစေတသိက် ၁၈-ပါး

## မောဟမူစိတ် ၂ ပါး

| စိတ် | ယှဉ်သောစေတသိက် | ပေါင်း |
|---|---|---|
| ဥဒ္ဓစ္စ သဟဂုတ်စိတ် | ဆန္ဒ၊ ပီတိကြဉ်အညသမာန်းစေတသိက် ၁၁<br>မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ၄ | ၁၅ |
| ဝိစိကိစ္ဆာ သဟဂုတ်စိတ် | ဆန္ဒ၊ ပီတိ၊ အဓိမောက္ခကြဉ် အညသမာန်း ၁၀<br>မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ၄<br>ဝိစိကိစ္ဆာစေတသိက် ၁ | ၁၅ |

( ကျက်ရန် )

## ဥဒ္ဓစ္စသဟဂုတ်စိတ်၌ယှဉ်သောစေတသိက်

၁။ ဆန္ဒ၊ ပီတိကြဉ်အညသမာန်းစေတသိက် ၁၁-ပါး

၂။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ၄-ပါး

**ပေါင်း** ၁၅-ပါး

http://www.dhammadownload.com



## ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | ဆန္ဒ၊ ပီတိ၊ အဓိမောက္ခကြဉ်အညသမာန်းစေတသိက် | ၁၀–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | ဝိစိကိစ္ဆာစေတသိက် | ၁–ပါး |
| | **ပေါင်း** | **၁၅–ပါး** |

## လောဘမူစိတ် ၈ ပါး၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက် | ၁၃–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | လောဘ၊ ဒိဋ္ဌိ၊ မာန၊ ထိန၊ မိဒ္ဓ | ၅–ပါး |
| | **ပေါင်း** | **၂၂–ပါး** |

## ဒေါသမူဒွေ၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | ပီတိကြဉ်အညသမာန်းစေတသိက် | ၁၂–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ | ၄–ပါး |
| ၄။ | ထိန၊ မိဒ္ဓ | ၂–ပါး |
| | **ပေါင်း** | **၂၂–ပါး** |

## မောဟမူဒွေ၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | ဆန္ဒ၊ ပီတိကြဉ်သော အညသမာန်းစေတသိက် | ၁၁–ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄–ပါး |
| ၃။ | ဝိစိကိစ္ဆာစေတသိက် | ၁–ပါး |
| | **ပေါင်း** | **၁၆–ပါး** |

http://www.dhammadownload.com



## အကုသိုလ်သင်္ဂဟနည်း ၇ ပါး

| | | |
|---|---|---|
| ၁။ | ပဌမ၊ ဒုတိယ အသင်္ခါရိကစိတ်နှစ်ပါး၌ စေတသိက် ၁၉ ပါးယှဉ်ရာ သင်္ဂဟနည်း | ၁–နည်း |
| ၂။ | တတိယ၊ စတုတ္ထအသင်္ခါရိကစိတ်နှစ်ပါး၌ စေတသိက် ၁၈ ပါးယှဉ်ရာ သင်္ဂဟနည်း | ၁–နည်း |
| ၃။ | ပဉ္စမအသင်္ခါရိကစိတ်၌ စေတသိက် ၂၀ ပါးယှဉ်ရာ သင်္ဂဟနည်း | ၁–နည်း |
| ၄။ | ပဌမ၊ ဒုတိယသသင်္ခါရိကစိတ်နှစ်ပါး၌ စေတသိက် ၂၁ ပါးယှဉ်ရာ သင်္ဂဟနည်း | ၁–နည်း |
| ၅။ | တတိယ၊ စတုတ္ထသသင်္ခါရိကစိတ်နှစ်ပါး၌ စေတသိက် ၂၀ပါးယှဉ်ရာ စေတသိက် | ၁–နည်း |
| ၆။ | ပဉ္စမသသင်္ခါရိကစိတ်၌ စေတသိက် ၂၂ ပါးယှဉ်ရာ သင်္ဂဟနည်း | ၁–နည်း |
| ၇။ | ဥဒ္ဓစ္စသဟဂုတ်စိတ်၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်တို့၌ စေတသိက် ၁၅ ပါးယှဉ်ရာ သင်္ဂဟနည်း | ၁–နည်း |
| | **ပေါင်း** | **၇–နည်း** |

**မှတ်ချက်။** အကုသိုလ်စိတ် ၁၂ ပါး၌ယှဉ်သော စေတသိက်တို့ကို အသီး အသီး တစ်မျိုးစီ ပေါင်းစုရေတွက်လျှင် သင်္ဂဟနည်း ၁၂ နည်း ဖြစ်သင့်သော်လည်း ဂဏန်းသချာအမျိုးအစားအားဖြင့် သချာတူ ပေါင်းယူသော ဂဏနာနည်း၏ အစွမ်းအားဖြင့် သင်္ဂဟနည်း ၇ နည်းသာရှိ၏။

http://www.dhammadownload.com



## သဗ္ဗာကုသလယောဂီစေတသိက် ၁၄ ပါး

အကုသိုလ်စိတ်ဖြစ်တိုင်း အမြဲယှဉ်တွဲပါဝင်သော စေတသိက်ကို သဗ္ဗာကုသလယောဂီစေတသိက်ခေါ်၏။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်၏။

၁။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဒစ္စ ၄-ပါး

၂။ ဆန္ဒ၊ ပီတိ၊ အဓိမောက္ခကြဉ်သောအညသမာန်းစေတသိက် ၁၀-ပါး

ပေါင်း ၁၄-ပါး

## အကုသိုလ်စိတ် သင်္ဂဟနည်းပြီး၏။

e e e e e

## အဟိတ်စိတ်သင်္ဂဟနည်း ၄ ပါး

အဟိတ်စိတ်မှာ ရနိုင်သမျှသော စေတသိက်တို့ကို စုပေါင်းရေတွက်ပြသောနည်းကို အဟိတ်စိတ်သင်္ဂဟနည်းခေါ်၏။

### အဟိတ်စိတ်သင်္ဂဟနည်းဇယား

| စိတ် | ယှဉ်သောစေတသိက် | | ပေါင်း |
|---|---|---|---|
| ဟသိတုပ္ပါဒ်စိတ် | ဆန္ဒကြဉ်အညသမာန်း | ၁၂ | ၁၂ |
| ဝုဋ္ဌော (အနောဒွါရာဝဇ္ဇန်း) စိတ် | ဆန္ဒ၊ ပီတိကြဉ်အညသမာန်း | ၁၁ | ၁၁ |
| သောမနဿသန္တီရဏစိတ် | ဆန္ဒ၊ ဝီရိယကြဉ်အညသမာန်း | ၁၁ | ၁၁ |
| မနောဓါတ်၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်း ၂ | ဆန္ဒ၊ ပီတိ၊ ဝီရိယကြဉ်အညသမာန်း | ၁၀ | ၁၀ |
| ဒွေးပဉ္စဝိညာဏ် ၁၀ | သဗ္ဗစိတ္တသာဓာရဏ | ၇ | ၇ |

http://www.dhammadownload.com



( ကျက်ရန် )

**၁။ ဟသိတုပ္ပါဒ်စိတ်၌ယှဉ်သောစေတသိက်**

ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ် အညသမာန်းစေတသိက် ၁၂ ပါး ယှဉ်၏။

**၂။ ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) စိတ်၌ယှဉ်သောစေတသိက်**

ဝုဋ္ဌောစိတ်၌ ဆန္ဒ၊ ပီတိကြဉ်အညသမာန်းစေတသိက် ၁၁ ပါးယှဉ်၏။

**၃။ သောမနဿသန္တီရဏစိတ်၌ယှဉ်သောစေတသိက်**

သောမနဿ သန္တီရဏစိတ်၌ ဆန္ဒ၊ ဝီရိယကြဉ် အညသမာန်းစေတသိက် ၁၁ ပါးယှဉ်၏။

**၄။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းဒွေ၊ ဥပေက္ခာသဟဂုတ် သန္တီရဏ ၂ ပါး၌ယှဉ်သောစေတသိက်**

ဆန္ဒ၊ ပီတိ၊ ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၀ ပါးယှဉ်၏။

**၅။ ဒွေပဉ္စဝိညာဏ် ၁၀ ၌ယှဉ်သော စေတသိက်**

ဒွေပဉ္စဝိညာဏ် ၁၀ ၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါးယှဉ်၏။

**မှတ်ချက်။** ဒွေပဉ္စဝိညာဏ် ၁၀ သည် စေတသိက်အနည်းဆုံးယှဉ်သော စိတ်ဖြစ်၏။

http://www.dhammadownload.com



## အဟိတ်စိတ်သင်္ဂဟနည်း ၄ ပါး

| | | |
|---|---|---|
| ၁။ | ဟသိတုပ္ပါဒ်စိတ်၌စေတသိက် ၁၂ ပါးယှဉ်ပုံ | ၁–နည်း |
| ၂။ | ဝုဋ္ဌော၊ သောမနဿသန္တီရဏစိတ်တို့၌ စေတသိက် ၁၁ ပါးယှဉ်ပုံ | ၁–နည်း |
| ၃။ | မနောဓါတ် ၃ ပါး၊ အဟိတ်ပဋိသန္ဓေစိတ် ၂ ပါးတို့၌ စေတသိက် ၁၀ ပါးယှဉ်ပုံ | ၁–နည်း |
| ၄။ | ဒွေပဉ္စဝိညာဏ် ၁၀ ၌ စေတသိက် ၇ ပါးယှဉ်ပုံ | ၁–နည်း |
| | ပေါင်း | ၄–နည်း |

## အဟိတ်စိတ်အားလုံး၌ယှဉ်သောစေတသိက်

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါးသည် အဟိတ်စိတ်အားလုံး၌ ယှဉ်သော စေတသိက်ဖြစ်၏။

## အဟိတ်စိတ်သင်္ဂနည်းပြီး၏။

e e e e e

http://www.dhammadownload.com



## ကာမာဝစရသောဘနစိတ်သင်္ဂဟနည်း

ကာမာဝစရသောဘနစိတ်၌ ရနိုင်သမျှသော စေတသိက်တို့ကို ပေါင်းစု ရေတွက်ပြသောနည်းကို ကာမာဝစရသောဘနစိတ်သင်္ဂဟနည်းခေါ်၏။

## မဟာကုသိုလ်စိတ်သင်္ဂဟနည်း

| စိတ် | ယှဉ်သောစေတသိက် | | ပေါင်း |
|---|---|---|---|
| မဟာကု ပထမအစုံ | အညသမာန်း<br>သောဘနစေတသိက် | ၁၃<br>၂၅ | ၃၈ |
| မဟာကု ဒုတိယအစုံ | အညသမာန်း<br>ပညိန္ဒြေကြဉ်သောဘနစေတသိက် | ၁၃<br>၂၄ | ၃၇ |
| မဟာကု တတိယအစုံ | ပီတိကြဉ်အညသမာန်း<br>သောဘနစေတသိက် | ၁၂<br>၂၅ | ၃၇ |
| မဟာကု စတုတ္ထအစုံ | ပီတိကြဉ်အညသမာန်း<br>ပညိန္ဒြေကြဉ်သောဘနစေတသိက် | ၁၂<br>၂၄ | ၃၆ |

( ကျက်ရန် )

### မဟာကုသိုလ်ပထမဒွေ၌ယှဉ်သောစေတသိက်

၁။ အညသမာန်းစေတသိက် ၁၃–ပါး

၂။ သောဘနစေတသိက် ၂၅–ပါး

**ပေါင်း** **၃၈–ပါး**

**မှတ်ချက်။** မဟာကုသိုလ်ပထမဒွေသည် စေတသိက်အများဆုံးယှဉ်သော စိတ်ဖြစ်၏။ သောမနဿသဟဂုတ်သည် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ်ကို ပထမ (အစုံ) ဒွေဟုခေါ်၏။ ဒုတိယ အစုံ စသည်တို့ကိုလည်း နားလည်လောက်ပါပြီ။

http://www.dhammadownload.com



## မဟာကုသိုလ်ဒုတိယဒွေ့၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက် | ၁၃–ပါး |
| ၂။ | ပညိန္ဒြေကြဉ်သောဘနစေတသိက် | ၂၄–ပါး |
| | **ပေါင်း** | **၃၇–ပါး** |

## မဟာကုသိုလ်တတိယဒွေ့၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | ပီတိကြဉ်အညသမာန်းစေတသိက် | ၁၂–ပါး |
| ၂။ | သောဘနစေတသိက် | ၂၅–ပါး |
| | **ပေါင်း** | **၃၇–ပါး** |

## မဟာကုသိုလ်စတုတ္ထဒွေ့၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | ပီတိကြဉ်အညသမာန်းစေတသိက် | ၁၂–ပါး |
| ၂။ | ပညိန္ဒြေကြဉ်သောဘနစေတသိက် | ၂၄–ပါး |
| | **ပေါင်း** | **၃၆–ပါး** |

## အသီးအသီးတစ်ပါးစီသာယှဉ်ကြခြင်း

မဟာကုသိုလ်ပထမဒွေ့၌ စေတသိက် ၃၈ ပါးယှဉ်သော်လည်း ဝိရတိ၊ အပ္ပမညာစေတသိက် ၅ ပါးလုံးသည် တစ်ပြိုင်နက် မယှဉ်ကြ။ အသီးအသီး တစ်ပါးစီသာ ယှဉ်ကြ၏။ ထို့ကြောင့် –

## မဟာကုသိုလ်ပထမဒွေ့၌

| | | |
|---|---|---|
| ၁။ | အများဆုံးယှဉ်သောစေတသိက် | ၃၈–ပါး |
| ၂။ | အမြဲတန်းယှဉ်သောစေတသိက် | ၃၃–ပါး |
| ၃။ | တစ်ပြိုင်နက်ယှဉ်သောစေတသိက် | ၃၄–ပါး |

ယှဉ်၏။

http://www.dhammadownload.com



## မဟာဝိပါက်စိတ် သင်္ဂဟနည်း

| စိတ် | ယှဉ်သောစေတသိက် | ပေါင်း |
|---|---|---|
| မဟာဝိ ပဌမအစုံ | အညသမာန်း ၁၃<br>ဝိရတိအပ္ပမညာကြဉ်သောဘနစေတသိက် ၂၀ | ၃၃ |
| မဟာဝိ ဒုတိယအစုံ | အညသမာန်း ၁၃<br>သောဘနသာဓာရဏစေတသိက် ၁၉ | ၃၂ |
| မဟာဝိ တတိယအစုံ | ပီတိကြဉ်အညသမာန်း ၁၂<br>ဝိရတိအပ္ပမညာကြဉ်သောဘနစေတသိက် ၂၀ | ၃၂ |
| မဟာဝိ စတုတ္ထအစုံ | ပီတိကြဉ်အညသမာန်း ၁၂<br>သောဘနသာဓာရဏစေတသိက် ၁၉ | ၃၁ |

( ကျက်ရန် )

### မဟာဝိပါက်ပဌမဒွေ့၌ယှဉ်သောစေတသိက်

၁။ အညသမာန်းစေတသိက် ၁၃–ပါး

၂။ ဝိရတီ၊ အပ္ပမညာကြဉ်သောဘနစေတသိက် ၂၀–ပါး

**ပေါင်း ၃၃–ပါး**

### မဟာဝိပါက်ဒုတိယဒွေ့၌ယှဉ်သောစေတသိက်

၁။ အညသမာန်းစေတသိက် ၁၃–ပါး

၂။ သောဘန သာဓာရဏစေတသိက် ၁၉–ပါး

**ပေါင်း ၃၂–ပါး**

http://www.dhammadownload.com



## မဟာဝိပါက်တတိယဒွေ၌ယှဉ်သောစေတသိက်

၁။ ပီတိကြဉ်အညသမာန်းစေတသိက် ၁၂–ပါး

၂။ ဝိရတီ၊ အပ္ပမညာကြဉ်သောဘာနစေတသိက် ၂၀–ပါး

ပေါင်း ၃၂ပါး

## မဟာဝိပါက်စတုတ္ထဒွေ၌ယှဉ်သောစေတသိက်

၁။ ပီတိကြဉ်အညသမာန်းစေတသိက် ၁၂–ပါး

၂။ သောဘနသာဓာရဏစေတသိက် ၁၉–ပါး

ပေါင်း ၃၁–ပါး

## မဟာကြိယာစိတ်သင်္ဂဟနည်း

| စိတ် | ယှဉ်သောစေတသိက် | ပေါင်း |
|---|---|---|
| မဟာကြိယာပထမအစုံ | အညသမာန်း ၁၃<br>ဝိရတိကြဉ်သောဘာနစေတသိက် ၂၂ | ၃၅ |
| မဟာကြိယာဒုတိယအစုံ | အညသမာန်း ၁၃<br>ဝိရတီ၊ပညိန္ဒြေကြဉ်သောဘာနစေတသိက် ၂၁ | ၃၄ |
| မဟာကြိယာတတိယအစုံ | ပီတိကြဉ်အညသမာန်း ၁၂<br>ဝိရတိကြဉ်သောဘာနစေတသိက် ၂၂ | ၃၄ |
| မဟာကြိယာစတုတ္ထအစုံ | ပီတိကြဉ်အညသမာန်း ၁၂<br>ဝိရတီ၊ပညိန္ဒြေကြဉ်သောဘာနစေတသိက် ၂၁ | ၃၃ |

http://www.dhammadownload.com



( ကျက်ရန် )

**မဟာကြိယာပထမဒွေ၌ယှဉ်သောစေတသိက်**

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက် | ၁၃–ပါး |
| ၂။ | ဝိရတိကြဉ် သောဘနစေတသိက် | ၂၂–ပါး |
| | **ပေါင်း** | **၃၅–ပါး** |

**မဟာကြိယာဒုတိယဒွေ၌ယှဉ်သောစေတသိက်**

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက် | ၁၃–ပါး |
| ၂။ | ဝိရတိ၊ ပညိန္ဒြေကြဉ်သောဘနစေတသိက် | ၂၁–ပါး |
| | **ပေါင်း** | **၃၄–ပါး** |

**မဟာကြိယာတတိယဒွေ၌ယှဉ်သောစေတသိက်**

| | | |
|---|---|---|
| ၁။ | ပီတိကြဉ် အညသမာန်းစေတသိက် | ၁၂–ပါး |
| ၂။ | ဝိရတိကြဉ် သောဘနစေတသိက် | ၂၂–ပါး |
| | **ပေါင်း** | **၃၄–ပါး** |

**မဟာကြိယာစတုတ္ထဒွေ၌ယှဉ်သောစေတသိက်**

| | | |
|---|---|---|
| ၁။ | ပီတိကြဉ် အညသမာန်းစေတသိက် | ၁၂–ပါး |
| ၂။ | ဝိရတိ၊ ပညိန္ဒြေကြဉ် သောဘနစေတသိက် | ၂၁–ပါး |
| | **ပေါင်း** | **၃၃–ပါး** |

**အသီးအသီးတစ်ပါးစီသာယှဉ်ကြခြင်း**

မဟာကြိယာပထမဒွေ၌ စေတသိက် ၃၅ ပါးယှဉ်သော်လည်း အပ္ပမညာ စေတသိက် နှစ်ပါးတို့သည် တစ်ပြိုင်နက် မယှဉ်ကြ။ ကရုဏာသည် ဆင်းရဲ

http://www.dhammadownload.com



ဒုက္ခရောက်သော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၏။ မုဒိတာသည် ကြီးပွား ချမ်းသာနေသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၏။ ဤသို့ အာရုံမတူ သောကြောင့် ကရုဏာနှင့် မုဒိတာတို့ အသီးအသီး တစ်ပါးစီသာယှဉ်ကြ၏။ ထို့ကြောင့်–

## မဟာကြိယာပထမဒွေ့၌

| | | |
|---|---|---|
| ၁။ | အများဆုံးယှဉ်သောစေတသိက် | ၃၅–ပါး |
| ၂။ | အမြဲတန်းယှဉ်သောစေတသိက် | ၃၃–ပါး |
| ၃။ | တစ်ပြိုင်နက်ယှဉ်သောစေတသိက် | ၃၄–ပါး ယှဉ်၏။ |

## ကာမာဝစရသောဘနစိတ်သင်္ဂဟနည်း ၁၂ နည်း

| | | |
|---|---|---|
| ၁။ | မဟာကုသိုလ်ပထမဒွေ့၌ စေတသိက် ၃၈ ပါးယှဉ်ပုံ | ၁–နည်း |
| ၂။ | မဟာကုသိုလ်ဒုတိယဒွေ့၌ စေတသိက် ၃၇ ပါးယှဉ်ပုံ | ၁–နည်း |
| ၃။ | မဟာကုသိုလ်တတိယဒွေ့၌ စေတသိက် ၃၇ ပါးယှဉ်ပုံ | ၁–နည်း |
| ၄။ | မဟာကုသိုလ်စတုတ္ထဒွေ့၌ စေတသိက် ၃၆ ပါးယှဉ်ပုံ | ၁–နည်း |
| ၅။ | မဟာကြိယာပထမဒွေ့၌ စေတသိက် ၃၅ ပါးယှဉ်ပုံ | ၁–နည်း |
| ၆။ | မဟာကြိယာဒုတိယဒွေ့၌ စေတသိက် ၃၄ ပါးယှဉ်ပုံ | ၁–နည်း |
| ၇။ | မဟာကြိယာတတိယဒွေ့၌ စေတသိက် ၃၄ ပါးယှဉ်ပုံ | ၁–နည်း |
| ၈။ | မဟာကြိယာစတုတ္ထဒွေ့၌ စေတသိက် ၃၃ ပါးယှဉ်ပုံ | ၁–နည်း |
| ၉။ | မဟာဝိပါက်ပထမဒွေ့၌ စေတသိက် ၃၃ ပါးယှဉ်ပုံ | ၁–နည်း |
| ၁၀။ | မဟာဝိပါက်ဒုတိယဒွေ့၌ စေတသိက် ၃၂ ပါးယှဉ်ပုံ | ၁–နည်း |
| ၁၁။ | မဟာဝိပါက်တတိယဒွေ့၌ စေတသိက် ၃၂ ပါးယှဉ်ပုံ | ၁–နည်း |
| ၁၂။ | မဟာဝိပါက်စတုတ္ထဒွေ့၌ စေတသိက် ၃၁ ပါးယှဉ်ပုံ | ၁–နည်း |
| | **ပေါင်း** | **၁၂–နည်း** |

**ကာမာဝစရသောဘနစိတ်သင်္ဂဟနည်းပြီး၏။**

e e e e e

http://www.dhammadownload.com



## မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း

မဟဂ္ဂုတ်စိတ်၌ ရနိုင်သမျှသော စေတသိက်တို့ကို စုပေါင်းရေတွက်ပြသောနည်းကို မဟဂ္ဂုတ်စိတ်သင်္ဂဟနည်းခေါ်၏။

### မဟဂ္ဂုတ်စိတ်သင်္ဂဟနည်းဇယား

| ဈာန်စိတ် | ယှဉ်သောစေတသိက် | | ပေါင်း |
|---|---|---|---|
| ပထမဈာန် | အညသမာန်းစေတသိက်<br>ဝိရတိကြဉ်သောဘနစေတသိက် | ၁၃<br>၂၂ | ၃၅ |
| ဒုတိယဈာန် | ဝိတက်ကြဉ်အညသမာန်းစေတသိက်<br>ဝိရတိကြဉ်သောဘနစေတသိက် | ၁၂<br>၂၂ | ၃၄ |
| တတိယဈာန် | ဝိတက်၊ ဝိစာရကြဉ်အညသမာန်း<br>ဝိရတိကြဉ်သောဘနစေတသိက် | ၁၁<br>၂၂ | ၃၃ |
| စတုတ္ထဈာန် | ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်အညသမာန်း<br>ဝိရတိကြဉ်သောဘနစေတသိက် | ၁၀<br>၂၂ | ၃၂ |
| ပဥ္စမဈာန် | ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်အညသမာန်း<br>ဝိရတိ၊ အပ္ပမညာကြဉ်သောဘနစေတသိက် | ၁၀<br>၂၀ | ၃၀ |

( ကျက်ရန် )

### မဟဂ္ဂုတ်ပထမဈာန် ၃ ပါး၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | အညသမာန်းစေတသိက် | ၁၃–ပါး |
| ၂။ | ဝိရတိကြဉ်သောဘနစေတသိက် | ၂၂–ပါး |
| | ပေါင်း | ၃၅–ပါး |

http://www.dhammadownload.com



## မဟဂ္ဂုတ်ဒုတိယစျာန် ၃ ပါး၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | ဝိတက်ကြဉ် အညသမာန်းစေတသိက် | ၁၂-ပါး |
| ၂။ | ဝိရတိကြဉ် သောဘနစေတသိက် | ၂၂-ပါး |
| | ပေါင်း | ၃၄-ပါး |

## မဟဂ္ဂုတ်တတိယစျာန် ၃ ပါး၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | ဝိတက်ဝိစာရကြဉ် အညသမာန်းစေတသိက် | ၁၁-ပါး |
| ၂။ | ဝိရတိကြဉ် သောဘနစေတသိက် | ၂၂-ပါး |
| | ပေါင်း | ၃၃-ပါး |

## မဟဂ္ဂုတ်စတုတ္ထစျာန် ၃ ပါး၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | ဝိတက်၊ ဝိစာရ၊ ပီတိကြဉ် အညသမာန်းစေတသိက် | ၁၀-ပါး |
| ၂။ | ဝိရတိကြဉ် သောဘနစေတသိက် | ၂၂-ပါး |
| | ပေါင်း | ၃၂-ပါး |

## မဟဂ္ဂုတ်ပဥ္စမစျာန် ၁၅ ပါး၌ယှဉ်သောစေတသိက်

| | | |
|---|---|---|
| ၁။ | ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်အညသမာန်းစေတသိက် | ၁၀-ပါး |
| ၂။ | ဝိရတိ၊ အပ္ပမညာကြဉ်သောဘနစေတသိက် | ၂၀-ပါး |
| | ပေါင်း | ၃၀-ပါး |

## အသီးအသီး တစ်ပါးစီသာယှဉ်ကြခြင်း

မဟဂ္ဂုတ်ပထမစျာန်စိတ် ၃ ပါး၌ စေတသိက် ၃၅ ပါးယှဉ်သော်လည်း အပ္ပမညာစေတသိက်တို့သည် တစ်ပြိုင်နက် မယှဉ်ကြ။ အသီးအသီး တစ်ပါးစီသာယှဉ်ကြ၏။ ထို့ကြောင့် -

http://www.dhammadownload.com



## မဟဂ္ဂုတ်ပထမဈာန်စိတ် ၃ ပါး၌

| | | |
|---|---|---|
| ၁။ | အများဆုံးယှဉ်သောစေတသိက် | ၃၅–ပါး |
| ၂။ | အမြဲတန်းယှဉ်သောစေတသိက် | ၃၃–ပါး |
| ၃။ | တစ်ပြိုင်နက်ယှဉ်သောစေတသိက် | ၃၄–ပါး ယှဉ်၏။ |

**အမှာ**။ အပ္ပမညာစေတသိက် အသီးအသီးယှဉ်ပုံကို မဟာကြိယာပထမဒွေ၌ ပြခဲ့ပြီ၊ ပြန်ကြည့်ပါ။

## မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း ၅ ပါး

| | | |
|---|---|---|
| ၁။ | မဟဂ္ဂုတ်ပထမဈာန်စိတ်၌ စေတသိက် ၃၅ ပါးယှဉ်ပုံ | ၁–နည်း |
| ၂။ | မဟဂ္ဂုတ်ဒုတိယဈာန်စိတ်၌ စေတသိက် ၃၄ ပါးယှဉ်ပုံ | ၁–နည်း |
| ၃။ | မဟဂ္ဂုတ်တတိယဈာန်စိတ်၌ စေတသိက် ၃၃ ပါးယှဉ်ပုံ | ၁–နည်း |
| ၄။ | မဟဂ္ဂုတ်စတုတ္ထဈာန်စိတ်၌ စေတသိက် ၃၂ ပါးယှဉ်ပုံ | ၁–နည်း |
| ၅။ | မဟဂ္ဂုတ်ပဉ္စမဈာန်စိတ်၌ စေတသိက် ၃၀ ပါးယှဉ်ပုံ | ၁–နည်း |
| | ပေါင်း | ၅–နည်း |

မဟဂ္ဂုတ်စိတ်သင်္ဂဟနည်းပြီး၏

e e e e e

http://www.dhammadownload.com



## လောကုတ္တရာစိတ်သင်္ဂဟနည်း ၅ ပါး

| ဈာန်စိတ် | ယှဉ်သောစေတသိက် | | ပေါင်း |
|---|---|---|---|
| ပထမဈာန် ၈ | အညသမာန်းစေတသိက်<br>အပ္ပမညာကြဉ်သောဘနစေတသိက် | ၁၃<br>၂၃ | ၃၆ |
| ဒုတိယဈာန် ၈ | ဝိတက်ကြဉ်အညသမာန်းစေတသိက်<br>အပ္ပမညာကြဉ်သောဘနစေတသိက် | ၁၂<br>၂၃ | ၃၅ |
| တတိယဈာန် ၈ | ဝိတက်၊ ဝိစာရကြဉ်အညသမာန်း<br>အပ္ပမညာကြဉ်သောဘနစေတသိက် | ၁၁<br>၂၃ | ၃၄ |
| စတုတ္ထဈာန် ၈ | ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်အညသမာန်း<br>အပ္ပမညာကြဉ်သောဘနစေတသိက် | ၁၀<br>၂၃ | ၃၃ |
| ပဉ္စမဈာန် ၈ | ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်အညသမာန်း<br>အပ္ပမညာကြဉ်သောဘနစေတသိက် | ၁၀<br>၂၃ | ၃၃ |

( ကျက်ရန် )

### လောကုတ္တရာပထမဈာန်စိတ် ၈ ပါး၌ယှဉ်သောစေတသိက်

၁။ အညသမာန်းစေတသိက် ၁၃–ပါး

၂။ အပ္ပမညာကြဉ်သောဘနစေတသိက် ၂၃–ပါး

**ပေါင်း** **၃၆–ပါး**

### လောကုတ္တရာဒုတိယဈာန်စိတ် ၈ ပါး၌ယှဉ်သောစေတသိက်

၁။ ဝိတက်ကြဉ်အညသမာန်းစေတသိက် ၁၂–ပါး

၂။ အပ္ပမညာကြဉ်သောဘနစေတသိက် ၂၃–ပါး

**ပေါင်း** **၃၅–ပါး**

http://www.dhammadownload.com



**လောကုတ္တရာတတိယဈာန်စိတ် ၈ ပါး၌ယှဉ်သောစေတသိက်**

၁။ ဝိတက်၊ ဝိစာရကြဉ်အညသမာန်းစေတသိက် ၁၁–ပါး

၂။ အပ္ပမညာကြဉ်သောဘာနစေတသိက် ၂၃–ပါး

**ပေါင်း** ၃၄–ပါး

**လောကုတ္တရာစတုတ္ထဈာန်စိတ် ၈ ပါး၌ယှဉ်သောစေတသိက်**

၁။ ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်အညသမာန်းစေတသိက် ၁၀–ပါး

၂။ အပ္ပမညာကြဉ်သောဘာနစေတသိက် ၂၃–ပါး

**ပေါင်း** ၃၃–ပါး

**လောကုတ္တရာပဉ္စမဈာန်စိတ် ၈ ပါး၌ယှဉ်သောစေတသိက်**

၁။ ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်အညသမာန်းစေတသိက် ၁၀–ပါး

၂။ အပ္ပမညာကြဉ်သောဘာနစေတသိက် ၂၃–ပါး

**ပေါင်း** ၃၃–ပါး

**လောကုတ္တရာစိတ်သင်္ဂဟနည်း ၅ နည်း**

၁။ ပထမဈာန်စိတ်၌ စေတသိက် ၃၆ ပါးယှဉ်ရာသင်္ဂဟနည်း ၁–နည်း

၂။ ဒုတိယဈာန်စိတ်၌ စေတသိက် ၃၅ ပါးယှဉ်ရာသင်္ဂဟနည်း ၁–နည်း

၃။ တတိယဈာန်စိတ်၌ စေတသိက် ၃၄ ပါးယှဉ်ရာသင်္ဂဟနည်း ၁–နည်း

၄။ စတုတ္ထဈာန်စိတ်၌ စေတသိက် ၃၃ ပါးယှဉ်ရာသင်္ဂဟနည်း ၁–နည်း

၅။ ပဉ္စမဈာန်စိတ်၌ စေတသိက် ၃၃ ပါးယှဉ်ရာသင်္ဂဟနည်း ၁–နည်း

**ပေါင်း** ၅–နည်း

http://www.dhammadownload.com



**ဈာန် ၂ မျိုး**။ ဈာန်သည် ပဥ္စကဈာန်, စတုက္ကဈာန်ဟု နှစ်မျိုးရှိ၏။ ယခုပြခဲ့ပြီးသော ၅ မျိုးသည် ပဥ္စကဈာန်ဖြစ်၏။ စတုက္ကနည်းအားဖြင့် ၄ မျိုးသာရှိ၏။

## စတုက္ကဈာန်နည်း ၄ မျိုး

၁။ ပထမဈာန်စိတ်၌ စေတသိက် ၃၆ ပါးယှဉ်ရာသင်္ဂဟနည်း ၁–နည်း

၂။ ဒုတိယဈာန်စိတ်၌ စေတသိက် ၃၄ ပါးယှဉ်ရာသင်္ဂဟနည်း ၁–နည်း

၃။ တတိယဈာန်စိတ်၌ စေတသိက် ၃၃ ပါးယှဉ်ရာသင်္ဂဟနည်း၁–နည်း

၄။ စတုတ္ထဈာန်စိတ်၌ စေတသိက် ၃၃ ပါးယှဉ်ရာသင်္ဂဟနည်း ၁–နည်း

ဤသို့ စတုက္ကနည်းအားဖြင့် သင်္ဂဟနည်း ၄ မျိုးပြား၏။

**မှတ်ချက်**။ ပဥ္စကနည်းအရ ဈာန် ၅ မျိုးတွင် ပထမဈာန်နှင့် ဒုတိယဈာန်ကို ပေါင်း၍ စတုက္ကနည်း၌ ပထမဈာန်ယူထား၏။

**လောကုတ္တရာသင်္ဂဟနည်းပြီး၏။**

e e e e e

http://www.dhammadownload.com



## သောဘနစိတ်သင်္ဂဟနည်း၌ ဝိရတိ၊ အပ္ပမညာတို့မယှဉ်သောစိတ်များ

၁။ မဟာကြိယာ၊ မဟဂ္ဂုတ်စိတ်တို့၌ ဝိရတိစေတသိက်မယှဉ်။

၂။ လောကုတ္တရာစိတ်၌ အပ္ပမညာစေတသိက်မယှဉ်။

၃။ မဟာဝိပါက်စိတ်၌ ဝိရတိအပ္ပမညာနှစ်မျိုးလုံးမယှဉ်။

## ဝိသေသကစေတသိက်များ

စိတ်ချင်းကွဲပြား ထူးခြားအောင် ပြုတတ်သောစေတသိက်တို့ကို ဝိသေသကစေတသိက်ခေါ်၏။ ထိုဝိသေသကစေတသိက်သည် အောက်ပါအတိုင်း ၁၀ ပါးပြား၏။

| | | |
|---|---|---|
| ၁။ | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ (ဝေဒနာ) | ၄–ပါး |
| ၂။ | အပ္ပမညာစေတသိက် | ၂–ပါး |
| ၃။ | ဝိရတိစေတသိက် | ၃–ပါး |
| ၄။ | ပညာစေတသိက် | ၁–ပါး |
| | **ပေါင်း** | **၁၀–ပါး** |

## ဝိသေသကစေတသိက်များကို စိတ်နှင့်တွဲပြပုံ

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ ဟူသော ဈာန်တရားတို့သည် လောကုတ္တရာစိတ်၌ စိတ်ချင်းကွဲပြားထူးခြားအောင် ပြုလုပ်ကြ၏။

၂။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခဟူသော ဈာန်တရားများနှင့် အပ္ပမညာစေတသိက်တို့သည် မဟဂ္ဂုတ်စိတ်၌ စိတ်ချင်းကွဲပြား ထူးခြားအောင် ပြုလုပ်ကြ၏။

၃။ အပ္ပမညာ၊ ဝိရတိ၊ ဉာဏ်၊ ပီတိတို့သည် ကာမာဝစရသောဘနစိတ်၌ စိတ်ချင်းကွဲပြားထူးခြားအောင် ပြုလုပ်ကြ၏။

**အမှာ**။ အဘယ်တရားများ အဘယ်စိတ်၌ စိတ်ချင်းကွဲပြားထူးခြားအောင် ပြုလုပ်ကြပါသနည်းဟုမေးလျှင် အထက်ပါအတိုင်းဖြေပါ။

http://www.dhammadownload.com



## စိတ်ချင်းကွဲပြားထူးခြားအောင်ပြုလုပ်ပုံ

ဝိတက်သည် လောကုတ္တရာစိတ်တွင် ပထမဈာန်စိတ်၌သာယှဉ်၏။ ဒုတိယဈာန်စိတ် စသည်တို့၌မယှဉ်ပါ။ ဤသို့ ဝိတက်၏ယှဉ်မှု မယှဉ်မှုကြောင့် ပထမဈာန်စိတ်ကတစ်မျိုး၊ ဒုတိယဈာန်စိတ်စသည်တို့က တစ်မျိုးစီအားဖြင့် ကွဲပြားထူးခြားရ၏။ ဝိတက်သည် ဤသို့ စိတ်ချင်းကွဲပြားထူးခြားအောင် ပြုလုပ်၏။

ဝိစာရသည် လောကုတ္တရာစိတ်တွင် ပထမဈာန်စိတ်၊ ဒုတိယဈာန်စိတ် တို့၌သာယှဉ်၏။ တတိယဈာန်စိတ် စသည်တို့၌မယှဉ်ပါ။ ဤသို့ ဝိစာရ၏ ယှဉ်မှု မယှဉ်မှုကြောင့် ပထမဈာန်စိတ်၊ ဒုတိယဈာန်စိတ် စသည်တို့ကတစ်မျိုး၊ တတိယဈာန်စိတ် စသည်တို့ကတစ်မျိုးစီအားဖြင့် ကွဲပြားထူးခြားရ၏။ ဝိစာရ သည် ဤသို့ စိတ်ချင်းကွဲပြားထူးခြားအောင် ပြုလုပ်၏။

**အမှာ**။ ဤနည်းကိုမှီ၍ ပီတိ သုခတို့ကိုလည်း ရေးတတ်ပါစေ။

အပ္ပမညာ စေတသိက်သည် မဟဂ္ဂုတ်စိတ်တွင် ပထမဈာန်၊ ဒုတိယ ဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်စိတ်တို့၌သာယှဉ်၏။ ပဉ္စမဈာန်စိတ်၌ မယှဉ်ပါ။ ဤသို့ အပ္ပမညာ၏ ယှဉ်မှု၊ မယှဉ်မှုကြောင့် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယ ဈာန်၊ စတုတ္ထဈာန်တို့က တစ်မျိုး၊ ပဉ္စမဈာန်စိတ်ကတစ်မျိုးစီအားဖြင့် ကွဲပြား ထူးခြားရ၏။ အပ္ပမညာသည် ဤသို့စိတ်ချင်းကွဲပြားထူးခြားအောင်ပြုလုပ်၏။

ဝိရတီသည် ကာမာဝစရသောဘနစိတ်တွင် မဟာကုသိုလ်စိတ်၌သာ ယှဉ်၏။ မဟာဝိပါက် မဟာကြိယာတို့၌ မယှဉ်၊ ဤသို့ ဝိရတိ၏ယှဉ်မှု မယှဉ်မှု ကြောင့် မဟာကုသိုလ်စိတ်ကတစ်မျိုး၊ မဟာဝိပါက် မဟာကြိယာစိတ်တို့က တစ်မျိုးစီအားဖြင့် ကွဲပြားထူးခြားရ၏။ ဝိရတီသည် ဤသို့ စိတ်ချင်းကွဲပြား ထူးခြားအောင်ပြုလုပ်၏။

ဉာဏ် (ပညာ) သည် ကာမာဝစရသောဘနစိတ်တွင် ဉာဏသမ္ပယုတ် စိတ် ၁၂ ပါး၌သာယှဉ်၏။ ဉာဏဝိပ္ပယုတ်စိတ် ၁၂ ပါး၌မယှဉ်။ ဤသို့ ဉာဏ်၏

http://www.dhammadownload.com



ယှဉ်မှု မယှဉ်မှုကြောင့် ဉာဏသမ္ပယုတ်စိတ်ကတစ်မျိုး၊ ဉာဏဝိပ္ပယုတ်စိတ်က တစ်မျိုးအားဖြင့် ကွဲပြားထူးခြားရ၏။ ဉာဏ်သည် ဤသို့ စိတ်ချင်းကွဲပြား ထူးခြားအောင်ပြုလုပ်၏။

**အမှာ**။ ကြွင်းသော စေတသိက်တို့ကို ဤနည်းကိုမှီ၍ရေးတတ်ပါစေ။

## သင်္ဂဟနည်း ၃၃ နည်း

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ်သင်္ဂဟနည်း | ၇–နည်း |
| ၂။ | အဟိတ်စိတ်သင်္ဂဟနည်း | ၄–နည်း |
| ၃။ | ကာမာဝစရသောဘနစိတ်သင်္ဂဟနည်း | ၁၂–နည်း |
| ၄။ | မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း | ၅–နည်း |
| ၅။ | လောကုတ္တရာစိတ်သင်္ဂဟနည်း | ၅–နည်း |
| | **ပေါင်း** | **၃၃–နည်း** |

## သမ္ပယောဂနည်း သင်္ဂဟနည်းအထူး

ယှဉ်ရာစိတ်ကိုပိုင်းခြားသတ်မှတ်လို၍ စေတသိက်တို့၏စိတ်၌ယှဉ်ပုံ ယှဉ်ဟန်ကို ပြသောနည်းသည် သမ္ပယောဂနည်းမည်၏။ ယှဉ်ထိုက်သမျှ စေတသိက်များကို ပိုင်းခြားသတ်မှတ်လို၍ စိတ်တစ်မျိုးတစ်မျိုး၌ ရထိုက်သမျှ စေတသိက်ကို ပေါင်းစုရေတွက်ပြသောနည်းသည် သင်္ဂဟနည်းမည်၏။ ဤသို့ ထူးခြား၏။

## ''လေ့ကျင့်ခန်း''

၁။ ကြက်သတ်နေသူ၏စိတ်၌ ယှဉ်နိုင်သမျှသော စေတသိက်တို့ကိုရေး၍ စာမေးပွဲခိုးဖြေသောစိတ်၌ ယှဉ်နိုင်သမျှသော စေတသိက်တို့ကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



၂။ နှင်းဆီပန်းလှလှကိုမြင်သိစိတ်၌ ယှဉ်နိုင်သောစေတသိက်တို့ကိုရေး၍ မောဟမူဒွေး၌ယှဉ်သော စေတသိက်တို့ကိုရေးခဲ့ပါ။

၃။ မဟာကြိယာပထမဒွေ၌ယှဉ်သော အောက်ပါစေတသိက်တို့ကို သင်္ချာမှု ပြခဲ့ပါ။

(၁) အများဆုံးယှဉ်သောစေတသိက်

(၂) အမြဲတန်းယှဉ်သောစေတသိက်

(၃) တစ်ပြိုင်နက်ယှဉ်သောစေတသိက်

၄။ မဟာကြိယာစိတ်၌ အပ္ပမညာစေတသိက်များ အသီးအသီးယှဉ်ကြပုံကို ရေး၍၊ စေတသိက်အများဆုံးယှဉ်သောစိတ်နှင့် အနည်းဆုံးယှဉ်သော စိတ်တို့ကို ဖော်ပြခဲ့ပါ။

**သင်္ဂဟနည်းပြီး၏။**

e e e e e

## ယှဉ်ရာစိတ်နှင့်အရေအတွက်ညီမျှခြင်း

စေတသိက်သည် စိတ်၌မှီလျက် စိတ်မှာယှဉ်တွဲဖြစ်ခြင်းကြောင့် ယှဉ်ရာ စိတ်နှင့် အရေအတွက်ညီမျှရ၏။ ဥပမာ – ဖဿစေတသိက်သည် စိတ် ၈၉ ပါး၌ယှဉ်ခြင်းကြောင့် ဖဿလည်း ၈၉ ပါးပင်ပြားရ၏။ ကြွင်းသောစေတသိက် များလည်း ဤနည်းအတိုင်းပင်ဖြစ်၏။

## စေတသိက်ချင်းယှဉ်ပုံ

စေတသိက်သည် စိတ်နှင့်သာယှဉ်သည်မဟုတ်။ စေတသိက်အချင်းချင်း လည်း ယှဉ်၏။ စေတသိက်ချင်းယှဉ်ပုံသဘောပေါက်အောင် ဆက်လက် လေ့လာပါ။

http://www.dhammadownload.com



## စေတသိက်ချင်းယှဉ်ပုံဇယား

| စေတသိက် | ယှဉ်စိတ် | ယှဉ်စေ | စေ | မှတ်ချက် |
|---|---|---|---|---|
| ဖဿ | ၈၉ | ၅၂ | ၅၁ | ဖဿကြဉ် (ဝေဒနာသည်တူပြီ) |
| ဝိတက် | ၅၅ | ၅၂ | ၅၁ | ဝိတက်ကြဉ် (ဝိစာရလည်းတူ) |
| အဓိ | ၇၈ | ၅၁ | ၅၀ | အဓိနှင့်ဝိစိကြဉ် |
| ဝီရိယ | ၇၁ | ၅၂ | ၅၁ | ဝိရိယကြဉ် |
| ပီတိ | ၅၁ | ၄၇ | ၄၆ | ပီတိ ဒေါ ၄ ဝိစိကြဉ် |
| ဆန္ဒ | ၆၉ | ၅၁ | ၅၀ | ဆန္ဒ ဝိစိကိစ္ဆာကြဉ် |
| မောဟ | ၁၂ | ၂၇ | ၂၆ | မောဟကြဉ် (အဟိရိကစသည်တူ) |
| လောဘ | ၈ | ၂၂ | ၂၁ | လော၊ ဒေါစတုက်၊ ဝိစိကြဉ် |
| ဒိဋ္ဌိ | ၄ | ၂၁ | ၂၀ | ဒိဋ္ဌိ၊ ဒေါစတုက်၊ မာန ဝိစိကြဉ် |
| မာန | ၄ | ၂၁ | ၂၀ | မာန ဒေါစတုက် ဒိဋ္ဌိ၊ ဝိစိကြဉ် |
| ဒေါသ | ၂ | ၂၂ | ၂၁ | ဒေါ၊ ပီ၊ လော၊ ဒိဋ္ဌိ၊ မာန၊ ဝိစိကြဉ် |
| ကုက္ကုစ္စ | ၂ | ၂၂ | ၁၉ | ကု၊ မ၊ ကုက္ကုစ္စတို့ကိုထပ်ကြဉ် |
| ထိန | ၅ | ၂၆ | ၂၅ | ထိန ဝိစိကြဉ် (မိဒ္ဓလည်းတူပြီ) |
| ဝိစိကိစ္ဆာ | ၁ | ၁၅ | ၁၄ | စိ၊ ဆန္ဒ၊ ပီ၊ ဓိ၊ လော ၃၊ ဒေါ၄၊ ထိ၊မိဒ္ဓကြဉ် |
| သဒ္ဓါ | ၅၉ | ၃၈ | ၃၇ | သဒ္ဓါကြဉ် (သတိစသည်တူပြီ) |
| သမ္မာဝါစာ | ၁၆ | ၃၈ | ၃၃ | ဝိရတီနှင့် ပမဉ်ကြဉ် (ကမ္မန္တတူပြီ) |
| ကရုဏာ | ၂၈ | ၃၈ | ၃၃ | ဝိရတီနှင့် ပမဉ်ကြဉ် (မုဒိတူပြီ) |
| ပညာ | ၄၇ | ၃၈ | ၃၇ | ပညာကြဉ် |

http://www.dhammadownload.com



**ညွှန်ကြားချက်** –

၁။ ထိုထိုစေတသိက်၏ ယှဉ်ရာစိတ်ကို သမ္ပယောဂနည်းအားလျော်စွာ ရှာဖွေပါ။

၂။ ထို့နောက် ယင်းစိတ်များ၌ ယှဉ်ထိုက်သမျှသော စေတသိက်တို့ကို သင်္ဂဟနည်းသဘောသွားအတိုင်းရှာဖွေပါ။

၃။ ယင်းစေတသိက်များထဲမှ အရင်းခံ မူလ စေတသိက်ကို ပယ်နှုတ်ထားလိုက်ပါ။

၄။ ကြွင်းသောစေတသိက်များသည် ယင်းပယ်နုတ်ထားသော စေတသိက်နှင့် ယှဉ်ထိုက်သောစေတသိက်များဖြစ်၏။

## ဖဿနှင့်ယှဉ်သောစေတသိက်

၁။ ဖဿသည် စိတ် ၈၉ ပါး၌ယှဉ်သည်။ (သမ္ပယောဂနည်း)

၂။ ထိုစိတ် ၈၉ ပါး၌ စေတသိက် ၅၂ ပါးယှဉ်သည်။ (သင်္ဂဟနည်း)

၃။ ယင်းစေတသိက် ၅၂ ပါးထဲမှ အရင်းခံမူလ ဖဿစေတသိက်ကိုနုတ်လိုက်ပါ။

၄။ ကျန်စေတသိက် ၅၁ ပါသည်။ ဖဿနှင့်ယှဉ်သော စေတသိက်များဖြစ်သည်။

ထို့ကြောင့် ဖဿသည် စိတ်တစ်ခု ယုတ်ကိုးဆယ် ဖဿကြဉ်သော စေတသိက် ၅၁ ပါးနှင့်ယှဉ်သည်ဟုမှတ်ပါ။ ဇယားနှင့် တိုက်ဆိုင်ကြည့်ပါ။

http://www.dhammadownload.com



## ပီတိနှင့်ယှဉ်သောစေတသိက်

၁။ ပီတိသည် စတုတ္ထစျာန်မှတစ်ပါး သောမနဿသဟဂုတ် ၅၁ ပါး၌ ယှဉ်သည်။

၂။ ထို ၅၁ ပါးသောစိတ်၌ (ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာကြဉ်) စေတသိက် ၄၇ ပါးယှဉ်နိုင်သည်။

၃။ ထို့ကြောင့် ပီတိသည် ပီတိ၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာကြဉ် စေတသိက် ၄၆ ပါးနှင့်ယှဉ်နိုင်သည်။ ကြွင်းသော စေ့တသိက်များကို ဤနည်းအတိုင်း ဆက်လက်လေ့လာပါလေ။

**စေတသိက်ပိုင်းပြီး၏။**



http://www.dhammadownload.com



# အပိုင်း (၃)

# ပကိဏ်းပိုင်း

ဝေဒနာသင်္ဂဟစသော သင်္ဂဟ ၆ မျိုးကို ရောပြွမ်းပေါင်းစု၍ ပြဆိုရာ ဖြစ်သောကြောင့် ပကိဏ်းပိုင်း (ပကိဏ္ဏကသင်္ဂဟ) ခေါ်၏။

## နာမ်တေပညာသအရ

၁။ အာရုံကိုသိခြင်းလက္ခဏာအားဖြင့် စိတ် ၁–ပါး

၂။ စေတသိက် ၅၂–ပါး

ပေါင်း နာမ်တရား ၅၃–ပါး

## သင်္ဂဟ ၆ မျိုး

၁။ **ဝေဒနာသင်္ဂဟ** ။ ဝေဒနာအပြားအားဖြင့် စိတ်တို့ကိုပေါင်းယူရာ စကားရပ်ကို ဝေဒနာသင်္ဂဟခေါ်၏။

၂။ **ဟေတုသင်္ဂဟ** ။ ဟိတ်အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်ကို ဟေတုသင်္ဂဟခေါ်၏။

၃။ **ကိစ္စသင်္ဂဟ** ။ ကိစ္စအပြားအားဖြင့် စိတ်တို့ကိုပေါင်းယူရာ စကားရပ်ကို ကိစ္စသင်္ဂဟခေါ်၏။

၄။ **ဒွါရသင်္ဂဟ** ။ ဒွါရအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်ကို ဒွါရသင်္ဂဟခေါ်၏။

http://www.dhammadownload.com



၅။ **အာရမ္မဏသင်္ဂဟ**။ အာရုံအပြားအားဖြင့် စိတ် စေတသိက်တို့ကို ပေါင်းယူရာစကားရပ်ကို အာရမ္မဏသင်္ဂဟခေါ်၏။

၆။ **ဝတ္ထုသင်္ဂဟ** ။ ဝတ္ထုအပြားအားဖြင့် စိတ် စေတသိက်တို့ကို ပေါင်းယူရာ စကားရပ်ကို ဝတ္ထုသင်္ဂဟခေါ်၏။

ပကိဏ်းပိုင်း၌ ဤသင်္ဂဟ ၆ မျိုးကို အစဉ်အတိုင်းပြမည်။

## ဝေဒနာသင်္ဂဟ

အာရုံ၏ အရသာကို ခံစားမှုသဘောကို ဝေဒနာခေါ်၏။ ထိုဝေဒနာ အပြားအားဖြင့် စိတ်၊ စေတသိက်တို့ကို ပေါင်းယူပြသော စကားရပ်ကို ဝေဒနာ သင်္ဂဟခေါ်၏။

## ဝေဒနာ ၃ ပါး

(၁) သုခ ဝေဒနာ (၂) ဒုက္ခ ဝေဒနာ (၃) အဒုက္ခမသုခါဝေဒနာ

ဝေဒနာသည် ဤသို့အာရုံကို ခံစားခြင်းသဘောလက္ခဏာ (အာရမ္မဏာ နုဘဝန လက္ခဏာ) အားဖြင့် သုံးမျိုးပြား၏။

## ဝေဒနာ ၅ မျိုး

(၁) သုခ ဝေဒနာ (၄) ဒေါမနဿ ဝေဒနာ

(၂) ဒုက္ခ ဝေဒနာ (၅) ဥပေက္ခာ ဝေဒနာ

(၃) သောမနဿ ဝေဒနာ

ဝေဒနာသည် ဤသို့ ဣန္ဒြိယ ဘေဒနည်းအားဖြင့် ၅ မျိုးပြား၏။

**မှတ်ချက်** ။ သုခဝေဒနာကို သုခဝေဒနာ၊ သောမနဿဝေဒနာဟု နှစ်မျိုး ခွဲ၏။ ဒုက္ခဝေဒနာကိုလည်း ဒုက္ခဝေနာ၊ ဒေါမနဿ ဝေဒနာ ဟုနှစ်မျိုးခွဲ၏။ ထို့ကြောင့် ဝေဒနာ ၅ မျိုးပြားရခြင်းဖြစ်၏။

http://www.dhammadownload.com



**ဣဋ္ဌာရုံ** ။ အလိုရှိအပ် ကောင်းမြတ်သော အာရုံကို ဣဋ္ဌာရုံခေါ်၏။ လှပသောအဆင်း၊ သာယာဖွယ်ကောင်းသော အသံ၊ ကောင်းသောအနံ့၊ ကောင်းသော အရသာ၊ ကောင်းသော အတွေ့အထိ၊ ကောင်းသော နာမည်၊ ကောင်းသောအဆောက်အအုံ စသည်တို့ကို လူသားများလိုလားနှစ်သက်သောကြောင့် ဣဋ္ဌာရုံခေါ်၏။

**အနိဋ္ဌာရုံ** ။ အလိုမရှိအပ် မကောင်းမြတ်သောအာရုံကို အနိဋ္ဌာရုံခေါ်၏။ မလှသောအဆင်း၊ မကောင်းသောအသံ၊ မကောင်းသောအနံ့၊ မကောင်းသော အရသာ၊ မကောင်းသောအတွေ့အထိ၊ မကောင်းသော အဆောက်အအုံ စသည်တို့ကို လူသားတို့ မလိုလားမနှစ်သက်သောကြောင့် အနိဋ္ဌာရုံခေါ်၏။

**ဣဋ္ဌမဇ္ဈတ္တာရုံ** ။ မဆိုး၊ မကောင်းသောအဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့အထိများ၊ မဆိုးမကောင်းသော အဆောက်အအုံများကို ဣဋ္ဌမဇ္ဈတ္တာရုံ ခေါ်၏။

## ဝေဒနာ ၃ မျိုးပြားပုံ

၁။ ဣဋ္ဌာရုံကို ခံစားသောဝေဒနာသည် သာယာသောအားဖြင့် ခံစား၏။ ဤခံစားမှုမျိုးကို သုခဝေဒနာခေါ်၏။

၂။ အနိဋ္ဌာရုံကို ခံစားသောဝေဒနာသည် မသာယာသောအားဖြင့် ခံစား၏။ ဤခံစားမှုမျိုးကို ဒုက္ခဝေဒနာခေါ်၏။

၃။ ဣဋ္ဌမဇ္ဈတ္တာရုံကို ခံစားသောဝေဒနာသည် သာယာသည်လည်း မဟုတ်၊ မသာယာသည်လည်းမဟုတ် လျစ်လျူရှုသောအားဖြင့် ခံစား၏။ ဤခံစားမှုမျိုးကို အဒုက္ခ မသုခါဝေဒနာခေါ်၏။

ဤသို့ အာရုံခံစားပုံ သဘောလက္ခဏာအားဖြင့် ဝေဒနာသုံးမျိုးပြား၏။

http://www.dhammadownload.com



## ဝေဒနာဖြင့် စိတ်ကိုဝေဖန်ခြင်း

### သုခဝေဒနာနှင့် ယှဉ်သောစိတ် ၁ ပါး

သုခဝေဒနာနှင့်ယှဉ်သောစိတ်သည် အဟိတ်ကုသလဝိပါက် သုခ သဟဂုတ် ကာယဝိညာဏ်စိတ်ဖြစ်၏။

### ဒုက္ခဝေဒနာနှင့် ယှဉ်သောစိတ် ၁ ပါး

ဒုက္ခဝေဒနာနှင့်ယှဉ်သော စိတ်သည် အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်ဖြစ်၏။

### သောမနဿဝေဒနာနှင့်ယှဉ်သောစိတ်

| | | |
|---|---|---|
| ၁။ | လောဘမူ သောမနဿသဟဂုတ်စိတ် | ၄ ပါး |
| ၂။ | အဟိတ်သောမနဿ သဟဂုတ်စိတ် | ၂ ပါး |
| ၃။ | ကာမာဝစရသောဘန သောမနဿသဟဂုတ်စိတ် | ၁၂ ပါး |
| ၄။ | ပထမစျာန်စိတ် | ၁၁ ပါး |
| ၅။ | ဒုတိယစျာန်စိတ် | ၁၁ ပါး |
| ၆။ | တတိယစျာန်စိတ် | ၁၁ ပါး |
| ၇။ | စတုတ္ထစျာန်စိတ် | ၁၁ ပါး |
| | ပေါင်း | ၆၂ ပါး |

**မှတ်ချက်** ။ ဤစိတ် ၆၂ ပါးကို သောမနဿသဟဂုတ်စိတ်ခေါ်၏။

### ဒေါမနဿဝေဒနာနှင့် ယှဉ်သောစိတ်

ဒေါသမူစိတ် ၂ ပါး။

## ဥပေက္ခာဝေဒနာနှင့်ယှဉ်သောစိတ်

| | | |
|---|---|---|
| ၁။ | အကုသိုလ် ဥပေက္ခာသဟဂုတ်စိတ် | ၆ ပါး |
| ၂။ | အဟိတ် ဥပေက္ခာသဟဂုတ်စိတ် | ၁၄ ပါး |
| ၃။ | ကာမာဝစရသောဘန ဥပေက္ခာသဟဂုတ်စိတ် | ၁၂ ပါး |
| ၄။ | ပဉ္စမစျာန်စိတ် | ၂၃ ပါး |
| | ပေါင်း | ၅၅ ပါး |

**မှတ်ချက်** ။ ဤစိတ် ၅၅ ပါးကို ဥပေက္ခာသဟဂုတ်စိတ်ခေါ်၏။

### ဝေဒနာဖြင့် စေတသိက်ကို ဝေဖန်ပုံ

| စေတသိက် ၅၂ | | သုခဝေ | ဒုက္ခဝေ | သောမနဿ | ဒေါမနဿ | ဥပေက္ခာ | အင်္ဂဟိတစေ |
|---|---|---|---|---|---|---|---|
| ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ | ၄ | | | | ॥ | | |
| ဝိစိကိစ္ဆာ | ၁ | | | | | ॥ | ၆ |
| ပီတိ | ၁ | | | ॥ | | | |
| လောဘ၊ဒိ၊မာ၊သောဘန | ၂၅–၂၈ | | | ॥ | | ॥ | ၂၈ |
| ကိဏ်း၊ဂျ၊သဗ္ဗာကု ၄ ထိနမိဒ္ဓ | ၁၁ | | | ॥ | ॥ | ॥ | ၁၁ |
| ဝေကြဉ်သဗ္ဗစိတ္တသာဓာရဏ | ၆ | ॥ | ॥ | ॥ | ॥ | ॥ | ၆ |
| ဝေဒနာ | ၁ | | | | | | ၁ |
| ထိုထိုဝေဒနာနှင့်ယှဉ်သောစေတသိက် | | | | | | | ၅၂ |

http://www.dhammadownload.com



**မှတ်ချက်** ။ ဖယားဦအပေါ်နှင့်အောက်သည် ဂဟိတဂ္ဂဟဏနည်းဖြစ်၏။ လက်ဝဲလက်ယာသည် အဂ္ဂဟိတဂ္ဂဟဏနည်းဖြစ်၏။ နည်းနှစ်မျိုးလုံးအရကို အောက်၌ ရှင်းပြထားပါသည်။

## သုခဝေဒနာနှင့်ယှဉ်သောစေတသိက်

သုခဝေဒနာသည် သုခသဟဂုတ် ကာယဝိညာဏ်စိတ်၌ ယှဉ်၏။ (သမ္ပယောဂနည်း)

ထိုသုခသဟဂုတ် ကာယဝိညာဏ်စိတ်၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး ယှဉ်၏။ (သင်္ဂဟနည်း)

ထိုတွင် သုခဝေဒနာကြဉ်ကြွင်းသော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၆ ပါးသည် သုခဝေဒနာနှင့် ယှဉ်သောစေတသိက်ဖြစ်၏။

## ဒုက္ခဝေဒနာနှင့်ယှဉ်သောစေတသိက်

ဒုက္ခဝေဒနာသည် အကုသလဝိပါက်ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၌ယှဉ်၏။ (သမ္ပယောဂနည်း)

ထိုဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါးယှဉ်၏။ (သင်္ဂဟနည်း)

ထိုတွင် ဒုက္ခဝေဒနာကြဉ်ကြွင်းသော သဗ္ဗစိတ္တသာဓာရဏသေတသိက် ၆ ပါးသည် ဒုက္ခဝေဒနာနှင့်ယှဉ်သော စေတသိက်ဖြစ်၏။ ဤသည်ကို ရည်ရွယ်၍ **''သုခ ဒုက္ခာ၊ ဝေဒနာနှင့် ယှဉ်လာလေရိပ်၊ စေတသိက်ကား ၆ ပါးညီမျှ''** ဟု နောက်၌လာလတ္တံ့။

## သောမနဿဝေဒနာနှင့်ယှဉ်သော စေတသိက်

သောမနဿဝေဒနာသည် သောမနဿ သဟဂုတ်စိတ် ၆၂ ပါး၌ ယှဉ်၏ (သမ္ပယောဂနည်း)

http://www.dhammadownload.com



ထိုသောမနဿ သဟဂုတ်စိတ် ၆၂ ပါး၌ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာကြဉ်စေတသိက် ၄၇ ပါးယှဉ်၏။ (သင်္ဂဟနည်း) ထိုတွင် (သောမနဿ) ဝေဒနာစေတသိက်ကို ကြဉ်ကြွင်းသော စေတသိက် ၄၆ ပါးသည် သောမနဿဝေဒနာနှင့်ယှဉ်သော စေတသိက်ဖြစ်၏။ ဤသည်ကို ရည်ရွယ်၍ **"သောမနဿဝယ်၊ လေးဆယ်နှင့်ခြောက်"**ဟုနောက်၌လာလတ္တံ့။

**မှတ်ချက်** ။ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၄ ပါးသည် ဒေါသမူ စိတ်နှစ်ပါး၌သာယှဉ်၏။ ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ သာယှဉ်၏။ သောမနဿသဟဂုတ်စိတ်၌ မယှဉ်ကြပါ။ ထို့ကြောင့် ယင်းစေတသိက် ၅ ပါးကိုကြဉ်ရ၏။

## ဒေါမနဿဝေဒနာနှင့်ယှဉ်သောစေတသိက်

ဒေါမနဿဝေဒနာသည် ဒေါသမူစိတ်နှစ်ပါး၌သာယှဉ်၏။ (သမ္ပယောဂ နည်း)

ထိုဒေါသမူစိတ်နှစ်ပါး၌ ပီတိ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၂ ပါးယှဉ်၏။ (သင်္ဂဟနည်း)

ထိုတွင် ဒေါမနဿဝေဒနာကြဉ်ကြွင်းသော စေတသိက် ၂၂ ပါးသည် ဒေါမနဿဝေဒနာနှင့်ယှဉ်သော စေတသိက်ဖြစ်၏။ ဤသည်ကိုရည်ရွယ်၍ **"ထိုနောက် ဒေါမန၊ ယှဉ်သမျှစစ်၊ နှစ်ဆယ့်တစ်သာ"** ဟုနောက်၌လာလတ္တံ့။

**မှတ်ချက်** ။ ပီတိသည် သောမနဿသဟဂုတ်စိတ်၌သာယှဉ်၏။ လောဘ ဒိဋ္ဌိ မာနသည် လောဘမူစိတ်၌သာယှဉ်၏။ ဝိစိကိစ္ဆာ စေတသိက် သည် ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌သာယှဉ်၏။ ဒေါသမူစိတ်၌မယှဉ်၊ ထို့ကြောင့် ပီတိစသော စေတသိက်ငါးပါးကိုကြဉ်ရ၏။

http://www.dhammadownload.com



## ဥပေက္ခာဝေဒနာနှင့်ယှဉ်သောစေတသိက်

ဥပေက္ခာဝေဒနာသည် ဥပေက္ခာသဟဂုတ်စိတ် ၅၅ ပါး၌ယှဉ်၏။ (သမ္ပယောဂနည်း)

ထိုဥပေက္ခာသဟဂုတ်စိတ် ၅၅ ပါး၌ ပီတိ၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စကြဉ်သော စေတသိက် ၄၇ ပါးယှဉ်၏။ (သင်္ဂဟနည်း)

ထိုတွင် ဥပေက္ခာဝေဒနာကြဉ်သော စေတသိက် ၄၆ ပါးသည် ဥပေက္ခာဝေဒနာနှင့်ယှဉ်သော စေတသိက်ဖြစ်၏။ ဤသည်ကို ရည်ရွယ်၍ **"ဥပေက္ခာ၌ယှဉ်လာဖြစ်မြောက်၊ လေးဆယ့်ခြောက်သည်"** ဟု နောက်၌လာလတ္တံ့။

**မှတ်ချက်** ။ ပီတိသည် သောမနဿသဟဂုတ်စိတ်၌သာယှဉ်၏။ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၄ ပါးသည် ဒေါသမူစိတ် ၂ ပါး၌သာယှဉ်၏။ ဥပေက္ခာသဟဂုတ်စိတ်၌ မယှဉ်ကြပါ။ ထို့ကြောင့် ယင်းစေတသိက် ၅ ပါးကို ကြဉ်ရ၏။

**ဆောင်** ။ သုခဒုက္ခာ၊ ဝေဒနာနှင့် ယှဉ်လာလေရိပ်၊ စေတသိက်ကား ၆ ပါး ညီမျှ၊ သောမနဿဝယ်၊ လေးဆယ့်နှင့်ခြောက်၊ ထို့နောက် ဒေါမနဿ၊ ယှဉ်သမျှစစ်၊ နှစ်ဆယ့်တစ်သာ၊ ဥပေက္ခာ၌ ယှဉ်လာဖြစ်မြောက်၊ လေးဆယ့်ခြောက်သည်၊ ရွေးကောက်လေတော့၊ မခဲတည်း။

## ဝေဒနာတစ်ပါးနှင့်ယှဉ်သော စေတသိက် ၆ ပါး

ပီတိ၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာဟူသော စေတသိက် ၆ ပါးသည် ဝေဒနာတစ်ပါးနှင့်သာယှဉ်၏။

**ရှင်းလင်းချက်** ။ ပီတိသည် သောမနဿသဟဂုတ်စိတ်၌သာယှဉ်ခြင်း ကြောင့် သောမနဿဝေဒနာ တစ်ပါးနှင့်သာယှဉ်၏။ ဒေါသ၊ ဣဿာ မစ္ဆရိယ၊ ကုက္ကုစ္စ ၄ ပါးသည် ဒေါသမူစိတ်၌သာယှဉ်ခြင်းကြောင့် ဒေါမနဿဝေဒနာတစ်ပါးနှင့်သာယှဉ်၏။

http://www.dhammadownload.com



ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်တစ်ပါး၌သာ ယှဉ်ခြင်းကြောင့် ဥပေက္ခာဝေဒနာတစ်ပါးနှင့်သာယှဉ်၏။

**ဝေဒနာ ၂ ပါးနှင့်သာယှဉ်သော စေတသိက် ၂၈ ပါး**

| | | |
|---|---|---|
| ၁။ | လောဘ၊ ဒိဋ္ဌိ၊ မာန | ၃–ပါး |
| ၂။ | သောဘနစေတသိက် | ၂၅–ပါး |
| | ပေါင်း | ၂၈–ပါး |

**ရှင်းလင်းချက်** ။ လောဘ၊ ဒိဋ္ဌိ၊ မာနစေတသိက် ၃ ပါးသည် လောဘမူစိတ်၌သာယှဉ်၏။ လောဘမူစိတ်၌ သောမနဿသဟဂုတ်စိတ်နှင့် ဥပေက္ခာသဟဂုတ်စိတ် နှစ်ပါးသာရှိ၏။

သောဘနစေတသိက် ၂၅ ပါးသည် သောဘနစိတ် ၅၉ ပါး၌သာယှဉ်၏။ သောဘနစိတ်၌လည်း သောမနဿသဟဂုတ်စိတ်၊ ဥပေက္ခာသဟဂုတ်စိတ် နှစ်ပါးသာရှိ၏။ ထို့ကြောင့် လောဘ၊ ဒိဋ္ဌိ၊ မာနနှင့် သောဘနစေတသိက်တို့သည် သောမနဿ ဝေဒနာ၊ ဥပက္ခောဝေဒနာ နှစ်ပါးနှင့်သာယှဉ်ကြ၏။

**ဝေဒနာ ၃ ပါးနှင့်ယှဉ်သော စေတသိက် ၁၁ ပါး**

| | | |
|---|---|---|
| ၁။ | ပီတိကြဉ် ပကိဏ်းစေတသိက် | ၅ ပါး |
| ၂။ | မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၄ ပါး |
| ၃။ | ထိန၊ မိဒ္ဓ | ၂ ပါး |
| | ပေါင်း | ၁၁ ပါး |

**ဝေဒနာ ၅ ပါးနှင့်ယှဉ်သော စေတသိက် ၆ ပါး**

ဝေဒနာကြဉ်သဗ္ဗစိတ္တသာဓာရဏစေတသိက် ၆ ပါး။

**မည်သည့်ဝေဒနာနှင့်မျှ မယှဉ်သော စေတသိက် ၁ ပါး**

ဝေဒနာစေတသိက်သည် မည်သည့်ဝေဒနာနှင့်မျှ မယှဉ်။

http://www.dhammadownload.com



**ဆောင်** ။ ဝေဒနာ တစ်၊ ခြောက်ပါးဖြစ်၏။ နှစ်မှာငါးဝီ၊ သုံးလီဆယ့်တစ်၊ ငါးဖြစ်ခြောက်ခု၊ မတစ်ခု၊ ပေါင်းစုငါးဆယ့်နှစ်။

## ဝေဒနာ ၃ မျိုးဖြင့် စိတ်ကိုဝေဖန်ပုံ

| | | |
|---|---|---|
| ၁။ | သုခသဟဂုတ်စိတ် | ၆၃–ပါး |
| ၂။ | ဒုက္ခသဟဂုတ်စိတ် | ၃–ပါး |
| ၃။ | အဒုက္ခမသုခ (ဥပေက္ခာသဟဂုတ်) | ၅၅–ပါး |
| | **ပေါင်းစိတ်အကျယ်** | **၁၂၁–ပါး** |

**အမှာ** ။ အာရုံခံစားခြင်း သဘောလက္ခဏာ (အာရမ္မဏာ နုဘဝနလက္ခဏာ) အားဖြင့် ကွဲပြားသောဝေဒနာ ၃ မျိုးဖြင့် စိတ်ကိုဝေဖန်ပုံဖြစ်၏။ ဤနည်းသည် သင်္ဂြိုဟ်ကျမ်း၌ တိုက်ရိုက်မလာပေ။

## ဝေဒနာကို ဘုံ၊ ပုဂ္ဂိုလ်ဖြင့် ဝေဖန်ပုံ

ကာမဘုံ၌ ပုထုဇဉ် ပုဂ္ဂိုလ် ၄ ယောက်၊ အောက်ဖလဋ္ဌာန် ၂ ယောက်တို့ သန္တာန်မှာ ဝေဒနာ ၅ ပါးလုံးဖြစ်၏။

အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များ သန္တာန်၌ ဒေါမနဿဝေဒနာကြဉ် ကြွင်းသော ဝေဒနာ ၄ ပါးဖြစ်၏။

မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် ၄ ယောက်သန္တာန်၌ သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ ၂ ပါးသာဖြစ်၏။

ရူပ၊ အရူပဘုံ၌ သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ ၂ ပါးသာဖြစ်၏။

**အမှာ** ။ ဝေဒနာကို ဘုံ၊ ပုဂ္ဂိုလ်ဖြင့် ဝေဖန်ပုံကို ပထမအဆင့်၌ ထည့်မမေးရ။

**ဝေဒနာသင်္ဂဟပြီး၏။**

http://www.dhammadownload.com



## ဟေတုသင်္ဂဟ

ဟိတ်အပြားအားဖြင့် စိတ်စေတသိက်တို့ကို ပေါင်းယူရေတွက်ပြသော စကားရပ်ကို ဟေတုသင်္ဂဟခေါ်၏။

## ဟိတ် ၆ ပါး

| | |
|---|---|
| ၁။ လောဘ | ၄။ အလောဘ |
| ၂။ ဒေါသ | ၅။ အဒေါသ |
| ၃။ မောဟ | ၆။ အမောဟ |

**ဟေတု** ။ ဟိတ် ၆ ပါးကိုဟေတုခေါ်၏။ သစ်ပင်တစ်ပင်၌ ရေသောက်မြစ် အရေးပါလှ၏။ သစ်ပင်၏ရေသောက်မြစ်သည် ရေမြေတို့၏ အဆီအနှစ်များကို စုပ်ယူပြီး သစ်ပင်အား၊ ထောက်ပံ့ပေး၏။ ထိုသို့ရေသောက်မြစ်၏ ထောက်ပံ့ပေးမှုကြောင့် သစ်ပင်သည် ရှင်သန်ကြီးပွားရ၏။ တည်တံ့ခိုင်မြဲရ၏။ ရေသောက်မြစ်ကောင်းလေ သစ်ပင်ခိုင်မြဲလေဖြစ်၏။ စည်ပင်ပြန့်ပွားပြီး အသီးအပွင့်များလည်းပို၍ဖြစ်ထွန်း၏။

လူ၏စိတ်၌လည်း စိတ်ကိုမှီ၍ စိတ်နှင့်အတူယှဉ်တွဲဖြစ်ပေါ်နေသော စေတသိက်များတွင် လောဘ၊ ဒေါသစသော ဟိတ် ၆ ပါးရှိ၏။ ယင်းဟိတ် ၆ ပါးသည် မိမိနှင့်အတူတကွ ယှဉ်တွဲဖြစ်ပေါ်နေသော စိတ်စေတသိက်တရားတို့ကို အားရှိအောင်၊ ခိုင်မြဲအောင် ဟေတုပစ္စည်းဖြင့် ကျေးဇူးပြုထောက်ပံ့ပေး၏။ ထိုသို့ကျေးဇူးပြု ထောက်ပံ့ပေးခြင်းကြောင့် ယင်းဟိတ် ၆ ပါးသည် ရေသောက်မြစ်နှင့် အလားတူကြ၏။ ရေသောက်မြစ်နှင့်တူသောကြောင့် ယင်းဟိတ် ၆ ပါးကို **မူလ** တရားခေါ်၏။ လောဘစသော တရားများ အာရုံ၌ စွဲမြဲလေလေ ယှဉ်ဖက်စိတ်စေတသိက် တရားများလည်း ထိုအာရုံအပေါ်၌ ခိုင်မြဲလေလေပင်ဖြစ်၏။

http://www.dhammadownload.com



## ဟိတ်ဖြင့်စိတ်ကိုဝေဖန်ခြင်း

**အဟိတ်စိတ်** ။ လောဘ၊ ဒေါသစသော ဟိတ် ၆ ပါးနှင့် မယှဉ်သော, ဟိတ် ၆ ပါး မပါသောစိတ်ကို အဟိတ် (အဟေတုက) စိတ်ခေါ်၏။

ရေပေါ်၌ပေါ်နေသော မှော် (အမှိုက်) များသည် ခိုင်မြဲသော အမြစ်မရှိခြင်းကြောင့် လေတိုက်လာတိုင်း ရေပေါ်၌ လွင့်ပါမျောပါနေကြသကဲ့သို့ ဟိတ် ၆ ပါးနှင့် မယှဉ်သော အဟိတ်စိတ်များသည်လည်း မှော် (အမှိုက်)များကဲ့သို့ အာရုံ၌ ခိုင်မြဲမှုမရှိကြဘဲ အမြဲ ရွေ့ရှားနေကြ၏။

### အဟိတ်စိတ် ၁၈ ပါး

| | | |
|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| ၂။ | ဒွေပဉ္စဝိညာဏ် | ၁၀–ပါး |
| ၃။ | သမ္ပဋိစ္ဆိုန်း | ၂–ပါး |
| ၄။ | သန္တီရဏ | ၃–ပါး |
| ၅။ | ဝုဋ္ဌော | ၁–ပါး |
| ၆။ | ဟသိတုပ္ပါဒ် | ၁–ပါး |
| | **ပေါင်း** | **၁၈–ပါး** |

**အမှာ** ။ အဟိတ်စိတ် ၁၈ ပါးကို ဝီထိစဉ်အားဖြင့် ရေတွက်ပြပါဟု မေးလျှင်အထက်ပါအတိုင်း ဖြေပါ။

**သဟိတ်စိတ်** ။ လောဘ၊ ဒေါသစသော ဟိတ် ၆ ပါးနှင့် ယှဉ်တွဲဖြစ်သော စိတ်ကို သဟိတ် (သဟေတုက) စိတ်ခေါ်၏။

ဟေတုပစ္စည်းဖြင့် ဟိတ် ၆ ပါး၏ ကျေးဇူးပြုမှုကိုခံရခြင်းကြောင့် ဟိတ် ၆ ပါးနှင့်အတူတကွ ယှဉ်တွဲဖြစ်ကြသော အကျိုး ပစ္စယုပ္ပန်တရားများသည် ရေသောက်မြစ် စည်ပင်ပြန့်ပွားနေသော သစ်ပင်များကဲ့သို့ အားရှိခိုင်မြဲကြ၏။

http://www.dhammadownload.com



## သဟိတ်စိတ် ၈၁ ပါး

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | ကာမာဝစရသောဘနစိတ် | ၂၄–ပါး |
| ၃။ | ရူပါဝစရိစိတ် | ၁၅–ပါး |
| ၄။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၅။ | လောကုတ္တရာစိတ် | ၈–ပါး |
| | **ပေါင်း** | **၈၁–ပါး** |

## ကေဟိတ်စိတ် ၂ ပါး

မောဟမူစိတ် ၂ ပါးသည် ကေဟိတ် (ကေဟေတုက) စိတ်မည်၏။ မောဟ ဟိတ် ၁ ပါးနှင့်သာယှဉ်သောကြောင့် မောဟမူစိတ်ကို ကေဟိတ်စိတ် ခေါ်၏။

## ဒွိဟိတ်စိတ် ၂၂ ပါး

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈–ပါး |
| ၅။ | ဒေါသမူစိတ် | ၂–ပါး |
| ၆။ | ဉာဏဝိပ္ပယုတ်ကာမာဝစရသောဘနစိတ် | ၁၂–ပါး |
| | **ပေါင်း** | **၂၂–ပါး** |

ဟိတ်နှစ်ပါးနှင့်ယှဉ်သောစိတ်ကို ဒွိဟိတ်စိတ်ခေါ်၏။

## ဒွိဟိတ်စိတ်ကိုဆိုင်ရာ ဟိတ်နှင့် တွဲစပ်ပုံ

| | စိတ် | | ယှဉ်သောစိတ် |
|---|---|---|---|
| ၁။ | လောဘမူစိတ် | ၈ ပါး | လောဘ၊ မောဟ |
| ၂။ | ဒေါသမူစိတ် | ၂ ပါး | ဒေါသ၊ မောဟ |
| ၃။ | ဉာဏဝိပ္ပယုတ်ကာမာဝစရသောဘနစိတ် | ၁၂ ပါး | အလောဘ၊ အဒေါသ။ |

http://www.dhammadownload.com



## တိဟိတ်စိတ် ၄၇ ပါး

| | | |
|---|---|---|
| ၁။ | ဉာဏသမ္ပယုတ် ကာမာဝစရသောဘနစိတ် | ၁၂–ပါး |
| ၂။ | မဟဂ္ဂုတ်, လောကုတ္တရာစိတ် | ၃၅–ပါး |
| | ပေါင်း | ၄၇–ပါး |

အလောဘ, အဒေါသ, အမောဟဟိတ် ၃ ပါးနှင့်ယှဉ်သော၊ ထို ၄၇ ပါးသောစိတ်ကို တိဟိတ်စိတ်ခေါ်၏။

## ဟိတ် ၆ ပါးကို ဇာတ်အားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | လောဘ, ဒေါသ, မောဟဟူသော အကုသိုလ်ဟိတ် | ၃–ပါး |
| ၂။ | အလောဘ, အဒေါသ, အမောဟဟူသော ကုသိုလ်ဟိတ် | ၃–ပါး |
| ၃။ | အလောဘ, အဒေါသ, အမောဟဟူသော အဗျာကတဟိတ် | ၃–ပါး |

## စေတသိက်ကို ဟိတ်ဖြင့်ဝေဖန်ပုံ

## အဟိတ်စေတသိက် ၁၃ ပါး

| | | |
|---|---|---|
| ၁။ | အဟိတ်စိတ်၌ယှဉ်သော ဆန္ဒကြဉ်သော အညသမာန်းစေတသိက် | ၁၂–ပါး |
| ၂။ | မောဟမူဒွေ၌ယှဉ်သောမောဟ | ၁–ပါး |
| | ပေါင်း | ၁၃–ပါး |

**ရှင်းလင်းချက်** ။ ဆန္ဒကြဉ်အညသမာန်းစေတသိက် ၁၂ ပါးသည် အဟိတ်စိတ်၌ယှဉ်ခိုက် အဟိတ်စေတသိက်ပင်ဖြစ်၏။ မောဟစေတသိက်သည် အခြားယှဉ်ဖက် ဟိတ်မရှိခြင်းကြောင့် အဟိတ်စေတသိက်ပင်ဖြစ်၏။

http://www.dhammadownload.com



## ကေဟိတ်စေတသိက် ၂၀ ပါး

၁။ မောဟမူစိတ်၌ယှဉ်သော မောဟကြဉ်စေတသိက် ၁၅–ပါး

၂။ ဒွိဟိတ်စိတ်၌ယှဉ်သော လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ ၅–ပါး

ပေါင်း ၂၀–ပါး

**ရှင်းလင်းချက်** ။ မောဟမူစိတ် ၂ ပါး၌ယှဉ်သော မောဟကြဉ် စေတသိက် ၁၅ ပါးသည် မောဟဟိတ် ၁ ပါးနှင့်သာယှဉ်သောကြောင့် ကေဟိတ် စေတသိက်များဖြစ်၏။ လောဘမူစိတ် ၈ ပါးမှာ စေတသိက် ၂၂ ပါးယှဉ်ရာ၌ လောဘ၊ မောဟ ဟိတ် ၂ ပါး ပါဝင်၏။ ထိုတွင် လောဘသည် မောဟဟိတ်တစ်ပါးနှင့်လည်းကောင်း၊ မောဟသည် လောဘဟိတ်တစ်ပါးနှင့်လည်းကောင်း ယှဉ်၏။

ဒေါသမူစိတ် ၂ ပါးမှာ စေတသိက် ၂၂ ပါးယှဉ်ရာ၌ ဒေါသ၊ မောဟ ဟိတ် ၂ ပါးပါဝင်၏။ ဒေါသသည် မောဟဟိတ် ၁ ပါးနှင့်လည်းကောင်း၊ မောဟသည်လည်း ဒေါသဟိတ် ၁ ပါးနှင့်လည်းကောင်း ယှဉ်၏။

ဉာဏဝိပ္ပယုတ် ၁၂ ပါးမှာ စေတသိက် ၃၇ ပါးယှဉ်ရာ၌ အလောဘ၊ အဒေါသ ဟိတ် ၂ ပါးပါဝင်၏။ ထိုတွင် အလောဘသည် အဒေါသဟိတ် တစ်ပါးနှင့်လည်းကောင်း၊ အဒေါသသည်လည်း အလောဘဟိတ်တစ်ပါးနှင့် လည်းကောင်းယှဉ်၏။ ထို့ကြောင့် ထိုလောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ ဟိတ် ၅ ပါးသည် ကေဟိတ်စေတသိက်ဖြစ်၏။

## ဒွိဟိတ်စေတသိက် ၄၈ ပါး

၁။ ဒွိဟိတ်စိတ်၌ယှဉ်သော ဟိတ် ၅ ပါးကို ကြဉ်စေတသိက် ၄၅ ပါး

၂။ တိဟိတ်စိတ်၌ယှဉ်သော အလောဘ၊ အဒေါသ၊ အမောဟ ၃ ပါး

ပေါင်း ၄၈ ပါး

http://www.dhammadownload.com



**ရှင်းလင်းချက်** ။ ဒွိဟိတ်စိတ် ၂၂ ပါးမှာ ဝိစိကိစ္ဆာနှင့် ပညာကြဉ် စေတသိက် ၅၀ ပါးယှဉ်ရာ၌ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ ဟိတ် ၅ပါး ပါဝင်၏။ ထိုဟိတ် ၅ ပါးကို နုတ်လိုက်ပါက စေတသိက် ၄၅ ပါးသာကျန်၏။ ယင်းစေတသိက် ၄၅ ပါးသည် ဒွိဟိတ်စေတသိက်ဖြစ်၏။

တိဟိတ်စိတ် ၄၇ ပါး၌ စေတသိက် ၃၈ ပါးယှဉ်ရာ၌ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ ပါး ပါဝင်၏။ ထိုတွင် အလောဘသည် အဒေါသ၊ အမောဟ ဟိတ်နှစ်ပါးနှင့်ယှဉ်၏။ အဒေါသသည်လည်း အလောဘ၊ အမောဟဟိတ်နှစ်ပါးနှင့်ယှဉ်၏။ အမောဟသည်လည်း အလောဘ၊ အဒေါသ ဟိတ်နှစ်ပါးနှင့်ယှဉ်၏။ ထို့ကြောင့် ထိုဟိတ် ၅ ပါးသည် ဒွိဟိတ်စေတသိက် ဖြစ်၏။

## တိဟိတ်စေတသိက် ၃၅ ပါး

တိဟိတ်စိတ် ၄၇ ပါး၌ ယှဉ်သော အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ ပါးကြဉ် စေတသိက် ၃၅ ပါးသည် တိဟိတ်စေတသိက်ဖြစ်၏။

**ဆောင်** ။ အဟိတ်တေရ၊ ကေနှစ်ဆယ်၊ ဒွိဝယ်၄ဧစတ်၊ တိဟိတ်မှတ်၊ ရလတ် သုံးဆယ့်ငါး။

## ဟိတ်တစ်ပါးနှင့်ယှဉ်သော စေတသိက် ၃ ပါး

လောဘ၊ ဒေါသ၊ ဝိစိကိစ္ဆာ စေတသိက် ၃ ပါး။

**ရှင်းလင်းချက်** ။ လောဘမူစိတ်၌သာယှဉ်သော လောဘစေတသိက်သည် မောဟဟိတ် တစ်ပါးနှင့်သာယှဉ်၏။ ဒေါသမူစိတ်၌သာ ယှဉ်သော ဒေါသစေတသိက်သည် မောဟစိတ်တစ်ပါးနှင့်သာယှဉ်၏။ မောဟမူစိတ်၌သာယှဉ်သော ဝိစိကိစ္ဆာစေတသိက်သည် မောဟဟိတ်တစ်ပါး နှင့်သာယှဉ်၏။

http://www.dhammadownload.com



## ဟိတ် ၂ ပါးနှင့်ယှဉ်သော စေတသိက် ၉ ပါး

မောဟ၊ ဒိဋ္ဌိ၊ မာန၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူ၍ စေတသိက် ၉ ပါး။

**ရှင်းလင်းချက်** ။ မောဟသည် လောဘ၊ ဒေါသ ဟိတ် ၂ ပါးနှင့်ယှဉ်၏။ ဒိဋ္ဌိ၊ မာနသည် လောဘ၊ မောဟ ဟိတ်နှစ်ပါးနှင့်ယှဉ်၏။ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စသည် ဒေါသ၊ မောဟ ဟိတ် ၂ ပါးနှင့်ယှဉ်၏။ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ ပါးတို့တွင် အလောဘသည် အဒေါသ၊ အမောဟ ဟိတ် ၂ ပါးနှင့်ယှဉ်၏။ အဒေါသသည် အလောဘ၊ အမောဟ ဟိတ် ၂ပါး နှင့်ယှဉ်၏။ အမောဟသည် အလောဘ၊ အဒေါသ ဟိတ် ၂ ပါးနှင့်ယှဉ်၏။

## ဟိတ် ၃ ပါးနှင့်ယှဉ်သော စေတသိက် ၂၇ ပါး

| | | |
|---|---|---|
| ၁။ | အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ | ၃-ပါး |
| ၂။ | ထိန၊ မိဒ္ဓ | ၂-ပါး |
| ၃။ | ဟိတ် ၃ ပါးကြဉ်သောဘနစေတသိက် | ၂၂-ပါး |
| | ပေါင်း | ၂၇-ပါး |

**ရှင်းလင်းချက်**။ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ထိန၊ မိဒ္ဓတို့သည် လောဘ၊ ဒေါသ၊ မောဟ ဟိတ် ၃ ပါးနှင့်ယှဉ်ကြ၏။ သောဘန စေတသိက် ၂၅ ပါးတွင် အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ ပါးကိုကြဉ် စေတသိက် ၂၂ ပါးသည် အလောဘ၊ အဒေါသ၊ အမောဟ၊ ဟိတ် ၃ပါး နှင့်ယှဉ်ကြ၏။

## ဟိတ် ၅ ပါးနှင့်ယှဉ်သော စေတသိက် ၁ ပါး

ဟိတ် ၅ပါးနှင့်ယှဉ်သော စေတသိက်မှာ ပီတိစေတသိက်ဖြစ်၏။

**မှတ်ချက်**။ ပီတိသည် ဒေါသဟိတ်တစ်ပါးနှင့် မယှဉ်ပါ။

http://www.dhammadownload.com



## ဟိတ် ၆ ပါးနှင့်ယှဉ်သော စေတသိက် ၁၂ ပါး

ပီတိကြဉ်အညသမာန်းစေတသိက် ၁၂ ပါးဖြစ်၏။

## ဟိတ်ကိုဘုံ၊ ပုဂ္ဂိုလ်အားဖြင့် ဝေဖန်ပုံ

၁။ ကာမဘုံ၌ ဟိတ် ၆ ပါးလုံးဖြစ်နိုင်၏။

(က) အဟိတ်စိတ် ၁၈–ပါး

(ခ) ဧကဟိတ်စိတ် ၂–ပါး

(ဂ) ဒွိဟိတ်စိတ် ၂၂–ပါး

(ဃ) တိဟိတ်စိတ် ၃၈–ပါး ဖြစ်၏။

**မှတ်ချက်** ။ ကာမဘုံ၌ မဟဂ္ဂုတ်ဝိပါက် ၉ ပါးကို မရနိုင်သောကြောင့် တိဟိတ်စိတ် ၃၈ ပါးသာရ၏။ ကာမဘုံ၌ ပုထုဇဉ်ပုဂ္ဂိုလ် ၄ ယောက်၊ အောက် ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ သန္တာန်၌ ဟိတ် ၆ ပါးလုံးဖြစ်၏။ အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ် သန္တာန်၌ ဒေါသဟိတ်ကြဉ်ဟိတ် ၅ ပါးဖြစ်၏။ မဂ္ဂဋ္ဌာန် ၄ ယောက်၊ အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်သန္တာန်၌ အလောဘ၊ အဒေါသ၊ အမောဟဟိတ် ၃ ပါးဖြစ်၏။

၂။ ရူပဘုံ၌ ဒေါသဟိတ်ကြဉ် ၅ ပါးဖြစ်၏။

(က) ဃာန၊ ဇိဝှါ၊ ကာယဝိညာဏ်ကြဉ် အဟိတ်စိတ် ၁၂–ပါး

(ခ) ဧကဟိတ်စိတ် ၂–ပါး

(ဂ) မဟာဝိပါက်ဉာဏ ဝိပ္ပယုတ် ၄ ပါးကြဉ်ဒွိဟိတ်စိတ် ၁၈–ပါး

(ဃ) မဟာဝိပါက်ဉာဏသမ္ပယုတ် ၄ ပါး၊ အရူပဝိပါက် ၄ ပါးကြဉ် တိဟိတ်စိတ် ၃၉–ပါး

http://www.dhammadownload.com



ရူပဘုံ၌ တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃ ယောက် သန္တာန်၌ ဒွေသကြဉ် ဟိတ် ၅ ပါးဖြစ်၏။ မဂ္ဂဋ္ဌာန် ၄ ယောက်၊ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့ သန္တာန်၌ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ ပါးဖြစ်၏။

၃။ အရူပဘုံ၌ ဒေါသကြဉ်ဟိတ် ၅ ပါးဖြစ်၏။

(က) မနောဒွါရာဝဇ္ဇန်းစိတ် ၁-ပါး
(ခ) ကေဟိတ်စိတ် ၂-ပါး
(ဂ) မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄ ပါးကြဉ် ဒွိဟိတ်စိတ် ၁၈-ပါး
(ဃ) တိဟိတ်စိတ် ၂၇-ပါး
ဖြစ်၏။

**မှတ်ချက်**။ အရူပဘုံ၌ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ ရူပစိတ် ၁၅ ပါး၊ သောတာပတ္တိမဂ်စိတ် တစ်ပါးတို့ကို မရခြင်းကြောင့် တိဟိတ်စိတ် ၂၇ ပါးသာရ၏။

အရူပဘုံ၌ တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃ ယောက်၊ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့သန္တာန်၌ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ ပါးဖြစ်၏။

**မှတ်ချက်**။ ဟိတ်ကို ဘုံ၊ ပုဂ္ဂိုလ်ဖြင့် ဝေဖန်ပုံကို စာမေးပွဲ ပထမဆင့်၌ မမေးရ။

## "လေ့ကျင့်ခန်း"

၁။ သစ်ပင်၏ရေသောက်မြစ်နှင့်တူသော တရား ၆ မျိုးကို အစဉ်မပျက်ရေး၍ ဟိတ် ၆ ပါး၏ ရေသောက်မြစ်နှင့် တူပုံကို ရှင်းပြပါ။

၂။ ဟိတ် ၆ ပါးကို ဇာတိဘေဒအားဖြင့် ဝေဖန်ပြပါ။

၃။ အဟိတ်စိတ်၏ ရှေ့၌ပေါ်နေသော မှော် (အမှိုက်) နှင့် တူပုံကို ရှင်းပြ၍ ဒွိဟိတ်စိတ်ကို ရေတွက်ပြပါ။

**ဟေတုသင်္ဂဟပြီး၏။**

http://www.dhammadownload.com



## ကိစ္စသင်္ဂဟ

ကိစ္စအပြားအားဖြင့် စိတ်၊ စေတသိက်တို့ကို ပေါင်းယူရေတွက်ပြသော စကားရပ်ကို ကိစ္စသင်္ဂဟခေါ်၏။

**ကိစ္စ** ။ လူတို့၏လုပ်ငန်းကို ကိစ္စခေါ်သကဲ့သို့ စိတ်ပရမတ္ထတရားတို့၏ လုပ်ငန်းမှန်သမျှကို ကိစ္စခေါ်၏။

**ဥပမာ** ။ ပဋိသန္ဓေစိတ်က ဘဝဟောင်းနှင့်ဘဝသစ်ကို ဆက်စပ်ပေး၏။ ထိုသို့ဆက်စပ်ပေးမှုကို ပဋိသန္ဓေစိတ်၏ ကိစ္စခေါ်၏။

### ကိစ္စ ၁၄ ပါး

၁။ ပဋိသန္ဓေကိစ္စ
၂။ ဘဝင်ကိစ္စ
၃။ အာဝဇ္ဇန်းကိစ္စ
၄။ ဒဿနကိစ္စ
၅။ သဝနကိစ္စ
၆။ ဃာယနကိစ္စ
၇။ သာယနကိစ္စ
၈။ ဖုသနကိစ္စ
၉။ သမ္ပဋိစ္ဆနကိစ္စ
၁၀။ သန္တီရဏ ကိစ္စ
၁၁။ ဝုဋ္ဌောကိစ္စ
၁၂။ ဇောကိစ္စ
၁၃။ တဒါရုံကိစ္စ
၁၄။ စုတိကိစ္စ

**ဌာန** ။ လူသားများအလုပ်ကို ပြုလုပ်ရာ အလုပ်ရုံကို ဌာနခေါ်သကဲ့သို့ ကိစ္စကို ပြုလုပ်ရာ ရှေ့စိတ်နောက်စိတ် နှစ်ခုတို့၏ အကြားစိတ်တစ်ခုဖြစ်လောက်ရာ အခါကာလကို ဌာနခေါ်၏။

### ဌာန ၁၀ ပါး

၁။ ပဋိသန္ဓေဌာန
၂။ ဘဝင်ဌာန
၃။ အာဝဇ္ဇန်းဌာန
၄။ ပဉ္စဝိညာဏ်ဌာန
၅။ သမ္ပဋိစ္ဆိန်းဌာန
၆။ သန္တီရဏဌာန
၇။ ဝုဋ္ဌောဌာန
၈။ ဇောဌာန
၉။ တဒါရုံဌာန
၁၀။ စုတိဌာန

http://www.dhammadownload.com



## ဌာန ၁၀ ပါးသာပြားရခြင်းအကြောင်း

အာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းတို့၏ အကြားကာလသည် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်တို့၏ ဖြစ်ရာ ဌာနဖြစ်သောကြောင့် ထိုစက္ခုဝိညာဏ်စသော ၅ ကိစ္စ၏ဖြစ်ရာဌာနကို ပဉ္စဝိညာဏဌာနဟု တစ်ဌာနတည်းပေါင်းယူရသောကြောင့် ဌာန ၁၀ ပါးသာ ပြားရ၏။

## ကိစ္စ ၁၄ ပါး အဓိပ္ပာယ်

၁။ **ပဋိသန္ဓေကိစ္စ** ။ လွန်ခဲ့ပြီးသော အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို တစ်စပ်တည်းကဲ့သို့ ဆက်စပ်ပေးမှုသည် ပဋိသန္ဓေကိစ္စမည်၏။

၂။ **ဘဝင်ကိစ္စ** ။ ဘဝတစ်ခု၏အကြောင်းအဖြစ်ဖြင့် (ဘဝမပြတ်အောင်) ဆက်စပ်ပေးမှုသည် ဘဝင်ကိစ္စမည်၏။

၃။ **အာဝဇ္ဇန်းကိစ္စ** ။ ထင်လာသောအာရုံ ၆ ပါးကို ဆင်ခြင်မှုသည် အာဝဇ္ဇန်းကိစ္စမည်၏။

၄။ **ဒဿနကိစ္စ** ။ ရူပါရုံကို မြင်ခြင်းသည် ဒဿနကိစ္စမည်၏။

၅။ **သဝနကိစ္စ** ။ သဒ္ဒါရုံကို ကြားခြင်းသည် သဝနကိစ္စမည်၏။

၆။ **ဃာယနကိစ္စ** ။ ဂန္ဓာရုံကို နာမ်းခြင်းသည် ဃာယနကိစ္စမည်၏။

၇။ **သာယနကိစ္စ** ။ ရသာရုံကို သာယာခြင်း (လျက်ခြင်း) ကိစ္စသည် သာယနကိစ္စမည်၏။

၈။ **ဖုသနကိစ္စ** ။ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်းသည် ဖုသနကိစ္စ မည်၏။

၉။ **သမ္ပဋိစ္ဆနကိစ္စ** ။ အာရုံ ၅ ပါးကို ခံယူခြင်းသည် သမ္ပဋိစ္ဆနကိစ္စမည်၏။

http://www.dhammadownload.com



၁၀။ **သန္တီရဏကိစ္စ** ။ အာရုံ ၅ ပါးကို စုံစမ်းခြင်းသည် သန္တီရဏကိစ္စမည်၏။

၁၁။ **ဝုဋ္ဌောကိစ္စ** ။ အာရုံ ၅ ပါးကို ပိုင်းခြားသတ်မှတ်ဆုံးဖြတ်ခြင်း ဝုဋ္ဌောကိစ္စမည်၏။

၁၂။ **ဇောကိစ္စ** ။ အာရုံ၏အရသာကို ခံစားခြင်းသည် ဇောကိစ္စမည်၏။

၁၃။ **တဒါရုံကိစ္စ** ။ ဇော၏အာရုံကို ဆက်ယူခြင်း၊ အာရုံပြုခြင်း သည် တဒါရုံကိစ္စမည်၏။

၁၄။ **စုတိကိစ္စ** ။ ထင်ရှားရှိသောဖြစ်ဆဲဘဝမှ ရွေ့လျောခြင်းသည် စုတိကိစ္စမည်၏။

## ဌာန ၁၀ ပါး အဓိပ္ပါယ်

၁။ **ပဋိသန္ဓေဌာန** ။ စုတိနှင့် ဘဝင်အကြားကာလသည် ပဋိသန္ဓေဌာနမည်၏။

၂။ **ဘဝင်ဌာန** ။ (က) ပဋိသန္ဓေနှင့် အာဝဇ္ဇန်းတို့၏အကြားကာလ

(ခ) ဇောနှင့် အာဝဇ္ဇန်းတို့၏အကြားကာလ

(ဂ) တဒါရုံနှင့် အာဝဇ္ဇန်းတို့၏ အကြားကာလ

(ဃ) ဝုဋ္ဌောနှင့် အာဝဇ္ဇန်းတို့၏ အကြားကာလ

(င) ဇောနှင့်စုတိတို့၏ အကြားကာလ

(စ) တဒါရုံနှင့် စုတိတို့၏ အကြားကာလသည် ဘဝင်ဌာနမည်၏။

http://www.dhammadownload.com



၃။ **အာဝဇ္ဇန်းဌာန** ။ ဘဝင်နှင့် ပဉ္စဝိညာဏ်တို့၏ အကြားကာလ၊ ဘဝင်နှင့် ဇောတို့၏ အကြားကာလသည် အာဝဇ္ဇန်းဌာနမည်၏။

၄။ **ပဉ္စဝိညာဏ်ဌာန**။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းတို့၏ အကြားကာလသည် ပဉ္စဝိညာဏ်ဌာနမည်၏။

၅။ **သမ္ပဋိစ္ဆိုန်းဌာန** ။ ပဉ္စဝိညာဏ်နှင့် သန္တီရဏတို့၏အကြားကာလသည် သမ္ပဋိစ္ဆိုန်းဌာနမည်၏။

၆။ **သန္တီရဏဌာန** ။ သမ္ပဋိစ္ဆိုန်းနှင့် ဝုဋ္ဌောတို့၏ အကြားကာလသည် သန္တီရဏဌာနမည်၏။

၇။ **ဝုဋ္ဌောဌာန** ။ သန္တီရဏနှင့် ဇောတို့၏ အကြားကာလ၊ သန္တီရဏနှင့် ဘဝင်တို့၏ အကြားကာလသည် ဝုဋ္ဌောဌာနမည်၏။

၈။ **ဇောဌာန** ။ (က) ဝုဋ္ဌောနှင့် တဒါရုံ၏အကြားကာလ

(ခ) ဝုဋ္ဌောနှင့် ဘဝင်တို့၏အကြားကာလ

(ဂ) ဝုဋ္ဌောနှင့် စုတိတို့၏အကြားကာလ

(ဃ) မနောဒွါရာဝဇ္ဇန်းနှင့် တဒါရုံတို့၏ အကြားကာလ

(င) မနောဒွါရာဝဇ္ဇန်းနှင့် ဘဝင်တို့၏အကြားကာလ

(စ) မနောဒွါရာဝဇ္ဇန်းနှင့် စုတိတို့၏အကြားကာလသည် ဇောဌာနမည်၏။

၉။ **တဒါရုံဌာန** ။ ဇောနှင့် ဘဝင်တို့၏အကြားကာလ၊ ဇောနှင့် စုတိတို့၏ အကြားကာလသည် တဒါရုံဌာနမည်၏။

၁၀။ **စုတိဌာန** ။ (က) ဇောနှင့် ပဋိသန္ဓေတို့၏ အကြားကာလ

(ခ) တဒါရုံနှင့် ပဋိသန္ဓေတို့၏ အကြားကာလ

(ဂ) ဘဝင်နှင့် ပဋိသန္ဓေတို့၏ အကြားကာလသည် စုတိဌာနမည်၏။

http://www.dhammadownload.com



**အမှာ** ။ ဌာန ၁၀ ပါးအဓိပ္ပါယ်ကို မကျက်ပါနှင့် ဝီထိပိုင်းကိုလေ့လာ၍ ဝီထိကိုကျွမ်းကျင်ပြီးမှ လေ့လာပါက ပို၍ သဘောပေါက်လွယ်မည်။

## ကိစ္စဖြင့် စိတ်ကိုဝေဖန်ပုံ

### ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သော စိတ် ၁၉ ပါး

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် | ၂-ပါး |
| ၂။ | မဟာဝိပါက် | ၈-ပါး |
| ၃။ | မဟဂ္ဂုတ်ဝိပါက် | ၉-ပါး |
| | **ပေါင်း** | **၁၉-ပါး** |

**မှတ်ချက်**။ ဤစိတ် ၁၉ ပါးကို ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်ခေါ်၏။

ဤစိတ် ၁၉ ပါးသည် ဘဝဟောင်းအပြတ်တွင် ဘဝသစ်တစ်မျိုးကို ဆက်စပ်ပေးခြင်း ပဋိသန္ဓေကိစ္စကိုလည်း ဆောင်ရွက်၏။ နာမ်ရုပ်တရားများမပြစ်ဘဲ ရုပ်စဲမသွားရအောင် ဆက်စပ်ပေးခြင်း ဘဝင်ကိစ္စကိုလည်းဆောင်ရွက်၏။ ပစ္စုပ္ပန်ဘဝမှ ရွေ့လျောသွားခြင်း စုတိကိစ္စကိုလည်း တာဝန်ယူဆောင်ရွက်ပေးကြ၏။

### ပဋိသန္ဓေစိတ် ၁၉ ပါးကို ဟိတ်အားဖြင့် ရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | အဟိတ်ပဋိသန္ဓေစိတ် | ၂-ပါး |
| ၂။ | သဟိတ်ပဋိသန္ဓေစိတ် | ၁၇-ပါး |
| | **ပေါင်း ပဋိသန္ဓေစိတ်** | **၁၉-ပါး** |

**တစ်နည်း**

| | | |
|---|---|---|
| ၁။ | အဟိတ်ပဋိသန္ဓေစိတ် | ၂-ပါး |
| ၂။ | ဒွိဟိတ်ပဋိသန္ဓေစိတ် | ၄-ပါး |
| ၃။ | တိဟိတ်ပဋိသန္ဓေစိတ် | ၁၃-ပါး |
| | **ပေါင်း ပဋိသန္ဓေစိတ်** | **၁၉-ပါး** |

http://www.dhammadownload.com



## အာဝဇ္ဇန်းကိစ္စတပ်သော စိတ် ၂ ပါး

| | | |
|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| ၂။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| | **ပေါင်း** | **၂–ပါး** |

**မှတ်ချက်။** ဤစိတ်နှစ်ပါးသည် မျက်စိ (စက္ခုဒွါရ) စသည်တို့၌ ထင်လာသော အာရုံ ၆ ပါးကို ဆင်ခြင်သောကိစ္စကို ဆောင်ရွက်ပေး၏။

## ဒဿနစသောကိစ္စတပ်သောစိတ်များ

| | | |
|---|---|---|
| ၁။ | စက္ခုဝိညာဏ်စိတ် ၂ ပါးသည် | ဒဿနကိစ္စတပ်၏။ |
| ၂။ | သောတဝိညာဏ်စိတ် ၂ ပါးသည် | သဝနကိစ္စတပ်၏။ |
| ၃။ | ဃာနဝိညာဏ်စိတ် ၂ ပါးသည် | ဃာယနကိစ္စတပ်၏။ |
| ၄။ | ဇိဝှါဝိညာဏ်စိတ် ၂ ပါးသည် | သာယနကိစ္စတပ်၏။ |
| ၅။ | ကာယဝိညာဏ်စိတ် ၂ ပါးသည် | ဖုသနကိစ္စတပ်၏။ |

**မှတ်ချက်။** စက္ခုဝိညာဏ်စိတ်သည် ထင်လာသော ရူပါရုံကို မြင်ခြင်းကိစ္စကို ဆောင်ရွက်၏။ သောတဝိညာဏ်စိတ်သည် ထင်လာသောသဒ္ဒါရုံကို ကြားခြင်းကိစ္စကိုဆောင်ရွက်၏။ ဃာနဝိညာဏ်စိတ်သည် ထင်လာသော ဂန္ဓာရုံကို နာမ်းခြင်းကိစ္စကို ဆောင်ရွက်၏။ ဇိဝှါဝိညာဏ်စိတ်သည် ထင်လာသော ရသာရုံကို သာယာ (လျက်) ခြင်းကိစ္စကို ဆောင်ရွက်၏။ ကာယဝိညာဏ်စိတ်သည် ထင်လာသော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်းကိစ္စကို ဆောင်ရွက်၏။

## သမ္ပဋိစ္ဆိုန်းကိစ္စတပ်သော စိတ် ၂ ပါး

သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါးသည် သမ္ပဋိစ္ဆိုန်းကိစ္စ တပ်၏။

http://www.dhammadownload.com



**မှတ်ချက်။** သမ္ပဋိစ္ဆိုန်းစိတ်သည် ထင်လာသော အာရုံ ၅ ပါးကို လက်ခံခြင်းကိစ္စကို ဆောင်ရွက်၏။

### သန္တီရဏကိစ္စတပ်သော စိတ် ၃ ပါး

သန္တီရဏစိတ် ၃ ပါးသည် သန္တီရဏကိစ္စ တပ်၏။

**မှတ်ချက်။** သန္တီရဏစိတ်သည် ထင်လာသော အာရုံ ၅ ပါးကို စုံစမ်းခြင်းကို ဆောင်ရွက်၏။

### ဝုဋ္ဌောကိစ္စတပ်သော စိတ် ၁ ပါး

မနောဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဒွါရ၌ ဝုဋ္ဌောကိစ္စတပ်၏။

**မှတ်ချက်။** မနောဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဒွါရ၌ ထင်လာသော အာရုံ ၅ပါးကို ပိုင်းခြားသတ်မှတ်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်၏။

### ဇောကိစ္စတပ်သောစိတ် ၅၅ ပါး

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | ကုသိုလ်စိတ် | ၂၁–ပါး |
| ၃။ | ဖိုလ်စိတ် | ၄–ပါး |
| ၄။ | အာဝဇ္ဇန်းစိတ် ၂ပါးကြဉ်ကြိယာစိတ် | ၁၈–ပါး |
| | ပေါင်း | ၅၅–ပါး |

**မှတ်ချက်။** ဤစိတ် ၅၅ ပါးသည် အာရုံ၏ အရသာကို ခံစားခြင်းကိစ္စကို ဆောင်ရွက်၏။

### တဒါရုံကိစ္စတပ်သော စိတ် ၁၁ ပါး

| | | |
|---|---|---|
| ၁။ | သန္တီရဏစိတ် | ၃–ပါး |
| ၂။ | မဟာဝိပါက်စိတ် | ၈–ပါး |
| | ပေါင်း | ၁၁–ပါး |

http://www.dhammadownload.com



**မှတ်ချက်။** ဤစိတ် ၁၁ ပါးသည် ဓောဇ၏အာရုံကို ဆက်ယူခြင်း အာရုံပြု ခြင်းကိစ္စကို ဆောင်ရွက်၏။

## ၅ ကိစ္စတပ်သော စိတ် ၂ ပါး

ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂ ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင် ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စ၊ သန္တီရဏကိစ္စဟူ၍ ၅ ကိစ္စတပ်၏။

**မှတ်ချက်။** ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ပဋိသန္ဓေစသော ကိစ္စ (တာဝန်) ၅ မျိုးကို ဆောင်ရွက်သည်ဟု မှတ်ပါ။

## ၄ ကိစ္စတပ်သော စိတ် ၈ ပါး

မဟာဝိပါက်စိတ် ၈ ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင် ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စဟူ၍ ၄ ကိစ္စတပ်၏။

## ၃ ကိစ္စတပ်သော စိတ် ၉ ပါး

မဟဂ္ဂုတ်ဝိပါက် ၉ ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင် ကိစ္စ၊ စုတိကိစ္စဟူ၍ ၃ ကိစ္စတပ်၏။

## ၂ ကိစ္စတပ်သော စိတ် ၂ ပါး

| | | |
|---|---|---|
| ၁။ | သောမနဿ သဟဂုတ်သန္တီရဏစိတ် | ၁–ပါး |
| ၂။ | ဝုဋ္ဌောစိတ် | ၁–ပါး |
| | **ပေါင်း** | ၂–ပါး |

## ၂ ကိစ္စတပ်သော စိတ်ကိုဆိုင်ရာကိစ္စနှင့် တွဲစပ်ပုံ

၁။ သောမနဿသဟဂုတ် သန္တီရဏစိတ်သည် သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ ဟူ၍ ၂ ကိစ္စတပ်၏။

၂။ ဝုဋ္ဌောစိတ်သည် ဝုဋ္ဌောကိစ္စ၊ အာဝဇ္ဇန်းကိစ္စဟူ၍ ၂ ကိစ္စတပ်၏။

http://www.dhammadownload.com



## ၁ ကိစ္စတပ်သောစိတ် ၆၈ ပါး

| | | |
|---|---|---|
| ၁။ | ဇော | ၅၅–ပါး |
| ၂။ | မနောဓါတ် | ၃–ပါး |
| ၃။ | ဒွေပဉ္စဝိညာဏ် | ၁၀–ပါး |
| | **ပေါင်း** | **၆၈–ပါး** |

## ၁ ကိစ္စတပ်သောစိတ်ကို ဆိုင်ရာကိစ္စနှင့်တွဲစပ်ပုံ

| | | |
|---|---|---|
| ၁။ | ဇော ၅၅ ပါးသည် | ဇောကိစ္စ |
| ၂။ | မနောဓါတ် ၃ ပါးတွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် | အာဝဇ္ဇန်းကိစ္စ |
| ၃။ | သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါးသည် | သမ္ပဋိစ္ဆိုန်းကိစ္စ |
| ၄။ | စက္ခုဝိညာဏ်စိတ် ၂ ပါးသည် | ဒဿနကိစ္စ |
| ၅။ | သောတဝိညာဏ်စိတ် ၂ ပါးသည် | သဝနကိစ္စ |
| ၆။ | ဃာနဝိညာဏ်စိတ် ၂ ပါးသည် | ဃာယနကိစ္စ |
| ၇။ | ဇိဝှါဝိညာဏ်စိတ် ၂ ပါးသည် | သာယနကိစ္စ |
| ၈။ | ကာယဝိညာဏ်စိတ် ၂ ပါးသည် | ဖုသနကိစ္စ |

ဤသို့အသီးသီးတစ်ကိစ္စစီတပ်ကြ၏။

## ကိစ္စကို ဘုံအားဖြင့် ဝေဖန်ပုံ

၁။ ကာမဘုံ၌ ကိစ္စ ၁၄ ပါး၊ ဌာန ၁၀ ပါးလုံးရ၏။

၂။ ရူပဘုံ၌ ဃာယနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စ၊ တဒါရုံကိစ္စတို့ကို ကြဉ်ကြွင်းသော ကိစ္စ ၁၀ ပါးကိုသာရ၏။ တဒါရမ္မဏဌာနကို ကြဉ်ကြွင်းသော ဌာန ၉ ပါးကို သာရ၏။

http://www.dhammadownload.com



၃။ အရူပဘုံ၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ အာဝဇ္ဇန်းကိစ္စ၊ ဇောကိစ္စ၊ စုတိ ကိစ္စဟူ၍ ကိစ္စ ၅ ပါးကိုသာရ၏။ ဌာနလည်း ထို ၅ ပါးကိုသာရ၏။

**အမှာ** ။ ကိစ္စကို ဘုံအားဖြင့် ဝေဖန်ပုံကို စာမေးပွဲ ပထမဆင့်၌ မမေးရ။

## "လေ့ကျင့်ခန်း"

၁။ ကိစ္စ၊ ဌာနတို့၏ အဓိပ္ပါယ်ကိုရေး၍ ဌာန ၁၀ ပါးပြားရပုံကို ရှင်းပြပါ။

၂။ ဘဝဟောင်းနှင့် ဘဝသစ်ကိုဆက်စပ်ပေးသောကိစ္စကို ဆောင်ရွက်သော စိတ်တို့ကိုရေး၍ မျက်စိစသည်တို့၌ ထင်လာသော အာရုံကို ဆင်ခြင်သောတာဝန်ကို ဆောင်ရွက်ပေးသောစိတ်ကို ဖော်ပြခဲ့ပါ။

၃။ ပြုဖွယ်ကိစ္စ ၂ ခုရှိသော စိတ်တို့ကို ဆိုင်ရာကိစ္စနှင့် တွဲစပ်ဖော်ပြ၍ ပဋိသန္ဓေစိတ် ၁၉ ပါးကို ဝေဒနာဘေဒအားဖြင့်ရေတွက်ပြခဲ့ပါ။

**ကိစ္စသင်္ဂဟပြီး၏။**

## ဒွါရသင်္ဂဟ

ဒွါရအပြားအားဖြင့် စိတ်၊ စေတသိက်တို့ကို ပေါင်းယူရေတွက်ပြသော စကားရပ်ကို ဒွါရသင်္ဂဟခေါ်၏။

### ဒွါရ ၆ ပါး

၁။ စက္ခုဒွါရ
၂။ သောတဒွါရ
၃။ ဃာနဒွါရ
၄။ ဇိဝှါဒွါရ
၅။ ကာယဒွါရ
၆။ မနောဒွါရ

http://www.dhammadownload.com



**မှတ်ချက်။** ဤမျက်စိစသော (ဒွါရ) ၆ မျိုးသည် ပတ်ဝန်းကျင်အာရုံများ ဆက်သွယ်ရာ ဆက်သွယ်ရေးစခန်းများဖြစ်ကြ၏။

**ဒွါရ ။** ဒွါရသဒ္ဒါသည် တံခါးပေါက်ဟူသောအနက်ကို ဟော၏။ ပကတိ တံခါးပေါက်သည် လူတို့၏ဝင်ရောက်ကြောင်းဖြစ်သကဲ့သို့ ခန္ဓာ ကိုယ်အိမ်၌လည်း စက္ခုပသာဒစသော တံခါးပေါက်များသည် သက်ဆိုင်ရာ ဝီထိစိတ်တို့၏ ဝင်ရောက် (ဖြစ်ပေါ်)ကြောင်းဖြစ်၏။ ဤသို့တံခါးပေါက်နှင့်တူ သောကြောင့် စက္ခုပသာဒစသည်တို့ကိုလည်း ဒွါရဟုခေါ်၏။

## ဒွါရ ၆ ပါးကို တရားကိုယ်ကောက်ပုံ

| | | |
|---|---|---|
| ၁။ | စက္ခုပသာဒသည် | စက္ခုဒွါရမည်၏။ |
| ၂။ | သောတပသာဒသည် | သောတဒွါရမည်၏။ |
| ၃။ | ဃာန ပသာဒသည် | ဃာနဒွါရမည်၏။ |
| ၄။ | ဇိဝှါပသာဒသည် | ဇိဝှါဒွါရမည်၏။ |
| ၅။ | ကာယပသာဒသည် | ကာယဒွါရမည်၏။ |
| ၆။ | ဘဝင်စိတ်သည် | မနောဒွါရမည်၏။ |

## ပဉ္စဒွါရ၊ မနောဒွါရခွဲပုံ

၁။ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ ၅ ပါးကို ပဉ္စဒွါရခေါ်၏။

၂။ မနောဒွါရတစ်မျိုးကို မနောဒွါရခေါ်၏။

## စက္ခုဒွါရ၌ဖြစ်သော စိတ် ၄၆ ပါး

| | | |
|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| ၂။ | စက္ခုဝိညာဏ်စိတ် | ၂–ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| ၃။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂–ပါး |
| ၄။ | သန္တီရဏစိတ် | ၃–ပါး |
| ၅။ | ဝုဋ္ဌောစိတ် | ၁–ပါး |
| ၆။ | ကာမာဝစရဇော | ၂၉–ပါး |
| ၇။ | တဒါရုံမဟာဝိပါက်စိတ် | ၈–ပါး |
| | **ပေါင်း** | **၄၆–ပါး** |

**မှတ်ချက်**။ ဤစိတ် ၄၆ ပါးသည် လူ၏မျက်စိနှင့် ဆက်စပ်၍ဖြစ်နိုင်သော စိတ်ဖြစ်၏။ ၄၆ ပါးဖြစ်သော်လည်း ၄၆ ပါးလုံး တစ်ပြိုင်နက် ဖြစ်ကြသည် မဟုတ်၊ အာရုံ၊ ဘုံ၊ ပုဂ္ဂိုလ်၊ မနသိကာရအားလျော်စွာဖြစ်၏။

## အာရုံအားလျော်စွာဖြစ်ပုံ

အာရုံသည် အလိုမရှိအပ်သော အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက် စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ တဒါရုံစိတ်များဖြစ်ကြ၏။

အာရုံသည် အလိုရှိအပ်သော ဣဋ္ဌာရုံဖြစ်လျှင် ကုသလဝိပါက် စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ တဒါရုံစိတ်များဖြစ်ကြ၏။

အာရုံသည် အလွန်အလိုရှိအပ်သော အတိဣဋ္ဌာရုံဖြစ်လျှင် သောမနဿ သန္တီရဏ၊ တဒါရုံစိတ်များဖြစ်ကြ၏။

အာရုံသည် အလယ်အလတ် အလိုရှိအပ်သော ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်လျှင် ဥပေက္ခာသဟဂုတ် သန္တီရဏ၊ တဒါရုံစိတ်များဖြစ်ကြ၏။

http://www.dhammadownload.com



## ဘုံအားလျော်စွာဖြစ်ပုံ

ဘုံအားဖြင့် ကာမဘုံ၌ စက္ခုဒွါရ၌ဖြစ်သော စိတ် ၄၆ ပါးလုံးဖြစ်၏။ ရူပဘုံ၌ တဒါရုံဝိပါက်စိတ်များ မဖြစ်ခြင်းကြောင့် တဒါရုံမှကြွင်းသော ဝီထိစိတ်များဖြစ်ကြ၏။ စက္ခုဒွါရိကစိတ်များ အရူပဘုံ၌ လုံးဝမဖြစ်ကြ။

## ပုဂ္ဂိုလ်အားလျော်စွာဖြစ်ပုံ

ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့ သန္တာန်၌ ကုသိုလ်ဇော၊ အကုသိုလ်ဇောများသာဖြစ်ကြ၏။ ရဟန္တာသန္တာန်၌ ကြိယာဇောသာဖြစ်၏။

## မနသိကာရအားလျော်စွာဖြစ်ပုံ

ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ မှန်မှန်ကန်ကန် နှလုံးသွင်းမှု (ယောနိသော မနသိကာရ) ရှိလျှင် ကုသိုလ်ဇောဖြစ်၏။ မမှန်မကန် နှလုံးသွင်းမှု (အယောနိသောမနသိကာရ) ရှိလျှင် အကုသိုလ်ဇောဖြစ်၏။

**မှတ်ချက်။** အာရုံစသည်ဖြင့် ဝေဖန်ပုံကို ဝီထိပိုင်းကို လေ့လာပြီးသောအခါ အလိုအလျောက် နားလည်လာပါလိမ့်မည်။

## သောတဒွါရ၌ဖြစ်သောစိတ် ၄၆ ပါး

| | | |
|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| ၂။ | သောတဝိညာဏ်စိတ် | ၂–ပါး |
| ၃။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂–ပါး |
| ၄။ | သန္တီရဏစိတ် | ၃–ပါး |
| ၅။ | ဝုဋ္ဌောစိတ် | ၁–ပါး |
| ၆။ | ကာမဇောစိတ် | ၂၉–ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| ၇။ | တဒါရုံမဟာဝိပါက်စိတ် | ၈–ပါး |
| | **ပေါင်း** | **၄၆–ပါး** |

**မှတ်ချက်။** ဤစိတ် ၄၆ ပါးသည် လူ၏နားနှင့် ဆက်စပ်၍ ဖြစ်သော စိတ်များဖြစ်ကြ၏။

## ဃာနဒွါရ၌ဖြစ်သောစိတ် ၄၆ ပါး

| | | |
|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| ၂။ | ဃာနဝိညာဏ်စိတ် | ၂–ပါး |
| ၃။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂–ပါး |
| ၄။ | သန္တီရဏစိတ် | ၃–ပါး |
| ၅။ | ဝုဋ္ဌောစိတ် | ၁–ပါး |
| ၆။ | ကာမဇောစိတ် | ၂၉–ပါး |
| ၇။ | တဒါရုံမဟာဝိပါက်စိတ် | ၈–ပါး |
| | **ပေါင်း** | **၄၆–ပါး** |

**မှတ်ချက်။** ဤစိတ် ၄၆ ပါးသည် လူ၏နှာခေါင်းနှင့် ဆက်စပ်၍ ဖြစ်သော စိတ်များဖြစ်၏။

## ဇိဝှါဒွါရ၌ဖြစ်သောစိတ် ၄၆ ပါး

| | | |
|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| ၂။ | ဇိဝှါဝိညာဏ်စိတ် | ၂–ပါး |
| ၃။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂–ပါး |
| ၄။ | သန္တီရဏစိတ် | ၃–ပါး |
| ၅။ | ဝုဋ္ဌောစိတ် | ၁–ပါး |

http://www.dhammadownload.com



| | | |
|---|---|---|
| ၆။ | ကာမဇောစိတ် | ၂၉–ပါး |
| ၇။ | တဒါရုံမဟာဝိပါက်စိတ် | ၈–ပါး |
| | **ပေါင်း** | **၄၆–ပါး** |

**မှတ်ချက်။** ဤစိတ် ၄၆ ပါးသည် လူ၏လျှာနှင့် ဆက်စပ်၍ဖြစ်သော စိတ်များဖြစ်၏။

## ကာယဒွါရ၌ဖြစ်သောစိတ် ၄၆ ပါး

| | | |
|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| ၂။ | ကာယဝိညာဏ်စိတ် | ၂–ပါး |
| ၃။ | သမ္ပဋိစ္ဆိုန်းစိတ် | ၂–ပါး |
| ၄။ | သန္တီရဏစိတ် | ၃–ပါး |
| ၅။ | ဝုဋ္ဌောစိတ် | ၁–ပါး |
| ၆။ | ကာမဇောစိတ် | ၂၉–ပါး |
| ၇။ | တဒါရုံမဟာဝိပါက်စိတ် | ၈–ပါး |
| | **ပေါင်း** | **၄၆–ပါး** |

**မှတ်ချက်။** ဤစိတ် ၄၆ ပါးသည် လူ၏ လက်၊ ခြေ၊ ခေါင်းစသော ခန္ဓာကိုယ်အစိတ်အပိုင်းနှင့် ဆက်စပ်၍ဖြစ်သောစိတ်များဖြစ်၏။

## ပဉ္စဒွါရ၌ဖြစ်သော စိတ်

စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ ဟူသော ၅ ဒွါရကို ပဉ္စဒွါရခေါ်၏။ ထို ပဉ္စဒွါရ (ငါးဒွါရ)၌ဖြစ်သော စိတ်တို့ကို သဘောတူရာ ပေါင်းစုရေတွက်လျှင် ကာမစိတ် ၅၄ ပါးပင်ဖြစ်၏။

http://www.dhammadownload.com



## မနောဒွါရ၌ဖြစ်သော စိတ် ၆၇ ပါး

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| ၂။ | ဇောစိတ် | ၅၅–ပါး |
| ၃။ | တဒါရုံစိတ် | ၁၁–ပါး |
| | **ပေါင်း** | **၆၇–ပါး** |

**မှတ်ချက်။** ဤစိတ် ၆၇ ပါးသည် မနောဒွါရခေါ်သော လူ၏ဘဝင်စိတ်နှင့် ဆက်စပ်၍ဖြစ်သော စိတ်များဖြစ်၏။

## ဒွါရဝိမုတ်စိတ် ၁၉ ပါး

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသန္တီရဏစိတ် | ၂–ပါး |
| ၂။ | မဟာဝိပါက်စိတ် | ၈–ပါး |
| ၃။ | မဟဂ္ဂုတ်ဝိပါက်စိတ် | ၉–ပါး |
| | **ပေါင်း** | **၁၉–ပါး** |

**မှတ်ချက်။** ဤစိတ် ၁၉ ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ တပ်ခိုက် မည်သည့်ဒွါရ၌မျှ မဖြစ်ခြင်းကြောင့် ဒွါရဝိမုတ်စိတ် မည်၏။

## ၁။ ဒွါရ၌ဖြစ်သော စိတ်

| | | |
|---|---|---|
| ၁။ | ဒွေပဉ္စဝိညာဏ် | ၁၀–ပါး |
| ၂။ | မဟဂ္ဂုတ်လောကုတ္တရာ (အပ္ပနာ)ဇော | ၂၆–ပါး |
| | **ပေါင်း** | **၃၆–ပါး** |

http://www.dhammadownload.com



## ဆိုင်ရာဒွါရနှင့်တွဲစပ်ပုံ

ဒွေပဉ္စဝိညာဏ် ၁၀ တွင်

| | | |
|---|---|---|
| ၁။ | စက္ခုဝိညာဏ်ဒွေသည် | စက္ခုဒွါရ၌ဖြစ်၏။ |
| ၂။ | သောတဝိညာဉ်ဒွေသည် | သောတဒွါရ၌ဖြစ်၏။ |
| ၃။ | ဃာနဝိညာဏ်ဒွေသည် | ဃာနဒွါရ၌ဖြစ်၏။ |
| ၄။ | ဇိဝှါဝိညာဏ်ဒွေသည် | ဇိဝှါဒွါရ၌ဖြစ်၏။ |
| ၅။ | ကာယဝိညာဏ်ဒွေသည် | ကာယဒွါရ၌ဖြစ်၏။ |
| ၆။ | မဟဂ္ဂုတ်လောကုတ္တရာဇော ၂၆ပါးသည် | မနောဒွါရ၌ဖြစ်၏။ |

## ၅။ ဒွါရ၌ဖြစ်သော စိတ် ၃ ပါး

မနောဓါတ် ၃ ပါးသည် ၅ ဒွါရ၌ဖြစ်၏။

## အမြဲ ၆ ဒွါရ၌ဖြစ်သော စိတ် ၃၁ ပါး

| | | |
|---|---|---|
| ၁။ | သောမနဿ သဟဂုတ် သန္တီရဏစိတ် | ၁–ပါး |
| ၂။ | ဝုဋ္ဌောစိတ် | ၁–ပါး |
| ၃။ | ကာမဇော | ၂၉–ပါး |
| | **ပေါင်း** | **၃၁–ပါး** |

## ရံခါ ၆ ဒွါရ၌ဖြစ်၍ ရံခါ ၆ ဒွါရမှ လွတ်သောစိတ်

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် | ၂–ပါး |
| ၂။ | မဟာဝိပါက်စိတ် | ၈–ပါး |
| | **ပေါင်း** | **၁၀–ပါး** |

http://www.dhammadownload.com



**မှတ်ချက်**။ ဥပေက္ခာသည် သန္တီရဏစိတ် ၂ ပါးသည် သန္တီရဏကိစ္စ၊ တဒါရုံကိစ္စတပ်နိုက် ၆ ဒွါရ၌ဖြစ်၏။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်နိုက် ၆ ဒွါရမှလွတ်၏။

မဟာဝိပါက်စိတ် ၈ ပါးသည် တဒါရုံကိစ္စတပ်နိုက် ၆ ဒွါရ၌ဖြစ်၏။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်နိုက် ၆ ဒွါရမှလွတ်၏။

## အခါခပ်သိမ်း ၆ ဒွါရမှ လွတ်သော စိတ် ၉ ပါး

မဟဂ္ဂုတ်ဝိပါက် ၉ ပါးသည် ၆ ဒွါရမှ အမြဲလွတ်၏။

## ဒွါရဖြင့် စေတသိက်ကို ဝေဖန်ပုံ

ဝိရတီစေတသိက် ၃ ပါးသည် မနောဒွါရ၌သာဖြစ်၏။ ပဉ္စဒွါရ၌မဖြစ်၊ အကုသိုလ်စေတသိက် ၁၄ ပါးသည် ၆ ဒွါရ၌ဖြစ်၏။

အပ္ပမညာစေတသိက် ၂ ပါးသည် မဟာကုသိုလ်၊ မဟာကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာစိတ်တို့၌ ယှဉ်နိုက် မနောဒွါရ၌ဖြစ်၏။ ရူပဝိပါက်၌ယှဉ်နိုက် ၆ ဒွါရမှလွတ်၏။

အညသမာန်း ၁၃ ပါး၊ ဝိရတီ အပ္ပမညာကြဉ် သောဘနစေတသိက် ၂၀ ပါး၊ ပေါင်း ၃၃ ပါးသော စေတသိက်တို့သည် ရံခါ ၆ ဒွါရ၌ဖြစ်၏။ ရံခါ ၆ ဒွါရမှလွတ်၏။

## "လေ့ကျင့်ခန်း"

၁။ ဒွါရ၏အဓိပ္ပါယ်ကိုရေး၍ ဒွါရ ၆ ပါးကို တရားကိုယ်ကောက်ပြခဲ့ပါ။
၂။ မနောဒွါရ၌သာဖြစ်သော စိတ်တို့ကို ဖော်ပြ၍ တစ်ဒွါရ၌ဖြစ်သော စိတ်တို့ကို ဆိုင်ရာဒွါရနှင့်တွဲစပ်ပြပါ။
၃။ ၆ ဒွါရ၌ အမြဲဝင်ထွက်ခွင့်ရသောစိတ်တို့ကိုဖော်ပြ၍ ၆ ဒွါရ၌ လုံးဝ ဝင်ထွက်သွားလာခွင့်မရသော စိတ်တို့ကိုလည်း ဖော်ပြခဲ့ပါသည်။

**ဒွါရသင်္ဂဟပြီး၏။**

http://www.dhammadownload.com



## အာရမ္မဏသင်္ဂဟ

အာရုံ၏ အပြားအားဖြင့် စိတ်၊ စေတသိက်တို့ကို ပေါင်းစုရေတွက်ပြသော စကားရပ်ကို အာရမ္မဏသင်္ဂဟခေါ်၏။

### အာရုံ ၆ ပါး

| | |
|---|---|
| ၁။ ရူပါရုံ | ၄။ ရသာရုံ |
| ၂။ သဒ္ဒါရုံ | ၅။ ဖောဋ္ဌဗ္ဗာရုံ |
| ၃။ ဂန္ဓာရုံ | ၆။ ဓမ္မာရုံ |

**အာရုံ** ။ အားမရှိသော ယောကျ်ားသည် တုတ်ချောင်း၊ ကြိုးတန်း စသည်ကို ဆွဲကိုင်၍ သွားရသကဲ့သို့ စိတ်၊ စေတသိက်များသည် အာရုံတစ်ခုခုကို စွဲမှီ၍ ဖြစ်ရသောကြောင့်လည်းကောင်း၊ ဥယျာဉ်၊ ပန်းခြံစသည်များသည် လူသားများ မွေ့လျော်ပျော်ပါးရာ ဖြစ်သကဲ့သို့ ရူပါရုံစသော အာရုံများသည်လည်း စိတ်၊ စေတသိက်တို့ မွေ့လျော်ပျော်ပါးရာ ဖြစ်သောကြောင့်လည်းကောင်း အဆင်းစသည်ကို အာရုံဟုခေါ်၏။

### အာရုံ ၆ ပါး တရားကိုယ်ကောက်ပုံ

| | | |
|---|---|---|
| ၁။ | အဆင်းဟူသမျှသည် | ရူပါရုံမည်၏။ |
| ၂။ | အသံဟူသမျှသည် | သဒ္ဒါရုံမည်၏။ |
| ၃။ | အနံ့ဟူသမျှသည် | ဂန္ဓာရုံမည်၏။ |
| ၄။ | အရသာဟူသမျှသည် | ရသာရုံမည်၏။ |
| ၅။ | အတွေ့အထိဟူသမျှသည် | ဖောဋ္ဌဗ္ဗာရုံမည်၏။ |
| ၆။ | ပသာဒရုပ် ၅၊ သုခုမရုပ် ၁၆၊ စိတ် ၈၉ စေတသိက် ၅၂၊ နိဗ္ဗာန်၊ ပညတ်သည် | ဓမ္မာရုံမည်၏။ |

http://www.dhammadownload.com



**မှတ်ချက်**။ အာရုံ ၆ ပါးတရားကိုယ်များကို စုပေါင်းရေတွက်ရလျှင် စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရား ၄ ပါးနှင့် ပညတ်တရားများဖြစ်ကြ၏။

## ရုပ်၊ နာမ်အာရုံစသည်ခွဲပုံ

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံ ၅ ပါးသည် ရုပ်အာရုံမည်၏။ ဓမ္မာရုံ၌ ရုပ်အာရုံ၊ နာမ်အာရုံ ၂ မျိုးလုံးပါဝင်၏။

ရူပါရုံစသော အာရုံ ၅ ပါးသည် ကာမအာရုံဖြစ်၏။ ဓမ္မာရုံသည်ကား ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ အပ္ပမာဏအာရုံ၊ ပညတ်အာရုံများဖြစ်ကြ၏။

ရူပါရုံစသော အာရုံ ၅ ပါးသည် ပစ္စုပ္ပန်အာရုံဖြစ်၏။ ဓမ္မာရုံ၌ကား ပစ္စုပ္ပန်အာရုံ၊ အတိတ်အာရုံ၊ အနာဂတ်အာရုံ၊ ကာလဝိမုတ် အာရုံဟူ၍ အာရုံ ၄ မျိုးပါဝင်၏။

ရူပါရုံစသော အာရုံ ၅ ပါးသည် အဇ္ဈတ္တအာရုံ၊ ဗဟိဒ္ဓအာရုံများဖြစ်ကြ၏။ ဓမ္မာရုံ၌ကား အဇ္ဈတ္တအာရုံ၊ ဗဟိဒ္ဓအာရုံနှစ်မျိုးလုံးပါဝင်၏။

ရူပါရုံစသော အာရုံ ၅ ပါးသည် ပရမတ်အာရုံဖြစ်၏။ ဓမ္မာရုံ၌ကား ပရမတ်အာရုံ၊ ပညတ်အာရုံနှစ်မျိုးလုံးပါဝင်၏။

## အာရုံဖြင့် စိတ်ကိုဝေဖန်ပုံ

## ပဉ္စဒွါရိကစိတ်တို့ကို ဆိုင်ရာ အာရုံနှင့်တွဲစပ်ပုံ

၁။ စက္ခုဒွါရ၌ဖြစ်သော စိတ် ၄၆ ပါးသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။

၂။ သောတဒွါရ၌ဖြစ်သော စိတ် ၄၆ ပါးသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။

၃။ ဃာနဒွါရ၌ဖြစ်သော စိတ် ၄၆ ပါးသည် ပစ္စုပ္ပန် ဂန္ဓာရုံကို အာရုံပြု၏။

၄။ ဇိဝှါဒွါရ၌ဖြစ်သော စိတ် ၄၆ ပါးသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြု၏။

၅။ ကာယဒွါရ၌ဖြစ်သော စိတ် ၄၆ ပါးသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။

http://www.dhammadownload.com



## မနောဒွါရိကစိတ်၏အာရုံ

မနောဒွါရ၌ဖြစ်သော စိတ် ၆၇ ပါးသည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ကာလဝိမုတ်ဖြစ်သော အာရုံ ၆ ပါးကို ထိုက်သည့်အားလျော်စွာ အာရုံပြု၏။

## ဒွါရဝိမုတ်စိတ်အာရုံ

ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်ဟူသော ဒွါရဝိမုတ်စိတ်များသည် များသောအားဖြင့် အခြားမဲ့လွန်ခဲ့ပြီး ဘဝဟောင်းက ၆ ဒွါရ၌ဖြစ်သော မရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်၊ အတိတ်၊ ပညတ်ဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆ ပါးကိုဖြစ်သင့်သည် အားလျော်စွာ အာရုံပြု၏။

## အာရုံများကို အုပ်စု ၆ မျိုးခွဲပုံ

**ဆောင်** ။ ရူကာပန္န၊ အဇ္ဈတ္တ၊ ရူပ ပရမတ်၊ အခုခြောက်ဖြာ ရသင့်ရာ၊ သေချာခွဲဝေမှတ်။

**ရူ** ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟု ၆ မျိုးတစ်စု။

**ကာ** ။ ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ အပ္ပမာဏအာရုံ၊ ပညတ်အာရုံဟု အာရုံ ၄ မျိုးတစ်စု။

**ပန္န** ။ ပစ္စုပ္ပန်အာရုံ၊ အတိတ်အာရုံ၊ အနာဂတ်အာရုံ၊ ကာလဝိမုတ်အာရုံဟု အာရုံ ၄ မျိုးတစ်စု။

**အဇ္ဈတ္တ** ။ အဇ္ဈတ္တအာရုံ၊ ဗဟိဒ္ဓအာရုံ၊ အဇ္ဈတ္တဗဟိဒ္ဓဝိမုတ်အာရုံဟု အာရုံ ၃ မျိုးတစ်စု။

**ရူပ** ။ ရုပ်အာရုံ၊ နာမ်အာရုံ၊ ပညတ်အာရုံဟု အာရုံ ၃ မျိုးတစ်စု။

**ပရမတ်** ။ ပရမတ်အာရုံ၊ ပညတ်အာရုံဟု အာရုံ ၂ မျိုးတစ်စု။
ဤသို့ အုပ်စု (၆) စု ခွဲထားရမည်။

http://www.dhammadownload.com



**အမှာ** ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟူသော အာရုံ ၆ ပါး၏တရားကိုယ်များကို အထက်ကပြခဲ့ပြီးပါပြီ။

## ကာမစသော အာရုံ ၄ မျိုး၏ တရားကိုယ်

၁။ **ကာမအာရုံ** ။ ကာမစိတ် ၅၄၊ စေတသိက် ၅၂၊ ရုပ် ၂၈ (အာရုံ-၆)

၂။ **မဟဂ္ဂုတ်အာရုံ** ။ မဟဂ္ဂုတ်စိတ် ၂၇၊ စေ ၃၅၊ (ဓမ္မာရုံ)

၃။ **အပ္ပမာဏအာရုံ** ။ လောကုတ္တရာစိတ် ၈၊ စေ ၃၆ နိဗ္ဗာန် (ဓမ္မာရုံ)

၄။ **ပညတ်အာရုံ** ။ ကသိုဏ်းပညတ်၊ နာမပညတ်စသည် (ဓမ္မာရုံ)

## ပစ္စုပ္ပန်စသော အာရုံ ၄ မျိုး၏ တရားကိုယ်

၁။ **ပစ္စုပ္ပန်အာရုံ** ။ ဖြစ်ဆဲစိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈ (အာရုံ ၆)

၂။ **အတိတ်အာရုံ** ။ ဖြစ်ပြီးစိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈ (အာရုံ ၆)

၃။ **အနာဂတ်အာရုံ** ။ ဖြစ်လတ္တံ့စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈ (အာရုံ ၆)

၄။ **ကာလဝိမုတ်အာရုံ** ။ နိဗ္ဗာန်၊ ပညတ် (ဓမ္မာရုံ)

## အဇ္ဈတ္တစသော အာရုံ ၃ မျိုး၏ တရားကိုယ်

၁။ **အဇ္ဈတ္တအာရုံ** ။ မိမိသန္တာန်၌ဖြစ်သော စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ (အာရုံ ၆)

၂။ **ဗဟိဒ္ဓအာရုံ** ။ အပ၌ဖြစ်သော စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်နတ္ထိဘောပညတ်မှတစ်ပါး ပညတ်အမျိုးမျိုး (အာရုံ ၆)

၃။ **အဇ္ဈတ္တဗဟိဒ္ဓဝိမုတ်အာရုံ** ။ နတ္ထိဘောပညတ် (ဓမ္မာရုံ)

http://www.dhammadownload.com



## ရုပ်စသော အာရုံ ၃ မျိုး၏တရားကိုယ်

၁။ **ရုပ်အာရုံ** ။ ရုပ် ၂၈ ပါး (အာရုံ ၆)

၂။ **နာမ်အာရုံ** ။ စိတ် ၈၉၊ စေ ၅၂၊ နိဗ္ဗာန် (ဓမ္မာရုံ)

၃။ **ပညတ်အာရုံ** ။ ပညတ်အမျိုးမျိုး (ဓမ္မာရုံ)

## ပရမတ်၊ ပညတ်အာရုံ ၂ မျိုး၏ တရားကိုယ်

၁။ **ပရမတ်အာရုံ** ။ စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန် (အာရုံ ၆)

၂။ **ပညတ်အာရုံ** ။ ပညတ်အမျိုးမျိုး (ဓမ္မာရုံ)

ဤသို့အုပ်စုလိုက်ခွဲသောအခါ ပရမတ္ထတရား ၄ ပါးနှင့် ပညတ်တရားများသည် အုပ်စုတိုင်း၌ပါဝင်ပြီး အကြွင်းအကျန် လုံးဝမရှိကြတော့ပါ။ အုပ်စုတိုင်း၌ အာရုံတစ်မျိုးကိုသာ အာရုံပြုလျှင် ကေန်အာရုံပြုသည်။ အာရုံနှစ်မျိုးသုံးမျိုးကို အာရုံပြုလျှင် အနေကန်အာရုံပြုသည်ဟုလည်း သဘောပေါက်နိုင်ပါသည်။

## ပစ္စုပ္ပန် ရူပါရုံစသော အာရုံတစ်ပါးစီကိုသာ အာရုံပြုသော စိတ် ၁၀ ပါး

၁။ စက္ခုဝိညာဏ်စိတ် ၂ ပါးသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။

၂။ သောတဝိညာဏ်စိတ် ၂ ပါးသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။

၃။ ဃာနဝိညာဏ်စိတ် ၂ ပါးသည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြု၏။

၄။ ဇိဝှါဝိညာဏ်စိတ် ၂ ပါးသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြု၏။

၅။ ကာယဝိညာဏ်စိတ် ၂ ပါးသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။

## ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြုသော စိတ် ၃ ပါး

မနောဓါတ် ၃ ပါးသည် ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၏။

http://www.dhammadownload.com



### ကာမတရားကိုသာ အာရုံပြုသောစိတ် ၁၂ ပါး

| | | |
|---|---|---|
| ၁။ | သန္တီရဏစိတ် | ၃–ပါး |
| ၂။ | မဟာဝိပါက်စိတ် | ၈–ပါး |
| ၃။ | ဟသိတုပ္ပါဒ်စိတ် | ၁–ပါး |
| | ပေါင်း | ၁၂–ပါး |

**မှတ်ချက်။** ဤစိတ် ၁၂ ပါးသည် ကာမစိတ် ၅၄ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးဟူသော ကာမတရားတို့ကို အာရုံပြု၏။ ရူပါရုံစသော အာရုံ ၅ ပါးသည်လည်း ကာမတရားပင်ဖြစ်၏။ ထို့ကြောင့် ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃ ပါးတို့ကို ဤစိတ် ၁၂ ပါးနှင့်ပေါင်းလျှင် ကာမ ကေန် ၂၅ ပါးဖြစ်သည်ဟုမှတ်။ ဇယားဖြင့် နောက်မှကောက်ပြမည်။

### လောကုတ္တရာကြဉ်အလုံးစုံကို အာရုံပြုသောစိတ် ၂၀ ပါး

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် | ၄–ပါး |
| ၃။ | မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် | ၄–ပါး |
| | ပေါင်း | ၂၀–ပါး |

ဤစိတ် ၂၀ သည် လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ပညတ်ဟူသော လောကီအာရုံအားလုံးကို အာရုံပြု၏။

### အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်အလုံးစုံကို အာရုံပြုသောစိတ် ၅ ပါး

| | | |
|---|---|---|
| ၁။ | မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် | ၄–ပါး |
| ၂။ | ကုသိုလ်အဘိညာဉ်စိတ် | ၁–ပါး |
| | ပေါင်း | ၅–ပါး |

http://www.dhammadownload.com



ဤစိတ် ၅ ပါးသည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ် စိတ် ၈၇ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ နိဗ္ဗာန်၊ ပညတ်ဟူသော အလုံးစုံသော အာရုံကို အာရုံပြု၏။

### အလုံးစုံသောအာရုံကို အာရုံပြုသောစိတ် ၆ ပါး

| | | |
|---|---|---|
| ၁။ | မဟာကြိယာဉာဏသမ္ပယုတ်စိတ် | ၄–ပါး |
| ၂။ | ကြိယာအဘိညာဉ်စိတ် | ၁–ပါး |
| ၃။ | ဝုဋ္ဌောစိတ် | ၁–ပါး |
| | **ပေါင်း** | **၆–ပါး** |

ဤစိတ် ၆ ပါးသည် စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါး၊ နိဗ္ဗာန်၊ ပညတ်ဟူသော အလုံးစုံသော အာရုံကို အာရုံပြု၏။

**မှတ်ချက်**။ ဤစိတ် ၆ ပါးကို နိပ္ပဒေသသဗ္ဗာရမ္မဏစိတ်ခေါ်၏။ အကုသိုလ်စိတ် စသော ၂၅ ပါးသောစိတ်ကို သပ္ပဒေသသဗ္ဗာရမ္မဏစိတ် ခေါ်၏။

### မဟဂ္ဂုတ်ကေန်အာရုံပြုသောစိတ် ၆ ပါး

| | | |
|---|---|---|
| ၁။ | ဝိညာဏဉ္စာယတနစိတ် | ၃–ပါး |
| ၂။ | နေဝသညာနာသညာယတနစိတ် | ၃–ပါး |
| | **ပေါင်း** | **၆–ပါး** |

ဤစိတ် ၆ ပါးသည် အာကာသာနဉ္စာယတနကုသိုလ်၊ ကြိယာဟူသော ပထမာရုပ္ပဝိညာဏ်၊ အာကိဉ္စညာယတနကုသိုလ်၊ ကြိယာဟူသော တတိယာရုပ္ပဝိညာဏ်ဟူ၍ ဤမဟဂ္ဂုတ်အာရုံကို ကေန်အာရုံပြု၏။

http://www.dhammadownload.com



## ပညတ်ကိုကေန်အာရုံပြုသောစိတ် ၂၁ ပါး

| | | |
|---|---|---|
| ၁။ | အဘိညာဥ်ဒွေမှတစ်ပါး ရူပစိတ် | ၁၅–ပါး |
| ၂။ | အာကာသာနဉ္စာယတနစိတ် | ၃–ပါး |
| ၃။ | အာကိဉ္စညာယတနစိတ် | ၃–ပါး |
| | **ပေါင်း** | **၂၁–ပါး** |

ဤစိတ် ၂၁ ပါးသည် ပညတ်အာရုံကို ကေန်အာရုံပြု၏။

## ပညတ်အာရုံ ၂၈ ပါး

| | | |
|---|---|---|
| ၁။ | ကသိုဏ်းပညတ် | ၁၀–ပါး |
| ၂။ | အသုဘပညတ် | ၁၀–ပါး |
| ၃။ | ဆံပင်စသောကောဋ္ဌာသပညတ် | ၁–ပါး |
| ၄။ | အာနာပါနပညတ် | ၁–ပါး |
| ၅။ | ဗြဟ္မဝိဟာရတရား ၄ ပါး၏အာရုံဖြစ်သောသတ္တဝါပညတ် | ၄–ပါး |
| ၆။ | ကောင်းကင်ပညတ် | ၁–ပါး |
| ၇။ | နတ္ထိဘာဝပညတ် | ၁–ပါး |
| | **ပေါင်းပညတ်အာရုံ** | **၂၈–ပါး** |

**မှတ်ချက်။** ဤပညတ်အာရုံအကျယ်ကို ကမ္မဋ္ဌာန်းပိုင်းသို့ရောက်မှ နားလည် လိမ့်မည်။ အဘိဓမ္မာစာမေးပွဲ ပထမဆင့်၌ ဤပညတ်အာရုံ ၂၈ ပါးကို မမေးရ။

http://www.dhammadownload.com



## နိဗ္ဗာန်ကိုကေန်အာရုံပြုသောစိတ် ၈ ပါး

လောကုတ္တရာစိတ် ၈ ပါးသည် နိဗ္ဗာန် (အပ္ပမာဏဓမ္မာရုံ) ကို ကေန် အာရုံပြု၏။

### (ကျက်ရန်)

### ကေန်လင်္ကာ

ပဥ္စဝီကာမ၊ ဆ,မဟဂ္ဂ၊ ရှစ်ဖြာနိဗ္ဗာန်၊ နာမ်တစ်ဆယ့်လေး၊ တေရသရုပ်၊ ပစ္စုပ်ထို့တူ၊ တိတ်မူဆမှတ်၊ နာဂတ်မရှိ၊ ဝိမုတ်နှစ်ဆယ့်ကိုး၊ (ရှေးရိုးကျမ်းညီ) ကေဝီပညတ်၊ ပရမတ္ထနဝတိံသာ၊ ဆဓာအဇ္ဈတ်၊ ဗာဟျတ်ဆဗ္ဗိ၊ နှစ်စီပဥ္စ၊ ဓမ္မသုံးဆယ့်ငါး၊ တစ်ပါးဒွ,ဝိ၊ ဒွေးနှစ်လီတည်း၊ ငါးလီမှာသုံး၊ ဆယ့်နှစ်သုံးပင်၊ (သီကုံးချိုအေး) ဆယ့်လေးကိုးလီ၊ ပဥ္စဝီသုံးတန်၊ ကေန်ရှေးရှု အာရုံပြုသည်၊ သောတုနောင်လာမခဲတည်း။

### အနေကေန်လင်္ကာ

မခဲစေရန်၊ အနေကေန်ကို၊ အကျဉ်းဆိုအံ့၊ ပိုယိုကင်းပ၊ ကာမ,မဟဂ္ဂုတ်၊ ဝိမုတ်ပညတ်၊ ပရမတ်ဟု၊ ငါးရပ်တူလစ်၊ သုံးဆယ့်တစ်စီ၊ ပစ္စုပ်တီတ၊ နာဂတနှင့်၊ ဓမ္မရုပ်နာမ်၊ ခြောက်တန်ပေါင်းရုံး၊ လေးဆယ့်သုံးစီ၊ သုံးလီအဇ္ဈတ်၊ စွဲလတ်မှီရောက်၊ ငါးဆယ့်ခြောက်မှန်၊ နိဗ္ဗာန်အင်္ဂဒသ၊ ပဥ္စဒွဝယ်၊ လေးဆယ်နှင့်ခြောက်၊ ရွေးကောက်စေမှူ၊ ဉဒါန်းပြုသည်၊ စေ့ငုဖန်ခါ၊ ထပ်လဲတည်း။

http://www.dhammadownload.com



## အာရုံများကို အုပ်စုခွဲသင်ကြားပုံ

### အာရုံ ၆ ပါး

| အာရမ္မဏိကစိတ် | | ရူပါရုံ | သဒ္ဒါရုံ | ဂန္ဓာရုံ | ရသာရုံ | ဖောဋ္ဌဗ္ဗာရုံ | ဓမ္မာရုံ | အာရုံပေါင်း |
|---|---|---|---|---|---|---|---|---|
| စက္ခုဝိညာဏ် | ၂ | ॥ | | | | | | ၁ |
| သောတဝိညာဏ် | ၂ | | ॥ | | | | | ၁ |
| ဃာနဝိညာဏ် | ၂ | | | ॥ | | | | ၁ |
| ဇိဝှာဝိညာဏ် | ၂ | | | | ॥ | | | ၁ |
| ကာယဝိညာဏ် | ၂ | | | | | ॥ | | ၁ |
| မနောဓါတ် | ၃ | ॥ | ॥ | ॥ | ॥ | ॥ | | ၅ |
| ၁၂၊ ၂၀၊ ၅၊ ၆ | ၄၃ | ॥ | ॥ | ॥ | ॥ | ॥ | ॥ | ၆ |
| ၆၊ ၂၁၊ ၈ | ၃၅ | | | | | | ॥ | ၁ |
| အာရမ္မဏိကစိတ်ပေါင်း | ဧကန် | ၂ | ၂ | ၂ | ၂ | ၂ | ၃၅ | |
| | အနေကန် | ၄၆ | ၄၆ | ၄၆ | ၄၆ | ၄၆ | ၄၃ | |

**ညွှန်ကြားချက်**။ ဇယား၏ လက်ဝဲဘက်၌ ၁၂၊ ၂၀၊ ၅၊ ၆ ဟူသော ဂဏန်းများအရကို အထက်က ကောက်ပြခဲ့ပြီးဖြစ်၍ ထပ်မကောက်တော့ပါ။ ၁၂ သည် ကာမကိုသာ အာရုံပြုသောစိတ်ဖြစ်၏။ ၂၀ သည် လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုသောစိတ်ဖြစ်၏။ ၅ သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုသောစိတ်ဖြစ်၏။ ၆ သည် အလုံးစုံကို အာရုံပြုသောစိတ်ဖြစ်၏။

http://www.dhammadownload.com



ထို ၁၂၊ ၂၀၊ ၅၊ ၆ ကို မနောဒွါရာဝဇ္ဇန်း၊ ကာမဇောတစ်ခု ယုတ် သုံးဆယ်၊ တဒါရုံကောဒသ၊ အဘိညာဉ်ဒွေဟု ပေါင်းကောက်ပါ။

တစ်ဖန် ၆၊ ၂၁၊ ၈ ဂဏန်းတို့တွင် ၆ သည် မဟဂ္ဂုတ်ကေန်ဖြစ်၏။ ၂၁ သည် ပညတ်ကေန်ဖြစ်၏။ ၈ သည် နိဗ္ဗာန်ကေန်ဖြစ်၏။

ယင်းတို့ကို အဘိညာဏ်ဒွေမှတစ်ပါး မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅ ဟု ပေါင်းကောက်ပါ။

## ရူပါရုံကို ကေန်အာရုံပြုသောစိတ်

စက္ခုဝိညာဏ်ဒွေသည် ရူပါရုံကို ကေန်အာရုံပြု၏။

## ရူပါရုံကို အနေကန်အာရုံပြုသောစိတ်

| | | |
|---|---|---|
| ၁။ | မနောဓါတ် | ၃–ပါး |
| ၂။ | မနောဒွါရာဝဇ္ဇန်း | ၁–ပါး |
| ၃။ | ကာမဇော | ၂၉–ပါး |
| ၄။ | တဒါရုံ | ၁၁–ပါး |
| ၅။ | အဘိညာဉ်စိတ် | ၂–ပါး |
| | **ပေါင်း** | **၄၆–ပါး** |

**မှတ်ချက်**။ ကေန် အနေကန်နှစ်ရပ်ကိုပေါင်းလျှင် – ရူပါရုံကို အာရုံပြုသောစိတ် ၄၈ ပါးရှိ၏။ ဇယားကွက်ကိုကြည့်၍ သဒ္ဒါရုံကေန်နှစ်ပါး၊ အနေကန် ၄၆ ပါး စသည်ဖြင့် ရေတွက်ပါလေ။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို ကေန်အာရုံပြုသော ၂ ပါးစီကိုရည်ရွယ်၍ ''နှစ်စီပဉ္စ'' ဟု လင်္ကာဆို၏။ အနေကန်အာရုံပြုသော စိတ် ၄၆ ပါးကိုရည်ရွယ်၍ ''ပဥ္စဒ္ဓါဝယ်၊ လေးဆယ်နှင့်ခြောက်'' ဟုဆို၏။

http://www.dhammadownload.com



## ဓမ္မာရုံကို ကေန်အာရုံပြုသောစိတ် ၃၅ ပါး

အဘိညာဉ်ဒွေမှတစ်ပါး မဟဂ္ဂုတ်၊ လောကုတ္တရာစိတ် ၃၅ ပါးသည် ဓမ္မာရုံကို ကေန်အာရုံပြု၏။ (ဓမ္မသုံးဆယ့်ငါးအရဖြစ်၏)

**မှတ်ချက်**။ မဟဂ္ဂုတ်ကေန်၊ ပညတ်ကေန်၊ နိဗ္ဗာန်ကေန်တို့ကိုပေါင်းလျှင် ဓမ္မာရုံ ကေန် ၃၅ ဖြစ်၏။ ကေန်အနေကန်နှစ်ရပ်ကိုပေါင်းလျှင် ဓမ္မာရုံကို အာရုံပြုသောစိတ် ၇၆ ပါးဖြစ်၏။

### ကာမစသောအာရုံ ၄ ပါး

| အာရမ္မဏိကစိတ် | | ကာမ | မဟဂ္ဂုတ် | အပ္ပမာဏ | ပညတ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁၀၊ ၃၊ ၁၂ | | ။ | | | | ၁ |
| အကု ၁၂၊ မဟာကု၊ ကြိ-ဉာဏ်ဝိပ် ၈ ။ | | ။ | ။ | | ။ | ၃ |
| မနောဒွါရာဝဇ္ဇန်း၊ မဟာကုသံ ၄၊ ကြိသံ ၄၊ အဘိ ၂ | | ။ | ။ | ။ | ။ | ၄ |
| ဝိညာ၊ နေဝ ၆ | | | ။ | | | ၁ |
| အဘိညာဉ်ကြဉ်ရူ ၁၅၊ အာကာ၊ အာကိ ၆ | | | | ။ | | ၁ |
| လောကုတ္တရာစိတ် ၈ | | | | ။ | | ၁ |
| အာရမ္မဏိကစိတ်ပေါင်း | ကေန် | ၂၅ | ၆ | ၈ | ၂၁ | |
| | အနေကန် | ၃၁ | ၃၁ | ၁၁ | ၃၁ | |

**ညွှန်ကြားချက်**။ ကာမ၊ မဟဂ္ဂုတ်၊ အပ္ပမာဏ၊ ပညတ်အာရုံ ၄မျိုးကို တိကမာတိကာ၌ ပရိတ္တာရမ္မဏာတိက်အမည်ဖြင့် ဟောတော်မူ၏။

အပေါ်ဆုံးဇယားကွက် ၁၀၊ ၃၊ ၁၂ တို့ကို ကောက်သောအခါ ဒွေပဉ္စဝိညာဏ် ၁၀၊ အနောဓါတ် ၃ ခု၊ သန္တီရဏ ၃ ခု၊ မဟာဝိပါက်စိတ် ၈ ခု၊ ဟသိတုပ္ပါဒ် ဟု ကောက်ပါ။

http://www.dhammadownload.com



## ကာမဇောကျေန် ၂၅ ပါး

| | | |
|---|---|---|
| ၁။ | ဒွေပဉ္စဝိညာဏ် | ၁၀–ပါး |
| ၂။ | မနောဓာတ် | ၃–ပါး |
| ၃။ | သန္တီရဏ | ၃–ပါး |
| ၄။ | မဟာဝိပါက်စိတ် | ၈–ပါး |
| ၅။ | ဟသိတုပ္ပါဒ်စိတ် | ၁–ပါး |
| | **ပေါင်းကာမဇောကျေန်** | **၂၅–ပါး** |

## ကာမအနေကျေန် ၃၁ ပါး

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂–ပါး |
| ၂။ | မနောဒွါရာဝဇ္ဇန်း | ၁–ပါး |
| ၃။ | မဟာကုသိုလ်စိတ် | ၈–ပါး |
| ၄။ | မဟာကြိယာစိတ် | ၈–ပါး |
| ၅။ | အဘိညာဉ်စိတ် | ၂–ပါး |
| | **ပေါင်းကာမအနေကျေန်** | **၃၁–ပါး** |

ကာမမဟဂ္ဂုတ် (ပ) သုံးဆယ့်တစ်စီအရဖြစ်၏။

ကေန် အနေကန် ၂ ရပ်ကိုပေါင်းလျှင် ကာမကို အာရုံပြုသောစိတ် ၅၆ ပါးဖြစ်၏။

## မဟဂ္ဂုတ်ကေန် ၆ ပါး

မဟဂ္ဂုတ်ကေန်ကိုပြခဲ့ပြီးပြီ၊ အနေကန်သည် ကာမအနေကန်နှင့်တူ၏။

## နိဗ္ဗာန်ကေန် ၈ ပါး

နိဗ္ဗာန်ကို ကေန်အာရုံပြုသောစိတ်ကို ပြခဲ့ပြီ။

http://www.dhammadownload.com



## အပ္ပမာဏ (နိဗ္ဗာန်) အနေကန် ၁၁ ပါး

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်း | ၁-ပါး |
| ၂။ | မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် | ၄-ပါး |
| ၃။ | မဟာကြိယာဉာဏသမ္ပယုတ်စိတ် | ၄-ပါး |
| ၄။ | အဘိညာဉ်စိတ် | ၂-ပါး |
| | **ပေါင်းနိဗ္ဗာန်အနေကန်** | **၁၁-ပါး** |

နိဗ္ဗာန်အက်ဒသအရဖြစ်၏။

## ပညတ်ကေန် ၂၁ ပါး

ပညတ်ကေန်ကို ပြခဲ့ပြီးပြီ၊ အနေကန်သည် ကာမအနေကန်နှင့်တူ၏။

## ပစ္စုပ္ပန်စသောအာရုံ ၄ မျိုး

| အာရမ္မဏိကစိတ် | | ပစ္စုပ္ပန် | အတိတ် | အနာဂတ် | ကာလဝိမုတ် | အာရုံပေါင်း |
|---|---|---|---|---|---|---|
| ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓါတ် ၃ | | ။ | | | | ၁ |
| တဒါရုံ ၁၁၊ ဟသိတုပ္ပါဒ် ၁ | | ။ | ။ | ။ | | ၃ |
| ၂၀၊ ၅၊ ၆ | | ။ | ။ | ။ | ။ | ၄ |
| ဝိညာ၊ နေဝ ၆ | | | ။ | | | ၁ |
| အဘိညာဉ်ကြဉ် ရူ ၁၅၊ အာကာ<br>အာကိံ ၆၊ လောကုတ် ၈ | | | | | ။ | ၁ |
| အာရမ္မဏိကစိတ်ပေါင်း | ကေန် | ၁၃ | ၆ | | ၂၉ | |
| | အနေကန် | ၄၃ | ၄၃ | ၄၃ | ၃၁ | |

http://www.dhammadownload.com



**ညွှန်ကြားချက်**။ ၂၀၊ ၅၊ ၆ ကို ကာမအနေကန်အတိုင်းကောက်ပါ။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ကာလဝိမုတ် အာရုံ ၄ မျိုးကို အတီတာရမ္မဏတိက်အမည်ဖြင့် ဟောတော်မူ၏။

### ပစ္စုပ္ပန်ကေန် ၁၃ ပါး

| | | |
|---|---|---|
| ၁။ | ဒွေပဉ္စဝိညာဏ် | ၁၀–ပါး |
| ၂။ | မနောဓါတ် | ၃–ပါး |
| | **ပေါင်း** | **၁၃–ပါး** |

### ပစ္စုပ္ပန်အနေကန် ၄၃ ပါး

ပစ္စုပ္ပန်အနေကန်သည် ဓမ္မာရုံအနေကန်နှင့်တူ၏။

**မှတ်ချက်**။ အတိတ်ကေန်သည် မဟဂ္ဂုတ်ကေန်နှင့်တူ၏။ အနာဂတ်ကေန် မရှိ၊ အတိတ်၊ အနာဂတ် အနေကန်တို့သည် ဓမ္မာရုံအနေကန်နှင့်တူ၏။

### ကာလဝိမုတ်ကေန် ၂၉ ပါး

| | | |
|---|---|---|
| ၁။ | အဘိညာဉ်ဒွေမှတစ်ပါး ရူပစိတ် | ၁၅–ပါး |
| ၂။ | အာကာသာနဉ္စာယတနစိတ် | ၃–ပါး |
| ၃။ | အာကိဉ္စညာယတနစိတ် | ၃–ပါး |
| ၄။ | လောကုတ္တရာစိတ် | ၈–ပါး |
| | **ပေါင်း** | **၂၉–ပါး** |

ဝိမုတ် ၂၉ အရဖြစ်၏။

ကာလဝိမုတ် အနေကန်သည် ကာမအနေကန်နှင့်တူ၏။

## အဇ္ဈတ္တစသော အာရုံ ၃ မျိုး

| အာရမ္မဏိကစိတ် | | အဇ္ဈတ္တ | ဗဟိဒ္ဓ | အဇ္ဈတ္တ-ဗဟိဒ္ဓ | အာရုံပေါင်း |
|---|---|---|---|---|---|
| ၁၀၊ ၃၊ ၁၂ | ၂၅ | ॥ | ॥ | | ၂ |
| ၂၀၊ ၅၊ ၆ | ၃၁ | ॥ | ॥ | ॥ | ၃ |
| ဝိညာ၊ နေဝ ၆ | | ॥ | | | ၁ |
| အာကိဉ္စညာယတနစိတ် | ၃ | | | ॥ | ၁ |
| ၁၈ + ၈ (ရူ၊ အာကာ၊ ကုတ်) | ၂၆ | | ॥ | | ၁ |
| အာရမ္မဏိကစိတ်ပေါင်း | ကေန် | ၆ | ၂၆ | ၃ | |
| | အနေကန် | ၅၆ | ၅၆ | ၃၁ | |

**ညွှန်ကြားချက်**။ ၅၆ ကို ကာမစိတ် ၅၄၊ အဘိညာဉ်စိတ် ၂ ပါးဟုဆိုပါ။

**အာကိဉ္စညာယတနစိတ်**။ အာကိဉ္စညာယတနစိတ်၏ အာရုံဖြစ်သော နတ္ထိဘော ပညတ်သည် ပထမာရုပ္ပဝိညာဏ်ဟူသော အဇ္ဈတ္တတရား၏ မရှိခြင်းအဘာဝပညတ်မျှသာဖြစ်၏။ ထို့ကြောင့် အဇ္ဈတ္တ သက်သက်လည်းမဟုတ်၊ ဗဟိဒ္ဓစစ်စစ်လည်းမဟုတ်ရကား ယင်းနတ္ထိဘော ပညတ်အာရုံသည် အဇ္ဈတ္တဗဟိဒ္ဓဝိမုတ်သာဖြစ်၏။

အာရုံနှစ်ပါးကို ပေါင်းစပ်ထားရုံမျှသာဖြစ်သောကြောင့် အဇ္ဈတ္တဗဟိဒ္ဓ အာရုံကို အသီးအခြား ထည့်သွင်းပြဆိုမှုမပြုဘဲ ချန်ထားခဲ့ရ၏။

ဤအဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ အဇ္ဈတ္တဗဟိဒ္ဓဝိမုတ်အာရုံတို့ကို အဇ္ဈတ္တာရမ္မဏ တိတ်အမည်ဖြင့် ဟောတော်မူ၏။

http://www.dhammadownload.com



**အဗျာကတကြောင်း ၆ ပါး**

| | | |
|---|---|---|
| ၁။ | ဝိညာဏဉ္စာယတနစိတ် | ၃–ပါး |
| ၂။ | နေဝသညာနာသညာယတနစိတ် | ၃–ပါး |
| | **ပေါင်း အဗျာကတကြောင်း** | **၆–ပါး** |

**အဗျာကတအနေကြောင်း ၅၆ ပါး**

| | | |
|---|---|---|
| ၁။ | ကာမစိတ် | ၅၄–ပါး |
| ၂။ | အဘိညာဉ်စိတ် | ၂–ပါး |
| | **ပေါင်း** | **၅၆–ပါး** |

သုံးလီအဗျာကတ်၊ စွဲလတ်မှီရောက်၊ ငါးဆယ့်ခြောက်မှန်ဟူသော လင်္ကာအရဖြစ်၏။

**ဗဟိဒ္ဓကြောင်း ၂၆ ပါး**

| | | |
|---|---|---|
| ၁။ | အဘိညာဉ်ဒွေမှတစ်ပါး ရူပစိတ် | ၁၅–ပါး |
| ၂။ | အာကာသာနဉ္စာယတနစိတ် | ၃–ပါး |
| ၃။ | လောကုတ္တရာစိတ် | ၈–ပါး |
| | **ပေါင်း** | **၂၆–ပါး** |

ဗာဟျတ်ဆဗ္ဗီအရဖြစ်၏။

အနေကြောင်းသည် အဗျာကတအနေကြောင်းနှင့်တူ၏။

**အဗျာကတဗဟိဒ္ဓဝိမုတ်အာရုံကို အာရုံပြုစိတ် ၃ ပါး**

အာကိဉ္စညာယတနစိတ် ၃ ပါးသည် အဗျာကတဗဟိဒ္ဓဝိမုတ် (နတ္ထိဘာဝပညတ်) အာရုံကို အာရုံပြု၏။

အနေကြောင်း ၃၁ သည် ကာမအနေကြောင်းနှင့်တူ၏။

http://www.dhammadownload.com



## ရုပ်, နာမ်, ပညတ်နှင့် ပရမတ်, ပညတ်အာရုံ ၅ မျိုး

| အာရမ္မဏိကစိတ် | | ပရမတ် | | ပညတ် | အာရုံပေါင်း |
|---|---|---|---|---|---|
| | | ရုပ် | နာမ် | | |
| ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓါတ် ၃ | ၁၃ | ။ | | | ၁ |
| တဒါရုံ ၁၁၊ ဟသိတုပ္ပါဒ် ၁ | ၁၂ | ။ | ။ | | ၂ |
| ၂၀၊ ၅၊ ၆ | ၃၁ | ။ | ။ | ။ | ၃ |
| ဝိညာ၊ နေဝ၊ ၆၊ လောကုတ် ၈ | ၁၄ | | ။ | | ၁ |
| အဘိညာဉ်ဒွေကြဉ်ရူ ၁၅၊ အာကာ၊ အာကိံ ၆ | ၂၁ | | | ။ | ၁ |
| အာရမ္မဏိကစိတ်ပေါင်း | ကေန် | ၁၃ | ၁၄ | ၂၁ | |
| | အနေကန် | ၄၃ | ၄၃ | ၃၁ | |
| | ကေန် | ၂၉ | | ၂၁ | |
| | အနေကန် | ၃၁ | | ၃၁ | |

**ညွှန်ကြားချက်**။ ရုပ်ကေန်၊ အနေကန်သည် ပစ္စုပ္ပန်ကေန် အနေကန်နှင့်တူ၏။

### နာမ်ကေန် ၁၄ ပါး

၁။ ဝိညာဏဉ္စာယတနစိတ် ၃–ပါး

၂။ နေဝသညာနာသညာယတနစိတ် ၃–ပါး

၃။ လောကုတ္တရာစိတ် ၈–ပါး

**ပေါင်း** **၁၄–ပါး**

အနေကန်သည် ပစ္စုပ္ပန်အနေကန်နှင့်တူ၏။

http://www.dhammadownload.com



## ပရမတ္ထကေန် ၃၉ ပါး

| | | |
|---|---|---|
| ၁။ | ဒွေပဉ္စဝိညာဏ် | ၁၀–ပါး |
| ၂။ | မနောဓါတ် | ၃–ပါး |
| ၃။ | သန္တီရဏစိတ် | ၃–ပါး |
| ၄။ | မဟာဝိပါက်စိတ် | ၈–ပါး |
| ၅။ | ဟသိတုပ္ပါဒ်စိတ် | ၁–ပါး |
| ၆။ | ဝိညာဏဉ္စာယတနစိတ် | ၃–ပါး |
| ၇။ | နေဝသညာနာသညာယတနစိတ် | ၃–ပါး |
| ၈။ | လောကုတ္တရာစိတ် | ၈–ပါး |
| | ပေါင်း | ၃၉–ပါး |

အနေကန်သည် ကာမအနေကန်နှင့်တူ၏။

## အာရုံတစ်ပါးကိုသာ အာရုံပြုသောစိတ် ၂၈ ပါး

| | | |
|---|---|---|
| ၁။ | ဒွေပဉ္စဝိညာဏ် | ၁၀–ပါး |
| ၂။ | အာကာသာနဉ္စာယတနစိတ် | ၃–ပါး |
| ၃။ | အာကိဉ္စညာယတနစိတ် | ၃–ပါး |
| ၄။ | ဝိညာဏဉ္စာယတနကုသိုလ်ဝိပါက်စိတ် | ၂–ပါး |
| ၅။ | နေဝသညာ နာသညာယတနကုသိုလ်ဝိပါက် | ၂–ပါး |
| ၆။ | လောကုတ္တတရာစိတ် | ၈–ပါး |
| | ပေါင်း | ၂၈–ပါး |

''တစ်ပါးဠဝီ'' အရဖြစ်၏။

http://www.dhammadownload.com



## အာရုံ ၂ ပါးကို အာရုံပြုသောစိတ် ၂ ပါး

| | | |
|---|---|---|
| ၁။ | ဝိညာဏဉ္စာယတနကြိယာစိတ် | ၁-ပါး |
| ၂။ | နေဝသညာနာသညာယတနစိတ် | ၁-ပါး |
| | ပေါင်း | ၂-ပါး |

"ဒွေနှစ်လီ" အရဖြစ်၏။

**မှတ်ချက်။** ဝိညာဏဉ္စာယတန ကြိယာစိတ်သည် အာကာသာနဉ္စာယတန ကုသိုလ်၊ ကြိယာ ၂ ပါးကို အာရုံပြုသည်။ နေဝသညာ နာသညာ ယတနကြိယာစိတ်သည် အာကိဉ္စညာယတနကုသိုလ်၊ ကြိယာ ၂ ပါးကို အာရုံပြုသည်။

## အာရုံ ၅ ပါး (ပဉ္စာရုံ) ကို အာရုံပြုသောစိတ် ၃ ပါး

မနောဓါတ် ၃ ပါးသည် ရူပါရုံစသော အာရုံငါးပါးကို အာရုံပြု၏။ "ငါးလီမှာသုံး" အရဖြစ်၏။

## အာရုံ ၁၂ ပါးကို အာရုံပြုသောစိတ် ၃ ပါး

ရူပါဝစရပဉ္စမစျာန်စိတ် ၃ ပါးသည် အာရုံ ၁၂ ပါးကို အာရုံပြု၏။

**မှတ်ချက်။** ကသိုဏ်းပညတ် ၁၀ ပါး၊ အာနာပါနပညတ် ၁ ပါး၊ ဥပေက္ခာ ဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော သတ္တဝါပညတ် ၁၊ ပေါင်း ၁၂ ပါးကို အာရုံ ၁၂ ပါးဟုခေါ်၏။ (ကမ္မဋ္ဌာန်းပိုင်း စာပိုဒ် ၂၁၊ ၂၄ ကိုထောက်)

## အာရုံ ၁၄ ပါးကို အာရုံပြုစိတ် ၉ ပါး

| | | |
|---|---|---|
| ၁။ | ရူပါဝစရဒုတိယစျာန်စိတ် | ၃-ပါး |
| ၂။ | ရူပါဝစရတတိယစျာန်စိတ် | ၃-ပါး |
| ၃။ | ရူပါဝစရစတုတ္ထစျာန်စိတ် | ၃-ပါး |
| | ပေါင်း | ၉-ပါး |

"ဆယ့်လေးကိုးလီ" အရဖြစ်၏။

http://www.dhammadownload.com



**မှတ်ချက်**။ ပထမစျာန်စသော စျာန် ၉ ပါး၏ အာရုံဖြစ်သော ပညတ်ကမ္မဋ္ဌာန်း ၁၄ ပါးကို အာရုံ ၁၄ ပါးဟုခေါ်၏။

## အာရုံ ၂၅ ပါးကို အာရုံပြုစိတ် ၃ ပါး

ရူပါဝစရပထမစျာန်စိတ် ၃ ပါးသည် အာရုံ ၂၅ ပါးကို အာရုံပြု၏။ ''ပဉ္စဝီသုံးတန်'' အရဖြစ်၏။

**မှတ်ချက်**။ ရူပါဝစရပထမစျာန်စိတ် ၃ ပါး၏ အာရုံဖြစ်သော ပညတ်ကမ္မဋ္ဌာန်း အာရုံ ၂၅ ပါးကိုပင် အာရုံ ၂၅ ပါးဟုခေါ်၏။

## ကုသိုလ်အဘိညာဉ်အပြား

ကုသိုလ်အဘိညာဉ်သည် –

၁။ ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်

၂။ ဒိဗ္ဗသောတကုသိုလ်အဘိညာဉ်

၃။ ဣဒ္ဓိဝိဓကုသိုလ်အဘိညာဉ်

၄။ စေတောပရိယ ကုသိုလ်အဘိညာဉ်

၅။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်

၆။ ယထာကမ္မူပဂ ကုသိုလ်အဘိညာဉ်

၇။ အနာဂတံသ ကုသိုလ်အဘိညာဉ် ဟု (၇) မျိုးပြား၏။

## ကုသိုလ်အဘိညာဉ်၏အာရုံ

၁။ ဒိဗ္ဗစက္ခုကုသိုလ်အဘိညာဉ်သည် ဒူရ၊ ပဋိစ္ဆန္န၊ သဏှ၊ သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။

၂။ ဒိဗ္ဗသောတကုသိုလ်အဘိညာဉ်သည် ဒူရ၊ ပဋိစ္ဆန္န၊ သဏှ၊ သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။

http://www.dhammadownload.com



သည်

၃။ ကာယဒွိဝိဓကုသိုလ်အဘိညာဉ်(သည်)ပါဒကဖြစ်သော ရူပါဝစရကုသိုလ် ပဉ္စမဈာန်၊ သတသဟာဿစသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံ ၆ ပါးကို အာရုံပြု၏။

၄။ စေတောပရိယကုသိုလ်အဘိညာဉ်သည် လွန်လေပြီးသော ၇ ရက်မှစ၍ လာလတ္တံ့သော ၇ ရက်တိုင်အောင် ကာလသုံးပါး၌ တည်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်သော သူတစ်ပါးတို့၏ စိတ် ၈၇ ခု၊ စေတသိက်ဒွေပဉ္စာသဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

၅။ ပုဗ္ဗေနိဝါသာနုဿတိကုသိုလ်အဘိညာဉ်သည် ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇ ခု၊ စေတသိက် ၅၂၊ ရုပ် ၂၈ ပါးဟုဆိုအပ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန်အမည်အမျိုးစသော ပညတ်ဟုဆိုအပ်သော အာရုံ ၆ ပါးကို အာရုံပြု၏။

၆။ ယထာကမ္မူပဂကုသိုလ် အဘိညာဉ်သည် အတိတ်ဖြစ်သော လောကီကုသိုလ် အကုသိုလ်ကံဟုဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

၇။ အနာဂတံသ ကုသိုလ်အဘိညာဉ်သည် အနာဂတ်ဖြစ်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇ ခု၊ စေတသိက် ၅၂၊ ရုပ် ၂၈ ဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာ ၅ ပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန်အမည်အမျိုးမျိုးစသော ပညတ်ဟုဆိုအပ်သော အာရုံ ၆ ပါးကို အာရုံပြု၏။

**ဝေါဟာရရှင်းလင်းချက်**

ဝေးသောအာရုံကိုကို ဒူရခေါ်၏။ တိုက်နံရံ စသည်ဖြင့် ဖုံးကွယ်ထားသော အာရုံကို ပဋိစ္ဆန္နခေါ်၏။ နူးညံ့သိမ်မွေ့သေးငယ်သော အာရုံကို သဏှသုခုမခေါ်၏။ ဖန်ဆင်းအပ်သော ကိုယ်ပွားရုပ်တစ်ရာကို သတခေါ်၏။ ဖန်ဆင်းအပ်သော ကိုယ်ပွားရုပ်တစ်ထောင်ကို သဟဿခေါ်၏။ ရှေးဘဝများ၌ဖြစ်ဖူးသော ခန္ဓာအစဉ်ကို ပုဗ္ဗေနိဝုဋ္ဌခေါ်၏။

http://www.dhammadownload.com



**မှတ်ချက်။** ကုသိုလ်အဘိညာဉ်သည် အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ် အလုံးစုံသော အာရုံကို အာရုံပြုသော်လည်း အဘိညာဉ်တစ်ခုနှင့် တစ်ခု အာရုံမတူကြပေ။ အဘိဓမ္မာကို လေ့လာသူများ သိသင့်သည်ဟုယူဆ၍ ဤသို့ အဘိညာဉ်၏ အာရုံကို အကျယ်အားဖြင့် ပြရခြင်းဖြစ်သည်။ သင်္ဂြိုဟ်၌ ဤသို့ အကျယ်မပြပေ။ (အဘိဓမ္မာစာမေးပွဲ ပထမအဆင့်၌မမေးရ)

## ကြိယာအဘိညာဉ်၏အာရုံ

ဒိဗ္ဗစက္ခုကြိယာ အဘိညာဉ် ဒိဗ္ဗသောတကြိယာ အဘိညာဉ် ယထာကမ္မူပဂကြိယာအဘိညာဉ်တို့သည် ကုသိုလ်အဘိညာဉ်နှင့်တူကြ၏။

၁။ ဣဒ္ဓိဝိဓကြိယာအဘိညာဉ်သည် ပါဒကဖြစ်သော ရူပါဝစရကြိယာ ပဥ္စမစျာန်၊ သတသဟဿစသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံ ၆ ပါးကို အာရုံပြု၏။

၂။ စေတောပရိယကြိယာအဘိညာဉ်သည် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော သူတစ်ပါးတို့၏ စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါးဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

၃။ ပုဗ္ဗေနိဝါသာနုဿတိကြိယာအဘိညာဉ်သည် ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးဟုဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန်, အမည်အမျိုးမျိုးစသော ပညတ်ဟုဆိုအပ်သော အာရုံ ၆ ပါးကို အာရုံပြု၏.

၄။ အနာဂတံသ ကြိယာအဘိညာဉ်သည် အနာဂတ်ဖြစ်သော စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ရုပ် ၂၈ ပါးဟုဆိုအပ်သော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ ပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးမျိုး စသော ပညတ်ဟုဆိုအပ်သော အာရုံ ၆ ပါးကို အာရုံပြု၏။

http://www.dhammadownload.com



## စေတသိက်အာရုံများ

**ဆောင်**။ ငါးဆယ့်နှစ်ခု၊ စေတသိက်စုတွင်၊ အကုသလာ၊ လောကီသာတည်း၊ ဣဿာပမဉ်၊ ဖယ်ကြဉ်အဇ္ဈ လောကဖြစ်ဘိ၊ ဝိရတီမူ၊ ဝီတက္က မိတဗ္ဗ၊ သမုတ်ရသည့်၊ ကာမနာမ်ရုပ်၊ ပစ္စုပ်မြဲမှတ်၊ စွဲမှီကပ်၏။

နောက်ထပ်ဝိရတီ၊ လောကုတ်သည်ကား၊ ရွေပြည်ခေမာ၊ အပ္ပမာဏာ၊ ကာလဝိမုတ်၊ ဖွင့်ထုတ်လေအပ်၊ ပညတ်ပမညာ၊ ဝိမုတ္တာဟု၊ အာရုံပြုလျှင်၊ ကြွင်းလေသမျှ၊ တေတ္တိံသမှာ၊ ဘယ်ဟာတစ်ခု၊ အာရုံစုကို၊ မပြုမရှိလေဘူး တည်း။

### လောကီကိုအာရုံပြုသောစေတသိက် ၁၄ ပါး

အကုသိုလ်စေတသိက် ၁၄ ပါးသည် လောကီကိုသာ အာရုံပြု၏။

### အဇ္ဈတ္တကိုသာအာရုံပြုသောစေတသိက် ၁ ပါး

မစ္ဆရိယစေတသိက်သည် အဇ္ဈတ္တကိုသာအာရုံပြု၏။

### ဗဟိဒ္ဓကိုသာအာရုံပြုသောစေတသိက် ၃ ပါး

ဣဿာနှင့် အပ္ပမညာ ၂ ပါး၊ စေတသိက် ၃ ပါးသည် ဗဟိဒ္ဓကိုသာ အာရုံပြု၏။

### ပစ္စုပ္ပန်ဖြစ်သော ကာမစိတ်၊ စေတသိက်၊ ရုပ်တရားတို့ကို အာရုံပြုသောစေတသိက် ၃ ပါး

မဟာကုသိုလ်စိတ်၌ယှဉ်သော လောကီဝိရတီ ၃ ပါးသည် ဝီတက္ကမိတဗ္ဗဝတ္ထုဟု ခေါ်ဝေါ်သမုတ်အပ်သော ပစ္စုပ္ပန်ဖြစ်သည့် ကာမစိတ်စေတသိက်၊ ရုပ်တို့ကို အာရုံပြု၏။ အနာဂတ်ကို အာရုံမပြု။

### နိဗ္ဗာန်ကိုသာအာရုံပြုသောစေတသိက် ၃ ပါး

လောကုတ္တရာစိတ်၌ယှဉ်သော ဝိရတီသည် နိဗ္ဗာန်ဟုဆိုအပ်သော ကာလဝိမုတ်၊ အပ္ပမာဏတရားတို့ကိုသာ အာရုံပြု၏။

http://www.dhammadownload.com



### ပညတ်ကိုသာအာရုံပြုသောစေတသိက် ၂ ပါး

အပ္ပမညာသည် ကာလဝိမုတ်ဖြစ်သော သတ္တဝါပညတ်ကို အာရုံပြု၏။

### အလုံးစုံကိုအာရုံပြုနိုင်သောစေတသိက် ၃၃ ပါး

ဆိုခဲ့ပြီးသော အကုသိုလ်စေတသိက် ၁၄ ပါး ဝိရတီစေတသိက် ၃ ပါး၊ အပ္ပမညာစေတသိက် ၂ ပါး၊ ပေါင်း ၁၉ ပါးမှကြွင်းသော စေတသိက် ၃၃ ပါးသည် အလုံးစုံသောအာရုံကို အာရုံပြု၏။

**မှတ်ချက်။** လောကီဝိရတီ ၃ ပါးသည် အနာဂတ်ကာလကိုလည်း အာရုံပြု၏ဟု ဆိုကြသေး၏။

## ''လေ့ကျင့်ခန်း''

၁။ စိတ်၊ စေတသိက်တို့၏ မွေ့လျော်ရာအာရုံ ၆ ပါးကို တရားကိုယ်ကောက်ပြ၍၊ ကာယဒွါရ၌ဖြစ်သော စိတ်တို့၏ မွေ့လျော်ပျော်ပါးရာ အာရုံကိုဖော်ပြပါ။

၂။ မနောဒွါရိကစိတ်တို့၏ မွေ့လျော်ပျော်ပါးရာ အာရုံကိုရေး၍၊ အလုံးစုံသော အာရုံကို အာရုံပြုနိုင်သော စိတ်တို့ကို ဖော်ပြခဲ့ပါ။

၃။ နိဗ္ဗာန်ကို ကေန်၊ အနေကန်အာရုံပြုသောစိတ်များကို ခွဲခြားကောက်ပြ၍၊ အဘယ်ကို ကာလဝိမုတ်အာရုံဟု ခေါ်ပါသနည်း။

**အာရမ္မဏသင်္ဂဟပြီး၏။**

http://www.dhammadownload.com



## ဝတ္ထုသင်္ဂဟ

ဝတ္ထုအပြားအားဖြင့် စိတ်၊ စေတသိက်တို့ကို ပေါင်းယူရေတွက်ပြသော သင်္ဂဟကို ဝတ္ထုသင်္ဂဟခေါ်၏။

## ဝတ္ထု ၆ ပါး

၁။ စက္ခုဝတ္ထု
၂။ သောတဝတ္ထု
၃။ ဃာနဝတ္ထု
၄။ ဇိဝှါဝတ္ထု
၅။ ကာယဝတ္ထု
၆။ ဟဒယဝတ္ထု

**ဝတ္ထု**။ ကျောင်း၏တည်ရာမြေကို ဝိဟာရဝတ္ထု (ကျောင်းနေရာမြေ) ခေါ် သကဲ့သို့ စိတ်၊ စေတသိက်တို့၏ မှီရာကို ဝတ္ထုခေါ်၏။

## ဝတ္ထု ၆ ပါး၏တရားကိုယ်

| | | |
|---|---|---|
| ၁။ | စက္ခုပသာဒသည် | စက္ခုဝတ္ထုမည်၏။ |
| ၂။ | သောတပသာဒသည် | သောတဝတ္ထုမည်၏။ |
| ၃။ | ဃာနပသာဒသည် | ဃာနဝတ္ထုမည်၏။ |
| ၄။ | ဇိဝှာပသာဒသည် | ဇိဝှာဝတ္ထုမည်၏။ |
| ၅။ | ကာယပသာဒသည် | ကာယဝတ္ထုမည်၏။ |
| ၆။ | ဟဒယရုပ်သည် | ဟဒဝတ္ထုမည်၏။ |

**အမှာ**။ စက္ခုစသော ပသာဒရုပ်ငါးပါးနှင့် ဟဒယဝတ္ထုရုပ်ကို ရုပ်ပိုင်းကျမှ တွေ့ရပါလိမ့်မည်။

http://www.dhammadownload.com



## ဝတ္ထုဖြင့်ဘုံကိုဝေဖန်ပုံ

၁။ ကာမဘုံ၌ ဝတ္ထုရုပ် ၆ ပါးလုံးရှိ၏။

၂။ ရူပဘုံ၌ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထု သုံးပါးသာရှိ၏။ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု ၃ ပါးမရှိ။

၃။ အရူပဘုံ၌ ဝတ္ထုရုပ် ၆ ပါးလုံးမရှိ။

**မှတ်ချက်။** မိကျောင်းသတ္တဝါ၌ လျှာမရှိဟူသော အယူအဆ မှန်မမှန် ရှင်းပြပါဟု စာမေးပွဲ၌ မေးဖူး၏။ ကာမဘုံသား သတ္တဝါသန္တာန်၌ ဝတ္ထုရုပ် ၆ ပါးလုံးကို ရနိုင်သောကြောင့် ကာမဘုံသား မိကျောင်းသတ္တဝါ သန္တာန်၌ လျှာမရှိဟူသော အယူအဆ မမှန်ပါဟုဖြေပါ။

ရူပဘုံ၌ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု မရှိဟုဆိုသော်လည်း ရူပဗြဟ္မာများသန္တာန်၌ နှာခေါင်း၊ လျှာ၊ ခန္ဓာကိုယ်များမရှိဟု မမှတ်ရ၊ ပသာဒရုပ်အကြည်ဓါတ်သာမရှိပါ။ နှာခေါင်း၊ လျှာ၊ ခန္ဓာကိုယ် ပုံသဏ္ဌာန်များ လှပပြေပြစ်စွာရှိကြသည်ဟုမှတ်ပါ။

## ဝိညာဏဓါတ် ၇ ပါး

၁။ စက္ခုဝိညာဏဓါတ်
၂။ သောတ္တဝိညာဏဓါတ်
၃။ ဃာနဝိညာဏဓါတ်
၄။ ဇိဝှာဝိညာဏဓါတ်
၅။ ကာယဝိညာဏဓါတ်
၆။ မနောဓါတ်
၇။ မနောဝိညာဏဓါတ်

## ဝိညာဏဓါတ် ၇ ပါး၏ တရားကိုယ်

၁။ စက္ခုဝိညာဏ်ဒွေသည် စက္ခုဝိညာဏဓါတ်မည်၏။

၂။ သောတဝိညာဏ်ဒွေသည် သောတဝိညာဏဓါတ်မည်၏။

၃။ ဃာနဝိညာဏ်ဒွေသည် ဃာနဝိညာဏဓါတ်မည်၏။

http://www.dhammadownload.com



၄။ ဇိဝှာဝိညာဏ်ဒွေသည် ဇိဝှာဝိညာဏစိတ်မည်၏။

၅။ ကာယဝိညာဏ်ဒွေသည် ကာယဝိညာဏစိတ်မည်၏။

၆။ ပဥ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းဒွေသည် မနောဓါတ်မည်၏။

၇။ ကြွင်းသော ကုသိုလ်စိတ် ၂၁၊ အကုသိုလ်စိတ် ၁၂၊ ဝိပါက်စိတ် ၂၄၊ ကြိယာစိတ် ၁၉၊ ပေါင်း ၇၆ ပါးသည် မနောဝိညာဏဓါတ်မည်၏။

## ဝတ္ထုဖြင့်စိတ်ကိုဝေဖန်ခြင်း

## ဝတ္ထုရုပ် ၅ ပါးကို ပဥ္စဝိညာဏစိတ်နှင့်တွဲပြပုံ

၁။ စက္ခုဝိညာဏစိတ်သည် စက္ခုဝတ္ထုကိုမှီ၏။

၂။ သောတဝိညာဏစိတ်သည် သောတဝတ္ထုကိုမှီ၏။

၃။ ဃာနဝိညာဏစိတ်သည် ဃာနဝတ္ထုကိုမှီ၏။

၄။ ဇိဝှာဝိညာဏစိတ်သည် ဇိဝှာဝတ္ထုကိုမှီ၏။

၅။ ကာယဝိညာဏစိတ်သည် ကာယဝတ္ထုကိုမှီ၏။

ဤကား ယထာက္ကမ (အစဉ်အတိုင်း) တွဲစပ်ပုံတည်း။

## ဟဒယဝတ္ထုကို အမြဲမှီသောစိတ် ၃၃ ပါး

| | | |
|---|---|---|
| ၁။ | မနောဓါတ် | ၃–ပါး |
| ၂။ | သန္တီရဏစိတ် | ၃–ပါး |
| ၃။ | မဟာဝိပါက်စိတ် | ၈–ပါး |
| ၄။ | ဒေါသမူစိတ် | ၂–ပါး |
| ၅။ | သောတပတ္တိမဂ်စိတ် | ၁–ပါး |
| ၆။ | ဟသိတုပ္ပါဒ်စိတ် | ၁–ပါး |
| ၇။ | ရူပါဝစရစိတ် | ၁၅–ပါး |
| | ပေါင်း | ၃၃–ပါး |

http://www.dhammadownload.com



**မှတ်ချက်။** ဟဒယဝတ္ထုကို အမြဲမှီသော မနောဝိညာဏဓါတ်ကို ဖော်ပြပါဟု မေးလျှင် မနောဓါတ် ၃ ပါးမှကြွင်းသောစိတ် ၃၀ ကို ဖြေပါ။

## ဟဒယဝတ္ထုကို ရံခါမှီသောစိတ် ၄၂ ပါး

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈–ပါး |
| ၂။ | မောဟမူစိတ် | ၂–ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈–ပါး |
| ၅။ | မဟာကြိယာစိတ် | ၈–ပါး |
| ၆။ | အရူပါဝစရကုသိုလ်စိတ် | ၄–ပါး |
| ၇။ | အရူပါဝစရကြိယာစိတ် | ၄–ပါး |
| ၈။ | သောတာပတ္တိမဂ်ကြဉ်လောကုတ္တရာစိတ် | ၇–ပါး |
| | ပေါင်း | ၄၂–ပါး |

**မှတ်ချက်။** ဤစိတ် ၄၂ ပါးသည် ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် ဟဒယဝတ္ထုကို မှီ၏။ စတုဝေါကာရဘုံ၌ဖြစ်ခိုက် ဟဒယဝတ္ထုကို မမှီ၊ ဟဒယဝတ္ထုကို ရံခါမှီသော မနောဝိညာဏဓါတ်ကိုရေးဟုမေးလျှင် ဤစိတ် ၄၂ ပါး ကို ဖြေပါ။

## ဟဒယဝတ္ထုကိုအမြဲမမှီသောစိတ် ၄ ပါး

အရူပါဝစရစိတ် ၄ ပါးသည် ရုပ်မရှိသော အရူပဘုံ၌သာဖြစ်သော ကြောင့် ဟဒယဝတ္ထုကို အမြဲမမှီဘဲဖြစ်၏။

**မှတ်ချက်။** အရူပဝိပါက်စိတ် ၄ ပါးသည် ဟဒယဝတ္ထုကို လုံးဝမမှီသော မနောဝိညာဏဓါတ်တည်း။ ဤသို့လျှင် မနောဝိညာဏဓါတ်ကို အောက်ပါအတိုင်း သုံးမျိုးခွဲထားသည်ဟုမှတ်ပါ။

http://www.dhammadownload.com



၁။ ဟဒယဝတ္ထုကို အမြဲမှီသော မနောဝိညာဏဓာတ် ၃၀။

၂။ ဟဒယဝတ္ထုကို ရံခါမှီသော မနောဝိညာဏဓာတ် ၄၂။

၃။ ဟဒယဝတ္ထုကို လုံးဝမမှီသော မနောဝိညာဏဓာတ် ၄။

## ကာမဘုံ၌ ဝတ္ထုရုပ် ၆ ပါးနှင့် ဝိညာဏဓါတ် ၇ ပါးကို တွဲစပ်ပြပုံ

ကာမဘုံ၌ –

၁။ စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကိုမှီ၏။

၂။ သောတဝိညာဏဓာတ်သည် သောတဝတ္ထုကိုမှီ၏။

၃။ ဃာနဝိညာဏဓာတ်သည် ဃာနဝတ္ထုကိုမှီ၏။

၄။ ဇိဝှာဝိညာဏဓာတ်သည် ဇိဝှာဝတ္ထုကိုမှီ၏။

၅။ ကာယဝိညာဏဓာတ်သည် ကာယဝတ္ထုကိုမှီ၏။

၆။ မနောဓာတ်၊ မနောဝိညာဏဓာတ်သည် ဟဒယဝတ္ထုကိုမှီ၏။

## ရူပဘုံ၌ ဝတ္ထုရုပ် ၃ ပါးနှင့် ဝိညာဏဓာတ်ကိုတွဲပြပုံ

အသညသတ်ကြဉ်ရူပ ၁၅ ဘုံ၌ –

၁။ စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကိုမှီ၏။

၂။ သောတဝိညာဏဓာတ်သည် သောတဝတ္ထုကိုမှီ၏။

၃။ မနောဓာတ်၊ မနောဝိညာဏဓာတ်သည် ဟဒယဝတ္ထုကိုမှီ၏။

## အရူပဘုံ၌ရသော ဝိညာဏဓာတ်

အရူပ ၄ ဘုံ၌ မနောဝိညာဏဓာတ်သည် မည်သည့်ဝတ္ထုရုပ်ကိုမျှ မမှီဘဲဖြစ်၏။

http://www.dhammadownload.com



## အရူပဘုံ၌ မနောဝိညာဏဓာတ်သရုပ်

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈–ပါး |
| ၂။ | မောဟမူစိတ် | ၂–ပါး |
| ၃။ | မနောဒွါရာဝဇ္ဇန်းစိတ် | ၁–ပါး |
| ၄။ | မဟာကုသိုလ်စိတ် | ၈–ပါး |
| ၅။ | မဟာကြိယာစိတ် | ၈–ပါး |
| ၆။ | အရူပါဝစရစိတ် | ၁၂–ပါး |
| ၇။ | သောတာပတ္တိမဂ်ကြဉ်သောလောကုတ္တရာစိတ် | ၇–ပါး |
| | **ပေါင်း** | **၄၆–ပါး** |

## ကာမဘုံ၌သာဖြစ်သောစိတ် ၁၆ ပါး

| | | |
|---|---|---|
| ၁။ | ဒေါသမူစိတ် | ၂–ပါး |
| ၂။ | ဃာနဝိညာဏ်စိတ် | ၂–ပါး |
| ၃။ | ဇိဝှာဝိညာဏ်စိတ် | ၂–ပါး |
| ၄။ | ကာယဝိညာဏ်စိတ် | ၂–ပါး |
| ၅။ | မဟာဝိပါက်စိတ် | ၈–ပါး |
| | **ပေါင်း** | **၁၆–ပါး** |

## ရူပဘုံ၌သာဖြစ်သောစိတ် ၅ ပါး

ရူပါဝစရဝိပါက်စိတ် ၅ ပါးသည် ရူပဘုံ၌သာဖြစ်၏။

## အရူပဘုံ၌သာဖြစ်သောစိတ် ၄ ပါး

အရူပဝိပါက်စိတ် ၄ ပါးသည် အရူပဘုံ၌သာဖြစ်၏။

http://www.dhammadownload.com



## ကာမဘုံ၊ ရူပဘုံ ၂ ပါး၌သာဖြစ်သော စိတ် ၂၂ ပါး

| | | |
|---|---|---|
| ၁။ | စက္ခုဝိညာဏ်စိတ် | ၂–ပါး |
| ၂။ | သောတဝိညာဏ်စိတ် | ၂–ပါး |
| ၃။ | မနောဓာတ် | ၃–ပါး |
| ၄။ | သန္တီရဏဓာတ် | ၃–ပါး |
| ၅။ | ဟသိတုပ္ပါဒ် | ၁–ပါး |
| ၆။ | ရူပါဝစရကုသိုလ်စိတ် | ၅–ပါး |
| ၇။ | ရူပါဝစရကြိယာစိတ် | ၅–ပါး |
| ၈။ | သောတပတ္တိမဂ်စိတ် | ၁–ပါး |
| | ပေါင်း | ၂၂–ပါး |

## ကာမ၊ ရူပ၊ အရူပဘုံသုံးပါး၌ဖြစ်သော စိတ် ၄၂ ပါး

ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံသုံးပါး၌ဖြစ်သော စိတ်အရကို ဟဒယဝတ္ထုကို ရံခါမှီသောစိတ် ၄၂ ပါးအတိုင်းကောက်ပါ။

## စေတသိက်ကို ဝေဖန်ခြင်း

သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါးသည် ဝတ္ထုရုပ် ၆ ပါးကို ရံခါမှီ၏။ ပဥ္စဝေါကာရဘုံ၌ဖြစ်ခိုက် ဝတ္ထုရုပ် ၆ ပါးကိုမှီ၍ စတုဝေါကာရဘုံ၌ဖြစ်ခိုက်မမှီ။

ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့သည် ကာမဘုံ၌သာဖြစ်ကြ၏။ အပ္ပမညာသည် ကာမဘုံ ရူပဘုံ၌သာဖြစ်၏။ ထို့ကြောင့် စေတသက် ၆ ပါးသည် ဟဒယဝတ္ထုကို အမြဲမှီ၏။

ကြွင်းသော စေတသိက် ၃၉ ပါးသည် ကာမဘုံ ရူပဘုံတို့၌ဖြစ်ခိုက် ဟဒယဝတ္ထုကိုမှီ၍၊ အရူပဘုံ၌ဖြစ်ခိုက် ဟဒယဝတ္ထုကိုမမှီပါ။

(အပ္ပမညာ ၂ ပါးသည် အရူပဘုံ၌လည်း မဖြစ်နိုင်ဟု ယူကြသေး၏)

http://www.dhammadownload.com



## "လေ့ကျင့်ခန်း"

၁။ ဝတ္ထုအမိပ္ပာယ်ကိုရှင်းပြ၍ ဝတ္ထုရုပ် ၆ ပါးကို ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ အားဖြင့် ဝေဖန်ပြပါ။

၂။ ရုပ်မြင်သံကြားကိုကြည့်ရှုနေစဉ်ခဏ၌ လူသား၏စိတ်အစဉ်မှာ ဖြစ်ပေါ်နေသော မြင်သိစိတ်၊ ကြားသိစိတ်တို့၏ မှီရာဝတ္ထုတို့ကို ဖော်ပြပါ။

၃။ အောက်ပါတရားတို့ကို ဖော်ပြခဲ့ပါ။


(က) ဟဒယဝတ္ထုကိုအမြဲမှီသောစိတ်။

(ခ) ဟဒယဝတ္ထုကို ရံခါမှီသောစိတ်။

(ဂ) ဟဒယဝတ္ထုကို အမြဲမမှီသောစိတ်။

**ဝတ္ထုသင်္ဂဟပြီး၏။**

**ပကိဏ်းပိုင်းပြီး၏။**



http://www.dhammadownload.com

# "အရှင်ဓေမိန္ဒ" ၏ ထုတ်ဝေပြီးကျမ်းစာများ

၁။ မူလတန်းပါဠိသဒ္ဒါသင်ကြားနည်း
၂။ ပါဠိဝါကျရေးနည်း (ပထမတွဲ)
၃။ ပါဠိဝါကျရေးနည်း (ဒုတိယတွဲ)
၄။ ပါဠိဝါကျရေးနည်း (တတိယတွဲ)
၅။ သင်္ဂြိုဟ်သရုပ်ခွဲသင်ကြားနည်း (ပထမတွဲ)
၆။ သင်္ဂြိုဟ်သရုပ်ခွဲသင်ကြားနည်း (ဒုတိယတွဲ)
၇။ မာတိကာ ဓါတုကထာ သင်ကြားနည်း
၈။ ယမကသင်ကြားနည်း (ပထမတွဲ)
၉။ ယမက သင်ကြားနည်း (ဒုတိယတွဲ)
၁၀။ ရူပသိဒ္ဓိသင်ကြားနည်း (ပထမတွဲ)
၁၁။ ရူပသိဒ္ဓိသင်ကြားနည်း (ဒုတိယတွဲ)
၁၂။ ပထမငယ်တန်း ဘာသာပြန် (ပြဋ္ဌာန်းကျမ်းစာမဟုတ်)
၁၃။ ဘဝလမ်းညွှန်စာပေ
၁၄။ ဘဝအလင်းရောင်စာပေ
၁၅။ ဗုဒ္ဓဘာသာအခြေခံကျင့်ဝတ်
၁၆။ ပဋ္ဌာန်းသင်ကြားနည်း
၁၇။ အခြေခံဗုဒ္ဓအဘိဓမ္မာ (ပထမတွဲ)
၁၈။ အခြေခံဗုဒ္ဓအဘိဓမ္မာ (ဒုတိယတွဲ)
၁၉။ အခြေခံဗုဒ္ဓအဘိဓမ္မာ (တတိယတွဲ)
၂၀။ ဗုဒ္ဓ၏အောင်မြင်ရေးနည်းလမ်းများ (ပထမတွဲ)
၂၁။ လူ၏အသိနှစ်မျိုး
၂၂။ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု (ပထမဆင့်)
၂၃။ ရပ်ရွာစေတီတော်ကိုးကွယ်မှု
၂၄။ မြတ်ဗုဒ္ဓနှင့်ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု
၂၅။ ဓမ္မအလင်းရောင်ပြန့်ပွားရေး အခြေခံစည်းမျဉ်း

http://www.dhammadownload.com

**ဆရာတော် ''အရှင်ဇေဝိန္ဒ'' ၏ ကျမ်းစာအုပ်များကို**

**ပုံနှိပ်ထုတ်ဝေရေးနှင့်ဖြန့်ချိရေးတာဝန်များကို ကုသိုလ်ဖြစ်ကူညီဆောင်ရွက်ပေးသူများ**


**ဦးချမ်းမောင်**
အမှတ် – ၉၃၊
စံပယ်ခြံ (၁) လမ်း၊ ၁၁–ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း : ၅၁၃၄၆၂

**ဦးသန်းနိုင်**
အမှတ် – ၁၁၈ ( ဇီ )၊
ရေတာရှည်လမ်းဟောင်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း : ၅၄၅၃၉၅၊ ၅၄၅၃၉၆

**ကိုယဉ်အေး**
အမှတ် ၆၀၊ ဥမ္မာဒန္တီလမ်း
အမှတ်(၄)ရပ်ကွက်၊ ပုသိမ်မြို့။
ဖုန်း : ၂၅၅၆၇၊ ၂၂၄၆၈